မိုးကုတ်ဒိပဝဏ္ဏနာ

(ပဉ္စမတွဲ)

၅

၁၁၀၉၉

အမရပူရမြို့

မဂ်လာတိုက်ဧဟာင်း

“ အဂမဟာပဏ္ဍိတ ”

ကျေးဇူးရှင် - မိုးကုတ်ဆရာတော်ဘုရားကြီး

၏

မိုးကုတ်ဝိပဿနာ

ဒုလ္လဘဒေသနာ

ဟာစဉ် - ကျင့်စဉ်

သဘောလေးပါး တရားတော်မျှား။

ပဋ္ဌမတဲ့

တာဝန်ခံ တင်ဆက်သူ

ဦးမြင့်ဆွေ

“ မူလ ဓမ္မာ စရိယ ”

မိတ္ထီလာမြို့။

၂၅၀၆ - ခု။

၁၃၆၈ - ခု။

ပိဋကတ်တော် လျှပ်စစ်ပုံနှိပ်တိုက်

မန္တလေးတောင်

မန္တလေးမြို့။

၁၃၂၄-ခု။

ပဌမ နှိပ်ခြင်း.....(၁၅၀၀၀)

“အင်္ဂ မဟာ ပဏ္ဍိတ”

ကျေးဇူးရှင်, မိုးကုတ်ဆရာတော်ဘုရားကြီး။

ပဋိစ္စသမုပ္ပါဒ်တရား (၁၂) ပါး၊

"ထင်ရှားပေါ်လွင် ဓာတ်အစဉ်"



အမရပူရမြို့မင်္ဂလာတိုက်ဟောင်း၊

ကျေးဇူးရှင် - မိုးကုတ်,ဆရာတော်ဘုရားကြီး၏

ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း, ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	အကြောင်းပြစကား	(က)
၂။	ပဏာမပုဗ္ဗက ဂန္ထဝရမ္ဘ	(စ)
၃။	ဝိပဿနာခွင် အလုပ်စဉ် တရားတော်	၁
၄။	ဝိပဿနာရွှေထွက် ဒီဋ္ဌိဖျက် တရားတော်....	၂၅
၅။	ဒုက္ခသိမှ နိဗ္ဗာန်ရ တရားတော်	၅၂
၆။	အပါယ်လေးရပ် အိမ်ပိုင်မှတ် တရားတော်	၇၅
၇။	ဖြစ်ဆဲပဋိစ္စတ် တွေးဥာဏ်ချပ် တရားတော်	၉၇
၈။	ဗြဟ္မစရိယံ အေးနိဗ္ဗာန် တရားတော်	၁၁၄
၉။	ခေါင်းဆောင်တရား သူရွှေသွား တရားတော်	၁၃၆
၁၀။	ကိုယ်တိုင်ဆုံးဖြတ် မဂ်ဥာဏ်မြတ် တရားတော်	၁၅၈
၁၁။	ဝိပဿနာကင်း ပါယ်ရွာချဉ်း တရားတော်	၁၇၆
၁၂။	သင်္ကာရန်ညစ် တုန်းလှုန်ပစ် တရားတော်	၁၉၄
၁၃။	ဝေဒနာကုန်ပျောက် နိဗ္ဗာန်ပေါက် တရားတော်	၂၁၀
၁၄။	တဏှာမူလ ကြီးဒုက္ခ တရားတော်	၂၃၁
၁၅။	နိဂုံးစကား	၂၅၀

အကြောင်းပြစကား

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

“ ဘုရားရှင်၏ နောက်ဆုံးစကားတော် ”

“ယော ဝေါ အာနန္ဒ, မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ၊”

(မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်)

အဓိပ္ပါယ်။ “ချစ်သားအာနန္ဒာ, ငါဘုရားသည် အကြင်သို့သော သုတ်, အဘိဓမ္မာ တရားတော်မျှားကိုလည်း ဟောကြား အပ်ခဲ့ပေပြီ၊ ဝိနည်း တရားတော်မျှားကိုလည်း ပညတ်အပ်ခဲ့ပေပြီ၊ ငါဘုရား ပရိနိဗ္ဗာန် စံဝင်ပြီးသည့် နောက်ကာလတွင်, ငါဘုရား ဟောကြား, ပညတ်ထားခဲ့သည့် ထို သုတ်, အဘိဓမ္မာ, ဝိနည်းတရား, အလုံးစုံသည်ပင်, သင်တို့၏ဆရာ ဖြစ်ရစ်ပေလိမ့်လတံ့။”

.....o.....

ဤမည်သော “ မိုးကုတ်ဝိပဿနာ ဒုလ္လဘဒေသနာ ” တရားတော်မျှားကို၊ ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပေသော၊ ကျေးဇူးတော်ရင် “ အရှင်မိုးကုတ်ဆရာတော်ဘုရားကြီး ”သည်ကား၊ အမရပူရမြို့၊ မင်္ဂလာတိုက်တွင်းဌ သီတင်းသုံး နေထိုင်တော်မူခိုက်၊ ၁၃၂၄ - ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၄) ရက်၊ ဗုဒ္ဓဟူး

ကြွစ်ခေါ မေ့ရက်နေ့၏၊ နေ့စက် တစ်နာရီ သုံးဆယ်မိနစ် အချိန်တွင်၊ ပရိနိဗ္ဗာနစုတိဖြင့် သန္ဓိမြိုက်နန်းသို့ ကြွမြန်းစံဝင်တော်မူခဲ့ပါလေပြီ။

အရှင်ဆရာတော်ဘုရားကြီးသည်၊ ရဟန်းသိက္ခာတော် ရှစ်ဝါခန့်ကာလမှစ၍၊ ပရိယတ်စာပေများ ပို့ချတော်မူရင်းကပင်, ကိုယ်, စိတ် ပင်ပန်း နွမ်းနယ်မှုကို ပမာဏမပြုဘဲ၊ လွန်ကဲသည့် စေတနာ, ကြီးမားသည့်မေတ္တာ, ကရုဏာတို့ဖြင့်၊ ဒေသနာဓမ္မ, အဝဝတို့ကို၊ ဟောကြားဆုံးမနည်းညွှန်ပြတော်မူခဲ့သည်ဖြစ်ရာ၊ အမတာကြင့်နှံးသို့ ကွလှမ်း စံဝင်တော်မူသည့် နေ့ရက်သို့တိုင်၊ သုံးဆယ့်ခြောက်နှစ်ကျော်မျှ၊ အချိန်ကာလ, ကြာညောင်းလာခဲ့ပါလေပြီ။

ထိုမျှ သုံးဆယ့်ခြောက်နှစ်ကျော် ကြာမြင့်စွာ ဝိပဿနာဓမ္မ, ဒေသနာနည်း အဝဝတို့ဖြင့် သစ္စာဓမ္မတို့ကို ဂနသေချာ ဟောပြတော်မူခဲ့ခြင်းကား ရှင်တော်မြတ်ဘုရား၏ သားကြီး သြရသ, စင်စစ်ဖြစ်သည်နှင့် လျော်ညီစွာ ဘ, ဘုရားရှင်၏ ကျေးဇူးတော်များကို ထူးထူးခြားခြား တုံ့ဆပ်တော်မူသည့် အနေအားဖြင့်ဂုဏ်း။

သတ္တဝါ, ဝေနေယျတို့၏ အခြေခံ, အနေဆိုး, အကျိုးအပြစ်တို့ကို နှစ်နှစ်ကာကာ, ကောင်းစွာရိပ်မိ,သိရှိတော်မူသည့်အလျောက်၊ ညွှာထောက်ဆပ္ပဉး အလွန်ပင် သနားကြင်နာလှသဖြင့်, ဟောကြားပြသ, ဆိုဆုံးမခြင်းဖြင့်၊ ကယ်မချီးမြောက်, စောင့်ရှောက်တော်

(၈) အကြောင်းပြစကား

မူသည့် အနေအားဖြင့်ဝင်း၊ အားပါးတထုတ်, အဟုတ် ရွက်ဇေ ၁င် တော်မူခဲ့ခြင်း ဖြစ်ပါ၏သည်။ ။

သို့ဆိုသော် ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိ, ဝေဘန် ဆန်း စစ် ကြည့်ကြရန် လိုအပ်လာပေပြီ၊ အဘယ်သို့ ဆန်းစစ်ကြည့်ရန် လိုအပ်ပါသနည်း ? မိမိတို့သည့် အလွန်တရာ ကြောက်မက်ဖွယ် ကောင်းလှသည့် အခြေဆိုး အနေဆိုး အဖြစ်ဆိုး အမျိုးမျိုးတို့နှင့် တွေ့ကြုံခဲ့ရပြီး, တွေ့ကြုံကြရဆဲ, တွေ့ကြုံကြရဦးမည်, ကောန် ဖြစ် သည်ကိုမျှ ရိပ်မိ, သိရှိကြပါ၏လော ?။

မိမိတို့ အခြေအနေမှန်နှင့် ကောန်ကြုံရမည့် ဘေးအမျိုးမျိုးတို့ အတွက် မရိပ်မိ, မသိရှိသူများကို အပထား၍၊ ရိပ်မိ, သိရှိကြသူ များသည် ဘုရားရှင်၏ မဟာ ကရုဏာတော်နှင့်တကွ သားတော် မြတ် အဆက်ဆက်တို့ပါ အရှင်ဆရာတော်ဘုရားကြီး၏ သနားခြင်း ကရုဏာကို အမှန်တကယ် ခံယူတတ်သော ခံယူနိုင်သော သူများ စာရင်းတွင် ပါဝင်ပါ၏လော ? စသည်ဖြင့် စောကြောကြည့်ရန် လိုအပ်ပေသည်။

ထိုသို့ စောကြော စစ်ဆေးပြီးလျှင်, မိမိ၏ အခြေအနေ မှန်ကို ရိပ်မိသူ, သိရှိသူ စစ်မှန်ပါက ထိုထို သနားခြင်း ကရုဏာ တော် များကို ခံယူနိုင်, ခံယူတတ်ရပေမည်။ အကျွန်ုပ်တို့သည် ဘုရားရှင်နှင့်တကွ သားတော်မြတ်အဆက်ဆက်တို့ပါ အရှင်မိုးကုတ် ဆရာတော် ဘုရားကြီး၏ စေတနာတော်, မေတ္တာတော်, ကရုဏာ

ဂုတ်မျှားကို အားပါးကျကျ ခံယူတတ်သူ အဖြစ်၌ ရပ်တည်ကြ ဖို့ ခံယူနိုင်အောင် ကြိုးစားကြပါစို့၊ ခံယူကြပါကုန်စို့။ ။

အဘယ်သို့လျှင် ခံယူကြရပါမည်နည်း? ဆိုခဲ့သော် .....

"ယော ဝေါ သပ္ပုရိသ မယာ ဓမ္မောစ မဂ္ဂါစ ဒေသိတော ပကာသိတော၊ သော ဝေါ မမစ္စယေန အာစရိယော၊ "

အဓိပ္ပါယ်။ "အို....သူတော်ကောင်း, ဤမည်သော ဝိပဿနာ တရား တော်များကိုလည်း ကောန်ကျန ဟောညွှန်ပြ၍ ထားခဲ့ပေ ပြီ၊ ဤမည်သော နိဗ္ဗာန်ရောက်ကြောင်း မဂ်လမ်းကောင်းနှင့် မကောင်းပယ်ရန် လမ်းနှစ်တန်ကိုလည်း ကောန်ဂန, ညွှန်ကြား ပြသ ခဲ့လေပြီ၊ ငါ ပရိနိဗ္ဗာန် စံဝင်ပြီးသည့် နောက်ကာလတွင်, ထို့သည့် ဒေသနာ ဝိပဿနာ ဟောစဉ်ကျင့်စဉ် တရားတော်များသည်ပင်လျှင်, သင်တို့၏ ဆရာအဖြစ်ဖြင့် တည်နေရစ်ပေလတံ့။"

ဟူသော မိန့်ခွန်းစကားတော်ကို မဆို့သော်လည်း ဆို့တုံဘိသို့၊ အရှင် ဆရာတော်ဘုရားကြီး မရှိသည့် နောက်တွင်, ဆရာတော် ဘုရားကြီး နှစ်ပေါင်း သုံးဆယ်ကျော်ကြာမျှ ဟောကြားညွှန်ပြ ဆို့ဆုံးမတော် မူခဲ့သည့် တရားစကားတော် အစု အစည်တို့သည်ပင်, ကျွန်ုပ်တို့၏ ဆရာမြတ် အဖြစ်၌ ရပ်တည်လျက်ရှိနေပေရကား ထို့တရားတော်များနှင့်အညီ လျင်စွာသုတ်သုတ်, အားထုတ်ကျင့်ကြံ ကြခြင်းဖြင့် မေတ္တာတော်ကို ခံယူကြပါကုန်စို့။ ။ ခံယူနိုင်အောင် ကြိုးစားကြပါစေခလို့။ ။

(c) အကြောင်းပြစကား

မှတ်ချက်။ ။ ဆရာတော်ဘုရားကြီး "ပရိနိဗ္ဗာန်၊ စံဝင်တော်မူခြင်း" နှင့်ပတ်သက်၍၊ အမျှားစု လူသာမန်တို့ သနိုင်ရန် အချက်မှာ မီးသင့်ဟ်ရာတွင် သရီရဓာတ်တော်များ ကျဆင်းလာခြင်းပင် ဖြစ်ပါသည်၊ ထိုအခြင်းအရာကို မူလက စျာပန ကော်မီတီများပင် မသိကြသော်လည်း၊ မီးသင့်ဟ်ပြီးနောက် ၎င်းနေရာမှ အခြားသူများ အများအပြားပင် ငါးရက်တိုင် ရှာဖွေရရှိ ကြပေသည်။

ဗိုးကုတ်ဝိပဿနာ—ဒုတိယဘာဝနာ

ပဥ္စမတဲ့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမဓမ္မဒီပကာ ဂါထိုရဒ္ဓိ



ကာရုဏိကံ္ကံ္ မဟာပညံ၊
မဟေသိ စိတ္တဝါစကံ။
ဗဟုဝဿာနိ လောကတ္ထံ၊
ကရံ ဝန္ဒါမျ ဝိမွလံ။ ။

ကာရုဏိကံ္ကံ္ - မဟာကာရုဏိကံ္ကံ္၊ ရင်သွေးသည်းချာ ရာဟုလာသား ပုံမခြားလျှင် အမျှားသတ္တဝါ ဝေနေယျာကို လွန်စွာသနား

(ဆ) ပဏာမပုဗ္ဗက ဂန္ဆဝရမ္ဘ

ကြင်နာအားဖြင့် ကြီးမားသော မဟာကရုဏာတော်လည်း ရှိပေ ထသော။

မဟာပညံ၊ မြင့်မိုရ်သတ္တရဘန် လေးတန် ကျန်းကြီး သီးသီး၀၀ အနန္တစကြ၀ဠာ နှိုင်းစာကဲ့ချုန် အလွန်ကြီးမား များမြတ်လှစ္ဘာသော သဗ္ဗညုတ ရွှေဥာဏ်တော်လည်း ရှိပေထသော။

မဟောသိ၊ သခ္ခေ်လေးရပ် တသိန်းကပ်၀ယ် ကျင့်အပ်စရိယ မြတ်သုံး၀ကို စစမကြင်း ကျင့်တော်မူခြင်းဖြင့် ထန်ပြင်းဆန္ဒ ကြီးလှံ့ လသား သိလက္ခန္ဓ စသည်ထူးထူး ဂုဏ်ကျေးဇူးကို ဆည်းပူးရှာဖွေ တော် မူခြင်းလည်း ရှိပေထသော။

စိကြ၀ါစကံ၊ ၀ါစာ၀ါစာ ဝိလာသဂ္ဂ ၀ါစာ အစိန္တေယျဂုဏ် လွှမ်းခြုံတော်မူခြင်းကြောင့် လွန်မင်းနက်ကျယ် အံ့ဘွယ်ခြင်းရာ ဆန်းကြယ်စွာသော တရားစကားတော်လည်း ရှိပေထသော။

ဗဟု၀သာနိ၊ လေးဆယ့်ငါး၀ါ မြင့်ရှည်ကြာမျှ များစွာသော နှစ် ပရိစ္ဆေ အချိန်ကာလတို့ ပတ်လုံး။ လောကတ္ထံ၊ ပစ္စုပ်သံသာ နှစ်ဖြာနှစ်ရပ် ရွှေဥာဏ်မြတ်ဖြင့် တပ်တပ်ထင်ထင် သိမြင်တော် မူခြင်းဖြင့် ခပင်းဥဿုံ အလုံးစုံသော လောကသားတို့၏ ကောင်း ကျိုးကို။

ကရုံ၊ ချိန်ခါရသမျှ နေ့ညမချာ အခွင့်သာတိုင်း မဆုတ်ဆိုင်းဘဲ ဖြတ်ပိုင်းခဲ့ဝေ မှန်လေးထွေကို ဟောချေတိုက်ကျွေး ကယ်ချတ်

ရေးခြင့် လေးပေးကြောင့်ကြ ပြုစုမ်းတော် မူခြင်းလည်း ရှိပေ
ထသော။

ဝမ္မလ၊ ဖလသမာ နရောဓာနှင့် ဘည်ာစျာနစုံမ်း ထုထုံမှုမ်း သား လျှမ်းလျှမ်းရောင်ယှက် ပြုံးပြုံးပြက်၍ နှစ်သက်ဖွယ်သာ အလွန်လျင် စင်ကြယ်စွာသော ကိုယ်တော် စိတ်တော်လည်း ရှိပေထသော။

သမ္မာသမ္ဗုဒ္ဓ၊ လေးတန်သစ္စာ ငါးဖြာညေယျ ဓမ္မဥဿုံ အလုံး စုံကို အကုန်ကေန် ကြွင်းကျန်မရှိ သိကြီး သိတော်မူတတ်သည့် သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကို။

အဟံ၊ ဖြစ်ပျက်ဆုံးရာ နိဗ္ဗုတာနန်း လျင်စွာမြန်းဘို့ ကျွတ် လမ်းရည်မြော် တပည့်တော်သည်။ ဝန္ဒာမိ၊ ဘုန်းတော်, ဂုဏ်တော် ဉာဏ်တော်အတုလ အနန္တမြတ်မှူး မြတ်ကျေးဇူးတို့ကို ကြည်နူး ကော်ရော် ပူဇော်လေးမြတ် အာရုံကပ်လျက် ထပ်ထပ်ကြိမ်ခါ လွန်စွာ မြတ်နိုး ဦးညွတ်ကျိုးကာ ရှိခိုးပါ၏ အရှင်ဘုရား။

ဝန္ဒာမိ၊ အန္တရာယ်ပျောက် ကျမ်းပြီးမြောက်ဘို့ ကဲမောက်သဒ္ဓါ ဆယ်ပဏာဖြင့် လွန်စွာမြတ်နိုး ဦးနှိမ်လျှိုးကာ ရှိခိုး ပူဇော်ပါ၏ အရှင်မြတ်ဘုရား။

စပ္ဒုအစဆွေတော်မျိုး

သိရှိတော်မူရန်

ဤဝိပဿနာ ဟောစဉ်, ကျင့်စဉ် တရားတော်များကို ပုံမန့်ပ်ရသေးမီ အရှင် မိုးကုတ် ဆရာတော် ဘုရားကြီး ကိုယ်တိုင် ကြည့်ရှုရှု စစ်ဆေး သုဓ်သင် ပြင်ဆင်ကာ အတည်ပြုပြီး ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

တာဝန်ခံ တင်ဆက်သူ

ဦးမြင့်ဆွေ

မိတ္ထီလာမြို့။

မိုးကုတ်ဝိပဿနာ — ဒုတိယဒေသနာ

ပဉ္စမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စဇ္ဇရတနာ မာတိကာ

"ဝိပဿနာခွင် အလုပ်စဉ် တရားတော်"

လုပ်ငန်းစဉ်

ရှေးဦးစွာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားလည်ရမည်။
ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဒိဋ္ဌိကင်္ခာစင်မည်။
ဒိဋ္ဌိကင်္ခာစင်မှ ဝိပဿနာရှုလျှင် နိဗ္ဗာန် မြင်နိုင်မည်။

ဒိဋ္ဌိကွဲပုံ

ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး စဉ်ဆက် အဖြစ်ကို သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိ စင်သည်။
ရုပ် နာမ် စဉ်ဆက် အပျက် သိမြင်လျှင် သဿတဒိဋ္ဌိ စင်သည်။
ရုပ် နာမ် ဖြစ် ပျက် သိမြင်၍ ငါမစဲလျှင်, သင်္ကာယ အတ္တဒိဋ္ဌိ စင်သည်။

ဆောင်ပုဒ်

ဝိပဿနာခွင်၊ လုပ်ငန်းဝင်၊ အလျှင် ဒိဋ္ဌိသတ်။
ဒိဋ္ဌိပြုတ်ရန်၊ ငါးခန္ဓာ၊ မြင်ဉာဏ် ပဋိစ္စတ်။
ပဋိစ္စ ကြောင်းကျိုး၊ ဖြစ်ချုပ်မျိုး၊ လက်ရိုး ခန္ဓာဓါတ်။
ကြောင်းကျိုး စဉ်ဆက်၊ ဉာဏ်မြင်နက်၊ ကွဲပျက် ဥစ္ဆေဒတ်။
ဖြစ်ပေါ် ပျောက်စဲ၊ ဉာဏ်မြင်ကဲ၊ ကွဲရှဲ သဿတတ်။
ဖြစ် ပျက် နာမ်ရုပ်၊ ငါ သူ ပြုတ်၊ ကင်းချုပ် သင်္ကာယတ်။
ဒိဋ္ဌိ အတ္တာ၊ ရှင်းပြီးကာ၊ ဘာဝနာ လုပ်ငန်းရပ်။
ဝိပဿနာခွင်၊ လုပ်ငန်းဝင်၊ မြန်လျင်နိဗ္ဗာန်ရပ်။

သတိချပ်

ဝိပဿနာ၊ လုပ်ငန်းရာ၊ ပရိညာ စဉ်တိုင်းသွား။
ပရိညာလမ်းစဉ်၊ မသိမြင်၊ ကွာစင် မဂ်ဖိုလ်နား။
မဂ်ဖိုလ်မရ၊ ကုသိုလ်ရ၊ ကျိုးရ လွန်နဲပါး။

မင်္ဂဖိုလ်လိုလျှင်း၊ လူခပင်း၊ မယှင်း လမ်းမှန်သွား။
လမ်းမှန်လွဲသူ၊ ချိန်ကြာမူ၊ နိဗ္ဗူ ဝေးကွာခြား။
ဆန္ဒမထေရ်၊ ပုံသက်သေ၊ သေခွဲ စဲမှတ်သား။
ခန္ဓဝဂ္ဂ၊ သံယုတ္တ၊ မိန့်ဟ ဟောညွှန်ကြား။

တရားသား ဒကာ့ ဒကာမတွေ ဒီကနေ့ အထူးတလည် သိမှတ် ထားကြဘို့ အချက် အလက်ကို ပြောပြ ရမယ်။ ဒကာ့ ဒကာမတို့ မှတ်စရာက ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေ သိပီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ ရှုနေပေမဲ့ ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် နားမလယ်ရင် မင်္ဂဖိုလ်မရနိုင်ဘူး၊ ခန္ဓာငါးပါး ရုပ်တရား နာမ်တရား သိနေပေမဲ့ ပဋိစ္စသမုပ္ပါဒ် နားမလယ်ရင် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, တခုခုရှိနေလို့ မင်္ဂညာဏ် ဖိုလ်ညာဏ် အားထုတ်ပေမဲ့ ဒုဗ္ဗလ အားနဲတဲ့ ဝိပဿနာ ဖြစ်နေလို့ မရနိုင်ဘူးလို့ မှတ်ကြရမယ်။

ဒကာ, ဒကာမတို့ သေသေချာချာ မှတ်ထားကြ၊ ပဋိစ္စသမုပ္ပါဒ် နားမလယ်ရင် သဿတနဲ့ ဥစ္ဆေဒ ဆိုတဲ့ ဒိဋ္ဌိနှစ်ခု တခုခုရှိနေတယ်၊ သူတို့နှစ်ခုရှိနေရင် ဝိပဿနာရှုပေမဲ့ အားနဲတဲ့ ဝိပဿနာဘဲ ဖြစ်နိုင်တယ်၊ ဗလဝ, အားကြီးတဲ့ ဝိပဿနာ မဖြစ်နိုင်ဘူး၊ ဘာ့ကြောင့်လဲ ? ဆိုတော့ ဒီ - ဒိဋ္ဌိနှစ်ခုက ခံနေ, တားဆီးနေလို့ဘဲ၊ ဗလဝ ဝိပဿနာ အားကြီးဒါ မဖြစ်ရင် မင်္ဂညာဏ် ဖိုလ်ညာဏ် မရနိုင်ဘူးဆိုဒါ မှတ်ကြ၊ ရှင်းကြပလား ?။

ဒကာ, ဒကာမတွေ ဒီအချက်ဟာ အလွန် အရေးကြီးတဲ့ အချက်မို့ ပြန်ပြောပါအုံးမယ်၊ ခန္ဓာငါးပါး ဖြစ်ပျက်တော့ ကြည့်ပီး

ဝိပဿနာရှုနေပေမဲ့ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး နားမလယ်ဘဲ ရှုနေရင် အားနဲတဲ့ ဝိပဿနာဘဲ ဖြစ်မယ်၊ အားနဲတဲ့ ဝိပဿနာ ဖြစ်နေရင် အားကြီးတဲ့ ဝိပဿနာမဖြစ်လို့ မဂ်ဉာဏ်ကို မရနိုင်ဘူး ဆိုဒါ မြဲမြဲကြီး မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား ?။

ဒီအချက်ကို ဝတ္ထုသက်သေ သာဓကနဲ့ ရှင်းပြပါအုံးမယ်၊ အခုတော့ ဒကာ, ဒကာမတွေအတွက် အရေးကြီးဒါမို့ ဘုန်းကြီးက အရင် ရှင်းလင်းပြောလိမ့်မယ်လို့ မှတ်ကြ၊ ဒါကြောင့် ကိုယ့်သန္တာန်ထဲမှာ ပဋိစ္စသမုပ္ပါဒ်စက်ကြီး မသိဘဲ အားထုတ်နေရင် အားနဲတဲ့ ဝိပဿနာနဲ့ အားထုတ်နေဒါဘဲလို့ သိကြရမယ်၊ ဒီလို အားထုတ်တာဟာ ကုသိုလ်တော့ရပါရဲ့၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုတော့ မရနိုင်ဘူး ဆိုဒါ သိထားကြရမယ်၊ သဘောပါပလား ?။

ဘာ့ကြောင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် မရနိုင်သလဲ ? ဆိုတော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ နှစ်ခုက ခုခံနေလို့ ဘဲ၊ ဒိဋ္ဌိမရှိမှ သောတာပတ္တိ မဂ်ဖိုလ် ဆိုတဲ့ ပဌမနိဗ္ဗာန်ရမှာ၊ သူတို့နှစ်ခုက ခုခံကာကွယ်ထားတော့ မရနိုင်ဘူး ဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား ?၊ ခန္ဓာထဲ ဖြစ်မှု ပျက်မှုတွေ မြင်ပီး အားထုတ်ပေမဲ့ သူတို့နှစ်ခုက ခံနေတော့ အားနဲတဲ့ ဝိပဿနာဖြစ်နေတယ်၊ အားကြီးတဲ့ ဝိပဿနာ မဖြစ်ဘူး၊ ဒီလို အားကြီးတဲ့ ဗလဝ ဝိပဿနာမှ မဖြစ်ရင် မဂ်ဖိုလ် နိဗ္ဗာန် မရဘူးလို့ သာ ဆိုးဖြတ်ချက်ချ။

ဒကာ, ဒကာမတွေအားလုံး သိကြပီးသား ဖြစ်ပါလိမ့်မယ်၊ ဘုရားနဲ့ ဖွါးဘက်တော်ဖြစ်တဲ့ ဆန္နအမတ်ဟာ နန်းတော်ထဲမှာ

ဖွါးတော့လဲ သီဒ္ဓတ်မင်းသားနဲ့ တနေ့ထဲတနာရီထဲမှာ ဖွါးလာဒါဘဲ၊ သီဒ္ဓတ်မင်းသား တောထွက်သွားတော့လဲ မြင်းမြီးဆဲပီး လိုက်ပို့ရတဲ့ သူဘဲ၊ နောက် သူဟာ ဘုရားသွားပင့်ရင်းနဲ့ ရဟန်းဝတ်သွားတယ်၊ အဲဒီ ဆန္နအမတ်က ရဟန်းဝတ်လို့ ဆန္နမထေရ်ရယ်လို့ ဖြစ်လာရတဲ့ ရဟန်းဝတ္ထုက သက်သေခံ လုံလောက်အောင် ပြထားလို့ ဘာမှ သံသယဖြစ်ဘို့ မလိုဘူးဆိုဒါ မှတ်ကြ။

အဲဒီ ဆန္နမထေရ်ဟာ အနိစ္စတွေ, ဒုက္ခတွေ, အနတ္တတွေ, ရှုပီးနေပေမဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မရရှာဘူး၊ ဒီလို ရှုပီးမရတဲ့ အကြောင်းကိုလဲ သူကိုယ်တိုင်က ထုတ်ဖော် ပြောခဲ့ဒါဘဲ၊ ဒကာ,ဒကာမတွေ ကျေနပ်ပလား ?၊ ဒါ ဘာ့ကြောင့် မရဒါလဲ ? သိကြရဲ့လား ?၊ မသိရင် မှတ်ထားကြ၊ အလုပ်စဉ် လဲလို့ ဘဲလို့၊ ဒါ့ကြောင့် ဒကာ, ဒကာမတွေ အလုပ်စဉ် လဲမှာ စိုးရိမ်လို့ အခုတဲ့ပေးနေဒါဘဲလို့ မှတ်ကြရမယ်၊ ရိပ်မိကြပလား ?။

ဒါကြောင့် ဝိပဿနာ ရှုမယ့်ကြံရင် သာသာတ,ဥစ္ဆေဒ, စတဲ့ ဒိဋ္ဌိတွေ ခွါပီး, ရှင်းပီးမှ ရှုရမယ်၊ ဒီလို ဒိဋ္ဌိတွေကွာပီး ဝိပဿနာရှုမှသာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ရနိုင်မယ် ဆိုဒါ မှတ်လိုက်ကြ၊ ဒိဋ္ဌိမကွာရင် ဝိပဿနာ ရှုနေပေမဲ့ အားနဲတဲ့ ဝိပဿနာ ဖြစ်နေလို့ မဂ်ဖိုလ်ကို မရနိုင်ဘူးတဲ့၊ အဲဒါ "ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ဆန္နသုတ်" မှာ ကိုယ်တော်တိုင် ဟောထားခဲ့တယ်၊ ရှင်းကြပလား ?။

အဲဒီ ဆန္နမထေရ်ဟာ နောက်ကျတော့ ရှင်အာနန္ဒာ မထေရ်ထံကို သွားရသေးတယ်၊ မိတ်ကောင်း, ဆွေကောင်း အဖြစ်နဲ့

သူ တရားရချင်လို့ သွားပီး အကူအညီ တောင်းရဒါဘဲ၊ ရိပ်မိကြပလား ?၊ ဒကာ, ဒကာမတို့ အခု ပြောနေဒါဟာ ဘုန်းကြီးတို့ ဒကာ, ဒကာမတို့ အတွက်မှာ အလုပ်စဉ် မလဲဘို့ အလုပ်စဉ် တဲ့အောင်လို့ ပေးနေရဒါဘဲလို့ မှတ်ကြ၊ သဘောပါကြပလား ?၊ ဒါကြောင့် ကလျာဏမိတ္တ ဆွေကောင်း ရဘို့ အလွန်အရေးကြီးတယ် ဆိုဒါ ပေါ်ပလား ?။

သောတာပန် ဖြစ်ဘို့ အင်္ဂါလေးချက်ထဲမှာ "သူတော်ကောင်း မိတ်ဆွေစစ်" ကို ပေါင်းသင်းရမယ် ဆိုတဲ့ တချက်ဟာ ပဌမဆုံး လိုအပ်တဲ့ အင်္ဂါရပ် တခုအနေနဲ့ "စတုက နိပါတ် အင်္ဂုတ္တိုရ်" ဟောတော်မူထားတယ်ဆိုဒါ မှတ်လိုက်ကြ။

သပ္ပုရိသသံသေဝေါ သောတာပတ္တိ အင်္ဂံ ။
သဒ္ဓမ္မသဝနံ သောတာပတ္တိ အင်္ဂံ ။
ယောနိသော မနသိကာရော သောတာပတ္တိ အင်္ဂံ ။
ဓမ္မာနု ဓမ္မပ္ပဋိပတ္တိ သောတာပတ္တိ အင်္ဂံ ။ ။တဲ့,

ဒကာ, ဒကာမတို့ ရိပ်မိကြပလား ?၊ ဒါကြောင့် မိတ်ဆွေစစ် သူတော်ကောင်း ရဘို့ရာ အလွန်ဘဲ အရေးကြီးပါတယ်၊ မိတ်ကောင်း,ဆရာသမားကောင်း,လမ်းပြကောင်းကို ရမှသာ နိဗ္ဗာန် ရနိုင်မယ်ဆိုဒါ ဆုံးဖြတ်ချက်ချကြ။

ဒါကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ ရှုနေ, မြင်နေပေမဲ့ ရှင်ဆန္ဒ ဟာ မဂ်ဖိုလ်မရဘူး၊ သူ့မှာ သဿတဒိဋ္ဌိ ရှိနေတယ်၊ ဘုရားဖြစ်စ

အချိန်လောက် ကထဲက အားထုတ်လာဒါ ဘုရားပရိနိဗ္ဗာန် စံဝင်တဲ့ အထိ မရသေးဘူး၊ တိုတိုပြောရရင် နှစ်ပေါင်း ၄၀ - ၄၅ ခန့်လောက် ကြာလိမ့်မယ်၊ အဲဒီလို ကြာရဒါ ဒိဋ္ဌိရှိရက်နဲ့ ဝိပဿနာ ရှုနေလို့ ဘဲ၊ ရှင်ဆန္ဒဟာ ရုပ် နာမ် ဖြစ်ပျက်တွေတော့ မြင်နေဒါဘဲ၊ ဒဋ္ဌိက ခံနေလေတော့ လိုချင်တဲ့ခရီး အပြီးတိုင် မရောက်ရှာပါဘူး။

ဒကာ, ဒကာမတို့ မိတ်ကောင်း မရတဲ့ အဖြစ်မျိုးဟာ ဘယ် လောက် နစ်နာတယ် နစ်နာလိမ့်မယ် ဆိုဒါ စဉ်းစားကြ၊ ရှင်ဆန္ဒက ဘုရားဆိုတော့ ဖွါးဘက်ချင်းမို့ လေးလေး နက်နက် မရှိဘူး၊ ဒီပြင် ပုဂ္ဂိုလ်တွေနဲ့ ဆိုတော့ သူ့ အတွက် ပြောဘို့ မရှိတော့ဘူးပေါ့၊ အဲဒီတော့ အဲဒီအချိန်မှာ သူ့ ဒိဋ္ဌိခါပေး,ရှင်းပေးမဲ့သူမိတ်ကောင်းနဲ့ အလှမ်းဝေးနေတော့တယ်လို့ ဆိုရမယ်၊ သဘောပါကြရဲ့ လား ?။

ဒါကြောင့် ဝိပဿနာရှုရင်, ဒိဋ္ဌိကို အရင်ခုါပီးမှသာ ဝိပဿနာ ရှုကြပါလို့ မေတ္တာ ရွှေထားပီး တိုက်တွန်းရင်း ပြောပြနေဒါဘဲလို့ ထူးထူးလယ်လယ် မှတ်လိုက်ကြ။

အဲဒီတော့ ဒိဋ္ဌိခုါဘို့ ပဌမ အရေးကြီးတယ်၊ ဒိဋ္ဌိ ခုါချင်ရင် ဘာလုပ်ရမလဲ ?၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားလယ်ရမယ်လို့ မှတ်ကြ၊ ရှင်းကြပလား ?၊ ခန္ဓာဆိုတော့ သူတပါး မလိုဘူး၊ မိမိခန္ဓာဘဲ လိုတယ်၊ မိမိ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားလယ်အောင် လုပ်ရမယ်၊ဒီနေရာ မှာ ဒကာ, ဒကာမတွေအတွက် အရင် ရှင်းပြရမယ်၊ ကြိုးကြိုး စားစား နာယူကြ။

ဒီအချက်ဟာ အလွန်ဘဲ အရေးကြီးပါတယ်၊ အရေးကြီးဒါမို့လဲ “သံဂါယနာတင်” ကျမ်းမှာ ပါဒါဘဲဆိုဒါ မှတ်ရမယ်၊ ဘုန်းကြီးက နေ့တိုင်း အရေးကြီးဒါချည့်ဘဲ၊ ဒကာတို့တတွေက ပြောချင် ပြော ကြမယ်၊ ဒကာ, ဒကာမတွေက နေ့တိုင်း အချိန်ရှိသမျှ ကာမဂုဏ် ကိစ္စတွေနဲ့ ချည့် ဖြုန်းနေလေတော့ အသိအမြင်က နဲပါးကြတယ်၊ အဲဒီတော့ ဒကာ, ဒကာမတို့အတွက်မှာ အရေးကြီးဒါချည့်ဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ကျေနပ်ပလား?။

ဘုရားက သေသေချာချာ ဟောတော်မူခဲ့ဒါ၊ဒကာ,ဒကာမတွေ လမ်းလဲမှာ လမ်းမှားမှာ စိုးရိမ်တော် မူရှာလွန်းလို့ဘဲ၊ ပဌမ သိမ္မာက ဥာတပရိညာ၊ ဒုတိယ ပွါးမှုက တိရဏ ပရိညာ၊ တတိယ ပယ်မှုက ပဟာန ပရိညာ ဘဲ၊သိမ္မာဆိုတဲ့ ဥာတပရိညာရှိမှ ပွားမှုဆိုတဲ့ တိရဏ ပရိညာကို လုပ်ရမယ်၊ ပွါးမှု တိရဏပရိညာရှိမှလဲ ပယ်မှု ပဟာန ပရိညာ ဖြစ်နိုင်တယ်၊ ဒါ့ကြောင့် အလုပ်စဉ်မှာ “ ဥာတ, တိရဏ၊ ပဟာန၊ သုံးဝပရိညာ” ဆိုပီး ဟောထားခဲ့တယ်ဆိုဒါ မှတ်ကြ။။

ဒကာ,ဒကာမတွေ အခုပြောနေဒါ တရားချီးနေဒါမဟုတ်ပါဘူး၊ လဲမှာစိုးလို့ အစဉ်တဲ့ပေးနေရဒါဘဲ၊ပေါ့ပေါ့ကလေးများ မမှတ်လိုက်ပါနဲ့၊ အလွန်ကြီးတဲ့ အရေးမို့ လေးလေးစားစား မှတ်ရမယ်၊ မှတ်မိကြဘီလား?၊ ပဌမ သိမ္မာ၊ ဒုတိယ ပွါးမှု၊ တတိယ ပယ်မှု၊ ဒါ ဘုရားဟောတော်မူတဲ့ အစဉ်ဘဲ၊နိဗ္ဗာန်ရောက်ချင်ရင် ဒီအစဉ်ကို ကျော်လို့မဖြစ်ဘူး၊ဒီအဓိပ္ပါယ်ကို သိရတော့ ကိုယ့်ဟာကိုယ် အိမ်မှာတင် ဘုရားရှိခိုးပီး ကျဘမ်း,လုပ်လို့ မဖြစ်ဘူးဆိုဒါ မှတ်ကြရမယ်။.

ဒါကြောင့် ပဌမ သိမ္ဘရအောင်, ဆရာကောင်း, သွားကောင်းကို ချဉ်းကပ်, မှီဝဲဘို့ လိုလိမ့်မယ်ဆိုဒါ ရိပ်မိကြပလား?၊ပဌမ သိမ္ဘမရှိရင် ကျင့်မှုလဲ့မယ်၊ ကျင့်မှုလဲ့ရင် ပယ်မှုဆိုဒါ မဖြစ်နိုင် တော့ဘူး၊ ဒိဋ္ဌ, ဝိစိကိစ္ဆာ မပယ်နိုင်ရင် ဘယ်သူမှ သောတာပန် မတည်နိုင်တော့ဘူး၊ ကျေနပ်ပလား?၊ ဒါကြောင့် ဒကာ, ဒကာမတွေအတွက်, ပဌမ ဉာတပရိညာ ဆိုတဲ့ သိမ္ဘရအောင် ရှင်းပေးမယ်၊ သိမ္ဘပီးမှ ပွါးမှုကို ခိုင်းမယ်၊ ဒီ့နောက်မှ ပယ်မှုဖြစ်လာမယ်၊ သဘောပါပလား?။

ကိုင်း သိမှ ဉာတပရိညာ ပြောကြစို့၊ ဒိဋ္ဌခွါချကြစို့၊ ခွါတော့ သဿတ,ဥစ္ဆေဒ ခွါရမယ်၊ဘာ့ကြောင့် ဒီ-ဒိဋ္ဌနှစ်ခု ခွါရမှာလဲ? လို့ မေးခဲ့ရင် ဒကာတို့တတွေမှာ ဒီနှစ်ခု,တခုခု ရှိနေလို့ဘဲလို့သာ မှတ်ကြတော့၊ဒီ အဓိပ္ပါယ်ကို စ,ရဒါဟာ ဒကာတို့မှာ ဒါတွေရှိပီး နေလို့ဘဲ၊ ကျေနပ်ပလား?၊ ဒကာ,ဒကာမတို့ "သဿတဒိဋ္ဌ ရှိတဲ့သူဟာ ကမ်,ကမ်၏ အကျိုးကိုလဲ ယုံကြည်တယ်၊ ဟိုဘဝ,ဒီဘဝ ဆိုဒါကိုလဲ ယုံကြည်တယ်၊ ကုသိုလ်ကိုလဲ ယုံကြည်ပီး ပြုလုပ်တယ်၊ အကုသိုလ်ကိုလဲ ယုံကြည်ပီး ရှောင်ကြဉ်တယ်၊ ဒီလိုယုံပေမဲ့လဲ အခုနိဗ္ဗာန် ရောက်ရမယ် ဆိုရင် သူက မကြိုက်နိုင်ဘူး၊"တဲ့။

ဒီအဓိပ္ပါယ်ကို "မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ" က ဖွင့်ဆိုထားတယ်၊ဒို့ဒကာ,ဒကာမတွေကော ဘယ့်နှယ်တုံး? အခုချက်ခြင်း နိဗ္ဗာန် အရောက် ပို့မယ်ဆိုရင် ကြိုက်နိုင် ပါ့မလား? မှန်မှန် ပြောကြပါ၊ မကြိုက်နိုင်ဒါက မျှားပါလိမ့်မယ်၊ဟုတ်ကြရဲ့လား? အဲဒါဟာ" အခုချက်ခြင်း နိဗ္ဗာန်ရောက်သွားခဲ့ရင် ငါလုပ်ထားတဲ့ ကုသိုလ်အကျိုး

တွေ့ အလကားဖြစ်တော့မှာဘဲ၊ နတ်ပြေ, ဖြဟ္မာ့ပြေ မသွားရဲသေးဘူး၊ ဒီအကျိုးတွေ့ ခံစား, စံစားပီးမှ သွားချင်တယ်" ဆိုတဲ့ စိတ်ထားဘဲ။

သဿတဒိဋ္ဌိ ရှိတဲ့သူက အကုသိုလ်လဲ ကြောက်လို့ မလုပ်ဘူး၊ ကုသိုလ်လဲပြုတယ်၊သူက အခု နိဗ္ဗာန်ပို့သူတွေ့ရင် မကြိုက်နိုင်သေးဘူး၊ ဘုံစဉ်စံလေး ဘာလေး ဖြစ်ချင်သေးတယ်၊ သူက ဘုံထဲပုန်းအောင်းနေတယ် တဲ့၊ သဘောပါကြပလား? ဘုံဘဝထဲ ပုန်းအောင်းချင်သေးတဲ့ သဘောရှိတယ်၊ နိဗ္ဗာန်ကို ရုတ်တရက် မသွားချင်သေးဘူး၊အဲဒါ သဿတဒိဋ္ဌိဘဲ၊ သဿတဒိဋ္ဌိ ဆိုဒါက တဏှာဘဲလို့ မှတ်ကြ၊ဒီတော့ ဒကာတို့တတွေ့မှာ ဘာဒိဋ္ဌိ ရှိနေတယ်ဆိုဒါ ရိပ်မိကြပလား?။

အခု ဒကာ,ဒကာမတွေ့ကို၊ ခုနစရက တရားအားထုတပီး, ခုနစရက်နဲ့ နိဗ္ဗာန်ယူမလား? လို့မေးရင် ဘယ်နှယ်ဖြေကြမလဲ? မယူချင်ဘူး ဖြေမှာဘဲ၊ ဒီသား, ဒီသမီး, ဒီမြေး, ဒီမြစ်တွေ့နဲ့ မသေခင်ကလေးမှာ သိုက်သိုက်ဝန်းဝန်း နေချင်သေးတယ်၊ဒါလောက် မြန်မြန်ကြီး မလိုချင်သေးဘူး ပြောမှာဘဲ၊ဘယ် နှယ်တုံး? အဲဒါ သဿတဒိဋ္ဌိဘဲ၊ သဿတဒိဋ္ဌိ ဆိုဒါက တဏှာဘဲလို့ မှတ်ကြ၊ဒီတော့ ဒကာတို့တတွေ့မှာ ဘာဒိဋ္ဌိ ရှိနေတယ်ဆိုဒါ ရိပ်မိကြပလား?။

သဿတက ဘုံဘဝထဲ ခိုအောင်းချင်တယ်၊ ရှင်းကြပလား?၊ တခါတလေကျတော့ "မေ့းတနေ့ - သေတနေ့ဘဲ တဲ့၊ ဒါလောက်တောင် ဒုက္ခရောက်လှဒါ သေဒါက ကောင်းမယ်၊ သေရင် အေးဒါဘဲ တဲ့၊ "အဲဒီအသံဟာ ဥစ္ဆေဒဒိဋ္ဌိက ထွက်လာတဲ့ အသံဘဲလို့

မှတ်ကြ ၊ရိပ်မိကြရဲ့လား?၊ ဒီအယူရှိသူကတော့ ကုသိုလ်မပြုလိုဘူး၊ အကုသိုလ်ကျတော့ ရဲရဲကြီး ပြုလုပ်တတ်တယ်၊ ရှင်းကြပလား?။

ဒီ - ဒိဋ္ဌကလဲ ဘုံဘဝယုံ ကံယုံမဟုတ်ပေမဲ့ အခြေအမြစ်မရှိလို့ ဘုရားနဲ့ တွေ့ရင် မြန်မြန် ကျတ်လွတ်တတ်တယ် တဲ့၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ ဒီ - ဒိဋ္ဌိနှစ်ခု ရှိနေမယ်ဆိုရင် ကိုယ်ကျိုးနဲ့ တော့မယ်၊ ဒါကြောင့် ဘုန်းကြီးက ရှင်းပေးမယ်, လင်းပေးမယ်၊ ရှင်းလင်းမပေးခဲ့ရင်လဲ နိဗ္ဗာန် သူတို့က ခံနေမယ်၊ ဒါ့ကြောင့် အရင် ရှင်းရမယ် ဆိုဒါ ပေါ်ကြပလား?။

ဒီ - ဒိဋ္ဌိအယူနှစ်ခု, တခုခုရှိနေရင် ဘယ်တော့မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် မရနိုင်ဘူး၊ ဒိဋ္ဌိဆိုဒါ မဂ်တား, ဖိုလ်တားဘဲဆိုဒါ မှတ်ထားကြ၊သူတို့ကို ရှင်းချင်တော့ ဒီနှစ်ခုက ဘယ်မှာကပ်နေဒါလဲ?၊ မသိရင် မရှင်းတတ်ဘူး၊ ရှိတဲ့နေရာမှ မသိရင် မခွါတတ်ပါဘူး၊ ရှိတဲ့နေရာ သိပီးမှ မခွါတတ်ပြန်ရင်လဲ ကိုယ်ကျိုးနဲ့ပေါ့ လို့သာ မှတ်ကြပေတော့။

ဘုရားက “အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊
ပုဗ္ဗာ ကောဋိ နပညာယတိ အဝိဇ္ဇာနိဝရဏာနံ သတ္တာနံ
တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။ ။

လို့ သံယုတ်ပါဠိတော်မှာ ဟောထားတယ်၊ ဒကာ, ဒကာမတို့ဟာ ဘတ်ဘဝက စခဲ့တယ်၊ဘယ်နှစ်ခါ သေခဲ့ဘီ၊ဘယ်နှစ်ခါ သူမျှားပါးစပ်

ထဲ သေခဲ့ရတယ် စတဲ့ အဖြစ်သနစ်တွေကို မဟာနိုင်ဘူး တဲ့၊ ဘုရား ရှင်က နှုတ်သွက်သွက်နဲ့ ဟောပေမဲ့လဲ တဦးတယောက်ထဲရဲ့ အကြောင်းဟာ ဟောလို့မကုန်နိုင်ဘူး၊ မဆုံးနိုင်ဘူးတဲ့၊ သဘောပါပလား?၊ အဲဒီတော့ ဒီဘဝမဂ်ဉာဏ်မှ မရရင် အသေပေါင်း နောက်, ဘလောက် ကြုံရအုံးမယ်ဆိုဒါ မတွေးဝံ့ဘူး။

ဒကာ,ဒကာမတွေ ဘယ်လောက်များး ကြောက်စရာကောင်းသလဲ? စဉ်းစားသာ ကြည့်ကြတော့၊ ဘုရား တဆူနဲ့တဆူ ကြားမှာ ကိုဘဲ သေရတဲ့ အဖြစ်ဟာ အရိုး ၁၃,မိုင်လောက် မြင့်တယ်၊ အဲဒီ အထဲမှာ တိကောင်, မြွေကောင်, ပက်ကြီကောင်, စတဲ့ အရိုးမရှိတဲ့ အဖြစ်မျိုးကို ထဲ့မတွက်နဲ့အုံး၊ အရိုးရှိတဲ့သတ္တာအဖြစ်နဲ့ကိုဘဲ ဒီအရိုးတွေ စုပုံထားမယ်ဆိုရင် ၁၃,မိုင်လောက် မြင့်တယ်ဆိုတော့ မန္တလေးတောင်လောက် မကအောင်ဘဲ ကြီးတယ်, များတယ်။

အခု တရားနာလာတဲ့ ဒကာ, ဒကာမတွေကော အရိုးတွေ တောင်လို ပုံချင်သေးသလား? မေးလိုက်ပါတယ်၊ မပုံချင်တော့ရင် ရှေးကဆုတောင်းတွေ ပြင်ကြ၊ ဟိုဘဝ, ဒီဘဝ, ဘယ်ဘုံ ဘယ်ဘဝ, ဖြစ်ရပါလို့၏နဲ့ ဘဝဆုတောင်းသူဟာ မြေကြီး, ကြီးပွါးရေးတောင်းဒါဘဲ၊ အရိုးကြီးပွါးရေး မြေကြီး, ကြီးပွါးရေး တောင်းဒါဘဲလို့သာ မှတ်လိုက်ကြ၊ရိုပ်မိကြပလား?၊ဒါကြောင့်, ရှေးကအလွဲတွေ ပြင်ကြတော့လို့ သတိပေးလိုက်တယ်။

ကိုယ့်အဖြစ်အမှန်ကို ကိုယ်က မမြင်မသိပေမဲ့ ဘုရားလဲမြင်, ဆရာသမားကလဲ မြင်ဒါမို့ ပြင်ပေးတဲ့အတိုင်း လိုက်ကြရမယ်၊ လိုက်နာ

သင့်တယ်လို့သာ ဆုံးဖြတ်ချက်ချ၊ ကျိုးစား, ခွေးစား, ငှင်းဒစားလို့ အရိုးကျန်တဲ့ဘဝတင်ပဲ ၁၃,မိုင်၊ အရိုးမပါတဲ့ ဘဝတွေကလဲ ဘုရား တဆူကြားမှာ အသခြေအနန္တ ရေတွက်လို့ကို မပြနိုင်ဘူး၊ အသေ ချင်းကို ထပ်ထပ်ကြမ်း နေတော့တယ်၊ရိပ်မိကြပလား?။

ဒကာ, ဒကာမတွေ ဒီလိုသိရတော့ နောက်ထပ်, ဘုံဘဝတွေ ဆုတောင်းယူချင်သေးသလား?၊ အရိုးကြိုးပွါးရေး လုပ်ချင်ကြသေး သလား?၊ အေး - အရိုးကြိုးပွါးရေး ကြိုးကံသူဟာ သဿတဒိဋ္ဌဘဲ ဆိုဒါ မှတ်လိုက်ကြ၊ဒကာ,ဒကာမတွေက လုပ်တတ်ကြတယ်၊ ဘုရား ရှေသွားပီး လုပ်ကြ၊ဘုန်းကြီးတွေရှေမှာ လုပ်လိုက်ကြ၊ " ဒီကုသိုလ်, ဒီအလှူ၊ဒါနကြောင့် တပည့်တော်သည် ဒီသား, ဒီသိမ်း, ဒီဆွေ, ဒီမျိုး တွေနဲ့ မကွေမကွာ သံသရာတလျှောက်မှာ အတူတကွ နေထိုင်ရ ပါလို၏ " တဲ့။

အဲဒီလိုလုပ်တာ မရှက်တဲ့ပါးစပ်မို့ ထွက်ရက်တာ၊အရှက်မရှိသူ မို့သာ တောင်းရက်တာဘဲ၊အရှက်ရှိတဲ့ ပါးစပ်ဆိုရင် ဘုရားရှေတော် သွားပီး, ဒီအသံမျိုး ထွက်ရက်မှာ မဟုတ်ကြဘူး၊ ရိပ်မိပလား?၊ ဒကာတို့ဟာ အရှက်မရှိတဲ့ လူတွေလား?၊ မေးထိုက်, မမေးထိုက် စဉ်းစားကြ၊ ဒါကြောင့် အရှက်ရှိရင် ဒီအချိန်ကစပီး အရိုးကြိုးပွါး ရေးဇာတ်ကို သိမ်းကြစို့။

ဒီဇာတ်သိမ်းချင်ရင် သဿတ, ဥစ္စာဒ ဖြုတ်ရမယ်၊ ဒါဖြုတ်ချင် တော့ ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားလယ်ရမယ်၊ ကိုယ့်ခန္ဓာအ

ကြောင်း ကိုယ်နားမလယ်ရင် သဿတ, ဥစ္ဆေဒဒိဋ္ဌတွေ ရှိနေမှာဘဲ့၊ ဒါကြောင့် ကိုယ့်ခန္ဓာအကြောင်း နားလယ်အောင် ရှင်းပြရလိမ့်မယ်၊ ဘုရားက“ သဿတလဲမလိုက်နဲ့၊ ဥစ္ဆေဒလဲ မလိုက်နဲ့၊အလယ်လမ်းလိုက်ကြ”လို့ ဟောတော်မူတယ်၊ ရှင်းပလား ?။

သဿတလမ်းက အရိုးကြီးပွါးရေးလမ်း၊ ဥစ္ဆေဒလမ်းက အပါယ်ကြီးပွါးရေးလမ်း၊အလယ်လမ်းက နိဗ္ဗာန်လမ်း၊ ဘုရားဖြစ်တာ မဇ္ဈိမဆိုတဲ့ ဒီအလယ်လမ်းက ဘုရားဖြစ်တာ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတွေ ဖြစ်တာလဲ ဒီအလယ်လမ်းကဘဲ၊ အလယ်လမ်းဘဲ အားကိုးရတယ်၊ရှင်းကြပလား?၊ သဿတနဲ့ ဥစ္ဆေဒစင်ရင် အလယ်လမ်း အလိုလို ပေါ်လာတယ်ဆိုဒါ မှတ်ကြ။

ပဋိစ္စသမုပ္ပါဒ် အဖြစ်ကိုလဲ သိ, အပျက်ကိုလဲ သိတဲ့ဉာဏ်ရရင် အလယ်လမ်းလေးပေါ်လာတယ်၊ ဒီ-ပဋိစ္စသမုပ္ပါဒ် အဖြစ်နဲ့အပျက်ကိုမှ မသိသေးရင် အလယ်လမ်း ပေါ်နိုင်ဘို့ အခွင့်မရှိဘူး၊ ရိပ်မိကြပလား?၊ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေက ခလုတ်ကလေးများမတော်တဆ တိုက်မိလိုက်ပလားဆိုရင် “အနိစ္စ, အနိစ္စ’ လုပ်တတ်ကြတယ်၊ ဒီလို တော်စွာ လျော်စွာ နည်းမျိုးနဲ့ မရနိုင်ဘူး၊ ဗလဝ, အားကြီးတဲ့ ဝိပဿနာမဖြစ်သမျှ မရနိုင်ဘူးလို့သာ မှတ်ကြ။

အလယ်လမ်းပေါ်ရောက်ရင် သိမှုကိစ္စ ကုန်ဘီ၊ ပွါးမှု ကိစ္စနဲ့ ပယ်မှုကိစ္စဘဲ ဆက်လုပ်ရမယ်၊ဒီတော့ အခု ဒကာတို့တတွေကို သိမှုက စပြောရမယ်၊ ၊သတ္တဝါအစ ရှာလို့မတွေ့ဘူးတဲ့၊ဘုရားဖြစ်တော်မူစက, စပီး၊ ပရိနိဗ္ဗာန်စံသည်အထိ၊ သတ္တဝါအဖြစ်နဲ့ ဟောရင် တဉီး

တယောက်ထဲ အတွက်ဘောင် ဟောလို့ မကုန်နိုင်ဘူးတဲ့၊ ဒါ့ကြောင့် ဘုရားက သတ္တဝါအဖြစ်နဲ့ မဟောဘဲ၊ သတ္တဝါဖြစ်ကြောင်းနဲ့ဟောမှ ရမယ်ဆိုပီး ဟောတော်မူခဲ့တယ်။

ဘယ်လိုဟောခဲ့သလဲ? ဆိုတော့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" တဲ့၊ အဝိဇ္ဇာရှိသူမှာ သင်္ခါရ လာမှာဘဲ၊ ဒုက္ခသစ္စာ မသိသူဟာ ကုသိုလ်လဲလုပ်တယ် လုပ်ပီးတော့ ဘုံဘဝတွေ ဆုတောင်းယူတယ်၊ တောင်းဒါက တဏှာကတောင်းဒါဘဲ၊အဲဒီတော့ တဏှာက ကုသိုလ်လဲလုပ်, ဘုံဘဝလဲတောင်း၊ဘာ့ကြောင့် ဒီတဏှာက တောင်းသလဲ? မသိလို့တောင်းဒါ၊ မသိဒါက အဝိဇ္ဇာ၊ကုသိုလ်ပြုဒါ သင်္ခါရ။

ဒဿနေန ပဟာတဗ္ဗာ ဒုက္ခသမုဒယသစ္စာ

ဒဿနေန, ဒဿနေတဗ္ဗံ, ရောကရာဘဝမှာ မခွဲခြင်၊ ဘုံဘဝတွေလို့ ခြင်၊ဒီတော့ ကုသိုလ်အမျိုးမျိုးတွေပြု - ပြုပီး, ဆုတောင်းယူကြ၊ အဲဒီတော့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ပြုမိဒါဘဲ၊ အဝိဇ္ဇာက မသိဒါ၊ သင်္ခါရက ပြုလုပ်တာ၊ ပေါ်ကြပလား? ၊အဝိဇ္ဇာက ဘာမသိဒါလဲ?၊ အဝိဇ္ဇာက "ဒုက္ခေ အညာဏံ၊ဒုက္ခသမုဒယေ အညာဏံ" ဒုက္ခသစ္စာ လဲမသိ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာလဲမသိ၊ သစ္စာလေးပါးလုံး မသိဘူး။

သစ္စာမသိတော့ ဒီသား, ဒီသို့, ဒီပစ္စည်း တွေနဲ့ မခွဲခြင် မခွါခြင်၊ ဥပမာအားဖြင့် ဆိုရင် နောက်က ရန်သူက သေနတ်နဲ့ လိုက်ပစ်, သားနှစ်ယောက်ကို တဖက် တချက်က ဆွဲခေါ်ပြီး ပြေးရရင် ရန်သူလက်က မလွတ်နိုင်ဘဲ အပစ်ခံရရှာတယ်၊ အပစ်

ခံရတော့ ဟပ်ထိုးလဲပီး သေပဲ့ ဝင်ရတော့ဒါဘဲ၊ ဒီမှာလဲ ဒီဥပမာ အတူဘဲ၊ " သန်ဒါရုပစ္စယာ ဝိညာဏံ " လူခန္ဓာ, နတ်ခန္ဓာတွေ ရလာတော့ဘာပေါ့၊ နိဗ္ဗာန်တော့ မပါဘူး၊ ဒါဟာ ဒီ ဒုက္ခသစ္စာ လူ, နတ်, ခန္ဓာ ရဒါဟာ သန်ဒါရကြောင့် ရဒါဘဲ၊ ဒီ သန်ဒါရကလဲ မသိမှု အဝိဇ္ဇာရှိလို့ ဘဲ၊ ရှင်းပလား ?။

ဒီကုသိုလ်တွေက နိဗ္ဗာန် သွားနိုင်တယ်၊ သွားနိုင်ပေမဲ့ သစ္စာ မသိတဲ့ အဝိဇ္ဇာကြောင့် ကုသိုလ်သန်ဒါရပြု, တဏှာနဲ့ ဘုံဘဝ ဒုက္ခသစ္စာ တောင်းယူ၊ တောင်းယူတော့ ဒီဘဝ ပဋိသန္ဓေဝိညာဏ် ပေါ်လာရတယ်၊ အဲဒါ " သန်ဒါရုပစ္စယာ ဝိညာဏံ " ဒီတော့ ဒီခန္ဓာ ပစ္စုပ္ပန် ဝိညာဏ် ပေါ်လာတယ်၊ ဒီကဆက်ပီး, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ထုံးစံအတိုင်း ပေါ်လာကြရပြန်တယ်၊ နောက် - ဒီဘက်ဆက်ပီး, တဏှာ, ဥပါဒါန်, ကမ်တွေ, လဲလာဒါဘဲ။

ဒကာ, ဒကာမတွေ အတွက်က နားလယ်ပီးသားမို့ အကျယ် မခဲ့တော့ဘူး၊ သဿတခဲ့ချင်ရင် ဒီဝိညာဏ်ကို ကြည့်ကြ၊ ဒီဝိညာဏ်ဟာ ပုဂ္ဂိုလ်လား ? သတ္တာလား ?၊ ပုဂ္ဂိုလ်မဟုတ်, သတ္တာမဟုတ်၊ ဝိညာဏ်ဟာ ဝိညာဏ်ဘဲ၊ ပုဂ္ဂိုလ် သတ္တာမပါဘူး၊ ဒီ ဝိညာဏ်ဟာ သန်ဒါရကလုပ်လို့ ဖြစ်တာ၊ ဘယ်သူမှ ဖန်ဆင်းဒါလဲ မဟုတ်ဘူး၊ ရှင်းကြရဲ့လား ?၊ သန်ဒါရုပစ္စယာကြောင့် ဒီဝိညာဏ် ပေါ်လာဒါဘဲ၊ ဒကာ, ဒကာမတွေ ဒီဝိညာဏ်ဟာ သန်ဒါရကြောင့် ပေါ်ဒါဘဲ ဆိုဒါ ရှင်းကြဘီနော်....။

ဒီဝိညာဏ်ကလဲ ပေါ်လာပီး, ချုပ်ပျက် သွားတယ်၊ ဝိညာဏ် ပျက် သွားတော့ " နာမ်ရုပ် " ပေါ်လာတယ်၊ နာမ်ရုပ်ပေါ်ဘို့

ကျေးဇူးပြုဘို့ ချုပ်ရဒါဘဲ၊ရှင်းကြပလား ?၊ ဒီတော့ ဒီဝိညာဏ်ဟာ ဖြစ်တဲ့တရားလဲ ဟုတ်တယ်၊ ချုပ်ပျက်တဲ့ တရားလဲ ဟုတ်တယ်၊ ဒါကို သိကြရမယ်၊ အဖြစ်ကိုသိရင် ဥစ္ဆေဒစင်တယ်၊ ဖြစ်ပီး ပျက်သွားဒါ သိရင် သဿတဒိဋ္ဌိ စင်တယ်၊ သဘောပါကြပလား ?၊ဒကာ, ဒကာမတွေ မြဲမြဲ မှတ်ထားကြ၊ "အဖြစ်ကိုမြင်ရင် ဥစ္ဆေဒစင်တယ်၊ အပျက်မြင်ရင် သဿတစင်တယ်" ရှင်းကြရဲ့လား ?။

ဒီနည်းအတိုင်းဘဲ ဝိညာဏ်လေး ပျက်သွားပီး နာမ်ရုပ် ပေါ်လာတယ်၊ ဒီနာမ်ရုပ် ဖြစ်မှုမြင်ရင် ဥစ္ဆေဒ စင်တယ်၊ ပျက်မှုကလေးမြင်ရင် သဿတ စင်တယ်၊ ဝိညာဏ် ကျေးဇူးပြုမှုကြောင့် နာမ်ရုပ် ပေါ်ရဒါ သူ့ အလိုလိုပေါ်ဒါမဟုတ်ဘူး၊ ဒါကိုလဲ သိရမယ်၊ ဝိညာဏ် ကျေးဇူးပြုမှု မရှိရင် နာမ်ရုပ်မပေါ်နိုင်ဘူး၊ သဘောပါကြပလား ?၊ ဒီဓမ္မလမ်းစဉ်အတိုင်းဘဲ၊ နာမ်ရုပ်ကြောင့်- သဠာယတန၊ သဠာယတနကြောင့် - ဖဿ၊ ဖဿကြောင့် - ဝေဒနာ၊ ဖဿပစ္စယာ ဝေဒနာ ပေါ်လာရတယ်၊ ရှင်းကြရဲ့လား ?။

ဒီဝေဒနာကို ကျေးဇူးပြုတဲ့ ဖဿချုပ်တော့၊ ကျေးဇူးပြုခံရတဲ့ ဝေဒနာလဲချုပ်တယ်၊ ဖဿနိရောဓါ ဝေဒနာနိရောဓေါဘဲ၊ သဘောပါရဲ့လား ?၊ ဖဿ ဖြစ်လို့ ဝေဒနာ ဖြစ်တယ်၊ ဖဿ ချုပ်တော့ ဝေဒနာလဲ ချုပ်တာဘဲ၊ ဒကာ, ဒကာမတို့ ဖဿဖြစ်လို့ ဝေဒနာ ဖြစ်တာ သိရင် ဥစ္ဆေဒဒိဋ္ဌိ စင်ဘီ၊ ဖဿချုပ်လို့ ဝေဒနာချုပ်တာ သိရင် သဿတဒိဋ္ဌိစင်ဘီ ဆိုဒါ မှတ်ကြ၊ ဒီလို ခန္ဓာမှာ အကြောင်း

အကျိုး ဆက်ပီး ဖြစ်, ပျက် နေတဲ့ သဘာဝတွေကို သိဘို့ အရေး ကြီးတယ်၊ ဒါတွေမသိရင် ဝိပဿနာ ရှုနေပေမဲ့ အလကားဘဲ ဆိုဒါ မှတ်ကြ။

ဒုဗ္ဗလ အားနဲတဲ့ ဝိပဿနာဖြစ်လို့, ဗလဝ ဆိုတဲ့ အားကြီးတဲ့ ဝိပဿနာ မဖြစ်လို့, မင် ဖိုလ် နိဗ္ဗာန် မရနိုင်ဘူးလို့ အဋ္ဌကထာ ဆရာက ဖွင့်ပြထားတယ်၊ ကုသိုလ်သာမညတော့ ရပါရဲ့တဲ့၊ မင်ဖိုလ် တော့ မရနိုင်ဘူး တဲ့၊ ရိပ်မိကြပလား ?၊ ဖဿ, ဝေဒနာသဘော ပြောရမယ်၊ ဥပမာ လက်ကလေးကို မီးနားမှာ သွားကပ်လိုက်၊ မီးနားကပ်တာနဲ့ ပူသဘော ဖဿဖြစ်, ဝေဒနာ ဖြစ်လာတယ်၊ လက်ကလေးကို နောက်ပြန် ဆုတ်လိုက်တော့ မပူတော့ဘူး၊ အပူ သဘော ချုပ်သွားတယ်၊ အဲဒါ ဖဿချုပ်လို့ ဝေဒနာ ချုပ်တာဘဲ၊ ပေါ်ကြပလား ?။

ဒီလို ဖဿချုပ်လို့ ဝေဒနာ ချုပ်သွားဒါသိရင် သဿတ စင်တယ်၊ ဖဿအကြောင်းဖြစ်လို့ ဝေဒနာအကျိုးဖြစ်တာဘဲလို့ သိရင် ဥစ္ဆေဒစင်တယ်၊ ရှင်းကြရဲ့လား ?၊ ရှေဆက်ကြည့်ကြအုံး၊ ဝေဒနာ ပစ္စယာ တဏှာ၊ ဝေဒနာဖြစ်လို့ တဏှာ ဖြစ်လာတယ်၊ ဥပမာ အစာလေးတခု စားကြည့်တော့ ကောင်းတယ် ဝယ်အုံးမှာဘဲ၊ စားလို့ ကောင်းလို့ ဝယ်ချင်တယ်၊ "စားလို့ကောင်းဒါက ဝေဒနာ၊ ဝယ်ချင်ဒါက တဏှာ" သဘောပါပလား ?၊ စားလို့ ကောင်းလို့ ဝယ်ချင်တယ် ဆိုတော့ ဝေဒနာပစ္စယာ တဏှာ လာဒါဘဲ၊ ရှင်းပလား ?။

စားကြည့် မကောင်းဘူး၊ အဲဒီတော့ စားမကောင်းလို့ မဝယ်နဲ့တော့ ကွာတဲ့၊ စားကြည့်တော့ ဖဿဖြစ်၊ ဖဿ ဖြစ်တော့ မကောင်းဘူး ဆိုတဲ့ ဒုက္ခဝေဒနာလာ၊ မကောင်းလို့ မဝယ်နဲ့တော့ ကွာ ဆိုတော့ ဒေါမနဿဝေဒနာ လာပြန်တယ်၊ အဲဒီနောက်က ကောင်းဒါတောင့်တတဲ့ တဏှာကလဲ ကပ်ပီး ပေါ်လာဒါဘဲ၊ဒါကြောင့် ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာက ဒုက္ခဝေဒနာ, ဒေါမနဿ ဝေဒနာ၊ အဲဒီ ဝေဒနာပစ္စယာ တဏှာ၊ ဒကာ, ဒကာမတို့ သဘော ပါကြရဲလား ?။

အလွန် အရေးကြီးတဲ့ အချက်မို့ ထပ်ပြန်တလဲလဲ ရှင်းလင်း ပေးနေတယ်မှတ်ပါ။ သာမညအရေး မမှတ်ပါနဲ့၊ ဒါတွေ ရှင်းလင်း ပီးမှ ဝိပဿနာ အားထုတ်ရင် မဂ်ဖိုလ်ကို မြန်မြန် ရနိုင်တယ်၊ ဒါကြောင့် ဒို့အတွက် အရေးကြီးပါလားလို့ ဆုံးဖြတ်ချက်ချ။ ။ ဥပမာ အိမ်က ဒကာကြီးဝတ်ဖို့ ဆိုပီး ဒကာမကြီးက အကြမ်းထည် ကလေးတထည် ဝယ်လာတယ် ဆိုပါတော့၊ အိမ်ကျတော့ ဒကာ ကြီးက စမ်းကြည့်ပီး, ခပ်ကြမ်းကြမ်း ဟွာရတော့ မလိုချင်ဘူး ကြမ်းတယ်ဆိုပီး အလိုမကျဘူး တဲ့။

စမ်းကြည့်တော့ ဖဿဖြစ်၊ ခပ်ကြမ်းကြမ်းဘဲ ဆိုတော့ ဒုက္ခ ဝေဒနာ, ဒေါမနဿဝေဒနာတွေ ဖြစ်လာတယ်၊ မနှစ်သက် မကိုင် ပြန်တော့ ဖဿချုပ်, ဝေဒနာချုပ်၊ နောက်, ဒီလို မမှားစေနဲ့, ချောဒါလေးကြည့်ပီး ဝယ်မှပေါ့နဲ့ လေချို သွေးလိုက်ပြန်တယ်၊ အဲဒါ ချောဒါ လိုချင်တောင့်တတဲ့ တဏှာလာဒါ၊ ရိပ်မိကြပလား ?၊

ဒီတော့ ဖဿဖြစ်လို့, ဝေဒနာဖြစ်လို့ ဝေဒနာဖြစ်တယ်၊ ဝေဒနာဖြစ်လို့ တဏှာဖြစ်တယ်၊ ဖဿချုပ်ရင် ဝေဒနာချုပ်တယ်၊ ဝေဒနာချုပ်ရင် တဏှာချုပ်တယ် ဆိုဒါ ရှင်းပလား ?။

ဒီလိုအသိရှင်းရမယ်၊ ဖဿပစ္စယာ ဝေဒနာ၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာဘဲလို့ သိရင် ဥစ္ဆေဒစင်တယ်၊ ဖဿနိရောဓါ ဝေဒနာနိရောဓေါ၊ ဖဿချုပ်ရင် ဝေဒနာချုပ်တာဘဲလို့ သိရင် သဿတစင်တယ်၊ ကျေနပ်ပလား ?၊ ဒကာ,ဒကာမတွေကို "ဝိပဿနာရှုကြ၊ ဖြစ် ပျက် မြင်အောင် ရှုကြ" ဆိုပီး ရှုခိုင်းဒါဟာ ဒီ ဒိဋ္ဌတွေ အခွါခိုင်းဒါဘဲ၊ အဖြစ်နဲ့ အပျက်ဟာ သဿတနဲ့ ဥစ္ဆေဒ ခွါနိုင်တယ်၊ ဒီ ဖြစ် ပျက် မှတပါး ဒိဋ္ဌိခွါနည်း ကွာနိုင်တဲ့နည်း မရှိဘူး ဆိုဒါ မှတ်လိုက်ကြ။

ဒကာ, ဒကာမတို့ ခန္ဓာထဲမှာကြည့်ရင် အဖြစ်နဲ့ အပျက်သာ ရှိတယ်၊ ဒီ ဖြစ် ပျက် ဓမ္မတွေဘဲရှိတယ်၊ ဖြစ် ပျက် ဓမ္မက လွဲရင် ဒီ့ ပြင် ဘာမှ အပိုမစွက်ဘူးလို့ သာ မှတ်ထားကြ၊ ခန္ဓာထဲ အမှန် တကယ်ရှိတဲ့ ဒီ ဓမ္မတွေရဲ့အဖြစ် မြင်ရင် ဥစ္ဆေဒစင်ဘီ၊ အပျက်ကို မြင်ရင် သဿတ စင်ဘီ၊ ဖြစ် ပျက်တွေချည့်ဘဲလို့ မြင်တော့ ဒိဋ္ဌိနှစ်ခုလုံး စင်ဒါဘဲ၊ ဒီလို စင်ပီးမှရှုတော့ ဗလဝ, အားကြီးတဲ့ ဝိပဿနာဖြစ်တယ်၊ မစင်ဘဲရှုနေရင် အားနဲတဲ့ ဝိပဿနာဘဲ။

ခန္ဓာထဲမှာ ဘယ်တရား ပေါ်လာလာ အကြောင်း ဖြစ်လို့ အကျိုးဖြစ်တာဘဲလို့ သိရမယ်၊ ဒီလိုသိရင် ဥစ္ဆေဒစင်ဘီ၊ အကြောင်း

ချုပ်လို့ အကျိုးချုပ်တာဘဲလို့လဲ သိရမယ်၊ ဒီလိုသိရင် သဿတ စင်ဘီ၊ ရှင်းကြပလား ?၊ အဖြစ် အပျက် မြင်လာရင် ရဲရဲတင်းတင်း ရှုပါ၊ ဒီလိုရှုလို့ အသိစင်ကြယ်ဒါနဲ့ ဒိဋ္ဌိနှစ်ခု ပြုတ်တာဘဲ၊ အဲဒီ ကျမှ မင်္ဂလာဏ်, ဖိုလ်ဉာဏ် ကျေးဇူးပြုမယ့် ဗလဝ ဝိပဿနာဘဲ၊ ဒါကြောင့် ဒကာ, ဒကာမတို့ကို ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး ဖြစ်ပုံ ချုပ်ပုံ ရှင်းပြရဒ့ါ၊ ဒါကို သိမှ အသိရှင်းမှ အသိမရှင်းရင် ဒိဋ္ဌိနှစ်ခု မစင်ဘူး၊ သဘောပါကြရဲ့လား ?။

ဝေဒနာဖြစ်လို့ တဏှာဖြစ်တယ်၊ ဝေဒနာချုပ်လို့ တဏှာ ချုပ်တယ်၊ အဲဒါလို အသိရှင်း, ဒိဋ္ဌိစင်ပီးမှ အားထုတ် မရ မရှိဘူး၊ မှုချ ရမယ်ဆိုဒါ ဆုံးဖြတ်ချက် ချကြ။

အခု ရှင်ဆန္ဒဝတ္ထုကို ဆက်ပြောရမယ်၊ ဘုရား ပရိနိဗ္ဗာန်စံတော့ သူက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ကျန်နေခဲ့တယ်၊ ဘုရား ရှင်ရဲ့ အမိန့်အရ ဒီ့ပြင် ရဟန်းတွေကလဲ ရှင်ဆန္နကို ကြည်ထားကြ တယ်၊ ဗြဟ္မဒဏ် ထားတယ်လို့ ခေါ်ရတယ်၊ အဲဒီအခါမှာ ရှင်ဆန္နဟာ ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ သီတင်းသုံး နေကြတဲ့ ရဟန်းတော်တွေဆီ သွားပီး တောင်းပန်တယ်--တဲ့။

"အရှင်ဘုရားများ တပည့်တော်ကို ဆုံးမကြပါအုံး၊ ကမြစ်ကြ ပါအုံး၊ တရားချီးမြှင့်ကြပါအုံး၊ တရားပေးကြပါအုံး" နဲ့ ကျောင်းတွေ ရှောက်သွား, ဟိုကျောင်း ဒီကျောင်း လှည့်ပီး တောင်းပန်တယ်၊ ဒီလို တောင်းပန်တော့ ရဟန်းတွေက "ရုပ်ဟာ အနိစ္စ၊ ဝေဒနာဟာ

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

အနိစ္စ၊ သညာဟာ အနိစ္စ၊ သင်္ခါရတွေဟာ အနိစ္စ၊ ဝိညာဏ်ဟာလဲ အနိစ္စဘဲ။ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ” လို့ ပေးပြောကြ၊ ဆိုးမကြတယ်။

ရှင်ဆန္ဒက ဘဝင်မြင့်မြင့်နဲ့ “ဒီတရားမျိုးတွေ ငါလဲ အသိသားဘဲ၊ ဒီအတိုင်း ငါအားထုတ်နေဒါ ကြာလှဘီ၊ ကြာပေမဲ့ သင်္ခါရတွေချုပ်တဲ့ ဥပဓိခန္ဓာငါးပါး စွန့်လွှတ်တဲ့ နိဗ္ဗာန်ကို တခါမှ မမြင်ဘူးဘူး” တဲ့၊ ဒီတရားမျိုးနဲ့ သူအားထုတ်ခဲ့ဒါ ကြာပေမယ်လို့ သင်္ခါရတွေ လုံးဝချုပ်တဲ့ ခန္ဓာချုပ်, တဏှာချုပ်တဲ့ နိဗ္ဗာန်ကို လုံးဝ မတွေ့ဘူးသေးဘူး တဲ့၊ ဒီတော့ ဒီတရားမျိုးနဲ့ ဖြင့် နိဗ္ဗာန် မရသေးဘူးတဲ့၊ သူက တရားတောင်းပီးတော့ တရားပေးတဲ့ပုဂ္ဂိုလ်နဲ့ ရန်ဖြစ်တယ်။

ဘာလို့ လဲဆိုတော့ နိဗ္ဗာန် မမြင်ရလို့ တဲ့၊ ဒီတရားမျိုးနဲ့တော့ နိဗ္ဗာန်မရသေးဘူးဆိုပီး, သူက မကျေနပ်နိုင်ဘူးတဲ့၊ တရားက မလွဲဘူး၊ သူက လွဲနေဒါ၊ သူက နေရာမကျဒါ၊ သူက သဿတနဲ့ ဥစ္ဆေဒရှိနေတယ်၊ ဒါတွေ့ မကွာဘဲနဲ့ ဝိပဿနာ ရှုနေလို့ ဘဲ၊ ရိပ်မိကြပလား ?၊ သူက ပဋိစ္စသမုပ္ပါဒ် အကြောင်းဖြစ်, အကျိုးဖြစ်လဲ မသိ၊ အကြောင်းချုပ်, အကျိုးချုပ်လဲ မသိ၊ မသိတော့ ခန္ဓာထဲ ဖြစ်ပျက်တွေ့ ရှုနေ, မြင်နေဒါဘဲ၊ ရှုနေပေမဲ့ နိဗ္ဗာန်မပေါ်လာဘူး။

အလုပ်လဲ့နေတော့ မရဘူးပေါ့၊ ရှင်ဆန္ဒ ဝိပဿနာ ရှုနေဒါ ဘုရားဖြစ်စလောက် အချိန်ကစပီး ရှုနေဒါ၊ ဘုရားလဲ ပရိနိဗ္ဗာန်စံဝင်သွားဘီ၊ ခုထိအောင် ရှုနေဒါဟာ ၄၅-နှစ်လောက် ကြာနေဘီ၊

ဒါပေမဲ့ နိဗ္ဗာန် မရသေးဘူး၊ ဘာမှ မထူးခြားသေးဘူး၊ အဲဒါ ဘာလို့လဲ? ဟောတဲ့ပုဂ္ဂိုလ်တွေကတော့ မညံ့ပါဘူး၊ သူ အလုပ်စဉ်လွဲနေလို့ ဘဲဆိုဒါ မှတ်ကြ၊ ဒါကြောင့် ဒိဋ္ဌမက္ခာဘဲ ဝိပဿနာ ရှုနေရင် နိဗ္ဗာန်ဘယ်တော့မှ မရဘူးလို့သာ ဆုံးဖြတ်ချက်ချကြ။

ကိုယ်တိုင်က အလုပ်စဉ်လွဲနေဒါ ကိုယ်မသိဘူး၊ ဆရာတွေကို သူက အပြစ်တင်လိုက်သေးတယ်၊ဒကာ, ဒကာမတို့လဲ ဒီအပြောမျိုးတွေ့ တချို့ ပြောတတ်ကြတယ်၊ ကမ္မဋ္ဌာန်းပေးတဲ့ဆရာက ဘယ်သို့ ဘယ်ညာနဲ့၊ နေရာမကျရင် အလုပ်စဉ်လွဲနေလို့ ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?၊အလုပ်စဉ်လွဲနေရင် ပဋိစ္စသမုပ္ပါဒ် အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်တယ်ဆိုဒါ သိအောင်လုပ်ရမယ်၊ မသိရင် မရဘူး၊ မရတော့ ဆရာနဲ့ ရန်ဖြစ်တတ်တယ်။ ကမ္မဋ္ဌာန်းပေးတဲ့ဆရာတွေနဲ့ ရန်မဖြစ်ကြနဲ့လို့ သတိပေးလိုက်တယ်။

ဆရာက အပေးညံ့ ရင်လဲ မရဘူး၊ အလုပ်စဉ် လွဲနေရင်လဲ မရနိုင်ဘူး၊ ကိုယ်ကလွဲလဲ မရဘူးဆိုဒါ မှတ်ကြ၊ ဒါကြောင့် အစကနေပီး အဆုံးတိုင် ရောက်အောင် ကျကျနန ကူညီပေးမဲ့ ညွှန်ပြပေးမဲ့ ဆရာကောင်း, သမားကောင်းလဲ အလွန်လိုတယ် ဆိုဒါ ပေါ်ကြပလား?၊ ရိပ်မိရင် အခွင့်အခါရတုန်းမှာ ကြိုးစားယူကြ။

ဒါကြောင့် ဒကာ, ဒကာမတွေ စဲ့စဲ့မြဲမြဲ မှတ်ထားဘို့က ဝိပဿနာ မလုပ်ခင် အရင်ဒိဋ္ဌိခွါရမယ်၊ ဒိဋ္ဌိကဘို့အတွက်လဲ ခန္ဓဝုပဋ္ဌိစ္စ

သမ္ဘပ္ပါဒ် ရှင်းလင်းရမယ်၊ ခန္ဓာ ပဋ္ဌိစ္စ သမ္ဘပ္ပါဒ် ရှင်းလင်းရင် ဒိဋ္ဌိ ကွာဘီ၊ ဒိဋ္ဌိကွာပီးမှ ဝိပဿနာလုပ်ရင် မင်္ဂလာလား,ဖိုလ်ညာဏ် အမြန် ရမယ်၊ ရှင်းကြပလား ?။

ပဋ္ဌိစ္စသမ္ဘပ္ပါဒ် မရှင်းဘဲ ဒိဋ္ဌိမခွါဘဲရှုရင် အားနဲတဲ့ ဝိပဿ နာဖြစ်လို့ မရဘူး၊ ဒိဋ္ဌိခွါပီးမှရှုရင် အားကြီးတဲ့ ဝိပဿနာ ဖြစ်လို့ မင်္ဂလာဏ်,ဖိုလ်ညာဏ် အမြန်ရမယ်ဆိုဒါ မှတ်ထားကြ။

ကိုင်း....နက်ဖြန်မှ ဆက်ကြစို့၊ နာရီစေ့သွားဘီ။

ဓမ္မရတနာ မာတိကာ

“ဝိပဿနာရွေ့ထွက် ဒိဋ္ဌိဖျက် တရားတော်”

ဆောင်ပုဒ်

ဘဝသံသရာ၊ ဓွန့်ရှည်ကြာ၊ အဝိဇ္ဇာမှောင်ကြီးမိ။
အဝိဇ္ဇာရင်းခံ၊ တဏှာကျွန်၊ မှားမှန်ဘိတ်မသိ။
မသိမှားမှန်၊ အစဲ့သန်၊ ဖန်ဖန်မျိုးဒိဋ္ဌိ။
ဒိဋ္ဌစဲ့နှာ၊ ထက်ကြပ်ပါ၊ လဲ့ရှာရှင်တော်ဇီ။
ဒိဋ္ဌရှိလျှင်၊ မင်္ဂိုလ်ခွင်၊ ကွာစင်ဝေးလေဘိ။
ထိုကြောင့်ဦးစွာ၊ ဒိဋ္ဌခွါ၊ ဆရာချဉ်းပါဘိ။
ပဋိစ္စစဉ်ဆက်၊ ဉာဏ်ဖေါက်ဖျက်၊ ကွာပျက်မျိုးဒိဋ္ဌိ။
ဒိဋ္ဌိလွတ်ကွာ၊ ဘာဝနာ၊ လျင်စွာပြီးမြောက်၏။

သတိချပ်

သာဝကမှာ၊ သူ့ဆရာ၊ ကောင်းစွာသတ်မှတ်ထား။
ဆရာတပည့်၊ ခြင်းရာရှိ၊ ညီဘိ အလျော်သား။
ရှင်ဆန္ဒမှန်၊ ဟောချတ်ရန်၊ ဇိနံ မဟုတ်ငြား။
ဗြဟ္မဒတ္တာ၊ ထားရစ်ကြ၊ ဗုဒ္ဓမိန့်မှတ်သား။
မာန်ကျလေလျှင်၊ ဆရာရှင်၊ မြန်လျင်ဆည်းကပ်တွား။
သူ့ဆရာကျ၊ သူ့သိဿ၊ ချွတ်မှ ရမည့်အား။

ထို့ကြောင့်ခုခါ၊ ဝေနေယျာ၊ ဆရာမှတ်မထား။
တနည်းမသင့်၊ တနည်းဖြင့်၊ ထုတ်သင့်ဉာဏ်စေစား။
အခွင့်ကောင်းစွာ၊ ကြိုက်ကြံလာ၊ ရရာလွှန်ကြိုးစား။

တရားသား ဒကာ, ဒကာမတို့ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်ကြီးဟာ ဘယ်ကနေပီး ဇာတိ, ဇရာ, ဗျာဓိ, မရဏ စတဲ့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းအေးမြရာဖြစ်တဲ့ အသင်္ခတဓာတ် နိဗ္ဗာန် ရှေပြည်မြတ်ကြီးကို စံဝင်မြန်းကြတော် မူသွားတယ်ဆိုဒါ သိကြရဲ့လား?၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ လမ်းသုံးလမ်း ထဲက သဿတလမ်းလဲရှောင်၊ ဥစ္ဆေဒလမ်းလဲရှောင်၊ ဒိန္နစ်လမ်း ရှောင်ပီး အလယ်လမ်းဖြစ်တဲ့ မဂ္ဂင်လမ်း လိုက်ခဲ့လို့ အခု နိဗ္ဗာန် နန်းမှာ စံမြန်းတော်မူနေရဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါ ပလား?။

ဘုရားရှင် ကိုယ်တော်မြတ်ဟာ တဏှာချုပ်သိမ်း, ခန္ဓာဇာတ် သိမ်းပြီး ဒုက္ခတွေ အကုန်ငြိမ်းတဲ့ နိဗ္ဗာန်ကို ရတော်မူဒါဟာ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဆိုတဲ့ မဂ္ဂင်လမ်း, အလယ် လမ်းကနေပီး သွားလို့ရတော်မူဒါဘဲ၊ ဘုရားရှင်သာ မဟုတ်ပါဘူး၊ တပည့်သာဝကတွေ လေးသခေါ်နဲ့ ကုဋေရှစ်ဆယ်, ဗိုလ်ခြေတသိန်း ဆိုဒါလဲ ဒီ-မဂ္ဂင်လမ်းဖြစ်တဲ့ အလယ်လမ်းကသွားလို့ နိဗ္ဗာန်ရောက် ကြဒါဘဲ၊နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်အားလုံးဟာ ဒီလမ်းက လိုက်သွား ကြဒါချည့်ဘဲ။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေတော့ ကျန်နေရစ်ခဲ့ကြတယ်၊ ဂင်္ဂါသဲမျှ ကျွတ်လွတ်တော် မူသွားကြတဲ့ ဘုရားရှင်တွေနောက်က မလိုက်မပါခဲ့ကြဘူး၊ ဘာ့ကြောင့် မပါဒါလဲ ? သိကြရဲ့လား၊ အဲဒါ ဟာ ဘုံဘဝခင်တွယ်တဲ့ သဿတနဲ့ နေရစ်ခဲ့ကြလို့ မပါဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?၊ ဘဝခင်တွယ်တဲ့ သဿတနဲ့ နေရစ်ကြဒါမို့ ဘုရားရှင်တွေ လက်ရှော့ခဲ့ရတယ်၊ တခါတလေတော့ လဲ ဥစ္ဆေဒနဲ့ ကျန်ခဲ့ရတယ်၊ဒါပေမဲ့ မျှားဒါက သဿတနဲ့ဘဲ ဆိုဒါ မှတ်ကြ။

ဒကာ, ဒကာမတို့ ဂင်္ဂါဝါဠ သဲစုမက ပဉ္စင်္ဂတော်မူသွားကြတဲ့ ဘုရားရှင်တွေက တရားမဟောလို့လား ? ၊တရားမဟောလို့ မကျွတ် တာမဟုတ်ပါဘူး၊ ဒကာ ဒကာမတိတတွေက ကိုယ် သားကိုယ် သီး ငေတဲ့နဲ့ မခဲ့ချင် အမြဲနေချင်တယ်၊ ဘုံဘဝတွေလဲ ခင်တွယ်တယ်၊ အဲဒီခင်တွယ်တဲ့ တဏှာနဲ့ သုခဝေဒနာတွေ အနှိပ်စက်ခံပီး နေရစ် ကြလို့ ခုထိအောင် သံသရာဒုက္ခလာကြရဒါဘဲ လို့သာ မှတ်ကြ။

ဗုဒ္ဓဘာသာဝင်တွေမှာ ဒီအယူမှားသဿတဒိဋ္ဌတွေက များပြားတယ်၊ အမည်သာခံယူပီး အမှန်က ဗုဒ္ဓဖါသာတွေဆိုရင် မလွဲ ဘူး၊ဒီအယူက ကုသိုလ်တွေပြုပီး ဒီကုသိုလ်အကျိုးတွေ ငါဘဲ ခံစား စံစားရမယ်ဆိုတဲ့ ကံကိုလဲ ယုံတယ်၊ကံကိုယုံပီး ဘုံဘဝကိုလဲ ခင်တွယ် တယ်၊ဘုံဘဝခင်ဒါဟာ သဿတနဲ့ ခင်ဒါဘဲ ဆိုဒါ မှတ်ကြရမယ်၊ ဘုရားအဆူဆူချွတ်ပေမဲ့ ကိုယ့်ဒုက္ခနဲ့ကိုယ် ခိုင်တယ်,မြဲတယ်ထင်ပီး နေရစ်ကြဒါဘဲ၊ ရိပ်မိကြပလား?။

ဒကာ ဒကာမတွေဟာ ဘုရားအဆူဆူ ပွင့်ပေမဲ့ နေရစ်ကြရဒါ ဘာလို့လဲ?၊ ဒီသဿတကြီး ခံနေလို့ဘဲ၊ ပေါ်ကြပလား?၊ "မင်္ဂြိမ ပဏ္ဏာသ ပါဠိတော်" မှာ အသေအချာ ဟောထားတယ်၊ဘဝတကျော ရှိသူဟာ ဘုံဘဝ ခင်တွယ်ကဲ့အတွက် နိဗ္ဗာန်ကျတော့ ဒုရောက်နှေးတယ်တဲ့၊ဘုရားနဲ့ တွေ့ပေမဲ့လဲ ဘုံဘဝထဲမှာ ပုန်းအောင်းပီး နေရစ်ခဲ့ဒါဘဲတဲ့၊ သဿတက အပြစ်သေးပေမဲ့ ကျတ်ခဲ လွတ်ခဲတယ်တဲ့၊ ဥစ္ဆေဒက အပြစ်ကြီးပေမဲ့ ဘုရားနဲ့တွေ့ရင် ကျတ်လွယ်တယ်တဲ့။

ဥစ္ဆေဒ အယူက ကုသိုလ်တော့ မပြုဘူး၊အကုသိုလ်ကို ရဲရဲကြီး ပြုလုပ်တတ်တယ်၊ သူက သေသွားပီးဒါဘဲ ဘာမှမဖြစ်ဘူး၊ ပြတ်တယ်လို့ အယူရှိတယ်၊ ဒီအယူက အပြစ်ကြီးတယ်၊ အပြစ်ကြီးပေမဲ့ ကျတ်လွယ်တယ်တဲ့၊ ဒကာ, ဒကာမတွေ မှတ်မိကြပလား?၊ သဿတက အပြစ်သေးပေမဲ့ ကျတ်ခဲတယ်၊ ဥစ္ဆေဒက အပြစ်ကြီးပေမဲ့ ကျတ်လွယ်တယ်၊ ရှင်းကြပလား ?၊ဒီနှစ်ခုထဲက ဘယ်ဒိဋ္ဌိနေရှိနေရှိနေရင် မက်တား, ဖိုလ်တား,နိဗ္ဗာန်တားထားတော့ဒါဘဲ။

ဒါကြောင့် ဒိဋ္ဌိရှိနေရင် ဘယ်ဒိဋ္ဌိမှ မကောင်းဘူး၊ ရှင်းပြစ်, လင်းပြစ်ရမှာဘဲ၊ ဒိဋ္ဌိတွေ ရှင်းလင်းမှသာ မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်ရနိုင်ကြမှာ၊ဒါကြောင့် အခု ဒကာ,ဒကာမတွေအတွက် ရှင်ဆန္ဒဝတ္ထု မဆက်ခင် အရင်ပြောရမယ်၊ အရင်ရှင်းပေးလိမ့်မယ်ဆိုဒါ မှတ်ကြ၊ ဒကာ,ဒကာမတို့ ကိုယ့်အိမ်တံခါးဝကနေပီး လမ်းဘက်လှည့်ရပ်လိုက်

တယ်ဆိုပါစို့၊လမ်းဘက်ရပ်ပီး ကြည့်လိုက်တာနဲ့ မိတ်ဆွေတယောက် လံ့ဒါ မြင်လိုက်တယ်။

အဲဒီအခါမှာ “စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ” ဆိုတဲ့အတိုင်း မျက်စိအကြည်နဲ့ မိတ်ဆွေရဲ့အဆင်းနဲ့ တည့်လိုက်တော့ မြင်စိတ်ကလေးပေါ်လာတယ်၊ အဲဒီလို ပေါ်လာတော့ အော်-မိတ်ဆွေဘဲ တွေ့ရဒါ ဝမ်းသာလိုက်တာနဲ့ မလာဘူးလား?လာတယ်၊ အဲဒီတော့ “တိဏ်ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ” လာဒါဘဲ၊ ပေါ်ကြပလား? မိတ်ဆွေက ကိုင်း, သွားလိုက်ပါအုံးမယ်လို့ ဆိုတော့ အို-အရေးကြီးလှချည့်လား?၊ အထဲဝင် ထိုင်ပါအုံး တဲ့၊ အဲဒါ “ဝေဒနာပစ္စယာ တဏှာ” ဘဲ၊ ခင်လို့မင်လို့ တားဒါဘဲ။

ဒီနေရာမှာ မျက်လုံးအကြည်ရုပ်နဲ့ အဆင်းရုပ်ကြောင့် မြင်စိတ်ကလေး ပေါ်လာရတယ်၊ ဒီမြင်စိတ်ကလေးဟာ သူတို့နှစ်ခု ကျေးဇူးပြုလို့သာ ပေါ်လာဒါ၊ရှင်းကြပလား?၊ သူတို့သုံးခု ပေါင်းဆုံမိတဲ့ အချိန်မှာ ဖဿ ပေါ်လာတယ်၊ နောက် ဝေဒနာလာတယ်၊ ဖဿဖြစ်လို့သာ ဝေဒနာဖြစ်တာ၊ ဖဿမဖြစ်ရင် ဝေဒနာမဖြစ်ဘူး၊ ဖဿက ကျေးဇူးပြုလိုက်လို့ ဝေဒနာပေါ်လာရဒါဘဲ၊ သဘောပါကြပလား?။

ဝေဒနာဖြစ်တော့ ဒီနောက်က တဏှာဖြစ်လာတယ်၊ ဒီတဏှာဟာ ဝေဒနာကြောင့် ပေါ်လာရဒါ၊ဝေဒနာမဖြစ်ရင် တဏှာ ဖြစ်နိုင်ပါ့မလား?၊ မဖြစ်နိုင်ဘူး၊ ဒီတော့ ဒီတဏှာကို ဝေဒနာက ကျေးဇူးပြုတယ်၊ ရှင်းကြပလား?၊ ပြန်ပီးရှင်းရအုံးမယ်၊ ခုနတုန်းက ပေါ်တဲ့

မြင်စိတ်ကလေးဟာ ထိုင်တဲ့အချိန်မှာ ရှိသေးသလား?၊မရှိတော့ဘူး၊ မြင်ပီး ချုပ်သွားဒါဘဲ၊ ဖဿကရော သူလဲ ဖြစ်ပီး ချုပ်သွားဒါဘဲ၊ ဝေဒနာလဲ ထို့အတူ၊ တဏှာလဲ ထို့အတူပါဘဲ၊ဖြစ်ပီး ချုပ်သွားဒါချည့်ဘဲ၊

မြင်စိတ်ကလေးက ဖဿကို ကျေးဇူးပြုတယ်၊ မြင်စိတ်ချုပ်တော့ ဖဿလဲ ချုပ်တယ်၊ ဖဿက ဝေဒနာကို ကျေးဇူးပြုလိုက်တယ်၊ ဒီမှာလဲ ဖဿချုပ်တော့ ဝေဒနာလဲ ချုပ်တာဘဲ၊ ဝေဒနာက တခါ တဏှာကို ကျေးဇူးပြုပြန်တယ်၊ ဝေဒနာ ချုပ်ပြန်တော့လဲ တဏှာလဲချုပ်ပြန်ဒါဘဲ၊ဒကာ, ဒကာမတွေ့ သဘောပါကြရဲ့လား ?။

ဒကာ,ဒကာမတို့ ဒီအဓိပ္ပါယ်က အလွန်အရေးကြီးဒါမို့ ထပ်ပီး ရှင်းပြောပါအုံးမယ်၊ဥပမာ ဆိုပါတော့ ကိုယ့်အိမ်ရှေတဲ့တဲ့မှာ ကားကလေးတစင်း ရပ်ထားတယ်၊ ဆလွန်းကား လှလှကလေးဘဲ ထားကြပါစို့ ၊ ကိုယ်က အိမ်ထဲမှာ ရှိနေတုန်းကတော့ ဒီကားရှိဒါ မသိဘူးပေါ့၊ အဲဒီအချိန်မှာ ကိုယ်က အိမ်ရှေထွက်ပီး အမှတ်မထင် ရပ်လိုက်တယ်၊ အဲဒီအခါ ကိုယ့်မျက်နှာနဲ့ ကားကလေး တည့်သွားတော့ ဘွားကနဲ "မြင်စိတ်" ကလေး ပေါ်လာတယ်။

ဒီကားမြင်တဲ့ စိတ်ကလေးဟာ နဂိုက ရှိနေဒါလား ? မဟုတ်ဘူး၊ မျက်လုံးအကြည်နဲ့ ကားနဲ့ တဲ့သွားလို့ သာ ပေါ်လာရဒါ၊ ရှင်းကြပလား ?၊ အဲဒါကြောင့် " စက္ခုဥ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ " စက္ခုံစ၊ မျက်လုံးအကြည်ကိုဂင်း။ရူပေစ၊ ကားက

လေးဆိုတဲ့ ရူပါရုံအဆင်းတို့ကိုဋ္ဌင်း။ ပဋိစ္စ၊ အစဲ့ပြု၍။ စက္ခုဝိညာဏ်၊ ကား မြင်သိ စိတ်ကလေးသည်။ ဥပဓ္ဓတိ၊ ဖြစ်ပေါ်၍ လာရခြေ၏။ ဘုရားရှေ့ဥာဏ်တော်နဲ့ အသေအချာ ဟောခဲ့ဒါ၊ ရှင်းကြပလား ?။

ဒကာ,ဒကာမတို့ အဲဒီကားကလေး ကြည့်ဆဲမှာဘဲ ကားက ရုတ်တရက် မောင်းထွက်သွားလို့ မမြင်ရတော့ဘူး၊ အဲဒီ အချိန်မှာ ကားမြင်စိတ်ကလေး ရှိပါအုံးမလား ? မရှိတော့ဘူး၊ ပျက်သွားဘီ၊ ချုပ်ပျောက်သွားဘီ၊ ကိုင်း, ဒီနေရာမှာ ရှင်းပီးပြမယ်၊ ဒကာ,ဒကာမတို့ ဒီကား မြင်စိတ်ကလေးဟာ ပင်ကိုယ်က ဖြစ်နှင့်ဒါလား ? မဟုတ်ဘူး၊ မျက်လုံးအကြည့်နဲ့ ကားနဲ့ တဲ့လိုက်လို့ ပေါ်လာဒါ၊ သူဘိုန့်စခုမရှိရင် ပေါ်နိုင်ပါ့မလား ? မပေါ်နိုင်ဘူး၊ ဒီတော့ ဒီမြင်စိတ်ဟာ သူတို့နှစ်ခု အကြောင်းက ကျေးဇူးပြုပေးလို့ ပေါ်လာရဒါဘဲ။

အဲဒီမှာ မျက်လုံးအကြည့်နဲ့ ကားကလေးက အကြောင်းတရား၊ မြင်စိတ်ကလေးက အကျိုးတရား၊ ရှင်းဘီနော်၊ အခုနင်ကပြောသလို ကားကလေး ထွက်သွားတော့ ကား မြင်စိတ် ကလေးဟာလဲ ချုပ်သွားတော့ဒါဘဲ၊ အဲဒါ ကားတည်းဟူသော "အဆင်း" ချုပ်လို့, အကြောင်းမရှိတော့လို့, အကျိုးမြင်စိတ်ကလေးလဲ ချုပ်ရဒါဘဲ၊ ပေါ်ကြပလား ?၊ အဲဒီတော့ အကြောင်းတရားနှစ်ခုက ပြုပြင်ပေးလို့ အကျိုးမြင်စိတ် ပေါ်တယ်၊ အကြောင်းတခုခု ချုပ်တော့လဲ အကျိုးစိတ်ကလေးပါ ချုပ်ရဒါဘဲ ဆိုဒါ ရှင်းကြဘီ။

ဒီနေရာမှာ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်တော့ အကျိုးလဲချုပ်တာဘဲ၊ အကြောင်းမရှိရင် အကျိုးမဖြစ်ဘူး၊ အကြောင်းရှိလို့သာ အကျိုးဖြစ်ရဒါ၊ ဒီအကြောင်းတရား, အကျိုးတရားတွေဟာလဲ ညီညွတ်တိုက်ဆိုင်ခိုက်မှာ ပေါ်လာပီး မညီညွတ်တာနဲ့ တပြိုင်နက် ချုပ်ပျက် ကြရဒါဘဲဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းလင်းသွားဘီ သဘောပါကြရဲ့လား ?။

ဒီအဓိပ္ပါယ်မှာ အသိဉာဏ်ရှင်းရင် ဒိဋ္ဌိန္ဒစ်ခု သုံးခု ကွာနိုင်ဘီ၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာဘဲ၊ အကြောင်းမဖြစ်ရင် အကျိုးလဲ မဖြစ်နိုင်ဘူးလို့ သိရင် ဥစ္ဆေဒကွာတယ်၊ အကြောင်းချုပ်တော့ အကျိုးလဲချုပ်တယ်၊ ကြောင်းကျိုးအဆက်ဆက် ဖြစ်ပီး ပျက်နေဒါဘဲလို့ သိရင် သဿတ ကွာတယ်၊ ဒီအထဲမှာ ပုဂ္ဂိုလ်, သတ္တ, ငါ,သူတပါး, ယောကျ်ား, မိန်းမ မပါ၊ ဓမ္မသဘာဝ အစဉ်တန်းတွေဘဲလို့ သိရင် အတ္တဒိဋ္ဌိ, သက္ကာယဒိဋ္ဌိပါ ကွာတယ်၊ ဒီအသိလေးရလိုက်တာ ဘယ်လောက်များ နေရာကျသွားသလဲ?၊ တန်ဘိုးမပြတ်နိုင်ဘူး။

ရွှေတဆင့်တက်လိုက်ပါအုံး....အခုန ပြောသလို ကားဘက်လှဲလိုက်တော့ ကား,မြင်စိတ်ပေါ်တယ်၊အဲဒီအချိန်မှာ ဖယ်ပါတပြိုင်နက် ပါတယ်၊ အဲဒီ ဖယ် အတွေ့ကြောင့် "ဟာ - ကားလေးကတယ်လဲလှုပါကလား" ဆိုပီး ဝေဒနာပေါ်တယ်၊ ဒီနောက် "ဒီကားမျိုး လိုချင်တယ် ဝယ်အုံးမှဘဲ" ဆိုတော့ တဏှာဖြစ်၊ နောက်

“ မရလို့တော့မဖြစ်ဘူး ရတဲ့နည်းနဲ့ ဝယ်ရမှာဘဲ ” ဆိုပီး ဥပါဒါန် ဖြစ်လာတယ်၊ ရိပ်မိကြရဲ့လား ?၊ ဒါကြောင့် ဘုရားရှင်က--

“ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ ”

လို့ ဟောတော်မူခဲ့ဒါဘဲဆိုဒါ ပေါ်ကြပလား ?၊ ဒီဓမ္မသဘာဝ ဖြစ်စဉ်တွေဟာ ဒကာ, ဒကာမတို့ သန္တာန်မှာဘဲ နေ့စဉ် ဖြစ်နေ ဒါပါ၊ ဒါကိုဘဲ အတော်ဖေါ်ပြောနေရတယ်၊ ဒကာ, ဒကာမတွေ ထူး,ချက် အ,ချက်က လွဲန်,လွဲန်လွဲန်းတယ် ဆိုဒါ ရိပ်မိကြရဲ့လား ?။

ကိုယ်ဖျင်းဒါ ကိုယ်အ,ဒါ ကိုယ်တိုင် ရိပ်မိကြ၊ မရိပ်မိရင် ငါ့ဟာငါ လူလယ်ထင်ပီး, မစင် နင်းမိတတ်တယ်၊ မစင်ဆိုဒါ အပါယ် လေးဘုံကို ပြောဒါ၊ ကျေနပ်ပလား ?၊ ကိုင်း, ဝေဒနာတလုံး ရှင်းပြ ပါအုံးမယ်၊ “ ကားကလေး တယ်ကောင်းပါလား၊ တယ်,လှပါလား ” ဆိုတဲ့ဟာ ဝေဒနာလုံးကလေးဘဲ၊ ဒီဝေဒနာလေးဟာ ဖဿကြောင့် ပေါ်ဒါဆိုဒါလဲ သိကြဘီ၊ ဖဿက အကြောင်း, ဝေဒနာက အကျိုး၊ ဖဿက အကြောင်းကြောင့် ဝေဒနာအကျိုး ပေါ်ဒါ၊ အကြောင်း မရှိရင် အကျိုးမပေါ်နိုင်ဘူး ရှင်းသွားဘီနော်။

ဖဿက ဝေဒနာကို ကျေးဇူးပြုပီး ချုပ်တယ်၊ ဖဿဖြစ်တော့ ဝေဒနာလဲဖြစ်၊ ဖဿချုပ်တော့ ဝေဒနာလဲ ချုပ်တာဘဲ၊ ဒီ ဝေဒနာ

ဟာ နဂိုက ရှိဒါလား ? မဟုတ်ဘူး၊ ဖဿကြောင့် ပေါ်လာဒါ၊ ဖဿချုပ်တော့ ဝေဒနာလဲ ချုပ်တာဘဲ၊ဖဿက အကြောင်း၊ ဝေဒနာက အကျိုး၊ ဖဿပစ္စယာ ဝေဒနာဘဲ၊ ဒီတော့ အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးလဲ ချုပ်တာဘဲ၊ ဒကာ, ဒကာမတို့ ဒါကို သိရရင် သဿတနဲ့ ဥစ္ဆေဒ ဒိဋ္ဌိနှစ်ခု စင်သွားဘီ၊ ကျေနပ်ကြပလား ?။

ဒီ ဖဿကလေးဟာ ငါလား ? မဟုတ်ဘူး၊ ပုဂ္ဂိုလ်လား ? သတ္တဝါလား ? ယောကျ်ားလား ? မိန်းမလား ? မဟုတ်ပါဘူး၊ နာမ်ဓမ္မလေးတခုဘဲ၊ ရှင်းကြဘီနော်၊ ဝေဒနာကော မေးပါအုံး၊ ဝေဒနာလေးဟာ ငါလား ? သူတပါးလား?ယောကျ်း? မိန်းမလား? ပုဂ္ဂိုလ်သတ္တဝါလား ? မဟုတ်ပါဘူး၊ ခံစားမှု သဘောသက်သက် နာမ်ဓမ္မလေး တခုဘဲ၊ ကိုင်း, ဒကာ, ဒကာမတွေ ဒီအတိုင်း ပဋိစ္စ သမုပ္ပါဒ်မှာ အသိဉာဏ် ရှင်းလင်းသွားရင်, သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ စင်ဘီ။

ဒီ ဒိဋ္ဌိတွေ ရှင်းပီး,လင်းပီးမှ ဝိပဿနာအားထုတ်ရင် လျင်လျင်မြန်မြန်နဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရနိုင်တယ်၊ သူတို့တတွေ ခုခံနေရင် အာပေါက်အောင် အားထုတ်ပေမဲ့ လမ်းစ မမြင်ဘူး ဆိုဒါမှတ်လိုက်ကြ၊ သဘောပါကြပလား ?၊ ဒီဟာ လုံလောက်အောင်, ရှင်ဆန္ဒ, ဝတ္ထုသက်သေ သာဓကထုတ်ပီး, ရှင်းပြရမယ်၊ ဒီအဓိပ္ပါယ်ဟာ "ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်" မှာ လာတယ်လို့ မှတ်ကြ။

ရှင်ဆန္ဒ ဆိုဒါ ဘုရားဖွါးဘက်တော်ဘဲ၊ ဒကာ, ဒကာမတွေ အားလုံး သိပီးသားဖြစ်တဲ့ မြင်းမြီးဆွဲ မောင်ဆန် ဆိုဒါ သူဘဲ၊

သူက ဖွါးဘက်တော်ဆိုတော့ စိတ်ကြီးဝင်နေတယ်၊ ဘုရားရှင်ကလဲ သူ့ အစ္ဆာသယ ကြည့်ပီး, ဆန္နဟာ ငါရှိနေတုန်းတော့ ကျွတ်မှာ မဟုတ်သေးဘူး၊ ငါမရှိတဲ့ နောက်မှ စိတ်ဓါတ်ကျပီး ကျွတ်တန်း ဝင်လိမ့်မယ်လို့ မြင်တော်မူတယ်၊ အဲဒါနဲ့ ဘုရားကလဲ သူ့ချွတ်လဲ ရမှာ မဟုတ်သေးဘူး၊ ဆန္နဟာ သူ့ သာဝကမဟုတ်ဘူးလို့ သိတော် မူဒါနဲ့ မချေချွတ်ခဲ့ဘူးလို့ မှတ်ရမယ်။

ဒါနဲ့ ဘုရားပရိနိဗ္ဗာန် စံတော်မူခါနီးမှာမှ "ရဟန်းတို့ ဆန္နကို ဗြဟ္မဒဏ် ထားရစ်ကြ" ဆိုပီး မှာတော်မူခဲ့တယ်၊ ဗြဟ္မဒဏ် ထားတယ် ဆိုဒါ သူ့ မာန ကျအောင်လို့ အဘက်မလုပ်ဘဲ ကြဉ်ထားရမယ်လို့ ဆိုလိုဒါဘဲလို့ မှတ်ကြ။ ။ဆန္နက အခြောက်တိုက် စိတ်ကြီးဝင်နေဒါလား၊ သူက ပုထုဇဉ်စိတ် မပျောက်သေးတော့ သာရိပုတ္တြာ,မောဂ္ဂလာန်တို့ကို မျက်မှန်းကျိုးတယ်တဲ့၊ ဒီကိုယ်တော် တွေ့ အသံ, မကြားချင်ဘူးတဲ့။

ဘုရားက အနု အရင့် ကြည့်ပီး ငါရှိတုန်းမှာ မကျွတ်ဘူး၊ ဒါကြောင့် ငါ ပရိနိဗ္ဗာန် စံပြီးတဲ့နောက်မှာ ဗြဟ္မဒဏ် ထားရစ်ကြလို့ မှာတော်မူခဲ့ဒါ၊ အဲဒီကျမှ စိတ်ဓါတ်ကျပီး ကျွတ်မယ်ဆိုဒါ မြင်တော် မူလို့ ဗျာဒိတ်ထားခဲ့တယ်ဆိုဒါ မှတ်ကြ၊ ဒီလိုနဲ့ ဘုရားမရှိတဲ့နောက် ရဟန်းတွေက ဗြဟ္မဒဏ် ထားပီး သူ့ ကို အဖက် မလုပ်ကြတော့မှ စိတ်ဓါတ်ကျဆင်းပီး အားငယ်နေရှာတယ်။

အဲဒီအခါကျတော့မှ ဆန္နက စဉ်းစားတယ်၊ ဘုရားလဲ အားကိုး အားထား မရှိတော့ဘူး၊ ငါ့မှာ တရားထူးလဲ မရသေးဘူး၊ ဒီတခါမှ

ခက်တော့မှာဘဲလို့ စဉ်းစားပီး, တရားဟောမယ့် တရားပြမယ့် ပုဂ္ဂိုလ် ရှာအုံးမှာဘဲလို့ အကြံ ဖြစ်လာဒါနဲ့ ရှင်ဆန္ဒဟာ ရဟန်းမျှားစ့ဉ သီတင်းသုံးနေကြတဲ့ ဗာရာဏသီပြည် မိဂဒါဝုန်တောကို ရောက် သွားတယ်။

အဲဒီရောက်တော့ ဟိုကျောင်း, ဒီကျောင်း ဆိုသလို လှည့်လည် ပီး ရဟန်းတော်တွေဆီမှာ တရားတောင်းပန်တယ်တဲ့၊ "အရှင်ဘုရား တို့ တပည့်တော်ကို ဆုံးမကြပါအုံး၊ ကံမြစ်ကြပါအုံး၊ တရား ချီးမြှင့် တော် မူကြပါအုံး" ဆိုပီး တောင်းပန်တော့၊ ရဟန်းတော်တွေက "ရုပ်ဟာ အနိစ္စ,ကွ၊ ဝေဒနာဟာ အနိစ္စ, ကွ စသည်အားဖြင့် အလုံးစုံသော သင်္ခါရတရား မှန်သမျှဟာ အနိစ္စ, တွေကွ၊ အလုံးစုံ သော ဓမ္မတွေဟာ အနတ္တ,ကွ" ဆိုပီး ဆုံးမကြ၊ ဟောပြကြတယ် လို့ မှတ်လိုက်ကြ။

"ရူပံ ခေါ် အာဝုသော ဆန္ဒ အနိစ္စံ၊ ဝေဒနာ အနိစ္စာ၊ သညာ အနိစ္စာ၊ သင်္ခါရာ အနိစ္စာ၊ ဝိညာဏံ အနိစ္စံ၊ရူပံ အနတ္တာ၊ ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ အနတ္တာ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ၊" ဘုရား ဒီလို ဟောတယ်ကွ ဆိုပီး ဟောကြ, ပြောကြ, ဆုံးမကြတယ်။

ဒီလို ဟောကြ ပြောကြတော့ ရှင်ဆန္ဒက "တပည့်တော် ဒီလို ရှုဒါပါဘဲ၊ ရှုပင် ရှုပေမဲ့လဲ သင်္ခါရတွေ ချုပ်သွား, ခန္ဓာ ချုပ် သွားတဲ့ အခါမှာ နိဗ္ဗာန် မပေါ်လာဘူး" တဲ့၊ သူက ခန္ဓာချုပ်သွား

ရင် နိဗ္ဗာန်ပေါ်ရမှာ မပေါ်လာဘူးတဲ့၊ ရှုတဲ့အခါတော့ အနိစ္စတွေလဲ မြင်ဒါဘဲ၊ ဖြစ် ပျက် အနိစ္စတွေ သူ့ရှုနေပေမဲ့ နိဗ္ဗာန် မပေါ်လာဘူးတဲ့၊ ဖြစ် ပျက် အနိစ္စတွေ ချုပ်ဆုံးသွားတော့ သူက "ဖျပ်ကနဲ" ဆို လန့်သွားတယ်--တဲ့။

ဒကာ့ ဒကာမတွေ ဒီအချက်မှာ အလွန် အရေးကြီးပါတယ်၊ ဒီအလုပ် လုပ်နေတဲ့သူတွေမို့ အထူး သတိထားပီး နာကြဘို့ မှတ်ယူကြဘို့ လိုပါတယ်၊ ကိုယ့်အလုပ်စဉ်မှာ ချို့ယွင်းချက် မရှိစေရအောင် လေးလေးစားစားနဲ့ နာယူကြပါလို့ တိုက်တွန်းလိုက်တယ်၊ ဒကာ့ဒကာမတို့ ဆန္ဒဟာ ဒကာတို့တတွေလို ဖြစ် ပျက် အနိစ္စတွေ မြင်ပီး ဝိပဿနာရှုနေဒါလဲ မှန်တယ်၊ ရှုနေတဲ့နှစ်ပေါင်းက ၄၀, ၅၅, နှစ်လောက်တောင် ကြာနေဘီ၊ ရိပ်မိပလား ?။

သူက ဝိပဿနာရှုပီး, ဖြစ် ပျက်တွေဟာ ချုပ်ဆုံးသွားတဲ့ အခါရှိတယ်၊ အဲဒီလို ဖြစ် ပျက် တွေ ဆုံးသွားတဲ့နေရာ နိဗ္ဗာန် မပေါ်လာဘူး၊ ဘာလာတုံး ? ဆိုတော့ သူ့ စိတ်ထဲမှာ "ထိပ်ကနဲ" ဖြစ်ပီး လန့်လန့်သွားတယ်၊ နောက်ဆက်ပီး စိုးရိမ်တယ်၊ "ငါ, ဘယ်မတုံး ? ဘာ,အားကိုးရပါ့မတုံး ?" ဆိုတဲ့ စိုးရိမ်မှုဝင်လာတယ်၊ သူက ဘယ်မတုံး ? ဘာ အားကိုးရမတုံး ? တဲ့၊ ရှင်းကြပလား ?။

ဒကာ့ဒကာမတို့ သူ့မှာ နှစ်မျိုးလာတယ်၊ "ဖျပ်ကနဲ လန့်လန့်သွားတယ်" အဲဒါကတမျိုး၊ "ဘာ,အားကိုးရမလဲ ?" တဲ့၊ အားကိုးရှာတဲ့ အတ္တဒိဋ္ဌကတမျိုးနဲ့ ဒီနှစ်မျိုးလာတယ်ဆိုဒါ မှတ်ကြ၊ ဒကာ, ဒကဲ့ာမတွေ ရှင်းရဲ့လား ?၊ ဝိပဿနာ ရှုရင်းက လန့်လာတယ်၊

နောက်, ဘာ့အားကိုးရမတုံး ? ဆိုဒါ တမျိုး၊ ဝိပဿနာရှုထိုင်း ဒီနှစ်မျိုးလောတယ် ဆိုဒါ မှတ်မိကြပလား ?။

ဆန္ဒက "ဒီကိုယ်တော်တွေ ဟောတဲ့ အတိုင်း, အရင်ကလဲ အားထုတ်တာဘဲ၊ အခုလဲ ဒီတိုင်း ကြိုးစားကြည့်ပေမဲ့ နိဗ္ဗာန် မမြင်ရဘူး" ဒီတော့ ဒီကိုယ်တော်တွေနဲ့ တော့ ဟန်မကျသေးပါဘူးတဲ့၊ ငါ့ကို တကယ်ကူညီနိုင်တဲ့ တကယ်အားကိုးရမယ့် ပုဂ္ဂိုလ် ရှာအုံးမှ ဖြစ်တော့မယ်" ဆိုပီး စဉ်းစားခန်း ထုတ်တော့ဒါပေါ့၊ ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား ?။

ဒကာ, ဒကာမတွေ ဒီလိုဖြစ်ရဒါ ဘာ့ကြောင့်လဲ ? ရိပ်မိကြရဲ့ လား ? ဝိပဿနာ အခြေမပါလို့ ဘဲ ဆိုဒါ မှတ်ကြ၊ဝိပဿနာ အခြေ မပါတော့ ရှုနည်းမမှန်လို့ ဘဲ ဆိုဒါ သိကြရမယ်၊ ဆန္ဒဟာ အနိစ္စ ဒုက္ခ, အနတ္တတွေတော့ မြင်ပါရဲ့၊ ဒါပေမဲ့ ရှုနည်းက မမှန်ဘူး၊ရှုနည်း မမှန်လို့ လန့်ဒါရယ်, အားကိုးရှာဒါရယ် ပေါ်လာရတယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား ?။

ရှင်ဆန္ဒက ဒီကိုယ်တော်တွေ ဟောဒါ နေရာမကျဘူးတဲ့၊ သူက စဲ့ချက် တင်လိုက်သေးတယ်၊ ဘာ့ကြောင့်လဲ ? ဆိုတော့ နိဗ္ဗာန် မပေါ်လာလို့ ဘဲတဲ့၊ စဉ်းစားကြ၊ ကျတ်တန်းဝင်မယ့်သူ ဖြစ်ပေမဲ့ ဒီဋ္ဌမပြုတ်ဘူး၊ ဒီဋ္ဌက သူ့မှာရှိနေတယ်၊ ဒီဋ္ဌအယူရှိနေဒါ ပဋိစ္စ သမုပ္ပါဒ် နားမလယ်လို့၊ ပဋိစ္စသမုပ္ပါဒ် နားမရှင်းလို့ ဘဲ ဆိုဒါ မှတ်ကြ၊ ရိပ်မိကြပလား ?၊ ပဋိစ္စ သမုပ္ပါဒ် နားမလယ်ရင်, ဒီဋ္ဌ ဘယ်တော့မှ မကွာဘူးဆိုတဲ့အချက် မြဲမြဲ မှတ်ထားကြ။

ဘုန်းကြီးတို့ ဒကာ, ဒကာမတွေမှာ ဘုန်းထူး, ကံထူးရှိကြလို့၊ ဘုန်းခို့, ကံရှိသူတွေမို့ နည်းလမ်းညွှန်ပြပေးမယ့် ဆရာထူးနဲ့ ကြုံကြရဒါပါ။ကြုံကြိုက်တဲ့ အခိုက်ကလေးမှာ ယူထိုက်အောင် ယူလိုက်ကြ၊ နောက်, ဆိုတဲ့စကား မသုံးကြနဲ့၊ မလွယ်ကြတော့ဘူး၊ ပေးထိုက်လို့ ပေးရင် ယူထိုက်အောင် ယူကြရမယ်၊ ရိပ်မိကြရဲ့လား?၊ ရှင်ဆန္ဒဟာ သူ့ခန္ဓာ ပဋိစ္စသမုပ္ပါဒ် သူနားမလယ်လို့ ချာချာလယ် နေဒါဘဲ။

ဒီတော့ ဆရာကောင်း, သမားကောင်းရဘို့ ကြုံတွေ့ဘို့ အခွင့်အရေးဟာ လွယ်ကူတဲ့ အခွင့်အရေး မဟုတ်ပါဘူး၊ ဒါကြောင့် ဘုရားရှင်ကလဲ "ယဆာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတပ္ပော၊" ဟုတ်တိုင်းမှန်စွာ သိတတ်တဲ့ ဉာဏ်ရဘို့ ဟောပြောပြသတတ်တဲ့ ဆရာကောင်းကို ရှာကြရမယ်ဆိုတဲ့ စကားတော်ကို အကြိမ်ပေါင်း များစွာ အထပ်ထပ် မှာတော်မူခဲ့ဒါဘဲဆိုဒါ မှတ်ကြ၊ဒကာ,ဒကာမတွေ သဘောပါရဲ့လား ?၊ အခုအခါမှာ အင်မတန် ကြုံကြိုက်ခဲတဲ့ အခွင့်အရေးမျိုး ရနေကြတဲ့ အချိန်မို့ ပြင်သင့်ဒါပြင်, ဆင်သင့်ဒါ ဆင်ကြရမယ်၊ခုနှယ်မှ မပြင်ရင် သွားဘီလို့သာ မှတ်လိုက်ကြတော့။

ရှင်ဆန္ဒဟာ ပါရမီဖြေ့ဘက်ဖြစ်ပေမဲ့ သူ့အတွက် အဲဒီအချိန်မှာ ရှော်နေဒါ ဘာလို့လဲ?၊ ရိပ်မိကြရဲ့လား?၊ ပြင်ပေးဆင်ပေးမယ့် ဆရာကောင်း မရရှာသေးလို့ဘဲဆိုဒါ မှတ်ကြ၊ရှင်ဆန္ဒဟာ ရဟန္တာတွေဟောတဲ့အတိုင်း ဖြစ်ပျက်လဲ အားထုတ်တယ်၊ အားထုတ်တုန်းမှာ ဖြစ်ပျက်တွေ "ဖျပ်ကနဲ" ဆို ပြတ်သွားတော့၊ ချောက်ထဲကျ

သလို ဖြစ်လိုက်တာနဲ့ ဘာအားကိုးရမတုံးနဲ့ ဖြစ်, ဖြစ်နေတယ်၊ နိဗ္ဗာန်မပေါ်လာဘူး၊ ဝိပဿနာ အားထုတ်ရက်နဲ့ နိဗ္ဗာန်မရဒါဟာ ချို့ယွင်းချက်ရှိလို့ ဘဲ။

အဲဒီလို ဖြစ်ရဒါဟာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် မလေ့လာမှု၊ အတ္တဒိဋ္ဌိ မဖြုတ်မှုကြောင့်ဘဲဆိုဒါ မှတ်လိုက်ကြ၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် မရှင်းလင်းဘဲ၊ အတ္တဒိဋ္ဌိဖြုတ်မှုကို အရင်မလုပ်ဘဲ ဝိပဿနာအလုပ်သေအောင် အားထုတ်ပေမဲ့ မင်, ဖိုလ်မရနိုင်ဘူး လို့သာ မှတ်ကြတော့၊ဘာ့ကြောင့် မရဒါလဲ? ဆိုတော့ အစဉ်ပျက်နေလို့ဘဲ၊ အစဉ်ပျက်နေလို့မရဒါ။ မနေ့ကပြောခဲ့တဲ့အတိုင်း သိမှုကပဌမ၊ ပွါးမှုက ဒုတိယ၊ ပယ်မှုက တတိယဆိုတဲ့အစဉ် ပျက်နေလို့ဘဲ၊ ပေါ်ကြပလား?။

ရှင်ဆန္ဒဟာ အားထုတ်လို့ မရနိုင်တော့ စိတ်ပျက်ပီး ဒီကိုယ်တော်တွေနဲ့တော့ ခဲယဉ်းသေးတယ်၊သူတို့ထက်သာတဲ့ဆရာ ရှာအုံးမှဘဲ၊ ဒီတိုင်းနေလို့တော့ ဟန်မကျသေးဘူးဆိုပီး ဆရာရှာထုတ်ရတယ်၊ ဒကာ, ဒကာမတွေ စဉ်းစားကြည့်ကြ၊ ဆန္ဒဟာ ကျွတ်တန်းဝင်မယ့်ဘဝပါလား၊ ဒီကျွတ်တန်းဝင်မယ့် ဘဝမှာတောင် ဆရာကောင်း ရှာရသေးတယ်၊ ခုအခါမျိုးမှာဆိုရင် ပြောစရာတောင်မရှိတော့ဘူး၊ဒကာ,ဒကာမတွေ ရိပ်မိကြပလား ?။

ဒါနဲ့ အဲဒီရှင်ဆန္ဒဟာ ဆရာရှာဘို့ စဉ်းစားခန်း ဝင်လိုက်တယ်ဆိုပါတော့၊ အဲဒီမှာ သူ့စိတ်ထဲ အရှင် အာနန္ဒာ သွားတွေ့တယ်၊

“ ရှင်အာနန္ဒာဟာ ငါနဲ့ဖွါးဘက်လဲ ဖြစ်တယ်၊ဘုရားက ချီးမွမ်းခံရတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်တယ်၊ ငါနဲ့ ချစ်ခင်ရင်းနှီးသူလဲ မှန်တယ်၊ သားနှင်ကြင်နာတတ်တဲ့ စိတ်သဘောလဲရှိတယ်၊ ရှင်အာနန္ဒာဆီ သွားမှတောင်တောဲ့မယ် ” လို့ စိတ်ကူးပီး ရှင်အာနန္ဒာနေတဲ့ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းကို လိုက်သွားတယ်။

ကောသမ္ဗီပြည်ရောက်လို့ ရှင်အာနန္ဒာနဲ့ တွေ့တယ် ဆိုရင်ဘဲ၊ အကြောင်းစုံ ပြန်ပြောင်း လျှောက်ထားတယ်တဲ့၊ “ တပည့်တော်--ဟိုမှာနေစဉ်တုန်းက ရဟန်းတော်တွေကို တရားဟောဘို့ တရားပြဘို့ တောင်းပန်တဲ့အခါ ဟောပြော ပြသကြလို့ အဲဒီအတိုင်း ကြိုးစားအားထုတ်ပါတယ်၊ အားထုတ်ပေမဲ့ နိဗ္ဗာန်မရသူး ” ဆိုပီး ဖြစ်တဲ့ ပျက်တဲ့ အကျိုးအကြောင်းတွေကို စုံလင်အောင် လျှောက်ထားးတယ်၊ ဒီလို လျှောက်ထားပီးမှ “ အရှင်ဘုရားဟာ တပည့်တော်ရဲ့ ကယ်တင်ရှင် ဖြစ်တော်မူပါ၊ အရှင့်ထံ အားကိုးကြီးတခုနဲ့ လာခဲ့ရခြင်း ဖြစ်ပါတယ် ”ဆိုတဲ့ အကြောင်းနဲ့ လျှောက်ထားတောင်းပန်လိုက်တယ်။

ဒီကျတော့မှ ရှင် အာနန္ဒာက အားပေးစကားကို ပြောကြားလိုက်တယ်၊ “ ဘာမှ မပူပန်နဲ့ မစိုးရိမ်နဲ့၊ နိဗ္ဗာန်မြင်အောင် ကူညီပေးမယ်၊ စိတ်သာချနေပါ ” စသဖြင့် အားပေးလိုက်တော့ ရှင်ဆန္နလဲ အင်မတန် ဝမ်းမြောက်ဝမ်းသာဖြစ်ပီး အားတက်သွားတယ်တဲ့၊ ဒါနဲ့ ရှင်အာနန္ဒာက ရှင်ဆန္နပြောပြတဲ့ အချက်အလက် တွေကို ချိန်ထိုးပီး စဉ်းစားကြည့်လိုက်တယ်။ဒီလိုကြည့်လိုက်တော့ “အော်-

ပဋိစ္စသမုပ္ပါဒ် နားမလယ်ရှာလို့ ဒီဋ္ဌိမကွာလို့ဘဲ” ဆိုဒါ ပေါ်လာတယ်။

“ရှင်ဆန္ဒဟာ ပဋိစ္စသမုပ္ပါဒ် နားမလယ်ဘဲ အားနဲ့တဲ့ ဝိပဿနာနဲ့ အားထုတ်နေလို့ မရဒါဘဲ၊ သူ့ခမြာ ဒီဋ္ဌိမပြုတ်လို့ အားနဲ့တဲ့ ဝိပဿနာဖြစ်နေတယ်၊သူ့ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလယ်လို့ ဒီဋ္ဌိမပြုတ်ရှာဘူး၊ ဒီဋ္ဌိမပြုတ်ဘဲ ရှုနေလို့ အားနဲ့တဲ့ ဝိပဿနာ ဒုဇ္ဇလ ဝိပဿနာဖြစ်လို့သာ ဒီလို ဖြစ်နေရဒါဘဲ” ဆိုတဲ့ အကြောင်း ရှင်အာနန္ဒာက သိတော်မူတယ်လို့ မှတ်ကြ။

“ရှင်ဆန္ဒဟာ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်, ဖြစ်သွားဒါဘဲ၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်လို့ “ဘာ, အားကိုးရမလဲ” ဆိုတဲ့ အလုံးလာဒါဘဲ၊ အားကိုးရာသစ်ကိုင်းကျိုးသွားသလို ဖို-ကန် ဖြစ်တာဟာ ဒီ-ဒိဋ္ဌိဘဲ၊ ဒီဒိဋ္ဌိက ရှိနေတော့ အတ္တဒိဋ္ဌိကလဲ မကွာဘူး၊ဒါကြောင့် လန့်မှန့်။ အားကိုးရှာမှန်စ်ခုလာဒါဘဲ” လို့ ရှင်အာနန္ဒာက တွေးချပီး ဆုံးဖြတ်လိုက်တယ်၊ ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား ?။

ဒီအကြောင်းတွေ သိရတော့ ဖြစ် ပျက်မြင်တိုင်းလဲ နိဗ္ဗာန်မရဘူးဆိုတဲ့အချက် ပေါ်ကြပလား ?၊ ဖြစ်ပျက်တွေ ဖြိုင်ဖြိုင်ကြီး ပေါ်နေပေမဲ့ ပဋိစ္စသမုပ္ပါဒ် နားမလယ်လို့ ဒီဋ္ဌိမကွာရင် အားထုတ်ပေမဲ့ နိဗ္ဗာန်မရဘူး၊ပဋိစ္စသမုပ္ပါဒ် နားလယ်ပီး ဒီဋ္ဌိခွါပီး အားထုတ်မှသာ နိဗ္ဗာန်ရမယ်ဆိုဒါ မြဲမြဲစံစံမှတ်ကြ၊ ရှင်ဆန္ဒဟာ ဘုရားဖြစ်ပီး မကြာခင်မှာဘဲ ရဟန်းဖြစ်တယ်၊ ရဟန်းဖြစ်တဲ့ အချိန်ကစပီး

ငိပသဿနာ ဖြစ်ပျက် ရှုနေဒါဘဲ၊ နောက်, ဘုရားပရိနိဗ္ဗာန် ပြုသွား ပေမဲ့လဲ နိဗ္ဗာန်မရသေးဘူး။

ဒကာ, ဒကာမတွေ စဉ်းစားကြည့်ကြ၊အချိန်ဘယ်လောက်ကြာသလဲ ?၊ ၄၀,ကျော် ၄၅,လောက်ထိ တရားအားထုတ်နေဒါ နိဗ္ဗာန်မရဘူး၊နိဗ္ဗာန်မရဒါ ဘာ့ကြောင့်လဲ ?၊ ချို့ယွင်းချက် ရှိနေလို့ဘဲဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ဒီ - ချို့ယွင်းချက်ကို ဘုန်းကြီးက ရှင်းပြထားလို့ ဒကာ,ဒကာမတွေ ရိပ်မိကြဘီ၊ သဘောပေါက်ကြဘီ၊ ရိပ်မိကြပလား ?။

အားနဲ့တဲ့ ဝိပဿနာနဲ့ ရှုနေလို့ဘဲဆိုဒါ သိကြရဘီ၊ အားနဲ့တဲ့ ဝိပဿနာနဲ့ ရှုနေရင် အပျက်မြင်ဒါနဲ့ ချောက်ထဲကျသလို ဖြစ်, ဖြစ်သွားတတ်တယ်၊ နောက် ဘာအားကိုးရမလဲ ? ဆိုဒါလာတယ်။ ရှင်းကြရဲ့လား ?၊ ဒါကြောင့် ဝိပဿနာနောက်ထား ပဋိစ္စသမုပ္ပါဒ် ရှင်းမှ ဒိဋ္ဌိ မှုန်ကွဲထား၊ ပဋိစ္စသမုပ္ပါဒ်ရှင်းမှနဲ့ အတ္တဒိဋ္ဌိမှု အရင်လုပ်ပီးမှ ဝိပဿနာရှုရမယ်၊ဒိဋ္ဌိမှုက အရင်၊ဝိပဿနာရှုမှုက နောက် ရှေအလုပ် နောက်အလုပ် အစဉ်မလွဲဘို့ အရေးကြီးပါတယ်။

ဒါနဲ့ ရှင်ဆန္ဒအကြောင်း ဆက်ပြောရမယ်။ နောက် အရှင် အာနန္ဒာက ပိဋကတ်သုံးပုံထဲမှာ ရှင်ဆန္ဒနဲ့တော်မယ့် တရားကို ရှေးရှာကြည့်လိုက်တယ်၊ ရှင်ဆန္ဒဟာ သဿတ,ဥစ္ဆေဒ ဖြုတ်တဲ့ တရားနဲ့မှတော်မယ်၊ သဿတ, ဥစ္ဆေဒပြုတ်အောင် ဘုရားဟောခဲ့တဲ့ တရားဟာ ဘယ်တရားလဲ ?၊ ဆိုပီး ရှာဖွေ ကြည့်လိုက်တော့

ကစ္စာနအန္ဒယ်ဖြစ်တဲ့ ရဟန်းတပါးကို ဟောခဲ့တဲ့ တရားကို သုဒ်ဿတေ့ တယ် တဲ့။။

အဲဒီတရားတွေတော့မှ " အင်း - ရှင်ဆန္ဒကို ဒီတရား ဟောပြမှ ဘဲ၊ ဒီတရားနဲ့ဘဲ တော်တယ် " လို့ ဆုံးဖြတ်ပီး အဲဒီတရားကိုဘဲ ဟောပြလိုက်တယ်လို့ မှတ်ကြ၊ဒကာ,ဒကာမတို့ အခု အရှင်အာနန္ဒာ က ရှင်ဆန္ဒကို ဟောဒါ ဝိပဿနာမဟုတ်သေးဘူးဆိုဒါ မှတ်ရမယ်၊ သက္ကာယပြုတ်ဘို့ သဿတ,ဥစ္ဆေဒ, အတ္တဒိဋ္ဌပြုတ်ဘို့ ဒိဋ္ဌဖြုတ်တရား ကို ဟောဒါ၊ ဝိပဿနာ မဟောသေးဘူး၊ သဘောပါကြရဲ့လား?။

ဒီနေရာမှာ ဒကာ, ဒကာမတွေအတွက် ပိုပီး ရှင်းလင်းအောင် ဘုန်းကြီးက ခဲ့ထွင်ပီး ပြောလိမ့်မယ် ဆိုဒါ မှတ်ကြ၊ ဒကာ,ဒကာမ တွေ နားလည်တဲ့နည်းနဲ့ အရေလယ်အောင် ရှင်းပြမယ်၊ ဒိဋ္ဌဖြုတ် တဲ့နည်းက ပဋိစ္စသမုပ္ပါဒ် ရှင်းပြောရမယ်၊ မျှားမျှား မလိုပါဘူး၊ " ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ် ဒီရှစ်မျိုးကိုဘဲ သိရမယ်။

ဒီရှစ်မျိုးက ဒီဘဝ လက်ရှိဖြစ်စဉ်ဘဲဆိုဒါ မှတ်ကြ၊ ဝိညာဏ်ကို ပဝတ္တိ ဝိညာဏ်က စရမယ်၊ ပဋိသန္ဓေဝိညာဏ်ကို မယူရဘူး၊ ပဝတ္တိ ဝိညာဏ်ကစပီး ကမ္မဘဝအထိ ရှစ်မျိုးကိုယူ၊ ဒကာ, ဒကာမတွေ ယူတတ်ကြပလား ?၊ဒီရှစ်မျိုးက အခုပစ္စုပ္ပန်ဘဝမှာ ဖြစ်ပေါ်နေတဲ့ ရှစ်မျိုးဘဲဆိုဒါ မှတ်ကြ၊ ရှင်းကြရဲ့လား ?။

ဝိညာဏ်က စ,ပီး၊ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ် ကြောင့် သဠာယတနဖြစ်တယ်၊သဠာယတနကြောင့် ဖဿဖြစ်တယ်၊

ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်ကြောင့် ကမ္မဘဝဆိုတဲ့ ကမ်ဖြစ်တယ်၊ ဒီဖြစ်စဉ်ကိုလဲ အကြမ်းဖျင်းမှတ်မိအောင် မှတ်ထားကြ၊ ရိပ်မိကြပလား ?။

ဒီတရားတော့ဟာ အဖြစ်ရှိရင် အချုပ်ရှိတယ်ဆိုဒါကိုလဲ သိရမယ်၊ဝိညာဏ်ချုပ်ရင် နာမ်ရုပ်ချုပ်တယ်၊ဒီနည်းအတိုင်း ရှေကတရားတခုခုချုပ်ရင် နောက်က တရားတော့လဲ ချုပ်တယ်ဆိုဒါ မှတ်ကြရမယ်၊ ဓမ္မတခုချုပ်ရင် နောက်ဓမ္မလဲချုပ်တယ်၊ ဓမ္မတခု ဖြစ်ရင် နောက်ဓမ္မတခုလဲဖြစ်တယ်၊ ရှေဓမ္မမဖြစ်ရင် နောက်ဓမ္မလဲ မဖြစ်ပေါ်ဘူးဆိုတဲ့အချက်ကို မှတ်ထားလိုက်ကြ။

အခု ဒီနေ့တရားမှာ ဒကာ, ဒကာမတို့အတွက် ဝေဒနာနဲ့ တဏှာ နှစ်ခုထဲကို ပြောမယ်၊ ရိပ်မိကြပလား ?၊ အခု ဘုန်းကြီးက မေးမယ်၊ ဒကာ, ဒကာမတို့ သန္တာန်မှာ ခန္ဓာဘယ်နှစ်ခုရှိသလဲ ?၊ ရုပ်ခန္ဓာ, ဝေဒနာခန္ဓာ, သညာခန္ဓာ, သင်္ခါရခန္ဓာ, ဝိညာဏ်ခန္ဓာလို့ ငါးခုရှိတယ်ဆိုဒါ သိပီးသားဘဲ၊ ဒီထဲက ကျန်လေးပါးကို ချန်ပီး ဝေဒနာခန္ဓာ တခုထဲကို ကြည့်ပါ၊ ဝေဒနာခန္ဓာဆိုဒါ ဝေဒနာအစုဘဲ သဘောပါကြပလား ?။

ဝေဒနာကလဲ ဘယ်နှစ်မျိုး စုနေသလဲ ?၊ ဒီနေရာမှာ အမှတ်ရလွယ်အောင် ဝေဒနာသုံးမျိုးဘဲ မှတ်ထား၊ သုံးမျိုးက ကောင်းဒါခံစားတဲ့ သုခဝေဒနာတမျိုး၊ မကောင်းဒါခံစားတဲ့ ဒုက္ခဝေဒနာ

တမျိုး၊ အသင့်အတင့် အမှတ်မထင် ခံစားတဲ့ ဥပေက္ခာဝေဒနာ တမျိုးလို့ သုံးမျိုးဘဲမှတ်ကြ၊ ဒီဝေဒနာ သုံးပါးဟာ ဒကာ,ဒကာမ တို့ သန္တာန်မှာ လှုံ့ပီး ဖြစ်ပျက်နေကြတယ်၊ တခုမရှိ တခုရှိ၊ တခုခု ကတော့ ရှိနေမှာဘဲ သဘောပါကြပလား ?။

ဥပမာ အစားကလေးတခု စားလိုက်တယ်၊ စားလိုက်တော့ ဖယ်ဖြစ်တယ်၊ ဖယ်ဖြစ်တော့ ဖယ်ပစ္စယာ "ကောင်းတယ်" ဆိုတဲ့ ဝေဒနာကလေး ပေါ်လာတယ်၊ စားလိုက်တဲ့ အခိုက်ကလေးမှာ ဖယ်,ဖြစ်တယ်၊စားးလို့ကောင်းတယ်ဆိုတော့ ဖယ်ချုပ်ပီး ဝေဒနာ ပေါ်ဒါဘဲ၊ စားခိုက်မှာ ဖယ်နဲ့အသက်ရှင်ရတယ်၊ ဖယ်ချုပ်သွားတော့ ဝေဒနာလေးနဲ့ အသက်ရှင်ရတယ်၊ ရှင်းကြပလား ?။

ဒကာ,ဒကာမတို့ သဘောပါရဲ့လား ?၊ စားလို့ကောင်းတယ်ဆိုတဲ့အခိုက်မှာ ဘာနဲ့အသက်ရှင်နေသလဲ ?၊ သုခဝေဒနာနဲ့ ရှင်နေတယ်၊ နောက်ဆက်ပီး, ဒီဟာမျိုး ဝယ်အုံးမှာဘဲ ဝယ်ချင်တယ်ဆို တော့ သုခဝေဒနာလေးချုပ်သွားပီး တဏှာပေါ်လာတယ်၊ အဲဒါ သုခ ဝေဒနာပစ္စယာ တဏှာဘဲ ရိပ်မိကြရဲ့လား ?၊ ဝေဒနာချုပ်တော့ တဏှာပေါ်တယ်၊ အရင်က ဝေဒနာနဲ့ အသက်ရှင်တယ်၊ အခု တဏှာနဲ့ အသက်ရှင်နေရတယ်၊ ရှင်းကြရဲ့မို့လား ?။

ဒကာ,ဒကာမတွေ ရှင်းလွယ်အောင်ဟာ ဒီနှစ်ခုဘဲ ကြည့်ထားပါ။ ဒကာ, ဒကာမတို့ သန္တာန်မှာ ဝေဒနာ အမြဲရှိနေတယ်၊ ဘယ် အချိန်မှာမဆို ဝေဒနာကွန္ဓာနဲ့ အသက်ရှင်နေတယ် ဆိုဒါ မှတ်ကြ၊

နေလို့ကောင်းတယ်ဆိုတော့ သုခဝေဒနာနဲ့ အသက်ရှင်နေရတယ်၊ နေလို့ မကောင်းဘူးဆိုတော့ ဒုက္ခဝေဒနာနဲ့ အသက်ရှင်နေရတယ်၊ နေလို့ အသင့်အတင့်ရှိပါရဲ့ ဆိုတော့ ဥပေက္ခာဝေဒနာနဲ့ ရှင်ရဒါဘဲ သဘောပါကြရဲ့ လား ?။

အဲဒီတော့ ဒကာတို့မှာ ဝေဒနာ ကင်းတဲ့အချိန် ဘယ်အချိန် ရှိသလဲ ? မရှိပါဘူး၊ ဝေဒနာသုံးမျိုးဟာ တခုမရှိ တခုခုတော့ ရှိနေဒါဘဲ၊ ဥာဏ်နားနဲ့ စဉ်းစဉ်းစားစား ထောင်ကြပါ၊ အမှန်အကန် သိစေချင်,မြင်စေချင်လို့ ရှင်းပီး သေအချာ ပြောပြနေတယ်၊ သာမည ကလေးလို့များ မမှတ်လိုက်ကြပါနဲ့ ၊ ဒီတရားမျိုး ဒီနားမျိုး အလှန် ကြုံကြိုက်ခဲပါတယ်၊ လေးလေး စားစား နာယူဘို့ အထူးဘဲ တိုက်တွန်းလိုက်တယ်။

ဒကာတို့ကို မေးတယ် ဆိုပါတော့ " ဘယ့်နှယ်ဝုံး ? နေလို့ ထိုင်လို့ ကောင်းပါရဲ့ လား " လို့ မေးလိုက်တဲ့ အခါ " အင်း, နေကောင်းပါတယ် " တဲ့၊ တခါတလေတော့လဲ " အသင့်အတင့် ရှိပါရဲ့ ဗျာ " တဲ့၊ တခါတလေကျပြန်တော့ " နေလို့ မကောင်းဘူး၊ ခုတမျိုး, ခုတမျိုး, ဖြစ်နေတယ် " နဲ့ အသံ ကြားရတယ်၊ အဲဒါ ဝေဒနာက ထွက်တဲ့ အသံချည့်ဘဲဆိုဒါ မှတ်ကြ၊ မေးလိုက်တိုင်းဟာ ဒီအသံသုံးမျိုး တမျိုးမျိုးတော့ လာမှာ ကောန်ဘဲ၊ ရိပ်မိကြပလား ?။

ဒါကြောင့် ဝေဒနာကင်းတဲ့အချိန်မရှိ၊ အချိန်ရှိသမျှ ဝေဒနာကွန်ဒွာနဲ့ အသက်ရှင်နေရတယ် ဆိုဒါ ပေါ်ကြပလား ?၊ ဒကာ, ဒကာမတို့ တတွေဟာ ဝေဒနာကွန်ဒွာနဲ့ လူလုပ်နေရဒါဘဲလို့ ဆိုရင် မမှား

ပါဘူး၊ ဒကာတို့မှာ တခါတရံ ပြုံးနေတဲ့အခါရှိတယ်၊ အဲဒါ သုခ ဝေဒနာနဲ့ အသက်ရှင်နေဒါ၊ တခါတလေတော့ မဲ့ပီး,ဒုက္ခဝေဒနာနဲ့ အသက်ရှင်နေရတယ်၊ ပြုံးဒါ မဲ့ဒါ မလာတော့ တွေဝေပီး ဥပေက္ခာ ဝေဒနာနဲ့ ရှင်နေရဒါဘဲ ရှိတယ်။

ဒီဝေဒနာသုံးပါးနဲ့ဘဲ လှုံ့ပီး အသက်ရှင်နေကြရတယ်၊ တချို့ တွေ့မျှား ကိုယ့်စိတ်ကူးလေးနဲ့ ဝမ်းသာပီး ပြုံးလို့၊အဲဒီလို ပြုံးနေ ဆဲမှာဘဲ ဆွေမျိုးရင်းချာထဲက “ ဘယ်မြို့က ဘယ်သူ့ မမာလို့တဲ့၊ အသဲအသန် ဖြစ်နေသတဲ့ ” ဆိုပီး ကြေးနန်းစာ လာလိုက်တယ်ဆို ရင်ဘဲ ပြုံးရင်းကနေပီး ဖျပ်ဆို မဲ့သွားတယ်၊ အဲဒါ ပြုံးနေဆဲမှာ ဝေဒနာတခုနဲ့ အသက်ရှင်ရပီး အပြုံးဝေဒနာ ချုပ်တော့ အမဲ့ ဝေဒနာနဲ့ အသက်ရှင်ရဒါဘဲ။

ဒကာတို့ဟာ ဝေဒနာ တခုခုစီရဲ့ အသက်ပဲရှိပါတယ်၊ဒကာတို့ က အသက်ရှေချင်သတဲ့၊ ဒကာတို့အသက်ဟာ ရှေသလား ?၊ တို့သ လား ?၊ မေးရင် ဘယ်နှယ်ဖြေကြမတုံး ?၊ ဒီမှာ ကြည့်ပါလား ?၊ ဖျပ်ဆိုဖြစ်ပီး, ဖျပ်ဆို ပျက်သွားတဲ့ ဝေဒနာတခုရဲ့အသက်ပဲရှိပါ တယ်၊ ဘယ်နှယ်များ ကြံကြမတုံး ?၊ ဒကာတို့က အသက်ရှေရှေ နေချင်ကြဒါနဲ့ဆိုတော့ ခက်ကုန်ကြပြီကောလို့ ရိပ်မိကြဘီလား?။

ဒကာ, ဒကာမတို့ “ စားလို့ ကောင်းတယ် ” ဆိုတဲ့ စကားကို သေသေချာချာ စဉ်းစားပါ၊အဲဒီအထဲမှာ စကားနှစ်လုံးပါနေတယ်၊ စားလို့ - ဆိုဒါ စကားတလုံး၊ ကောင်းတယ် - ဆိုဒါက စကားတလုံး၊

အဓိပ္ပါယ်ကို ကျကျ,နန, စဉ်းစားရင် စားလို့ကောင်းတယ် ဆိုဒါဟာ စားလို့သာ ကောင်းဒါဘဲ၊ မစားရင် မကောင်းဘူး ဆိုဒါ ထင်ရှားတယ်၊ စားကြည့်လို့ သာ ကောင်းဒါသိဒါ၊ စားမကြည့်ရင် ကောင်းတယ်ဆိုဒါ မလာနိုင်ဘူး၊ ရှင်းပလား ?။

အဲဒီတော့ "စားလို့" ဆိုဒါ "ဖဿ" သဘော၊ "ကောင်းတယ်" ဆိုဒါက "ဝေဒနာသဘော" ထင်ရှားပလား ?၊ စားလို့သာ, ကောင်းတယ်ဆိုတဲ့ အလုံးလာဒါ၊ မစားရင် ကောင်းတယ် ဆိုတဲ့ သဘော မလာနိုင်ဘူး၊ ဒါကြောင့် "စားလို့" ခေါ်တဲ့ ဖဿကြောင့် "ကောင်းတယ်" ဆိုတဲ့ ဝေဒနာဖြစ်ရဒါဘဲ ဆိုဒါ ရိပ်မိပလား ?၊ ကောင်းတယ်ဆိုပီး, နောက်က "ဒီဟာမျိုး ကြိုက်တယ်" ဆိုတဲ့ သဘောလာတယ်၊ အဲဒါလေးက တဏှာဘဲ၊ ရှင်းပလား ?။

"ကောင်းတယ်"ဆိုတဲ့ ဝေဒနာလေးချုပ်ပီး "ဒါမျိုး ကြိုက်တယ်" ဆိုတဲ့ "တဏှာ" အစားထိုးလိုက်တယ်၊ ကောင်းတယ်ဆိုတုန်းက ဝေဒနာနဲ့ အသက်ရှင်နေတယ်၊ ဝေဒနာချုပ်တော့ ဝေဒနာပစ္စယာ တဏှာဆိုပီး ကြိုက်တယ် ဆိုတဲ့ တဏှာနဲ့ အသက်ရှင်နေရပြန်တယ်၊ သဘောပါကြရဲ့လား ?၊ ဝေဒနာက ချုပ်ပီး တဏှာ ဖြစ်ခွင့်ပေးလိုက်တယ်၊ ဒကာ, ဒကာမတွေ ဒါလောက်ဆိုရင် အတော်အတန် ရှင်းလင်းသွားကြဘီ။

ဒကာ, ဒကာမတွေ ဖဿချုပ်တော့ ဝေဒနာနဲ့ အသက်ရှင်နေရတယ်ဆိုဒါ ဥာဏ်နဲ့ သိရင် သဿတနဲ့ ဥစ္ဆေဒစင်တယ်၊ ဝေဒနာနဲ့

ရှင်ဒါသိတော့ ဥစ္ဆေဒစင်တယ်၊ဖဿချုပ်တာ သိသဖြင့်လဲ သဿတစင်တယ်၊ သဘောပါပလား ?၊ အချုပ်သဘော မှတ်ထားဘို့က အဖြစ်မြင်ရင် ဥစ္ဆေဒစင်တယ်၊ အချုပ်မြင်ရင် သဿတစင်တယ်၊ ရှင်းကြပလား ?၊ ဒီဖြစ်တာနဲ့ ချုပ်တာ မြင်သဖြင့်လဲ ငါစဲ့စရာ မရှိလို့ သက္ကာယစင်သွားတယ် ဆိုဒါ မှတ်ကြ။

နောက်ထပ်ပီး ရှင်းပါအုံးမယ်၊ ဝေဒနာချုပ်သွားတော့ တဏှာနဲ့ အသက်ရှင်ဖူတယ်၊ ဒီတဏှာနဲ့ အသက်ရှင်ရဒါ သိရင် ဥစ္ဆေဒစင်ဘီ၊ ဝေဒနာချုပ်သွားဒါ သိရလို့လဲ သဿတစင်ဘီ၊ ဖဿ, ဝေဒနာ,တဏှာ ဆိုတဲ့ ဓမ္မသဘောလေးတွေ ဖြစ်ပီးချုပ်, ဖြစ်ပီးချုပ်နဲ့ နေကြဒါဘဲ၊ ဓမ္မသဘောအပြင် ငါ, သူတပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တ, ဆိုစရာ မပါပါကလားလို့ သိရတဲ့အတွက်၊ သက္ကာယဒိဋ္ဌ, အတ္တဒိဋ္ဌ, စင်သွားဘီ ဆိုဒါ မှတ်လိုက်ကြ။

ဒကာ, ဒကာမတို့ ပြုံးတယ်ဆိုတော့ သူခဝေဒနာ၊ သူ, ငါ, မဟုတ်၊ ယောကျ်ား, မိန်းမ,မဟုတ်၊ပြုံးဒါချုပ် မဲ့လာ,အဲဒါ ဒုက္ခဝေဒနာ၊ ဒီထဲလဲ ငါ, သူတပါး, ယောကျ်ား, မိန်းမ, မပါဘူး၊ ပြုံးနေတုန်းက သုခဝေဒနာဘဲလို့ သိရင် သက္ကာယ စင်တယ်၊ မဲ့တော့လဲ ဒုက္ခဝေဒနာဘဲလို့ သိရင်လဲ သက္ကာယစင်တယ်၊ ဒီ, ပြုံးတဲ့, မဲ့တဲ့ သဘော ဝေဒနာလေးတွေဟာ ဖြစ်ပီး, ပျက်သွားဒါဘဲလို့ သိရင် မြင်ရင် သဿတ စင်တယ်၊ ဖဿချုပ်တော့ ဝေဒနာလာ၊ ဝေဒနာချုပ်တော့ တဏှာလာ၊ အဲဒီလို အကြောင်းအကျိုး ဆက်သွားဒါ သိရင် ဥစ္ဆေဒစင်တယ်၊ ရှင်းပလား ?။

ဒကာ့ဒကာမတို့ ပြုံးဒါသိတုန်းက ဥစ္ဆေဒစင်တယ်၊ ပြုံးဒါလေး ချုပ်သွားဒါ သိလိုက်ပြန်တော့ သဿတစင်တယ်၊ ပြုံးတဲ့ သဘော ဟာ ဝေဒနာလေးဘဲလို့ သိတော့ သက္ကာယစင်တယ်၊ သဘောပါကြ ရဲ့လား ?။

ကိုင်း....တရားကမဆုံးသေးဘူး၊ နာရီစေ့ဘီ၊ နက်ဖြန်မှ ဆက်ကြစို့။

ဧမ္ဘရတနာ မာတိကာ

“ဒုက္ခသိမှ နိဗ္ဗာန်ရ တရားတော်”

အာထူးမှတ်ရန်

ဦးစွာပဌမ ခန္ဓဝဋ္ဋစသမုပ္ပါဒ်ရှင်းလင်းမှု၊ဒုတိယမှာ ဒိဋ္ဌဓ္မ၊ တတိယမှာ ဝိပဿနာ ဖြစ်ပျက်ရှု၊ ဤသုံးခု အစဉ်မှန်က နိဗ္ဗာန်ကို ကောန်ရရှိမည်။

ဆောင်ပုဒ်

ခန္ဓဝဋ်ဖြစ်စဉ်၊ ကြောင်းကျိုးထင်၊ ဉာဏ်ဝင်ပဋိစ္စရှင်း။
ပဋိစ္စမြင်သန်၊ အဇ္ဈတ္တံ၊ ရှုဉာဏ် ဝိပဿီသွင်း။
ဖြစ်လာပျက်ကြ၊ အနိစ္စ၊ ဉာဏ်က ရုပ်နာမ်တွင်း။
ဒုက္ခစက်သွင်၊ ခန္ဓာခွင်၊ မြဲဖြင် နှိပ်စက်ညှဉ်း။
ဒုက္ခသိက၊ လွတ်လိုလှ၊ ဉာဏ်က ငြီးငွေ့ပြင်း။
ဖြစ်ပျက်ဒုက္ခံ၊ မဂ္ဂင်ဉာဏ်၊ ဖန်ဖန်ရှုကြည့်ရင်း။
ရှုဖန်မျှားမြောက်၊ မဂ်ဉာဏ်ဖေါက်၊ ဆုံးပျောက်ဒုက္ခရှင်း။
ဒုက္ခဆုံးသော်၊ သုခပေါ်၊ အဟော် နိဗ္ဗာန်ခြည်း။ ။

သံတိချပ်

ပဋိစ္စဖြစ်စဉ်၊ ခန္ဓာခွင်၊ ဉာဏ်မြင်ရှင်းပါမှု။
ဉာဏ်မြင်ရှင်းလာ၊ ဒိဋ္ဌိကွာ၊ ရှုရာဝိပဿနာ။
ရုပ်နာမ်ဖြစ်ပျက်၊ ကြောင်းကျိုးဆက်၊ ပွါးတက်ကြီးဒုက္ခ။
ရှုမှတ်ဉာဏ်ဝင်၊ ဒုက္ခမြင်၊ ကွာစဉ် ပပဉ္စ။
ဒုက္ခဇာတ်သိမ်း၊ အပုဂ္ဂိမ်း၊ အောင်ကိန်းနိဗ္ဗာ။
ဤတိုင်းရှုလျှင်၊ နိဗ္ဗာန်မြင်၊ အေးခွင်ရောက်မည်ပ။
ပဋိစ္စမသိ၊ ကြီးဒိဋ္ဌိ၊ မသိနှုံဗ္ဗာန။
အစဉ်လွဲကွာ၊ ချိန်နှောင်းကြာ၊ လိုရာဘိတ်မရ။ ။

တရားသား ဒကာ,ဒကာမတို့ ဒကနွေမှာ မနွေက တရားအဆက်ကိုဘဲ ပြောရလိမ့်မယ်ဆိုဒါ မှတ်ကြ၊ နှစ်ည, သုံးည ဆိုသလို ဆက်ပီးဟောနေဒါဟာ ဒကာ,တကာမတို့အတွက် အလွန်အရေးကြီးလို့ဘဲ ဆိုဒါ မှတ်ကြရမယ်၊ ရိပ်မိကြပလား ?။

ဒကာ, ဒကာမတို့၊ ဒကာ, ဒကာမတို့ဟာ ရေတခွက် လှူလှူ, ပန်းတပွင့်ဘဲ လှူလှူ, ဆွမ်းတဇွမ်း, ဟင်းတခွက်ပဲ လှူလှူ, ဘာလှူလှူ, လှူပီးတဲ့အခါမှာ နိဗ္ဗာန်ဆု တောင်းကြတယ်၊ မိဘရိုးရာ တောင်းရိုး တောင်းစဉ်မို့ တောင်းဒါလား ?၊ နိဗ္ဗာန် ဆိုဒါ ဘယ်လောက် ကောင်းတယ်, ဘယ်လောက် ချမ်းသာ အေးမြတယ် ဆိုဒါ ရိပ်မိကြလို့ တကယ် လိုလိုချင်ချင်မို့ တောင်းဒါလား ? လို့ မေးရင် ဘယ့်နှယ်ဖြေကြမတုံး ?။

ဒကာ, ဒကာမတို့ နိဗ္ဗာန်ကို တောင်းသာနေကြတယ်၊ တကယ် ဆိုတော့ ကောန်ကော သဘောကျလို့ လိုလို ချင်ချင်နဲ့ တောင်းတဲ့ သူဟာ အလွန် ရှားပါလိမ့်၊ ဒီလိုအမှန်းနဲ့ ရမ်းပီး, မိဘရိုးရာမို့ တောင်းနေသူတွေကို "ဘယ်နှယ်တုံး ? နိဗ္ဗာန် အခုပို့မယ်၊ အခု လိုက်မလား" လို့ မေးခဲ့ရင် တရာမှာ တယောက် မထွက်နိုင်ဘူး ဆိုဒါ ကိုယ်တိုင်ဆန်းစစ်ကြည့်ရင် သိကြရမယ်၊ ဒါဘာ့ကြောင့်လဲ ? နိဗ္ဗာန်အကြောင်း မသိလို့ မရိပ်မိသေးလို့ဘဲ ဆိုဒါ မှတ်ကြ။

ဒီတော့ နိဗ္ဗာန်ဆိုဒါ အလွန် ကောင်းပါတယ် ဆိုတဲ့ ပြောသံ ကြားနဲ့ လမ်းမဆုံးဘဲနဲ့ ကိုယ်တိုင် သိရှိ ရိပ်မိအောင် ကြိုးစားဘို့ လိုတယ်၊ ကိုယ်တိုင် အမှန်သိရမှ ကိုယ်တိုင်ကြိုက် ဖြစ်မယ်၊ ကိုယ် တိုင်ကြိုက် ဖြစ်မှလဲ နှစ်နှစ်ကာကာ လိုလို ချင်ချင်နဲ့ အားထုတ် ချင်စိတ် ပေါက်မယ်၊ ရိပ်မိကြရဲ့ လား ?၊ ဒီလို မဟုတ်ရင် သာမန် ကာ လျှံကာ မိရိုးဘလာ ကြိုက်လုံးနဲ့ အချိန်ပြုန်းကြရမှာဘဲ ဆို ဒါ သတိပေးလိုက်ပါတယ်။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ နိဗ္ဗာန် သဘော ကျအောင်, နိဗ္ဗာန်အကြောင်း နားလယ်အောင် ကြိုးစားကြရမယ် ဆိုဒါ မှတ်လိုက်ကြ၊ နိဗ္ဗာန်နားလယ်ချင်ရင် ဘာလုပ်ရမလဲ ?၊ ဒိဋ္ဌိ ဖြုတ်ရမယ်၊ ဒိဋ္ဌိပြုတ်မှ နိဗ္ဗာန်ကို နားလယ်မယ်၊ အဲဒါကြောင့် "နိဗ္ဗာန်နားလယ်ချင်ရင် ဒိဋ္ဌိကို အရင်ဖြုတ်ရမယ်၊ ဒိဋ္ဌိပြုတ်မှဘဲ နိဗ္ဗာန်နားလယ်မယ်" ဆိုတဲ့ အချက်ကို မြဲမြဲကြီး မှတ်လိုက်ကြ၊ သဘောပါပလား ?။

ဒကာ,ဒကာမတို့ တတွေ့ဟာ ဒါနတွေပြု၊ သီလတွေ့ ဆောက်တည်၊ ဘာဝနာ ကမ္မဋ္ဌာန်းတွေ့ စီးဖြန်းကြ, ပွါးများကြ, နိဗ္ဗာန်ရောက်ချင်လွန်းလို့ အမျိုးမျိုး လုပ်ကြတယ်၊ လုပ်တာကတော့ နိဗ္ဗာန်ရောက်ချင်လို့ လုပ်တာဘဲ၊ ဒါတွေလုပ်လို့ကော နိဗ္ဗာန်ရောက်နိုင်ပါ့မလား ? မြဲမြဲမှတ်ထားကြ၊ ပဋိစ္စသမုပ္ပါဒ် သဘော မပေါက်ရင် ဒိဋ္ဌိမကွာဘူး၊ ဒိဋ္ဌိမကွာရင် နိဗ္ဗာန် ဘယ်တော့မှ မရနိုင်ပါဘူး--တဲ့၊ ရှင်းကြရဲ့ လား ?။

ပဋိစ္စသမုပ္ပါဒ်ကို သဘောမကျရင် ဒိဋ္ဌိမကွာ၊ ဒိဋ္ဌိမကွာရင် နိဗ္ဗာန်သဘောမကျနိုင်ဘူး၊ သဘောမကျသမျှ ဘယ်တော့မှ မရဘူး ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ဒါကြောင့် နိဗ္ဗာန် သဘောကျချင်ရင် ရှေပိုင်းက ပဋိစ္စသမုပ္ပါဒ်နားလယ်ရမယ်၊ ပဋိစ္စသမုပ္ပါဒ် နားလယ်မှ ဒိဋ္ဌိပြုတ်မယ်၊ ဒိဋ္ဌိပြုတ်မှလဲ ဝိပဿနာရှုနိုင်မယ်၊ဒိဋ္ဌိဖြုတ်ပီး ဝိပဿနာရှုမှသာ နိဗ္ဗာန်သဘောကျပီး ရနိုင်တယ် ဆိုဒါ အသေအချာ မှတ်ထားကြ။

ဒကာ,ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် ဆိုဒါ ခန္ဓာဖြစ်စဉ်ကို ဆိုဒါဘဲ၊ ခန္ဓာဖြစ်စဉ် ခန္ဓာပဋိစ္စ သဘောကျမှ နိဗ္ဗာန်သဘောကျမယ်၊ ခန္ဓာဖြစ်စဉ်မသိလို့ သဘောမကျရင် နိဗ္ဗာန်မြင်ဘို့နဲ့ ဝေးသေးတယ် ဆိုဒါ မှတ်ကြ၊ ခန္ဓာဖြစ်စဉ် သဘောကျဘို့ အခုရှင်းပြရမယ်၊ ဥပမာ “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ”လို့ တဦးဦးက ရွတ်ဆိုလိုက်တဲ့အခါ၊ မိမိမှာ ကြားစိတ်ကလေးပေါ်လာတယ်၊ ဒီလို ကြားလိုက်ရတော့ “သဘော

ကျတယ် ” “ ဝမ်းမြောက်တယ် ” ဆိုတဲ့ အလုံးလေး ပေါ်မလာပေဘူးလား ? ပေါ်လာတယ်။

ဒီအထဲမှာ ကြားစိတ်က တခြား၊ သဘောကျတဲ့စိတ် ဝမ်းမြောက်တဲ့စိတ်က တခြား၊ သူတို့နှစ်ခု တခြားစီဘဲ၊ ရှင်းကြရဲ့လား ?၊ အသံကြားတော့ “ ကြားစိတ် ” ပေါ်လာတယ်၊ ကြားစိတ်ကလေး ချုပ်ပီးတော့ “ သဘောကျစိတ် ” ကလေး ပေါ်လာတယ်၊ အဲဒါ ကြားစိတ်သေလို့ သဘောကျစိတ်လို့ မွေးဖွါးလာဒါဆိုရင် မမှားဘူး၊ ကြားဒါဟာ ငါကြားဒါဟုတ်ရဲ့လား ? မဟုတ်ပါဘူး၊ ကြားစိတ်ကသာ ကြားဒါပါ၊ ငါကြားဒါ ထင်ရင် ကြားစိတ်ချုပ်တော့ “ ငါသေပေါ့ ” လို့သာ အောက်မေ့ကြ။

ဒကာ,ဒကာမတို့ ငါသေဒါ ဟုတ်ရဲ့လား ?၊ ငါသေဒါမဟုတ် ကြားစိတ် သေဒါဘဲ၊ ဒကာတို့ဟာက ကြားတုန်းကတော့ ငါကြားတယ်၊သေတော့ငါမပါဘူးဆိုရင် တော်ပါ့မလား ?၊နောက်ကို ကြားတဲ့အခါ .ငါကြားတယ် ထင်ရင် ကြားစိတ်ချုပ်တော့ ငါသေပေါ့လို့သာ ယူကြတော့၊ သဘောပါပလား ?၊ ဒီလိုယူမှသာ အမှန်ကျတော့ မပေါ့၊ ဒကာ, ဒကာမတို့ ကြားဆဲမှာ ကြားစိတ်နဲ့ အသက်ရှင်နေတယ်၊ကြားစိတ်ချုပ်တော့ ကြားသူသေဒါဆိုရင် မမှားဘူး၊ ကြားပီး တစ်,နှစ်,ဆို ပျက်သွား၊ ကြားစိတ်သေပီး အစားထိုးဒါ လာဒါဘဲ၊ ရှင်းကြရဲ့လား ?။

“ သြကာသ,သြကာသ, ကာယဝစီ၊ မနောချီလျက် ” စတဲ့ ဘုရားရှိခိုးသံကို ကြားလိုက်ရတယ် ဆိုပါတော့၊ ကြားတော့ ကြား

စိတ်ပေါ် ဒီအသံ ကြည်ညို့ဘွယ်ဖြစ်တယ် ဆိုတော့၊ ကြားစိတ် ချုပ်၊ ကြည်ညို့စိတ် အစားထိုးဒါဘဲ၊ ရိပ်မိပလား ?၊ ဒီတော့ ဒီကြားစိတ်ကလေးဟာ ဖြစ်လဲ ဖြစ်တယ်၊ ပျက်လဲပျက်တယ် ဆိုဒါ ထင်ရှားတယ်၊ ဖြစ်လဲဖြစ်၊ ပျက်လဲပျက်တယ်ဆိုတော့ ဒုက္ခရောက် သွားဒါဘဲ၊ ဒုက္ခရောက်သွားဒါမို့ ဒုက္ခသစ္စာဘဲလို့သာ ဆုံးဖြတ်ချက် ချကြ။

ဒီသဘောအတိုင်းဘဲ၊ မြင်စိတ်လာ ချုပ်သွား၊ နောက်တစိတ် အစားထိုး ၊ကြားစိတ်ပေါ်လာ ချုပ်သွား၊နောက်စိတ်တခုကအစား ထိုး၊ စိတ်တခုပေါ်လာ ဖျပ်ဆိုသေပီး အစားထိုးဒါဘဲ၊ ရိပ်မိကြ ပလား ?၊ စိတ်တခုပေါ်လာပီး ဖျပ်ဆိုသေ, အစားမထိုးရင် သုသာန် ရောက်မယ်ဆိုဒါ မှတ်ကြ၊ သဘောပါပလား ?၊အစားထိုးဒါ သဘော ပေါက်ရင် နောက်စိတ် အစားထိုးလာလို့ မသေးသေးဒါဘဲ ဆိုဒါ ရိပ်မိကြမယ်၊ ဒကာ,ဒကာမတွေ ဒီအစားထိုးစိတ်နဲ့သာ အသက်ရှင် နေကြရဒါဘဲ၊ အစားထိုးရပ်တာနဲ့ သေမှာနဲ့ တချက်ထဲဘဲ ဆိုဒါ မှတ်လိုက်ကြ။

ကြားစိတ်ပေါ် ဖြစ်ပီးပျက်၊ သဘောကျဒါလာ ဖြစ်ပီးပျက်၊ သဘောကျသူတယောက် သေပြန်ဒါဘဲ၊ ရှင်းပလား ?၊ ဒီတော့ “ကာယဝစီ၊ မနောချီလျက် ” ဆိုပီး ဘုရားရှိခိုးနေတဲ့ လူတယောက် ဖျပ်ဆို ပျောက်သွားဒါဘဲ၊ အသံချုပ်, ကြားစိတ်ချုပ်, ကြည်ညို့စိတ် ချုပ်, ချုပ်ပီးပျောက်သွားဒါဟာ အဲဒီလူတယောက် ဒုက္ခရောက် သွားဒါဘဲလို့သာ မှတ်လိုက်ကြ။

ဒီ ရုပ်ဓမ္မ, နာမ်ဓမ္မကလေးတွေပေါ်ဒါ ပျက်မလို့ ပေါ်လာဒါ၊ ဖြစ်,ဖြစ်ပီး ပျောက်ပျက်သွားဒါဟာ ဒုက္ခရောက်တာဘဲ၊ ဒီလိုဓမ္မမျိုးတွေ ပေါ်သမျှဟာ ဒုက္ခရောက်ဘို့ချည့်ဘဲဆိုဒါသာ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ ဒကာ,ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် တန်းလေသမျှဟာ ဒုက္ခသစ္စာချည့်ဘဲ၊ ဒုက္ခရောက်ဘို့ချည့်ဘဲ၊ ရိပ်မိကြရဲ့လား ?၊ ဒီဟာတွေ အဆက်မပြတ်လို့ တဏှာ,ဥပါဒါန်, ကမ်, ကမ္မဘဝပစ္စယာ, ဇာတိ လာလဲ ဒုက္ခသစ္စာဘဲ၊ ရှင်းပလား ?။

ဒကာ, ဒကာမတွေ သံသရာကြောမှာ ဒီနည်းနဲ့ မျောခဲ့ မြုပ်ခဲ့ရဒါ အစကို မထင်နိုင်ဘူး၊ ဒီ ဒုက္ခစက်ထဲမှာဘဲ တဝဲလယ်လယ် မြုပ်ခဲ့, မျောခဲ့ရဒါ၊ ကယ်သူ ဆယ်သူနဲ့ ဝေးခဲ့ရဒါ ဒီအတန်းကြီး မဖြတ်နိုင်ကြလို့ဘဲဆိုဒါ မှတ်ကြ၊ဒီဒုက္ခတန်းကြီးကို ဖြတ်ချင်ပေမဲ့လဲ ဖြတ်တတ်ဘို့အရေးက လိုသေးတယ်၊ ဆရာမကူရင် ဖြတ်တတ်ဘို့ ခဲယဉ်းတယ် ၊ ဆရာကူပီးဖြတ်ပေးမှ၊ ဒါဖြတ်မပေးရင် နောက် ဒုက္ခ ရောက်မယ့်တရား လာမှာဘဲ၊ ရိပ်မိကြပလား ?၊

ဒါကြောင့် နောက်က ဒုက္ခရောက်မယ့်တရားမလာအောင် ပေါ်တဲ့ တရားကို ဖြစ်ပျက်ရှုချ၊ ကြားစိတ်, သဘောကျစိတ်, စဲ့လမ်းစိတ် ဘာလာလာ မိအောင်ရှု၊ တခုမမို့ တခုမိအောင် ရှုရမယ်၊ တခုမှ မမိလို့က်ရင် ဒီ ကမ္မဘဝ ရောက်မယ်၊ ရောက်လာလဲ ဒီကမ်ကို ဖြစ်ပျက်ရှု ရှုတော့ ကမ်က ဖြစ်ပျက်၊ ရှုဒါက မင်္ဂဘဲ၊ ရှုတော့ နောက်က မင်္ဂလာတယ်၊မင်္ဂလာတော့ နောက် - ဒုက္ခမဆက်တော့ဘူး၊

နောက် ဒုက္ခမဆက်တာဟာ နိဗ္ဗာန်ဘဲ၊ ရှင်းကြပလား ?၊ ဒုက္ခသစ္စာ မလာဒါဟာ နိဗ္ဗာန်ဘဲဆိုဒါ မှတ်ကြ။

ဒီလို ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပေးရမယ်၊ ဒီလိုရှုဒါမှ မဂ္ဂင်အလုပ် ဘာဝေတဗ္ဗအလုပ်ဘဲ၊ မရှုရင် မရဘူး၊ ရှုတော့ အရှုခံတရားက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မဂ်ဘဲ၊ နောက်လာမယ် ဒုက္ခသစ္စာကို မဂ်က ဖြတ်ချလိုက်တယ်၊ ဒီလိုရှုတော့ နောက်က ဒုက္ခသစ္စာ မလာပါစေနဲ့လို့ ဆုတောင်းဘို့ မလိုဘူး၊ ဒုက္ခတွေ့ အကုန်ပြတ်ပီး နိဗ္ဗာန်ပေါ်လာတယ်၊နိဗ္ဗာန်ဟာ ဒုက္ခပြတ်လို့ ချမ်းသာတဲ့တရားဘဲ၊ သဘောပါကြပလား ?။

ဒကာ, ဒကာမတွေ့ ဒါလောက်ဆိုရင် နိဗ္ဗာန်ကို အတော်အတန် ရိပ်မိကြဘီ၊ ဟုတ်ကြရဲ့လား ?၊ အခုဟာ အပြောနဲ့ အသိနဲ့ဘဲ သဘောပေါက်ကြသေးဒါ၊ အလုပ်နဲ့ရှင်းမှ ကိုယ်တိုင် ပိုင်ပိုင် နိုင်နိုင် သိကြရမယ်၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် သဘောကျလို့ ဒိဋ္ဌိကွာပီး ရင် ဝိပဿနာရှုကြရမယ်၊အဲဒီလိုရှုတော့ မဂ်ပေါက်လာတယ်၊ အရှုခံတရားက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်ဘဲ၊ ဒါကြောင့်, ဒီမဂ်နဲ့ရှုကြလို့ ဘုန်းကြီးက ပြောလို့ ရှုတော့ ဒီက နိဗ္ဗာန်ပေါ်လာဒါ၊ ဒုက္ခသစ္စာတွေ့ မလာဒါ၊ ဒုက္ခအဆက်ပြတ်တာဟာ နိဗ္ဗာန်ဘဲ။

ဒကာ,ဒကာမတွေ့ သဘောပါကြပလား ?၊ ဒါကြောင့်မို့ နိဗ္ဗာန် ဟောမယ်ကြံရင် ပဋိစ္စသမုပ္ပါဒ် သဘောပေါက်အောင် အရင်ပြောရတယ်၊ ပဋိစ္စသမုပ္ပါဒ် သဘောကျမှသာ နိဗ္ဗာန်ကို သဘောကျနိုင်

မယ်ဆိုဒါ ပြောရဒါဘဲ၊ မိမိသန္တာန်မှာ ပဋိစ္စသမုပ္ပါဒ် တန်းကြီး မပြတ်လှုံ့နေဒါကို သိရမယ်၊ ဒီပဋိစ္စသမုပ္ပါဒ် စက်ကြီးဟာ ဘုရားက “ဒုက္ခကွန္ဓသ” ကွလို့ ဟောတယ်၊ ဒုက္ခအစုကြီးဘဲတဲ့၊ ဒီလိုလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဖြစ်ပျက်ရှုတော့ ဒုက္ခစက်ပြတ်တယ်၊ရှင်းပလား ?။

ဝိပဿနာရှုနေဒါဟာ ဒီအစုတွေ ချုပ်ငြိမ်းအောင် လုပ်ပေးနေဒါဘဲ၊ ရှုမှတ်ဉာဏ်စိပ်လာလေ ဒုက္ခကျဲသွားလေဘဲ၊ ဒီမဂ်က အားကောင်းရင် ကောင်းသလောက် ဒုက္ခအစုကို ဖြတ်တောက်ပစ်တယ်၊ ဒီမဂ်က နောက်က ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ ဒုက္ခတွေ ဖြတ်တောက်ပေးဒါဘဲဆိုဒါမှတ်ကြ၊ ရိပ်မိကြရဲ့လား ?၊ ဒကာ, ဒကာမတို့ ရှုမှတ်မှု မဂ်လာရင် လာ၊ မလာရင် ဒုက္ခအစုဘဲ လာစရာရှိတယ်ဆိုဒါ မှတ်ကြ။

ဒကာ,ဒကာမတို့ ဒုက္ခချုပ်ရင် မဂ်လာအောင် လုပ်ရမယ်၊ မဂ် အဆက်မပြတ်လာအောင်လုပ်နိုင်ရင် ဒုက္ခ လာခွင့်မရဘူး၊ ဒါ့ကြောင့် ဝိပဿနာ မဂ်အလုပ်ကို အဖန်ဖန်ပွါးရမယ်၊ အဖန်ဖန်ပွါးတဲ့ မဂ်ပေါ်မှ ဒုက္ခအဆက် ပြတ်မယ်၊ ရှင်းကြပလား ?၊ ပွါးမှုအရေးကြီးတယ်၊ ပွါးမှရမယ်၊ မပွါးရင်မရဘူး၊ ဆုတောင်းရုံနဲ့ မရနိုင်ဘူး၊ ဒါကြောင့် ဆုတောင်းသွားတော့ ဖြုတ်ကြ၊ ပွါးမျှားတဲ့မဂ်အလုပ်, လုပ်ကြ၊ ဒါမှ နိဗ္ဗာန်ရနိုင်တယ်၊ ရှင်းပလား ?။

ဝိပဿနာရှုရင် ဖြစ်ပျက်မြင်ဘို့ အရေးကြီးတယ်၊ ဖြစ်ပျက်ဟာ အနိစ္စမို့ ဒုက္ခသစ္စာဘဲ၊ ရှေ့ပိုင်းက ဒီဖြစ်ပျက် ဒုက္ခသစ္စာမြင်မှု အရေး

ကြီးတယ်ဆိုဒါ မှတ်၊ ဒုက္ခသစ္စာမြင်မှသာ မဂ်ပေါက်မှာ၊ ရွှေပိုင်းက ဒီဖြစ်ပျက် ဒုက္ခသစ္စာမြင်လို့ မဂ်ပေါ် ဒါဘဲဆိုဒါ မှတ်ရမယ်၊ သဘော ပါပလား,?၊ ပဌမ ဒုက္ခသစ္စာမြင်ဘို့ သိဘို့လိုတယ်၊ ပဋိစ္စသမုပ္ပါဒ်တခု လုံးဟာလဲ ဒုက္ခသစ္စာချည့်ဘဲ၊ ဒါကို သိရမယ်၊မသိရင် မရဘူး၊ဒုက္ခကို မြင်မှ, သိမှသာ ရမယ်ဆိုဒါ မှတ်ကြ။

ဒကာ, ဒကာမတွေ ရှေးက ဘာနဲ့ နေကြရသလဲ ?၊ မသိကြဘူး၊ ဒီဒုက္ခနဲ့ အမြဲနေခဲ့ကြရတယ်၊ဘယ်အခါမှ မကွဲခဲ့ရဘူး၊ တသံသရာလုံး မှာ ဒုက္ခအဝိုင်းကြီးထဲမှာ လှုံ့ပတ် ပြေးနေကြရဒါဘဲ ရှိတယ်၊ မွေးလိုက်, သေလိုက်, မွေးလိုက်, သေလိုက်, မွေးသေ ဒုက္ခနဲ့ခဲခဲရတဲ့ ဘဝရယ်လို့ လုံးဝမပါဘူး၊ ရိပ်မိကြရဲ့လား ?၊ မွေး, အို, နာ, သေ, ငတ္တက လက်ရိုးဒုက္ခ၊ ဒီထဲ အပိုဒုက္ခ အမျိုးမျိုးတွေက ညှပ်လိုက် တော့ ပြောစရာမရှိတော့ဘူး၊ ဘုရားက ဒုက္ခကွန်ဆဿ ဒုက္ခအစုကြီး ဆိုဒါ အဲဒါဘဲလို့ မှတ်ကြ။

ဒကာ,ဒကာမတို့ နိဗ္ဗာန်ရချင်ရင် ဒီဒုက္ခအစု ပဋိစ္စသမုပ္ပါဒ်ပြတ် အောင် လုပ်ရမယ်၊ ပြတ်အောင်လုပ်ဖို့ ဆိုပြန်တော့လဲ မိမိခန္ဓာ အစဉ်မှာ ဒုက္ခတန်းကြီးပါလား၊ ဒုက္ခအစုကြီးပါကလား? ဆိုတဲ့ ဒုက္ခအမှန်သိတဲ့ ဉာဏ်ရဘို့လိုတယ်၊ အဲဒီလို ဒုက္ခအစုဘဲလို့ ဉာတ ပရိညာ စခန်းကနေပီး အစဉ်အတိုင်း တက်ရမယ်၊ တက်ဆို ဝိပဿနာရှုပီး မဂ္ဂင်လုပ်ငန်းနဲ့ တက်ရမှာဘဲ၊ ဒါကြောင့် နိဗ္ဗာန်ရချင် ရင် ပဌမ ဒုက္ခသိရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိပလား ?။

ဒုက္ခမသိဘဲနဲ့ သုခနိဗ္ဗာန် ရချင်တယ်ဆိုရင် ဟုတ်ကို့ မဟုတ်သေးဘူး၊ နိဗ္ဗာန်ကြိုက်တာ ရမ်းကြိုက်ဘဲဆိုဒါ မှတ်ကြ၊ ကိုယ်တိုင်ကြိုက်ဖြစ်မှ သဘာဝကျတယ်၊ ကိုယ်တိုင်ကြိုက်ဖြစ်အောင် ပဌမဒုက္ခမြင်ဘို့ သိဘို့ဘဲ၊ ဒုက္ခဆိုဒါလဲ တခြားမှာ မဟုတ်ဘူး၊ ဒုက္ခသစ္စာဆိုဒါ မိမိခန္ဓာမှာ ဖြစ်ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား ?။

ပဋိစ္စသမုပ္ပါဒ် မသိတော့ ဒိဋ္ဌိအုပ်ချုပ်ခံနေရတယ်၊ "ခင်ဗျားဒါလေးကို မြင်ဘူးသလား ? ငါမမြင်ဘူး - ဘူး" တဲ့၊ ဘယ်သူ့ကို သိသလား? ဆိုတော့ ငါ့မသိဘူး" တဲ့၊ဘယ်နေရာမဆို ဒိဋ္ဌိအုပ်ချုပ်မှု မလွတ်ဘူး၊ မြင်ဒါ ငါမြင်ဒါ၊ ကြားဒါလဲ ငါ၊ သိဒါလဲ ငါ၊ ဒီငါတွေလာဒါ ဒိဋ္ဌိအုပ်ချုပ်လို့ဘဲ သဘောပါကြပလား ?၊ ဒီ - ဒိဋ္ဌိတွေပြုတ်အောင် ကြိုးစားကြ၊ ပဌမ ညာတာ၊ဒုတိယ တိရဏာ၊ တတိယ ပဟာန်၊ ကြိုးစားရမဲ့အလုပ်ချည်ဘဲ၊ ရိပ်မိပလား ?။

ဒကာတို့ဟာက ကြိုးစားလုပ်ရတဲ့ အလုပ်ကို၊ ဘုရားရှေ့သွားပီးဆုတောင်းနေကြတယ်၊ အော်ရတဲ့ ဆုတောင်းအလုပ် မဟုတ်ဘူး၊ ညာဏ်နဲ့ လုပ်ရမယ့် အလုပ်ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?၊ ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာမမြင်, မြင်အောင် ကြည့်ရတဲ့ အလုပ်ဘဲလို့ ဆုံးဖြတ်ချက်ချကြ၊နိဗ္ဗာန်ရချင်တယ်ဆိုရင်၊ ပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာသိပီးလို့ချင်မှ နိဗ္ဗာန် လို့ချင်, ရချင်ဒါ အစစ်ဘဲဆိုဒါ သဘောပါပလား ?။

ခန္ဓဳပဋိစ္စသမုပ္ပါဒ် ဒုက္ခသစ္စာ မသိရင် နိဗ္ဗာန် ရည်မှန်းပေမဲ့ မရဘူး၊ ဒုက္ခမြင်မှသာ မဂ်ပေါ်မယ်၊ ရှင်းကြရဲ့လား ?၊ ဘုရားရှင်က ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ပဋိစ္စသမုပ္ပါဒ်ကို အပြန်ပြန် သုံးသပ်တော် မူပြီး ငါနေခဲ့ဒါဟာ ဒုက္ခနဲ့ နေခဲ့ဒါဘဲ၊ ဒုက္ခနဲ့နေခဲ့ဒါသိပီး, ဒုက္ခ ချုပ်လို့ ဘုရားဖြစ်တာဘဲလို့ မိန့်တော်မူတယ်၊ ဒကာ,ဒကာမတွေ ကျေနပ်ပလား ?၊ ဘုရားဖြစ်တာ ပဋိစ္စသမုပ္ပါဒ် ဆုံးလို့ဖြစ်တာ၊ ဒါကြောင့် မဂ်ဉာဏ်ရချင်ရင် ပဋိစ္စသမုပ္ပါဒ်ဆုံးအောင်လုပ်ရမယ်ဆိုဒါ ပေါ်ပလား ?။

ပဋိစ္စသမုပ္ပါဒ်က အစဉ်မပြတ် ခန္ဓာမှာ တန်းနေတယ်၊ ဒီ - ပဋိစ္စသမုပ္ပါဒ် ခန္ဓာပြတ်အောင် ရှုရမှာ၊ ဘုန်းကြီးက ရှုတဲ့နည်း ပေးလို့ နည်းရရင် ကြိုးစားအားထုတ်ကြ၊ အချိန်မရွေးနဲ့၊နက်ဖြန်မှ ဘယ်ရက်မှလို့ မဆဲနဲ့၊ ဆဲရင် မဟာအလဲတော်ကြီးနဲ့ ကြုံရမယ် ဆိုဒါ ယုံမှားမရှိကြနဲ့ သေချာတယ်၊ ဘုရားက အခုကြိုးစားရင် အခု ရရမယ်လို့ ဟောတယ်၊ နောက်မှရမယ်လို့ မဟောဘူး၊ ရှင်းပလား ?။

ကိုင်း - ရှုနည်း ပြောကြစို့....ဒကာ, ဒကာမတို့ခန္ဓာမှာ၊ စားချင်တဲ့စိတ်ကလေးပေါ်လာတယ်၊ စားချင်လို့စားတာ့ ကောင်းတယ် ဆိုဒါ လာချင်လဲ လာမယ်၊ ဆိုးတယ်ဆိုဒါ လာချင်လာမယ်၊မြင်စိတ် လာလဲ မြင်တယ်, ကောင်းတယ်, ဆိုးတယ် စတဲ့ ရုပ်နာမ်အစဉ် တွေဟာ အမြဲတန်း, တန်းပီး ဖြစ်နေဒါဘဲရှိတယ်၊ ဒီလို ရုပ်နာမ် အစဉ်တွေသိမ်းဒါက နိဗ္ဗာန်ခေါ်ဒါဘဲ၊ ရှင်းပလား ?။

အဲဒီတော့ ခန္ဓာမှာ ဘာစိတ်ပေါ်ပေါ် ပေါ်လာဒါ ဖြစ်ပျက်ရှုရမယ်၊ ဥပမာ, စားချင်တဲ့စိတ်ကပေါ်လာ အစာကို လှမ်းယူလိုက်တော့ စားချင်စိတ်ချုပ်, လှမ်းယူစိတ်ပေါ်၊ စားလိုက်ပြန်တော့ စားသိစိတ်ပေါ်, လှမ်းယူစိတ်ချုပ်၊ မြိုချတော့ စားသိစိတ်ချုပ်, မြိုစိတ်ပေါ်၊ အဲဒီ နည်းအတိုင်း ဘာပေါ်ပေါ် တခုခု မိအောင် ရှုပေးရမယ်၊ ရှုဉာဏ်နဲ့ ကြည့်တော့ စိတ်ကလေးတွေဟာ ဖြစ်ပီး ပျက်ဘာချည့် တွေ့မြင်ရမယ်၊ ရှင်းကြရဲ့လား ?။

အဲဒီလို ရှုဉာဏ်ဝင်တော့ စိတ်ကလေးက ဖြစ်ပျက်၊ ရှုဒါက မင်္ဘဲ၊ ဒီဖြစ်ပျက်အစဉ်မှာ ဉာဏ်မြင်နဲ့ ပိုင်းခြားနေရမယ်၊ ရွှေက ဖြစ်ပျက် ဒုက္ခသစ္စာ၊ ဒါကို မင်္ဘနဲ့ ပိုင်းခြားတော့ ဒုက္ခမဆက်ဘူး၊ ဒီလို ဒုက္ခတန်းမဆက်အောင် မင်္ဘက လုပ်ပေးဒါဘဲ၊ ဒုက္ခမဆက်အောင် မင်္ဘကလုပ်တော့ ဒီဘက်က နိဗ္ဗာန်ပေါ်တယ်၊ အဲဒါကြောင့် “ဒုက္ခနိရောဓေါ နိဗ္ဗာနံ” လို့ ဟောတော်မူဒါလို့ မှတ်ကြ။

ဒကာ, ဒကာမတွေဟာ နဂိုက ဒုက္ခသစ္စာနဲ့ အသက်ရှင်ပီး နေကြရတယ်၊ အခု မင်္ဘအလုပ်လုပ်တော့ မင်္ဘနဲ့ အသက်ရှင်နေဒါဘဲ၊ ရိပ်မိကြပလား ?၊ မင်္ဘနဲ့ အသက်ရှင်နေရရင် ဒီဘက်က ဒုက္ခကို ဒုက္ခလို့ သိရမယ်၊ ဒုက္ခချုပ်တာလဲ ချုပ်တယ်လို့ သိရမယ်၊ သူ့ ဒုက္ခ မရှိဒါလဲ သိရမယ်၊ အဲဒီလို သိနေ, မြင်နေရင် စုတိကျတဲ့အခါ ဒုက္ခ မရှိရာရောက်မှာဘဲ၊ ရှင်းပလား ?၊ ရှင်တုန်းမှာ ဒုက္ခမရှိဒါ မြင်နေတယ်၊ သေတော့ ဒုက္ခမရှိရာ ရောက်တာဘ။

ဒကာ, ဒကာမတို့ ဒုက္ခမှ မသိတဲ့သူဟာ ဒုက္ခလွတ်ရာ နိဗ္ဗာန်မရနိုင်ဘူးဆိုဒါ မြဲမြဲမှတ်ကြ၊ ဥပမာဆိုရင် ထောင်ကျနေတဲ့ သူဟာသူ့ ကိုယ်တိုင်က ထောင်ကျနေဒါ၊ ကျမှန်းမသိရင် လွတ်ချင်တဲ့စိတ် လာနိုင်ပါ့မလား ?၊ မလာနိုင်ပါဘူး၊ ဒီဥပမာ အတူပါဘဲ၊ မိမိမှာ ဒုက္ခရှိနေဒါ, ဒုက္ခရောက်နေဒါ, ရောက်မှန်းမသိသေးရင် ဒုက္ခလွတ် လိုတဲ့စိတ် မလာနိုင်ပါဘူး ဆိုဒါ ပေါ်ပလား ?၊ ဒုက္ခမသိရင် ဒုက္ခ လွတ်ရာ နိဗ္ဗာန်မရောက်နိုင်ဘူး၊ ရှင်းပလား ?။

နိဗ္ဗာန်ဆိုဒါဟာ ဒုက္ခပြတ်သွားတဲ့ သဘော၊ ဒုက္ခတွေ ပြတ်သွားတဲ့ သဘောဟာ နိဗ္ဗာန်ဘဲ၊ တချို့က နိဗ္ဗာန်ဆိုဒါ ဘာမှ မရှိဘူးဘဲ့၊ လေလိုဘဲတဲ့၊ ထင်မိထင်ရာ ပြောတတ်ကြတယ်၊ ဘာမှမရှိဒါ မဟုတ်ဘူး၊ ဒုက္ခမရှိဒါဟာ နိဗ္ဗာန်ဘဲလို့ မြဲမြဲမှတ်ကြ၊ ဒုက္ခတွေ ပြတ်ပီး, သုခသက်သက်သာ ရှိတယ်၊ ဒါကြောင့် နိဗ္ဗာန်ဟာ သုခသက်သက်သာ ရှိတယ်ဆိုဒါ မှတ်ထားကြ၊ ရှင်းကြပလား ?။

ဒီတော့ နိဗ္ဗာန်ရောက်ချင်ရင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိရမယ်၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် သဘောကျမှသာ နိဗ္ဗာန် ရောက်မယ် ဆိုဒါ ရိပ်မိကြပလား ?၊ ဒုက္ခကို ဘယ်လို သိရမလဲ ? ဆိုရင်၊ ခန္ဓာမှာ အခုပေါ်ဒါကို အခု ဒုက္ခသစ္စာလို့ သိရမယ်ဆိုဒါ မှတ်ကြ၊ ခန္ဓာမှာ ပေါ်ဆဲ ပေါ်ဆဲကို ဒုက္ခဘဲလို့ သိရမယ်၊ ဒီလိုသိတော့ အခုပေါ်ဒါက ဒုက္ခသစ္စာ၊ သိဒါက မဂ္ဂသစ္စာ၊ဒါကြောင့် ပေါ်လာသမျှ ရှုပေး၊ ဒုက္ခနောက်က မဂ်လာပေစေ၊ ဒုက္ခနဲ့ မဂ်နဲ့သာ တန်းစေရမယ်။

ဒကာ, ဒကာမတို့ ဘုန်းကြီးက စေတနာထားပီး ထူးထူးခြားခြားဘဲ တိုက်တွန်းလိုက်ပါတယ်၊ ဒီဘဝမှာတင် နိဗ္ဗာန် မြင်အောင် အားထုတ်ကြပါလို့၊ ဒီအချိန်မှာမှ ရအောင် မကြိုးစားလို့ တခါလွဲရရင် ကိုယ်ကျိုးနဲပေါ့လို့ သာ မှတ်ကြတော့ဘဲ၊ဥပမာ အားဖြင့်ဆိုရင် “လူတယောက် ရှဲ့ ဗုက်ထဲက တက်လာပီး, ရှဲ့ ဗုက်ထဲပြန်ဆင်းသွား၊ နောက်တခါ ပြန်တက်ပီး, တခါပြန်ဆင်းနဲ့ ရှဲ့ ဗုက်ထဲဘဲ တက်ချီ ဆင်းချီ လုပ်နေဒါ ဘေးက မြင်ရတော့ ဘယ့်နှယ်ပြောမလဲ ?”။

“သြော်-- သူ့ ခမြာ သနားပါတယ်၊ ဒီအဖြစ်က လွတ်ပါစေ၊ ဒီဝဋ်က ကျွတ်ပါစေ” ဆိုပီး ဆုတောင်းနေကြမှာဘဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီလူကအရူးကိုး၊ အရူးမို့ ဘေးလူတွေက သနားလို့ ဒီဝဋ်က လွတ်ရှာပါစေ, ကျွတ်ရှာပါစေနဲ့ အောက်မေ့ကြ၊ ဆုတောင်းကြတယ်၊ ဘာ့ကြောင့်လဲ ? အကောင်းကကြည့်တော့ အရူးမှန်းသိရလို့ သနားလို့ဘဲ ဆိုဒါ ပေါ်ကြပလား ?။

ဒီ ဥပမာ အတိုင်းပါဘဲ၊ ဒကာတို့တတွေဟာ ပဋိသန္ဓေနေလိုက်၊ တခါသေပီး ပဋိသန္ဓေ ပြန်နေလိုက်၊ ဒီလိုနဲ့ အဖန်ဖန် ပဋိသန္ဓေနေကြရတယ်၊ အဲဒီလို နေရဒါကို ဘုရားရှင်က ဒီ ဥပမာ အတိုင်း မြင်တော်မူတယ်၊ ဒကာတို့ဟာ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, ဆိုတဲ့ ရှဲ့ ဗုက်တွေထဲဘဲ ထပ်ပြန်တလဲလဲ ဆင်းနေကြရှာတယ်၊ ဒီဘဝ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, ရှဲ့ ဗုက်ကနေ၊ နောက်ဘဝ, ဇာတိ, ဇရာ,

ဗျာဓိ, မရဏ, ဒုံ့ဗဋ်ထဲ ပြန်ဆင်းရ၊ ဘဝတခုပီးတခု ဇာတိဒုံ့ဗဋ်ထဲဘဲ ပြန်ဆင်းနေရဒါ ဘုရားက မြင်တော်မူတယ်။

ဘုရား မြင်တော်မူဒါဟာ အကောင်းစိတ်နဲ့ မြင်တော်မူဒါ၊ အကောင်းစိတ်နဲ့ ကြည့်ပီး မြင်ဒါဘဲ ဆိုဒါ မှတ်ကြ၊ ဒကာတို့ဟာ ဇာတိဗဋ်ထဲခုန်ချ၊ ဒီက ပြန်တက်လာ၊ နောက်တခါ ပြန်ခုန်ချနဲ့ ဒီလိုဘဲ မြင်တော်မူတယ်၊ ဒီတိုင်းမြင်နေရတော့ "အော်- သနားစရာဘဲ၊ ဒီလို ဖြစ်နေရဒါ ရူးရွာလို့ဘဲ၊ ကယ်တင်မှသာ ဒီဝဋ်ဆက်ကျတ်တော့ မှာဘဲ" ဆိုပီး ရူးဒါကိုသိလို့ သနားစရာဘဲ ဆိုဒါ သိလို့ ဘုရားပဋ်တော်မူလာရဒါဘဲ ဆိုဒါ မှတ်ကြ။

ဘုရားပဋ်ဒါဟာ ဒကာတို့တတွေ အရူးပျောက်အောင် ကရုဏာနဲ့ ကယ်တင်ပေးဘို့၊ ကယ်ချတ်ပေးဘို့ ပဋ်လာဒါဘဲ ဆိုဒါ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ရိပ်မိကြပလား ?၊ ဒကာ, ဒဂ္ဂသမတွေက အကယ်၍ သုက်သုက်ခါအောင်, လူစိတ်ပျောက်အောင်, ရူးနေတဲ့သူများတွေ့ရင် "ဝဋ်ကြီးရှာတယ်၊ သူ့ခမြာ ဆရာကောင်း, သမားကောင်းများနဲ့ တွေ့ပါစေ ကုံပါစေ" ဆိုပီး ဆုတောင်းကြတယ်၊ အဲဒါ အလွန် သနားကြင်နာရှာလွန်းလို့ ဘဲ မဟုတ်လား ?။

အေး, ဒီသဘောအတိုင်းပါဘဲ၊ ဘုရားက ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ့ အပေါ်မှာ ဒီအတိုင်း မြင်တော်မူလို့၊ သနားကြင်နာတော် မူလွန်းလို့ ကယ်တင်ပေးတော်မူဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ ရိပ်မိရင် ပေးတဲ့ဆေးကို ကြိုးစား, စားကြ၊

စားချင့်,မစားချင့် ကြိတ်မှိတ်ပီးသာ စားကြ၊ မဂ်ရမှသာ စိတ်ချရ မယ်၊မင်္ဂလာနဲ့ မဖြတ်သမျှ ဦးဇင်္ဂလာထဲဘဲ ထပ်တလဲလဲ ပြန်ဆင်းရမယ်။

ဦးဇင်္ဂလာထဲပြန်ဆင်းရဒါ ရူးချက် အလွန်သန်လွန်းလို့ ဘဲ ဆိုဒါ မှတ်ကြ၊မင်္ဂလာနဲ့ မဖြတ်သေးရင် အကြိမ်ပေါင်း မည်မျှ ဆိုဒါ မသိနိုင် တော့ဘူး၊ ဘုရားတွေ့မမြော်နဲ့တော့၊ နောက်လာမှာလဲ ဂင်္ဂါဝါဠု သဲစုမက လာမှာဘဲ၊ အရင်ကလဲ ဂင်္ဂါဝါဠု သဲစုမကအောင် ဒီနည်း အတိုင်း ရှောင်ခဲ့ကြဘီ၊ လွဲခဲ့ကြရဘီ၊ သဘောပါကြရဲ့လား ?။

ဘုရားပရိနိဗ္ဗာန် စံခါနီးမှာ သုဘဒ္ဒရဟန်းက မေးလို့ ဘုရားက ဖြေတော်မူခဲ့ဒါမှာ " ငါဘုရားသာသနာမှာ ကျင့်ကြံ အားထုတ်သူ မကွယ်သမျှ ရဟန္တာ မကွယ်ဘူး " ဆိုတဲ့ အဓိပ္ပါယ် လာရှိတယ် ဆိုဒါ မှတ်ကြ၊ ဒါကြောင့် သံသယမရှိနဲ့ လုပ်ရင်ရတယ် ဆိုဒါ ဆုံးဖြတ်ပီး အခု လုပ်ကြ၊ ရှင်းပလား ?၊ ဒကာ, ဒကာမတွေက " ဒီချောက်ကနေပီး, ဟိုချောက် ကျရပါလို့၏၊ ဒီဗွက်ကနေပီး, ဟိုဗွက် ရောက်ရပါလို့၏ " နဲ့ ဆိုသလိုဘဲ လုပ်နေကြတယ်။

" ဒီ ကုသိုလ်ကြောင့် လူ့ပြေ, နတ်ပြေ, အကြိမ်ကြိမ် ခံစား စံစား၍ " တဲ့ ဆိုကြဒါဟာ ဒီအတိုင်းပါဘဲ၊ အကြိမ်ကြိမ်ဆိုဒါ တခါ နှစ်ခါဆို မကြုံကိုင်နိုင်ဘူး၊ ချောက်, အကြိမ်ကြိမ် အကျခံချင်လို့ ဆိုဒါ ထင်ရှားတယ်၊ ဒီလိုဆိုတော့ ဒကာတို့ဟာ ချောက်ချစ်တဲ့ ချောက်ကျချင်တဲ့ အရူးတွေဘဲလို့ ဆိုထိုက် မဆိုထိုက် စဉ်းစား ကြည့်ကြ၊ နိဗ္ဗာန်မရခင် စပ်ကြားတဲ့၊ ဒီစပ်ကြားက ဘယ်လောက်

ကျယ်တဲ့ စပ်ကြားလဲ မသိကြဘူး၊ မရေတွက်နိုင်တဲ့ စပ်ကြားဘဲလို့ မှတ်ကြ။

ဒကာ့ဒကာမတို့ ရှေးကလုပ်ခဲ့တဲ့ အမှားတွေ ပြင်ကြ၊ လုပ်မှ ရမှာမို့ လုပ်ယူကြရမယ်၊ဝိပဿနာ မဂ္ဂင်အလုပ် လုပ်ယူမှသာ နိဗ္ဗာန် ရနိုင်တယ်။ ။အလုပ်လုပ်ကြဆိုတော့ ဖြစ်ပျက်ကို အရင်မလုပ်နဲ့၊ နိဗ္ဗာန်ရချင်ရင် ဒိဋ္ဌဓမ္မကို အရင်လုပ်၊ ဒိဋ္ဌရှိရက်နဲ့ ဝိပဿနာ ရှုနေ ဒါ နှစ်ပေါင်း ၄၀,ကျော် ကြာပေမဲ့ ရှင်ဆန္ဒဟာ,နိဗ္ဗာန်မရဘူး၊အဲဒါ ဒိဋ္ဌမက္ခာလို့ဘဲ မှတ်ကြ၊ သဘောပါပလား ?။

ဒိဋ္ဌိက သဿတရယ်, ဥစ္ဆေဒရယ်, သက္ကာယရယ်၊ ဒါတွေကို အရင်ခွါရမယ်၊ ဒီ ဒိဋ္ဌိတွေ ခွါမယ့် ကြံရင်လဲ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားလယ်အောင် လုပ်ပါအုံးလို့ သတိပေးလိုက်တယ်၊ ဒီ အလုပ်စဉ် မမှားဘို့ အရေးကြီးတယ် ဆိုဒါ မှတ်ထားကြ၊ အဲဒီတော့ (၁) က ပဋိစ္စသမုပ္ပါဒ်ရှင်းမှု၊ (၂) က ဒိဋ္ဌိခွါမှု၊ (၃) က ဝိပဿနာရှုမှု၊ ဒီအစဉ် မမှားစေရဘူး၊ ဒီအစဉ်မပါရင် မရဘူးလို့ မှတ်လိုက်ကြ။

မောင်ဆန်ဟာ နှစ်ပေါင်း ၄၀, ကျော်ကြာအောင် ဝိပဿနာ အားထုတ်တာဘဲ၊ ဖြစ်ပျက် မြင်ပီး အားထုတ်တာပါဘဲ၊ အားထုတ်ပေမဲ့ မရဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ဒိဋ္ဌိမက္ခာလို့၊ ဒိဋ္ဌိမခွါတတ်လို့ဘဲ၊ ဘာ့ကြောင့် မခွါတတ်သလဲ ? ဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလယ်လို့ဘဲ၊ သဘောပါကြပလား ?၊ ဥပမာ, ဘာနဲ့ တူသလဲ ဆိုတော့ ကလေးတွေ (စွန်) လေတံခွန် ကြိုးတပ်ပီး လွှတ်သလိုဘဲ

ဆိုဒါ မှတ်ကြ၊ ဒီမှာလဲဘဲ နိဗ္ဗာန်မရအောင် ဒီဌိုကြိုးက ဆွဲချထားလို့ဘဲ၊ ရှင်းပလား ?။

ဒါကြောင့် ဝိပဿနာ မရှုခင်, ဒီဌိ အရင်ခွါရမယ်၊ ဒီဌိခွါချင် ခန္ဓာပဋိစ္စသမုပ္ပါဒ် အရင်သိရမယ်၊ ခန္ဓာအကြောင်း သိမှသာ ဒီဌိ ကွာနိုင်မယ်၊ ဒီအလုပ်စဉ်ကိုမလွဲအောင်, အမြဲအစဲ့ မှတ်ထားကြ။

ဒီနေရာမှာ ရှင်ဆန္ဒဝတ္ထု သက်သေကို ပြန်ဆက် ပြောရမယ်၊ အရင်နေ့က ပြောပြီးခဲ့အတိုင်း ရှင်ဆန္ဒကို ရဟန်းတော် တို့က ဝိုင်းပီးကြဉ်တယ်ဆိုပါတော့၊ အဲဒီလိုကြဉ်တဲ့ "ဗြဟ္မဒဏ်ထားတော့" ရှင်ဆန္ဒဟာ အသက် ၈၀ ကျော်နေဘီ၊ အဲဒီနောက်မှ သူက ရဟန်းတို့ဆီလှဲ့ပီး ဆုံးမပါအုံး, သူ့ဆင်ပါအုံးနဲ့ လိုက်တောင်းပန်တော့၊ရဟန်းတို့က "ရုပ်ဟာအနိစ္စ၊ဝေဒနာဟာအနိစ္စ(လ)အလုံးစုံသခ်ါရတို့ဟာ အနိစ္စ,ဒုက္ခ,အနတ္တတို့ဘဲ" ပြောပြကြတယ်။

ရဟန်းတို့ဟောပြတဲ့အတိုင်း အားထုတ်ပေမဲ့ သူ့မှာ နိဗ္ဗာန် မပေါ်လာဘူးတဲ့၊ နိဗ္ဗာန် မမြင်ရဘူးတဲ့၊ အားယုတ်တဲ့အခါမှာ ဖြစ်ပျက်တို့ ဆုံးသွားပေမဲ့ နိဗ္ဗာန်မလာဘဲ လန့်လန့် သွားတယ်-- တဲ့၊ လန့်တဲ့နောက်က ဘာမျှး အားကိုးရမလဲ ဆိုတဲ့ အားကိုးရှာမှုလာနေတယ်--တဲ့၊ ရိပ်မိပလား ?၊ အဲဒါ ဘာ့ကြောင့်လဲ ဆိုတော့ သူ့မှာ သဿတဒိဌိ ရှိနေလို့ဘဲ၊ သဿတ ဒိဌိက ခိုင်ဒါ မြဲဒါ သဘောကျနေဒါ၊ခိုင်ဒါ မြဲဒါ သဘောကျနေတော့ ဖြစ်ပျက်မြင်လေ ဒိဌိသောင်းကျန်းလေဘဲ ဆိုဒါ မှတ်လိုက်ကြ။

ရှင်ဆန္နဒီလိုဖြစ်နေဒါဟာ သဿတခံနေလို့ဘဲ၊ ဒါခုခံနေတော့ မဂ်စစ် မပေါ်လာဘူး၊ မဂ်စစ်မပေါ်တော့ နိဗ္ဗာန် မမြင်ရဘူး၊ အဲဒီတော့ ရှင်ဆန္နကာ ငါအရင်ကလဲ အားထုတ်တာဘဲ၊ အခုလဲ ရဟန်းတွေ ဟောပြလို့ အားထုတ်ကြည့်ဒါဘဲ၊ ထုတ်ပေမဲ့ နိဗ္ဗာန်မမြင်ပါဘူး၊ နိဗ္ဗာန်မရပါဘူးနဲ့ ညည်းတွားရှာတယ်၊ ဒါကြောင့် ဒကာ, ဒကာမတွေ အားထုတ်ဆိုပေမဲ့ ရမ်းအားထုတ်လို့ မရဘူးဆိုဒါ မှတ်ကြ၊ အခု ဒကာတို့တတွေမှာ ရှင်ဆန္နနှစ်ပေါင်း ၄၀, ကျော်နဲ့ စာရင် တော်သေးရဲ့လို့ ဆိုရမယ်။

အဲဒါနဲ့ ရှင်ဆန္နဟာ ရှင်အာနန္ဒာထံသွားပီး အကျိုးအကြောင်းပြောဆိုလျှောက်ထားလိုက်တယ်၊ အဲဒီအခါမှာ အရှင်အာနန္ဒာက သူပြောတဲ့ စကားအရနဲ့ တွေးတောစဉ်းစားပီး ကြည့်လိုက်တော့ "ဒိဋ္ဌမင်္ဂလို့၊ အားနဲတဲ့ ဝိပဿနာဖြစ်နေတယ်၊ အားနဲလို့ မဂ်မပေါ်နိုင်ဘူး၊ဒိဋ္ဌက နိုင်နေလို့ဘဲ၊ သဿတရှိနေလို့ မရဒါဘဲကိုး" လို့ တွေးတောပီး ဆုံးဖြတ်ချလိုက်တယ်။

ဒီလို ဆုံးဖြတ်ပီးတော့မှ သူ့အတွက်, သူနဲ့ တော်တဲ့တရားဘယ်တရားလဲ ? ဆိုပီး ပိဋ္ဌကတ်သုံးပုံ အကုန်မွှေနှောက်ပီး ရှာကြည့်လိုက်တယ်၊ ရှာကြည့်လို့ သူနဲ့တော်မယ် တရားတွေ့တော့မှ "ငါရှင်-ဆန္နဟာ ဘာမှမပူနဲ့၊ မဂ်,ဖိုလ်ကို ကောန်ရရမယ်၊ သေသေချာချာမှတ်ပီး နာယူပေတော့" လို့ ပြောပီး ကစ္စာနအန္တယ်ဖြစ်တဲ့ ရဟန်းကို ဘုရားဟောတော်မူခဲ့တဲ့ တရားကို ဟောပြလိုက်တယ်....တဲ့။

ဒကာ, ဒကာမတို့ အဲဒီရှင်အာနန္ဒာက ရှင်ဆန္နကို တဆင့် ဟောပြတဲ့တရားက ဒီဋ္ဌဖြုတ်တရားဘဲ၊ ဒီတရားကို ဒကာ,ဒကာမ တွေအတွက် နားရှင်းအောင် ဟောပြမယ်၊ ဒီဋ္ဌဖြုတ်ပုံကို ပြောလိမ့် မယ်ဆိုဒါ မှတ်ကြ၊ ဒီဋ္ဌဖြုတ်ပုံက....ဥပမာ - ယားတယ်ဆိုပါတော့၊ ယားတယ်ဆိုဒါ ဒုက္ခဝေဒနာကလေးဘဲ၊ယားရင် ယားတဲ့ ဒုက္ခဝေဒနာ ကို ဖြစ်ပျက်ရှုရမယ်၊ ရိပ်မိပလား ?။

ယားတဲ့ ဝေဒနာကို မရှုမိရင် နောက်က ဒေါသလာမယ်၊ မခံချင်တဲ့ဒေါသလာမယ်၊ ဒီဒေါသနောက်က ဒီလိုသာဖြင့်ခက်တယ်၊ အိပ်ရေးက ပျက်လှချည့်၊ သောက စိုးရိမ်မှုလာတယ်၊ အိပ်လို့က မပျော်နိုင် မတင်မကျဖြစ်ပီး မျက်ရေတွေထွက်လာ ပရိဒေဝလိုက် လာဒါဘဲ၊ဒီထက်ပိုဆိုးလာတော့ ဥပါယာသ လာဒါဘဲ၊ အဲဒါဟာ ဒုက္ခဝေဒနာလေး ဖြစ်ပျက်မသိလို့က်လို့ဆိုတဲ့ အဝိဇ္ဇာနဲ့ တဲ့ရက်ဘဲ၊ နောက်က အားလုံးဟာလဲ ဒီအဝိဇ္ဇာနဲ့ တဲ့ရက်ချည့်ဘဲ။

ပဌမလာတဲ့ ယားတဲ့ဒုက္ခဝေဒနာလေးကို မသိလိုက်တဲ့ဒဏ်ချက် ဟာ အဲဒီမှာ မသိလို့ အဝိဇ္ဇာနဲ့တဲ့ရက်၊ နောက် အဝိဇ္ဇာနဲ့ဒေါသ၊ အဝိဇ္ဇာနဲ့ ဒေါမနဿ၊ အဝိဇ္ဇာနဲ့ သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသ အားလုံး အဝိဇ္ဇာနဲ့ တဲ့ရက်ချည့်ဘဲ၊ အဲဒီအခိုက်မှာ အဝိဇ္ဇာနဲ့ တဲ့ရက်နဲ့ အသက်ရှင်နေရတယ်ဆိုဒါ မှတ်ကြ၊ ဘာပေါ် လာလာ ဖြစ်ပျက်မရှုမိရင် မသိမှုနဲ့နေဒါမို့ အဝိဇ္ဇာနဲ့ အသက်ရှင် နေဒါဘဲ၊ အဝိဇ္ဇာနဲ့ ရှင်ရဒါ သက်ဆိုးရှည်ဘဲ ဆိုဒါသာ မှတ်လိုက်ကြ။

ကြောင်သက်ရှေလေ သက်ဆိုးရှေလေ ဆိုသလိုဘဲ၊ ဒကာ, ဒကာမတို့လဲ မသိမှုနဲ့ အသက်ရှေရဒါ သက်ဆိုးရှေဒါဘဲ၊ ပေါ်ကြပလား ?၊ ဝေဒနာလာဒါ ဝေဒနာမှန်းမသိဘူး၊ မသိတဲ့သူမို့ ဒေါသဖြစ်တာဘဲ၊ အဲဒါ အဝိဇ္ဇာနဲ့ တဲ့ဒါဘဲ၊ရိပ်မိကြပလား ?၊ ဒီလိုဖြင့်ရင် အဝိဇ္ဇာစ္စယာ သင်္ခါရာ ဖြစ်တာဘဲပေါ့၊ ဖြစ်တော့ ပဋိစ္စသမုပ္ပါဒ် အစက ပြန်လယ်ကြအုံး၊ ဘယ်တော့များ ဆုံးကြပါ့မတုံး ?။

ဒကာ,ဒကာမတို့ ဒီဒုက္ခစက်ရဟတ်ကို ဆုံးတတ်အောင် ဆုံးကြ၊ မဆုံးတတ်သမျှ ဒုက္ခပင်လယ်ဝေတော့မယ်ဆိုဒါ မှတ်ကြတော့၊ ဆုံးတတ်အောင် ဘယ်လိုလုပ်ရမလဲ ?၊ ခြင်ပါးစပ်နဲ့ အသားနဲ့ ထိဒါနဲ့ ဖဿပစ္စယာ ဒုက္ခဝေဒနာ ပေါ်လာတယ်၊ အဲဒီဒုက္ခဝေဒနာလေးဟာ ပေါ်ပီး ဖျပ်ဆိုချုပ်သွားတယ်၊ ဝေဒနာပေါ်တဲ့အချိန်မှာ ဝေဒနာနဲ့ အသက်ရှင်နေတယ်လို့သိရင် သက္ကာယဒိဋ္ဌိပြုတ်ပီ။

ဒီဝေဒနာကို ဉာဏ်နဲ့ကြည့်ရင် တစ်နဲ့နှစ်ဘဲ ရှိတယ်၊ တစ်ဆိုဖြစ်ပီး၊ နှစ်ဆို ချုပ်သွားဒါဘဲ၊ ဒီဝေဒနာဟာ တစ်, နှစ်ဆို မမြဲဘူး အနိစ္စပါလားလို့ သိရင် သဿတဒိဋ္ဌိပြုတ်တယ်၊ ရှင်းကြရဲ့လား?၊ ဝိပဿနာ မရှုမိရင် ဒုက္ခဝေဒနာပစ္စယာ ဒေါသော၊ ဒုက္ခဝေဒနာကြောင့် ဒေါမနဿဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာဖြစ်တယ်၊ဒီဒုက္ခဝေဒနာကြောင့်လဲ ဒေါသဖြစ်ရတယ်၊ အဲဒီလို အကြောင်းအကျိုးဆက်တာမြင်ရင် ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်။

ဒါကို မြင်အောင် ဟောပြလို့သိရရင် ဖြစ်ပျက်သာဆက်ပီး ရှုကြတော့၊ဒိဋ္ဌိတွေ သီးသန့်ခွါဘို့ မလိုတော့ဘူး၊ ဒီ - ပဋိစ္စသမုပ္ပါဒ်

ဖြစ်စဉ် ဟောပြထားလို့ ဉာဏ်နဲ့သိရရင် တဒင်္ဂအားဖြင့် ဒိဋ္ဌတွေ အလိုလို ကွာနေဘီဆိုဒါ မှတ်ကြ၊ ဒီအမြင်နဲ့ ဝိပဿနာသာ ဆက်ကြိုးစားတော့ သဘောပါပလား ?။

ဝိပဿနာ ရှုတဲ့အခါမှာ ခန္ဓာထဲမှာ ပေါ်လာသမျှဟာ ဒုက္ခ သစ္စာချည့်ဘဲ၊ဒုက္ခပေါ်ဒါ ဒုက္ခမှန်းသိရင် သက္ကာယစင်ဘီ၊ဓမ္မလေး တွေပေါ်လာတိုင်း ပျက်,ပျက်သွားဒါမြင်ရင် သဿတစင်ဘီ၊ ဓမ္မ တခုနဲ့တခု အကြောင်းအကျိုး ဆက်နေဒါဘဲလို့မြင်ရင် ဥစ္ဆေဒ စင်ဘီ၊ ဒီ-ဒိဋ္ဌိသုံးခုစင်ရင် ဒိဋ္ဌိ ၆၂,မျိုးလုံး အကုန်စင်ဒါဘဲလို့သာ မှတ်ကြတော့၊သဘောပပါလား ?။

ကိုင်း....ယနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

ဇမ္ဗုရတနာ မာတိကာ

“အပါယ်လေးရပ် အိမ်ပိုင်မှတ် တရားတော်”

ဆောင်ပုဒ်

အတိတ်ရုပ်နာမ်၊ လွန်ပြီးမှန်၊ ရှုရန်ဘယ်မသင့်။
အနာဂတ်ရေး၊ မရောက်သေး၊ ရှုရေးမမြော်နှင့်။
ပေါ်ဆဲရုပ်နာမ်၊ ပစ္စုပ္ပန်၊ ရှုဉာဏ်တပ်တပ်ချင့်။
အရှိနောက်တွင်၊ အသိဝင်၊ မြဲဖြင်ရှုကြည့်လင့်။
အရှိအသိ၊ ကိုက်ညီဘိ၊ ရင်္ခမင်္ဂိလ်ဆင့်။
နံနက်အားထုတ်၊ ညဉ့်မိုးချုပ်၊ မြန်ဟုတ်နိဗ္ဗုဒ္ဓင့်။
ခွင့်ကောင်းကြုံရ၊ မြန်ခဏ၊ မင်္ဂလာအားထုတ်သင့်။

သတိချပ်

ခန္ဓာငါးပါး၊ ငါ, ထင်မှား၊ စွဲငြားသက္ကာယတ်။
ရင်းခံသက္ကာ၊ သဿတာ၊ စွဲလာဥစ္ဆေဒတ်။
သဿတုစ္ဆေ၊ ရှိတုံချေ၊ မိစ္ဆာခြောက်နှစ်ကပ်။
ကမ္မဉ္ဇသစ်ဥတ်၊ စုံးစုံးမြုပ်၊ နစ်ဥပ်ပါယ်လေးရပ်။
ခွင့်သာခိုက်မှာ၊ ဒိဋ္ဌခွါ၊ လျှင်စွာအားထုတ်အပ်။
မေ့လျော့ပေါ့တန်၊ ပါယ်လေးတန်၊ အမှန်ကိုယ့်အိမ်မှတ်။
ချိန်လွန်ခါမှ၊ ကြီးနောင်တ၊ ဒုက္ခအောက်ချိုးကပ်။

တရားသား ဒကာ, ဒကာမတို့ ဝိပဿနာအလုပ်, မဂ္ဂင်အလုပ် မလုပ်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နဲ့ နေကြရင် အပါယ်လေးပါးဟာ ကိုယ့်အိုးပိုင်, အိမ်ပိုင်ဘဲဆိုဒါသာ မှတ်ကြတော့လို့ ပြောလိုက်ပါတယ်။

ဒီအကြောင်းကို ဓမ္မပဒပါဠိတော်မှာ "ပမတ္တာသ နာမ စတ္တာရော အပါယာ သကဂေဟသဒိသာ" တဲ့၊ မေ့လျော့ပေါ့တန်သူအဘို့ရာမှာ အပါယ်လေးဘုံဟာ မိမိအိမ်နဲ့ အတူတူဘဲလို့ ဆိုလိုတယ်၊ ဒကာတို့ တတွေ့ မဂ္ဂင်အလုပ်, မလုပ်ချင်သေးရင် ဒီစကားကို မြဲမြဲမှတ်ထားကြ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, ဆိုတဲ့ လေးဘုံဟာ ဒီအမြဲနေတဲ့ အိမ်ဘဲလို့ မှတ်ထားလိုက်ကြ၊ ရိပ်မိပလား ?။

ဒကာ,ဒကာမတို့ ဒီအပါယ်လေးဘုံကို ဘယ်သူပိုလို့ ရောက်တာလဲ?၊ အကုသိုလ်ကပိုလို့ ရောက်တာဘဲ၊ ဒါက သာမန်ပြောတဲ့ အဓိပ္ပါယ်၊ တိတိကျကျ ပြောရရင် ခန္ဓာငါးပါးကို ငါထင်လို့ရောက်တာ၊ ခန္ဓာငါးပါး ငါထင်တဲ့ သက္ကာယကပိုလို့ ရောက်တာဘဲဆိုဒါ မှတ်ကြ၊ သဘောပါပလား ?၊ ဒါကြောင့် သက္ကာယပြုတ်ဖို့ မဂ္ဂင်အလုပ်ကို လုပ်ကြပါလို့ တိုက်တွန်းနေဒါဘဲ ရှင်းပလား ?။

ဒီအရေးတွေ့မြင်လို့ သီလို့ ဆရာဘုန်းကြီးက ကရဏာရှေ့ထားပီး နည်းလမ်းညွှန်ပြပေးနေပါတယ်၊ ညွှန်ပြပေးတဲ့အတိုင်း အခုနေမှာ မလိုက်နာကြရင် ကိုယ့်အိမ် ကိုယ်ပြန်ချင်သေးလို့ဘဲ၊ အပါယ်လေးဘုံမှာ အမြဲနေချင်လို့ဘဲဆိုဒါ မှတ်ကြတော့၊ ရိပ်မိကြပလား ?၊

ဒါကြောင့် အခု ဒကာ, ဒကာမတွေကို အပါယ်ပို့နေတဲ့ လက်သယ် သက္ကာယဒိဋ္ဌိကို ခွါပေးရမယ်၊ ဖြုတ်ပေးရမယ်။

ဒီသက္ကာယဒိဋ္ဌိ မပြုတ်ဘဲနဲ့ ဝိပဿနာ အားထုတ်ပေမဲ့လဲ အားနဲတဲ့ ဝိ.ပဿနာမို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို အနန္တရသတ်ဖို့နဲ့ ကျေးဇူးပြုမဲ့ ဝိပဿနာ မဖြစ်နိုင်ဘူး၊ အားနဲတဲ့ ဝိပဿနာ ဖြစ်နေရင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို မရနိုင်ဘူးဆိုဒါ မှတ်ကြ၊ ရှင်းကြပလား ?၊ ဒါ့ကြောင့် ဝိပဿနာမရှုခင် ဒီ - သက္ကာယဒိဋ္ဌိကို အရင်ဖြုတ်ပစ်ရမယ်၊ ဒီ - ဒိဋ္ဌိဖြုတ်ပီးမှသာ ဝိပဿနာရှုကြရမယ် ဆိုဒါ မှတ်လိုက်ကြ။

ဝိပဿနာရှုမှုနဲ့ သက္ကာယဒိဋ္ဌိဖြုတ်မှု နှစ်ခုမှာ၊ သက္ကာယ ဖြုတ်မှုကို အရင်ထားရမယ်၊ ဝိပဿနာရှုမှုကို နောက်ထားရမယ်၊ သက္ကာယရှိနေရင် ဒီ့ပြင်ဒိဋ္ဌိတွေဝင်လာမယ်၊ သဿတနဲ့ ဥစ္ဆေဒ တို့ဟာ ဒီသက္ကာယကလာဒါဘဲဆိုဒါ မှတ်လိုက်ကြ၊ရိပ်မိကြပလား ?၊ ဒီ -ဒိဋ္ဌိတွေဝင်လာရင် သံသရာ့သစ်ငုတ်, ကမ္ဘာ့သစ်ငုတ်ဘဲ၊သံသရာ့ သစ်ငုတ်ဖြစ်တော့မယ်ဆိုဒါ ယုံမှားမရှိကြနဲ့။

သံသရာ့သစ်ငုတ်ဖြစ်သွားရင်၊ ဘုရားတွေ ဘယ်လောက်ဘဲ ပွင့်ပွင့်၊ ဘယ်လိုဘဲပေါ်,ပေါ်၊ သစ်ငုတ် သစ်ငုတ်ဘဲ၊ ကျွတ်ခွင့် လွတ်ခွင့်မရနိုင်တော့ဘူးဆိုဒါ မှတ်ကြတော့၊ ဒါ့ကြောင့် သားရေး, သိမ်းရေး, စီးပွါးရေးတွေနဲ့ အင်မတန် ရတောင့်ရခဲတဲ့ အချိန်ကို မကုန်မီကြစေနဲ့၊ တသံသရာလုံးက မရိုးနိုင်တဲ့ ကာမဂုဏ်အလုပ်

တွေ့ ရှာဖွေစားရတဲ့အလုပ်တွေကို အရေးမလုပ်နဲ့တော့၊ ဒီအလုပ် မျိုးတွေက ဒီခန္ဓာရှိသမျှ မလွတ်ရတော့ဘူး၊ရိပ်မိကြပလား ?။

ဒါကြောင့် ရိုးရာအလုပ်၊ သံသရာ့အလုပ်တွေနဲ့ အချိန်မပြုန်း ကြစေနဲ့၊ ဒီအလုပ်တွေကို အဟုတ်ကြီးထင်ပီး မှုမနေကြနဲ့တော့လို့ သတိပေးလိုက်တယ်၊ ရှင်းပလား ?၊ သက္ကာယဖြုတ်မှု အလုပ်က အဟုတ် အရေးကြီးတယ်၊ဒါကို အရင် အဓိကထားပီး လုပ်ကြရမယ်၊ ဒီ သက္ကာယ ဖြုတ်မယ်ကြံရင် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် မသိဘဲနဲ့ ဖြုတ်လို့ မရဘူး၊ ဒီဟာဖြုတ်ချင်ရင် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို အရင်ရှင်းရမယ် ဆိုဒါ မှတ်ကြ။

ပဋိစ္စသမုပ္ပါဒ် ရှင်းဘို့ဆိုတော့လဲ ခန္ဓာမှာ အခုပေါ်ဆဲဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ရှင်းရမယ်၊ ဒါကိုသိဘို့လိုတယ်၊ဒါကြောင့် သက္ကာယ ဖြုတ်မယ့်ကြံရင် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို အရင်သိအောင် လုပ်ပါလို့ ပြောရဒါဘဲဆိုဒါ ပေါ်ကြပလား ?၊ ကိုင်း....အခုရှင်းပြကြစို့၊ ဥပမာ ထမင်းစားချင်တယ်ဆိုတော့ ထမင်းဆာတဲ့စိတ်ကလေး ပေါ်လာတယ်၊ ဒီ - ထမင်းဆာတဲ့စိတ်ဟာ အစ, ပဋိစ္စသမုပ္ပါဒ်ဘဲလို့ မှတ်ထားကြ၊ ဒီ - ဆာတဲ့စိတ်ကလေးဟာ ဝမ်းထဲက စားချင်တဲ့စိတ်(တဏှာ) ပေါ်လို့ ပေါ်ဒါဘဲ။

ဒကာ,ဒကာမတွေ သဘောပါပလား ?၊ဒါကို ဒကာတို့တတွေက ငါထမင်းဆာလို့က်တာဆိုပီး စိတ်ကို ငါလုပ်ပီး **သ**က္ကာယစဲ့လို့က် တယ်၊ စိတ်ကို ငါလုပ်ပီး သက္ကာယစဲ့မိတော့ အနာကြီး နာကြရ

တယ်၊ "ဝိညာဏံ အတ္တာတော သမနုပဿတိ" လုပ်လိုက်တာဘဲ၊ ရိပ်မိကြရဲ့လား ?၊ စိတ်ဟာ စိတ်ပဲ၊ငါမဟုတ်ဘူးဆိုဒါ မှတ်လိုက်ကြ၊ ဒကာတို့က ဒီတွင် မရပ်သေးဘူး၊စားချင်တယ် မစားရမနေနိုင်ဘူးတဲ့၊ ထပ်ကဲလာပြန်တယ်၊ စားချင်တုန်းက ,တက္ခဏ၊ မစားရမနေနိုင်ဘူး ဆိုတော့ ဥပါဒါန်လာဒါဘဲ၊ သဘောပါကြပလား ?။

စားချင်ဒါက တက္ခဏ၊မနေနိုင်ဒါက ဥပါဒါန်၊ ထမင်းယူခဲ့ပါဟ ဆိုတော့ ကာယကမ်,ဝစီကမ်, မနောကမ်,ဒီတမ္မဘဝ သုံးခုလာဒါဘဲ၊ လှမ်းယူလိုက်တော့ ကာယကမ်နဲ့ ငါစားဘို့ ငါယူဒါဆိုပီး ဒိဋ္ဌဖြစ် သွားတော့ဒါဘဲ၊ ဒီအထဲမှာ ဓမ္မအစဉ် စိတ်အစဉ်တွေဘဲ ပါတယ်၊ ပုဂ္ဂိုလ်,သတ္တဝ,သူ,ငါဆိုဒါ ပါသလား ? မပါ ပါဘူး၊ ရှင်းကြရဲ့လား ? ဒါကို ငါလုပ်လိုက်တော့ ဒကာတို့ဟာက စားရင်က အပါယ်သွားနေ ဒါဘဲဆိုရင် မှားသလား ? မမှားပါဘူး၊ ဉာဏ်နဲ့ကြည့်ကြ။

ဒကာတို့ဟာက ကိုယ့်သန္တာန်မှာ ထမင်းဆာဒါ အလွဲသုံးစား လုပ်နေကြလို့ ပြောရဒါဘဲ၊ ရိပ်မိကြရဲ့လား ?၊ သေသေချာချာ ဉာဏ်နဲ့ကြည့်ကြ၊ ဉာဏ်နဲ့ကြည့်တော့ စားချင်စိတ်ဟာ စားချင် ဒါဘဲ ရှိတယ်၊ စွဲလမ်းဒါ မပါဘူး၊ စားချင်ဒါဟာ စွဲလမ်းဒါ မဖြစ်နိုင် ဘူး၊ ဒီ ဓမ္မသဘာဝတွေဟာ သူ့အလုပ်နဲ့ သူချည့်ဘဲ၊ ဒီထဲမှာ ငါမပါ,သူမပါ ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား ?။

စားချင်ဒါရယ်,စွဲလမ်းဒါရယ်,ကာယကံ ဝစီကံ မနောဂံတွေနဲ့ တောင်းဒါရယ်, သူ့အလုပ်နဲ့ သူ သက်သက်ချည့်ဘဲ၊ တခုချုပ်

ပိုးမှ တခုဖြစ်ရဒါ၊ နှစ်ခုပြိုင်ပီးလဲ မဖြစ်ဘူး၊ ဒီအထဲမှာ ပုဂ္ဂိုလ်, သတ္တ၁, ငါ, သူတပါး, ယောကျ်ား, မိန်းမ ဆိုစရာလဲ မပါဘူး၊ ရုပ်ဓမ္မ, နာမ်ဓမ္မတွေ အကြောင်းနဲ့ အကျိုးဆက်ပီး ဖြစ်ပျက် သွားဒါဘဲ ရှိတယ်၊ ရိပ်မိကြပလား ?။

ဆာဒါက လောဘတဏှာ၊ ငါလဲ မဟုတ်, သူလဲ မဟုတ်ဘူး၊ ဆာဒါဟာ လောဘတဏှာမှန်း သိရမယ်၊ ဒီတဏှာ ဖြစ်တာကိုလဲ သိရမယ်၊ ဒီလိုသိရင် သက္ကာယရော ဥစ္ဆေဒပါ စင်သွားဘီ၊ ဒိဋ္ဌိန္ဒစ်ခု ပြုတ်သွားဘီလို့ မှတ်ကြ၊ လောဘဖြစ်တယ်လို့ သိတော့ ပုဂ္ဂိုလ်, သတ္တ၁, သူ, ငါ, မဟုတ်မှန်း သိတဲ့အတွက် သက္ကာယ ပြုတ်တယ်၊ ဖြစ်တာသိလို့ ခုမှ ပေါ်ဒါဘဲလို့ သိတဲ့အတွက် ဥစ္ဆေဒ ပြုတ်တယ်၊ ရှင်းပလား ?။

စားချင်စိတ်ကလေး ပေါ်လာပီး ၁-ဆိုဖြစ်၊ ၂-ဆို ပျက်သွားဒါဘဲ၊သူ့သက်တမ်းဟာ ၁- နဲ့, ၂- ဘဲရှိတယ်၊ ဟဒယဝတ္ထုပေါ်မှာ ပေါ်လာပီး နောက်စိတ်တခု အစားထိုးခဲ့တယ်၊ ၂-ဆိုပီး ချုပ်တော့ စဲလမ်းဒါ အစားထိုးခဲ့တယ်၊ စဲလမ်းစိတ်ဟာ စားချင်စိတ်က အစားထိုးထားခဲ့ဒါဘဲ ဆိုဒါ ရှင်းကြပလား ?၊အဲဒီတော့ စဲလမ်းစိတ်ဟာ စားချင်စိတ်က အကြောင်းပြုထားခဲ့ဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?။

စားချင်စိတ်ချုပ်တော့ သူက ချုပ်သာသွားပေမဲ့သူ့ သတ္တိချန်ခဲ့တယ်၊သူ့ သတ္တိ အကြောင်းကြောင့်အကျိုးလေး ဆက်ထားခဲ့တယ်၊

ဆိုဒါ မှတ်ကြ၊ သဘောပါပလား ?၊ အဲဒီလို တခုနဲ့ တခု အကြောင်း အကျိုးဆက်တာကိုသိသဖြင့်လဲ ဥစ္ဆေဒဒိဋ္ဌိစင်တယ်၊ပဌမအကြောင်း နဲ့ ဒုတိယအကျိုးဟာ ဆက်တယ်လို့ သိတဲ့အတွက်ဥစ္ဆေဒ စင်တယ်၊ ဒကာ,ဒကာမတွေ ရှင်းကြရဲ့လား ?။

ရှေစိတ်ချုပ်တော့ နောက်စိတ် ပေါ်တယ်၊ တကယ်လို့ ခိုင်ဒါ မြဲဒါရှိရင် ရှေစိတ်မချုပ်ရဘူး၊ ဟုတ်ကြရဲ့လား ?၊ အခုတော့ ရှေစိတ် ချုပ်တာ မခိုင်မမြဲလို့ဘဲလို့ သိရတဲ့အတွက်၊သဿတလဲ စင်တယ်၊ အရင် အကြောင်းကြောင့် အရင် အကြောင်းသတ္တိက ကျေးဇူးပြုဒါ ထင်ရှားလို့ လဲ ဥစ္ဆေဒကစင်သွားဘီ၊ဒီတော့ ဒီနေရာမှာ သက္ကာယ, သဿတ,ဥစ္ဆေဒ, ဒိဋ္ဌိသုံးမျိုးလုံး စင်သွားဘီ၊ ရှင်းကြရဲ့လား ?။

ဒကာ,ဒကာမတို့ ဒိဋ္ဌိမစင်ဘဲနဲ့ "ဖြစ်ပြန်ဘီ၊ ပျက်ပြန်ဘီ" လို့ ရှုနေပေမဲ့ မရပါဘူး၊ ဒီ ဒိဋ္ဌိတွေ ရှင်းလင်းပီးမှ စင်ကြယ်ပီးမှ ရှုလို့ ရမယ်၊ မစင်ကြယ်သမျှ ဗလဝဝိပဿနာ မဖြစ်လို့ မရနိုင်ဘူးဆိုဒါ အသေအချာ မှတ်လိုက်ကြ၊ ဒီ ဒိဋ္ဌိတွေ စင်ဘို့ကလဲ ပဋိစ္စသမုပ္ပါဒ် နားလယ်အုံးမှ၊ ဒါနားလယ်ပီးမှ ဒိဋ္ဌိရှင်းမယ်၊ ပဋိစ္စသမုပ္ပါဒ် ဆိုပေမဲ့ စာ, ပဋိစ္စသမုပ္ပါဒ် မလိုဘူး၊ ဒါနဲ့ မရသေးဘူး၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ဆိုဒါ၊ ခန္ဓာမှာ အခုပေါ်ဒါ အခုနားလယ်ရမယ်၊ ကျေနပ်ပလား ?။

ဒကာ,ဒကာမတို့ အဝိဇ္ဇာ,သင်္ခါရ တို့ဟာ အတိတ်ဘဝက ဖြစ်ခဲ့ ဒါ၊ခုမရှိဘူး,ခုမပေါ်ဘူးလို့မှတ်ထားကြ၊ ဒီ အဝိဇ္ဇာ,သင်္ခါရနဲ့ မဆိုင်

ဘူး၊ ရှုရမှာက အခုပေါ်ဒါ၊ အခုရှုရမှာ၊ အခုပေါ်ဒါ အခု မိရမယ်၊ အခု ခန္ဓာမှာ ပေါ်ဆဲ့ပေါ်ဆဲ့မှာ ဉာဏ်နဲ့ မိအောင် ရှုပေးရမယ်၊ ရှင်းကြပလား ?၊ ဉာဏ်နဲ့ သာ မလွတ်အောင် ကြားစိတ် မဝင်နိုင်အောင် လိုက်နိုင်ကြရင် ညက အားထုတ်ရင်, မနက်မှာ ရမယ် ဆိုဒါ သေသေချာချာ မှတ်ကြပေတော့။

ဝိပဿနာရှုတဲ့နေရာမှာ အတိတ်က ရုပ်,နာမ်,နဲ့လဲ မဆိုင်ဘူး၊ မနေ့ကဟာတွေနဲ့ မဆိုင်ဘူး၊ အတိတ် ရုပ်,နာမ်တွေက ဖြစ်ပီး ပျောက်ကုန်ကြပြီမို့ ရှုစရာမလိုဘူး၊ အနာဂတ် ရုပ်, နာမ်တွေနဲ့လဲ မဆိုင်ဘူး၊ အနာဂတ် ရုပ်,နာမ်တွေက မဖြစ်ကြသေးဘူး၊ အနာဂတ် ရုပ်, နာမ်ကို မဖြစ်သေးဒါမို့လဲ ရှုစရာ မဟုတ်ဘူးလို့ မှတ်ကြ၊ ဝိပဿနာရှုရမှာက အခု ခန္ဓာမှာ ပေါ်ဆဲ, ပေါ်ဆဲဖြစ်တဲ့ ရုပ်နာမ် ပေါ်မှာ ပစ္စုပ္ပန်တဲ့အောင် ရှုမှတ်ရမှာဘဲ ဆိုဒါ မှတ်လိုက်ကြ။

အခု စားချင်စိတ်ပေါ်ရင် အခု ဉာဏ်နဲ့လိုက်ပေး၊ စဲလမ်းစိတ်ပေါ်လဲ ဉာဏ်နဲ့လိုက်၊ ဘယ်စိတ်လာလာ ဉာဏ်နဲ့သာလိုက်ရမယ်၊ အရှိနောက်က အသိ ကိုက်ပေစေ၊ ရှင်းကြပလား ?၊ အရှိနောက်က အသိ ကိုက်ရမယ် ဆိုဒါ သဘောပါပလား ?၊ ဒါမှ အရှိနဲ့ အသိ ပစ္စုပ္ပန် တိုက်ဆိုင်မယ်၊ ရှင်ဆန္ဒကို ရှင်အာနန္ဒာက ဒီ နေရာမှာ သေသေချာချာ ဟောတယ်၊ “မင်း, သေသေချာချာမှတ်၊ ယခု ဖြစ်ဆဲ ပစ္စုပ္ပန် ဆတ်ဆတ်မှာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားလယ်ရမယ်၊ ဒါ နားမလယ်ရင် ဒီဋ္ဌိမပြုတ်ဘဲ ဝိပဿနာရှုလို့ နိဗ္ဗာန်မရဘူး” တဲ့၊ ရိပ်မိကြပလား။

ဒီလို ရှုနေရင် ကုသိုလ်ဘဲ ရတယ်၊ နိဗ္ဗာန်တော့ မရဘူး ဆိုဒါ မှတ်လိုက်ကြ၊ ဒကာ, ဒကာမတို့ သဘောပါရဲ့လား ?၊ ထမင်းဆာတယ်, မစားရ မနေနိုင်ဘူး၊ ယူခဲ့ပါဆိုတော့ တဏှာ,ဥပါဒါန်, ကမ္မဘဝ ဖြစ်တယ်၊ ရိပ်မိကြရဲ့လား ?၊ ထမင်းဆာဒါ လာတော့ ဒယ်အိုးတန်းသွားရတယ်၊ နောက်တခါ, ထမင်းဆာရင် ဒယ်အိုး ဆာဒါလား ? လို့ မေးကြ၊ ဒကာ, ဒကာမတို့ ဒီ စိတ်ကလေး လာဒါကိုမှမသိရင် ဒီလိုဘဲ မေးရမှာဘဲ ဆိုဒါ မှတ်ကြတော့ဘဲ။

ဒီ စိတ်ကလေးလာဒါမသိလိုက်တော့ တဏှာ,ဥပါဒါန်,ကမ္မဘဝ, ကမ္မဘဝပစ္စယာ အပါယ် ဇာတိ (ဒယ်အိုး - ဇာတိ) ဆိုရင် မမှားနိုင်ဘူး၊ ရိပ်မိကြရဲ့လား ?၊ ဒကာ, ဒကာမတို့ ဒီ အတိုင်းဆိုတော့ ဘယ်နှယ်မျှား ကြံကြမှာတုံး ? ကြပ်ကြပ် စဉ်းစားကြ၊ သာမည အရေးမဟုတ်ပါလား ဆိုဒါ ပေါ်ကြမယ်၊ ဒကာ, ဒကာမတို့က ပြောတတ်ကြတယ် "ကိုယ် ထမင်း ကိုယ်စား ၊ ဘာအပြစ်ရှိတုံး ? ခိုးစားဒါလိုက်လို့ ကိစ္စမရှိပါဘူး" တဲ့၊ မသိပြောမို့ ရမ်းပြောကြ ဒါဘဲ၊ထမင်းဆာဒါ ဒယ်အိုးထဲဆင်းရမယ့်ကိစ္စဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘောပါပလား ?။

ဘုန်းကြီးက ဒီလို ရှင်းလင်းပြောပြတော့ ဒကာ,ဒကာမတို့က "တယ်လဲ ကျဉ်းကျပ်ပါလား" လို့ မပြောကြနဲ့၊ မအောက်မေ့ကြနဲ့၊ ဒကာတို့တတွေ နဂိုက တော်အောင် လျော်အောင် နေခဲ့ကြလို့ဘဲ ဆိုဒါ မှတ်လိုက်ကြ။ ဒကာတို့ နဂိုက နေခဲ့ ထိုင်ခဲ့ကြဒါက

ဘာမှမသိဘဲ ကလေးလို နေခဲ့ဒါမို့ ဥာဏ်မပါဘူး၊ အသိဥာဏ် မပါဒါမို့ ကလေးလို နေခဲ့ဒါဘဲ ရှိတယ်ဆိုဒါ ရိပ်မိကြတော့။

ဒါကြောင့် "ပါပသို့ ရမတေ မနော" တဲ့၊ ကလေးမျှားလို့ မကောင်းဒါသာ ကြိုက်ကြဒါဘဲ၊ တော်အောင်, လျော်အောင်, အစုန်လမ်းကြိုက်တတ်တယ်၊ အဆန်လမ်းကို မကြိုက်ဘူး၊ မကောင်းဒါမှ သဘောကျတတ်ကြတယ်၊ မွေ့လျော် ပျော်ပိုက်နိုင်ကြတယ်၊ ဒီလို မကောင်းဒါမှ ကြိုက်တတ်တာဟာ သတ္တဝ်စရိုက်၊ သတ္တဝ်ထုံးတမ်းဘဲ ဆိုဒါမှတ်ကြ၊ ညွှန်ပြပေးမဲ့ ဆရာကောင်း,သမားကောင်း မကြုံရရင် အမှားလမ်းစ ဘယ်တော့မှ မတုံးနိုင်ကြဘူး၊ ဘုန်းကြီးကအင်မတန် ကရုဏာရှေထားပီး ပြောပြနေဒါမို့ ကြိုးစားပီး ယူကြရမယ်၊ ရိပ်မိကြရဲ့လား ?။

ဒါကြောင့် မိမိသန္တာန်မှာ တဏှာပေါ်လာရင် တဏှာ ဖြုတ်ရမယ်၊ ဒီတဏှာ မဖြုတ်တတ်ရင် မဖြုတ်မိရင် အပါယ်လမ်း ဆိုတဲ့စုန်လမ်းသွားရဘို့ဘဲ ရှိတယ်၊ စုန်လမ်းသွားဘို့က ဆရာ မလိုဘူး၊ ဗါသာလဝါ တော်သလို လျော်သလိုနေရင်းနဲ့ အလိုလို မျောသွားရဘို့ဘဲရှိတယ်၊ ဆန်လမ်းအတွက်က အကြီးအကျယ် ဆရာကောင်းလိုတယ် ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိရဲ့လား ?၊ ဒီတော့ ဆန်လမ်းရောက်ချင်ရင်, တဏှာပေါ်တဲ့အခါ ရှုပေးရမယ်၊ မှတ်မိကြပလား ?။

ဆာတယ်ဆိုတော့ စားချင်စိတ်ပေါ် တဏှာလာဒါဘဲ၊ ဒီတဏှာကို ဖြစ်ပျက်ရှုပေး၊ ရှုပေးတော့ တဏှာချုပ်ပီး, မဂ် ပေါ်လာဒါဘဲ၊

တဏှာချုပ်တော့ တဏှာ နိရောဓေါ နိဗ္ဗာနံ နိဗ္ဗာန်ပါ ပေါ်လာတယ်၊သဘောပါကြရဲ့လား ?၊ ဒါကြောင့် ပေါ်လာရင် ရှုဉာဏ်လိုက်ပေးရမယ် ဆိုဒါ မှတ်လိုက်ကြ၊ ရှုဉာဏ်လိုက်တဲ့ မဂ္ဂင်အလုပ်ကဆနလမး၊ ဆနလမးလုကမှ ဒုက္ခကင်းမယ်၊ ဒုက္ခ ကင်းချင်ရင် ချမ်းသာ ကြိုက်တာမှန်ရင် ဒီဆန်လမ်းဖြစ်တဲ့ မဂ္ဂင်လမ်း ကြိုးစားရမယ်။

ဒကာ,ဒကာမတွေ ရိပ်မိပလား ? ရိပ်မိလို့ သိဒါဖြစ်ရင် အပြင်းအထန် ရှုကြဘို့ဘဲရှိတယ်၊ မရှုမိရင် စုန်လမ်းရောက်မယ်၊ စိတ်တွေလာသမျှ အောက်ကိုသာ စုန်လေ့ရှိတယ်၊ မေ့လျော့ ပေါ့တန်ပီး အမှတ်တမဲ့နေမိရင် စုန်ရဘို့ အပြင်မရှိဘူး၊ စုန်လမ်း အပါယ်လေးပါးဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ သဘောပါ့ပလား ?။

ရေစုန်နဲ့ ရေဆန် လှေလှော်ရာမှာ ကြည့်ပါ၊ ဘယ်ဟာက ပိုပီးခက်သလဲ ?၊ ရေစုန်က ထိုင်လိုက်ရုံနဲ့ ရတယ်၊ ရေဆန်ကျတော့ အားအန်ကို အင်မတန်ထုတ်ပီး လှော်ရတယ်၊ ဒီသဘောအတိုင်းဘဲ၊ ဒကာတို့တတွေလဲ တရားနာသွားဘို့ဆိုတော့ မရဘူး၊ ပဲ့သွားကြစို့ဆိုတော့ရတယ်၊ ကြပ်ကြပ်စည်းစားကြ၊ နိဗ္ဗာန်လမ်းဆိုဒါ ဆန်လမ်း၊ အတော် ခဲခဲယဉ်းယဉ်း အစွမ်းကုန်ထုတ်ပီး ကြိုးစားနိုင်မှ တော်ရုံကျမယ်၊ ဒါကြောင့် ကြိုးစားကြ။

ဒကာ,ဒကာမတွေ ဒီနေ့ကစပီး ဆန်လမ်းကို ဇွတ်ပြောင်းကြ၊ စုန်လမ်းက သွားရဖန် များလွန်းလို့ ဖုံတောင်ထနေဘီ၊ ရိပ်မိကြရဲ့

လား ? အခုအချိန်မျိုးမှာမှ ဆန်လမ်းကို မပြောင်းမိကြရင် " တပည့်တော်တို့ သွားနေကျ, သွားရာလမ်းကိုဘဲ သွားပါရစေ၊ အမြဲနေရာနေပါရစေ " လို့ ဆိုဒါနဲ့ မခြားဘူး၊ အမြဲနေရာက အပါယ်လေးပါးဘဲ၊ ဒကာ, ဒကာမတွေ ကျေနပ်ကြပလား ?။

အပါယ်ဆိုပေမဲ့လဲ ငရဲမှာ အနေရမျှားမယ်ဆိုဒါ ယုံမှားမရှိကြနဲ့၊ ငရဲဆိုပြန်တော့လဲ အဲဒီမှာ ကြုံရ - ဆုံရမယ့်ဒုက္ခက ပြောပြလို့ကုန်နိုင်စရာ မမြင်ဘူး၊ ဥပမာဆိုရင် လှည်းအစည်းပေါင်း တရာလောက်ရှိတဲ့ သစ်သားအစိုတွေကို ငရဲမီးခဲကလေး ပိုးစုန်းကြူးလောက် ထည့်လိုက်ရုံနဲ့ ရုတ်တရက်နဲ့ ပြာကျသွားနိုင်တယ်၊ ငရဲကျသူမျှားဟာ အဲဒီလို အင်မတန်ပြင်းထန်တဲ့ မီးလောင် အမြဲခံနေရဒါဘဲ။

မီးလောင်ပီး သေသွားဒါလဲမဟုတ်၊ ငရဲကျတဲ့သူက သေလဲမသေရဘူး၊ မသေရအောင် သူ့ကံက အမြဲဆက်ပေးနေတယ်တဲ့၊ မသေမရှင် အဆက်မပြတ်ဆောင် အကြီးအကျယ် ခံနေရဒါဘဲ၊ ငရဲသက် မဆုံးမချင်း ခန္ဓာအစားထိုးပီး ခံနေရမယ်ဆိုဒါ မှတ်ကြ၊ ဒီငရဲတခါကျရင် လွတ်လမ်း, ကျွတ်လမ်း မမြင်တော့ဘူး၊ ငရဲသက်ကို ရှေ့လွန်လွန်းလို့ ဘုရားတောင် အတိအကျ မဟောခဲ့ဘူး ဆိုဒါ ပြောလိုက်ပါတယ်၊ ရိပ်မိပလား ?။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ စုန်လမ်းကိုဖြင့် ရှောင်ကြပါတော့၊ ဆန်လမ်းကိုသာ မရောက်, ရောက်အောင်လိုက်ကြ

ပါ့တော့လို့ အလေးအနက် သတိပေးလိုက်ပါတယ်၊ ဆန်လမ်းလိုက်ချင်တော့ ဘယ်လိုလုပ်ရမလဲ ?၊ ဒီနေရာမှာ စကားဖြတ်ပီး ရှင်ဆန္ဒအကြောင်း ဝတ္ထုကို ဆက်ပြောရမယ်၊ အရင်ရက်တွေကလဲ ပြောခဲ့ပီးဘီ၊ မှတ်မိကြရဲ့လား ?။

ရှင်အာနန္ဒာက ရှင်ဆန္ဒပြောပြတဲ့ အချက် အလက်တွေကို ထောက်ထားပီး စဲ့ချက်တင်လိုက်တယ်တဲ့၊ ဘယ်လိုလဲ ဆိုတော့ “ရှင်ဆန္ဒဟာ ဒိဋ္ဌမင်္ဂလာဘူး၊ ပဋိစ္စသမုပ္ပါဒ် နားမလယ်ရှာလို့ မင်္ဂလာဒါဘဲ၊ဒါ့ကြောင့် အနှစ် ၄၀,ကျော်ကြာ၊ဝိပဿနာရှုပေမဲ့ မရနိုင်ဒါဘဲ၊ ဒိဋ္ဌမင်္ဂလာဘဲ ဝိပဿနာဖြစ်ပျက် အရင်ရှုနေလို့ ကိုယ်ကျိုးနဲ့ရရှာဒါဘဲ” ဆိုပီး စဲ့ချက်တင်လိုက်တယ်ဆိုဒါ မှတ်ကြ။

အဲဒီတော့....ဒကာ,ဒကာမတွေ အဘိုရာမှာ ဒိဋ္ဌခါဘို့ အရင် အရေးကြီးတယ်ဆိုဒါ ပေါ်ပလား ?၊ ဒိဋ္ဌင်္ဂလာဘို့ ပဋိစ္စသမုပ္ပါဒ် နားလယ်ဘို့ အရင် အရေးကြီးတယ်၊ နောက်ပီး အတိတ်ကိုလဲ မလိုက်နဲ့၊ အနာဂတ်ကိုလဲ မလိုက်နဲ့၊ ပစ္စုပ္ပန်တည့်ဘို့ အရေးကြီးတယ်ဆိုဒါလဲ မှတ်ကြရမယ်၊ အရေးကြီးဒါမို့ လေးလေးစားစား မှတ်ယူကြ။

ဒ အချက်အလက်တွေ မပုံတော့ ရှင်ဆန္ဒဟာ အနှစ် ၄၀, ကျော်ကျော်ကြာပေမဲ့ အားနဲတဲ့ ဝိပဿနာ ဖြစ်နေရှာတယ်၊ ရိပ်မိရဲ့လား ?၊ ဒါကြောင့် စာအုပ်ကြည့်ရုံနဲ့လဲ မဖြစ်သေးဘူး၊ မလွယ်ဘူးဆိုဒါ ပေါ်ကြပလား ? အဲဒါနဲ့ ရှင်အာနန္ဒာက ရှင်ဆန္ဒနဲ့တော်

မယ့်တရားကို ပိဋ္ဌကတ်မှာ ရှာကြည့်တော့ ကစ္စာနအန္ဒယ် ရဟန်း တပါးကို ဟောခဲ့တဲ့တရား သွားတွေ့ဒါနဲ့ အဲဒီတရားကိုဘဲ တဆင့် ပြန်ပီး ဟောပြလိုက်တယ်လို့ မှတ်ကြ။

ဒီနေရာမှာ ဒကာ, ဒကာမတွေအတွက် ရှင်းလင်း ပြောမယ်၊ ဥပမာ - အိမ်မှာ စိတ်မချစရာ တွေးလုံးလေးတခု ပေါ်တယ်ဆိုပါ တော့၊ အိမ်မှာထားခဲ့တဲ့ ပစ္စည်းတခုအတွက် ရန်သူမျိုးငါးပါးကို စိတ်မချရတဲ့ တွေးလုံးကလေးဘဲ ဆိုကြပါစို့၊ စိတ်မချနိုင်တဲ့ ပစ္စည်း လေးဟာ အခု ကိုယ့်ရှေ့မှာ ရှိနေသလား ? မရှိဘူး၊မြင်နေရဒါလား ? မဟုတ်ပါဘူး၊ ဘာလို့ပေါ်လာဒါလဲ ?၊ ကြံလိုက်လို့ တွေးလိုက်လို့ သာ ပေါ်လာဒါဘဲ ရှင်းရဲ့လား ?။

အဲဒီတော့ "မနဥ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ" မနောအကြည်ကလေးက ကြံတွေးစရာ အာရုံကလေးဘက်လှ့ဲလိုက် မိတော့ မနော အသိစိတ်ကလေး ပေါ်လာတယ်၊ ဒီနောက် ဆက်ပီး, "တိဏ်ဏံ သင်္ဂတိ ဖဿော၊ ဖဿ ပစ္စယာ ဒေါမနဿဝေဒနာ၊ ဒုက္ခ ဝေဒနာ၊" သုံးခုပေါင်းဆုံမှု ဖဿဖြစ်ပီး နောက်က စိတ်မချနိုင်တဲ့ ဝေဒနာလာဒါဘဲ၊ ရိပ်မိကြပလား ?။

စိတ်မချတဲ့ ဝေဒနာနောက်က "အိမ်ပြန်ဦးမှထင်ပါရဲ့" ဆိုပီး အိမ်ပြန်ချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ အဲဒီတော့ ဝေဒနာ ပစ္စယာ တဏှာဘဲ၊ ပေါ်ကြပလား ?။ ဒီနေရာမှာ ဒကာ, ဒကာမ တွေက "နောက်ပိုင်း စိတ်မချတဲ့" သောကလေးတခုကို ကြည့်ကြ၊

သောကဆိုလဲဟုတ်၊ ဒေါသဆိုလဲဟုတ်၊ ဒေါမနဿဆိုလဲ အတူတူဘဲ၊ ဒီသောကလေးဟာ ဘာ့ကြောင့် ပေါ်လာသလဲ ?။

ဒီ စိတ်ကလေးဟာ စိတ်မချစရာပစ္စည်းနဲ့ ကြုံတွေ့စိတ် မနော အကြည် ဒီသုံးခု ပေါင်းဆုံပီး ကျေးဇူးပြုလိုက်လို့သာ ပေါ်လာရ ဒါဘဲ၊ ရှင်းကြရဲ့လား ?၊ ဖဿက ပြုပြင်ပေးတယ်ဆိုလဲ အတူတူဘဲ၊ နားမလယ်မှာစိုးလို့ အကျယ်ခွဲပြောတယ်ဆိုဒါမှတ်ကြ၊လိုရင်းတော့ အနီးဆုံးအကြောင်းက ဖဿပါဘဲ၊ ဖဿဆိုဒါ ဘယ်ဟာလဲလို့ ဆိုပြန်တော့ မနောအကြည်၊ တွေ့စရာအာရုံတခုခုနဲ့ ကြုံတွေ့စိတ် သုံးခုပေါင်းဆုံတဲ့ သဘောဘဲဆိုဒါ မှတ်ရမယ်။

ဒကာ့ ဒကာမတွေ သဘောပါကြရဲ့လား ?၊ အဲဒီတော့ အခု ပေါ်လာတဲ့ သောကစိတ်ကလေးဟာ ဖဿကြောင့် ပေါ်လာဒါ၊ ဖဿမရှိရင် မပေါ်နိုင်ဘူး၊ ဖဿက အကြောင်း၊ သူက အကျိုး၊ ရှင်းဘီနော်....၊နောက် စိတ်မချလို့ အိမ်ပြန်ချင်စိတ်ပေါ်လာတော့ သူမရှိဘူး ချုပ်သွားဘီ၊ သူက ပြန်ချင်စိတ် တဏှာကို အစားထိုး လိုက်တယ်၊ သူကအကြောင်း၊ တဏှာကအကျိုးတရား၊ သူချုပ်သွားတော့ တဏှာပေါ်တယ်၊ သဘောပါပလား ?။

အဲဒီတော့ ဒီသောကလေးဟာ ဖဿကြောင့် ဖြစ်ပေါ်လာရဒါဘဲလို့ သိမြင်ရင် ဥစ္ဆေဒစင်တယ်၊ အကြောင်းအကျိုးဆက်တာကို မြင်လို့ ဥစ္ဆေဒစင်ဒါဘဲ၊ နောက် သူချုပ်သွားပီး တဏှာအစားထိုးဒါ မြင်သိရတဲ့အတွက် သဿတစင်တယ်၊ အပျက်မြင်လို့ စင်ဒါဘဲလို့

သိရမယ်၊ ရှင်းပလား ?၊ အခုပြောခဲ့တဲ့ မနောအကြည်, တွေးစုရာ အာရုံ, တွေးစိတ်, ဖဿ, ဝေဒနာ, တွေထဲမှာ သူလဲမပါ, ငါလဲမပါ, ပုဂ္ဂိုလ်, သတ္တ၀ ဆိုစရာမရှိ၊ ဓမ္မတွေချည်ဘဲလို့ သိမြင်ရတဲ့အတွက် သက္ကာယဒိဋ္ဌိ စင်တယ်ဆိုဒါ မှတ်ကြ။

ဒီဓမ္မတွေဟာ ငါမဟုတ်လို့ ပျက်တာဘဲလို့မြင်ရင် သက္ကာယ စင်တယ်၊မခိုင်မြဲလို့ပျက်တာဘဲလို့ သိပြန်တော့ သဿတ စင်တယ်၊ ပဌမဟာချုပ်တော့ နောက်တခုပေါ်၊ အရင်တရားက ကျေးဇူးပြုလို့ နောက်အကျိုးတရားပေါ်ဒါဘဲလို့ သိမြင်ပြန်တော့ ဥစ္ဆေဒပါ စင်သွားတယ်၊ ဒကာ,ဒကာမတွေ ရှင်းရဲ့လား ?၊ ဒီလိုအဓိပ္ပါယ် သဘောကို ရှင်အာနန္ဒာက ရှင်းလင်းပီး ဟောပြလိုက်တယ်လို့ မှတ်ကြရမယ်။

" အဝိဇ္ဇာပစ္စယာ သင်္ခါရာ, သင်္ခါရပစ္စယာ ဝိညာဏံ၊ လ ၊ ဇဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ အဝိဇ္ဇာယတွေ၀ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ လ ၊ နိရောဓော ဟောတိ " ဆိုပီး ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးစဉ်ဆက်, ဖြစ်ပုံ, ချုပ်ပုံကို ရှင်းလင်းပြောပြလိုက်တယ်၊ အဲဒီတော့မှ ရှင်ဆန္ဒ ဉာဏ်ရှင်းလင်း စင်ကြယ်သွားတယ်။

ဒကာ,ဒကာမတို့ ဒီပဋိစ္စသမုပ္ပါဒ် ဖြစ်တာကို မြင်သဖြင့်လဲ ဥစ္ဆေဒစင်သွားတယ်၊ ပျက်တာမြင်လို့လဲ သဿတနဲ့ သက္ကာယပါ စင်သွားတယ်ဆိုဒါ မှတ်ကြရမယ်၊ ရှင်းကြဘီလား ?၊ ရှင်ဆန္ဒဟာ

ဖြစ်တာမြင်လို့ ဥစ္ဆေဒစင်၊ ချုပ်တာမြင်လို့ သဿတနဲ့ သက္ကာယ စင်ဒါဘဲဆိုဒါ ရှင်းကြဘီ၊ အဲဒါနဲ့ အရှင်အာနန္ဒာက ရှင်ဆန္နကို ဆက်လက်ပီး မေးခွန်းထုတ်ပြန်တယ်....တဲ့။

“ငါ့ရှင်ဆန္န ဒီလိုကြည့်လို့ ဒီလိုမြင်ရတော့ ဘာကိုစွဲသေးတုံး” အဲဒီတော့မှ ရှင်ဆန္နက “ဒီလိုမြင်ရတော့ ငါလေးပြုတ်သွားပါတယ်၊ စွဲစရာ မရှိပါဘူး၊ဒုက္ခကွန္ဓသာ သမုဒယောနဲ့ နိရောဓောဘဲ ရှိပါတယ်၊ ငါ, သူတပါး, ပုဂ္ဂိုလ်, သတ္တဝ ဆိုစရာမရှိပါဘူး၊ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခ ချည့်ဘဲ ရှိပါတယ်၊ ဒီ ခန္ဓဝုပဋ္ဌိစ္စသမုပ္ပါဒ် အစဉ်ဟာ ရွှေ-ဒုက္ခပီး နောက်ဒုက္ခပေါ်ဒါဘဲ ရှိပါတယ်ဘုရား” လို့ ပြန်ပြီး လျှောက်ထားတယ်။

နောက် ဆက်လက်ပီး လျှောက်ထားပြန်တယ်၊ “အရှင်ဘုရား.... ခန္ဓာ ရုပ်နာမ်အစဉ်ဟာ ချုပ်ပီးရင်း,အစားထိုးလာရင်း၊ချုပ်ပီးရင်း, အစားထိုးလာရင်းနဲ့ ဒုက္ခချုပ်၍ ဒုက္ခဖြစ်တာဘဲ ရှိပါတယ်၊ ဒီနှစ်ခု ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခမှတပါး ဘာမှမရှိပါဘူး၊ ဒီလိုဥာဏ်မြင်ဒါဟာ သူမျှားပြောမဟုတ်ပါဘူး၊ ဥာဏ်နဲ့ ကိုယ်တိုင်မြင်လို့ ကိုယ်တိုင် သိရဒါပါဘုရား၊ဖြစ်ဒုက္ခလဲ ကိုယ့်ဥာဏ်အောက်တွင်ပါဘဲ၊ပျက်ဒုက္ခလဲ ကိုယ့်ဥာဏ်အောက်တွင်ပါဘဲ ဘုရား” လို့ လျှောက်ထားတယ်။

ဒကာ, ဒကာမတွေ သဘောပါကြပလား ?၊ ရှင်ဆန္နဟာ ရှင်အာနန္ဒာ ညွှန်ပြတဲ့အတိုင်းလုပ်တော့ ကိုယ်တိုင်သိရဒါဘဲဆိုဒါ ရိပ်မိကြပလား ?၊ဒါကို ဆရာပေးတဲ့ ဥာဏ်နဲ့ ကြည့်တော့ ကိုယ်မှေး ဒါလဲသိရ၊ ကိုယ်သေဒါလဲ သိရဒါဘဲ၊ နာမ်, ရုပ်ဓမ္မလေးတွေ ဖြင့်ပီး

ပျက်, ဖြစ်ပီးပျက်နဲ့ နေဒါဟာ၊ မွေးပီးသေ, မွေးပီးသေနေဒါဘဲ လို့သာ မှတ်လိုက်ကြ၊ ရှင်းကြပလား ?။

ခန္ဓာမှာ ဓမ္မလေးတခု ဖြစ်လာဒါဟာ ဖြစ်လာပီး,ပျက်တဲ့ဘက် ဦးတည်လာဒါဘဲ၊ ခဏကလေးပေါ်လာ ပျက်တာဘက် လမ်းဆုံးသွား၊ ဒီသဘောအတိုင်း အစဉ်တွေ့ တန်းနေဒါဘဲ ရှိတယ်၊ ရှင်အာနန္ဒာက ရှင်ဆန္ဒကို“ ငါရှင် ဆန္ဒ ဒီကိုကြည့်စမ်း မြင်ရဲ့လား? “မြင်ပါပြီ” ဒါဖြင့် မြင်စိတ်ပေါ်ဒါဘဲ “ စက္ခုံစ ပဋိစ္စ ရူပေစ ဥပဇ္ဇတိ စက္ခုဝိညာဏံ” ဒီမြင်စိတ်ကို အခု ရှိ,မရှိ အကဲခတ်လိုက်စမ်း”၊ ဒီလိုပြောတော့ ရှင်ဆန္ဒက ကိုယ့်ခန္ဓာမှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို နောက်ဥာဏ်နဲ့ကြည့်လိုက်တော့ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခဘဲ မြင်ရတယ်ဆိုတဲ့အကြောင်း လျှောက်ထားတယ်။

ရှင်အာနန္ဒာက “ဒီလိုဖြင့် နေရာကျဘီ” ဆိုပီး ဆက်လက်ပီး ရှင်းလင်းဟောပြပေးလိုက်တယ်လို့ မှတ်ကြ၊ဒကာ,ဒကာမတို့ ကိုယ့် ခန္ဓာမှာ ပေါ်လာဒါ နောက်က ဥာဏ်နဲ့ကြည့်ရင် ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခဘဲ မြင်ရမယ်၊ ဒီလို အကြည့်မျှားလို့ အမြင်မျှားလာရင် အချိန်က မကြာပါဘူး၊ ဒလိုမြင်နေရတော့ “အော်-- ကိုယ့်အသက်တမ်းဟာ ဒါဘဲရှိသကိုးလို့ သိလာမယ်၊ ရိပ်မိကြပလား ?။

ဒီလိုသိလာတော့ ဝမ်းနဲဝမ်းသာမရှိ၊ သူ့အတွက် တောင့်တမှုကြောင့်ကြမှုမရှိ၊ ဒီ ရုပ်နာမ်ဖြစ်ပျက် သစ်္ခါရအပေါ်မှာ လျစ်လျူသဘောထားနိုင်လာတော့ဒါဘဲ၊ ဒီ သစ်္ခါရလေးတွေဟာ ဖျပ်ဆို

ပေါ်လာ ပျက်သွား, ဖျပ်ဆိုပေါ် ဖျပ်ဆိုပျက်သွားနဲ့ မြင်နေရတော့ ဓကာင်းဒါကို မမြင်မိတော့ဘူး၊ ကောင်းတယ်ဆိုဒါ ဆိုစရာ မရှိပါဘဲကလား၊ အားလုံးလာသမျှဟာ အဆိုးချည့်ပါဘဲကလား ? ဆိုပီး ဥာဏ်အမြင် တိုးတက်လာမယ် ဆိုဒါ မှတ်ကြ ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကလဲ ဘုရားစကားတော်ကို ဒီအတိုင်း ထောက်ခံချက် ပေးထားခဲ့တယ်။

အဒဿနတော အာယန္တိ၊ ဘင်္ဂါ ဂစ္ဆန္တိ - ဒဿနံ။

ဝိဇ္ဇုပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။ ။

အဓိပ္ပါယ် ဒီ ရုပ်နာမ်သဘာဝ သင်္ခါရတရားတွေဟာ မမြင်ရတဲ့ ဆီက ပေါ်လာကြပီး, မမြင်ရတဲ့ဆီကိုဘဲ ပျောက် ပျက်ပီးသွားကြဒါဘဲ၊ ဥပမာဆိုရင် မိုးအခါ ကောင်းကင်မှာ လျှပ်စီး ပြက်သလို ဖြစ်လာ ပျက်သွား, ဖြစ်လာ ပျက်သွားနဲ့ အမြဲတစေ ဖြစ်ပီး ပျက်နေကြဒါဘဲ ရှိတယ်" လို့ ဆိုလိုတဲ့ အဓိပ္ပါယ်ဘဲ၊ ရှင်းရဲ့လား ?။

ဥပမာ, ဒကာတယောက်က ထမင်း စားချင်တယ်လို့ ဆိုတော့ စားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ စားမလို့ ထမင်းခွက်လှမ်းပီး ယူလိုက်တော့ စားချင်စိတ်ကလေး ချုပ်သွားဘီ၊ လှမ်းစိတ်ကလေး ပေါ်လာတယ်၊ အဲဒီတော့ စားချင်စိတ်က စားရပါရဲ့လား ?၊ မစား ရဘူး၊ဘာ့ကြောင့်တုံး ? ဒီ စိတ်ကလေးက ဖြစ်ပီးပျက်သွားလို့ဘဲ၊

ရှင်းရဲ့လား ?၊ အဲဒီတော့ စားချင်တဲ့ ဒကာတယောက်ဟာ ဒုက္ခ နှစ်ခုနဲ့ ဆုံးရှုံးရဒါဘဲ၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ နှစ်ခုနဲ့ ဆုံးရှုံးရရှာတယ် ဆိုရင် မမှားဘူး။

စားချင်ဒါက တဏှာ၊ စဲလမ်းဒါက ဥပါဒါန်၊ စဲလမ်းတဲ့ ဒကာ ဟာလဲ ဒီဒုက္ခနှစ်ခုနဲ့ ဆုံးရှုံးရမှာဘဲ၊ ရိပ်မိကြပလား ?၊ ကမ္မဘဝနဲ့ အားထုတ်သူဟာ ထို့အတူ ဆုံးရှုံးရမှာဘဲ၊ ဒီတော့ လာသမျှ ဟာ အားလုံးဒုက္ခချည့်ဘဲ ဆိုဒါ မဂ်က သိနေရမယ်၊ ဖြစ်တိုင်း ပျက် တိုင်း နောက်က ရှုညာဏ်လိုက်ရင် မဂ်ပေါ်ဒါဘဲ၊အဲဒီ ပဉ္စဂိုက မဂ်က သိနေတော့ဒါဘဲ၊ သဘောပါကြပလား ?။

အဲဒီမဂ်က အရှုအမြင် ရင့်သန်လာတော့ သုခ, မပါဘူး ဆိုဒါကို သိမြင်လာတယ်၊ အဲဒီလို သိမြင်ဒါဟာ ဒုက္ခကို ပိုင်းခြားတဲ့ ညာဏ်ဘဲ ဆိုဒါ မှတ်ကြ၊ ရှေက ဖြစ်ဒုက္ခ, ပျက်ဒုက္ခ၊ နောက်က ညာဏ်က ဒုက္ခ ချည်ဘဲလို့ ပိုင်းခြားနေတယ်၊ ညာဏ်အမြင် ရင့်သထက် ရင့်သန်လာ တော့ ခန္ဓာတခုလုံး ပေါ်သမျှဟာ ဒုက္ခချည့်ဘဲဆိုပီး ပိုင်းခြား လိုက်တယ်၊ အဲဒီအခါမှာ ဒုက္ခတွေအားလုံး ဖျပ်ကနဲဆို ချုပ်ဆုံးသွား တော့ဒါဘဲ၊ ဒကာ,ဒကာမတွေ သဘောပါကြရဲ့လား ?၊ အဲဒီမှာ....

ချုပ်ဆုံးသွားတဲ့ ရုပ်နာမ်ဖြစ်ပျက်တွေက ဒုက္ခသစ္စာ။
ချုပ်ဆုံးသွားဒါ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ။
ချုပ်ဆုံးသွားတဲ့နေရာမှာ ပေါ်လာဒါက နိရောဓသစ္စာ။
နောက်လာမယ့် အကြောင်းတရားတွေ
သေဒါက သမုဒယသစ္စာ။

ဒကာ, ဒကာမတွေ . ရှင်းကြရဲ့လား ?၊ ဒုက္ခသစ္စာတခုထဲကို ပိုင်းခြားနေဒါနဲ့ သစ္စာလေးချက် တပြိုင်နက် ကိစ္စပြီးစီးတယ်ဆိုဒါ မှတ်ကြ၊ ဒီတော့ ဒုက္ခသစ္စာ ပိုင်းခြားမှု အလုပ်တခုထဲ ကိုဖြင့် ကြိုးစားလုပ်မှဘဲလို့ ဆုံးဖြတ်ချက်ချကြ၊ တခုထဲကိုမှ မလုပ်ချင်ရင် ဒကာတို့ဟာ သူညဘဲကျန်တယ်၊ ဒီတော့ ဒီအလုပ်တခုထဲမှ မလုပ် သူဆိုရင် " ဖိုးသူည " ဘဲ ဆိုသင့် မဆိုသင့် ဝေဘန်ကြ၊ ရိပ်မိပလား?။

အဲဒါနဲ့ ရှင်ဆန္ဒအကြောင်း နဲနဲဆက်ပြောရအုံးမယ်၊ ရှင်ဆန္ဒကို အရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ် ခန္ဓာဖြစ်စဉ်တွေ ရှင်းလင်းဟောပြ ပေးပီးတော့ ဆက်လက်မေးပြန်တယ်၊ ခန္ဓာဖြစ်စဉ် အစ, အလယ်, အဆုံး လှုံပီး မေးမြန်းစီစစ်တယ်ဆိုဒါ မှတ်ရမယ်။

" ငါ့ရှင်ဆန္ဒ.....ဒီခန္ဓာဖြစ်ပေါ်တဲ့ ရုပ်အစု, နာမ်အစု ဖြစ်မှု ပျက်မှုထဲမှာ ငါဆိုဒါ ငါ့စ္စာဆိုစရာများ ရှိသေးသလား "

" မရှိပါဘုရား "၊ ဒီလိုမရှိဘူးသိတော့ ဒီဋ္ဌိပြုတ်သွားဘီလို့မှတ်။

" ဒါဖြင့် ဒီ - ပဋိစ္စသမုပ္ပါဒ် ရုပ်နာမ်အစု ဖြစ်မှု, ပျက်မှုတွေ အပေါ်မှာ ယောကျ်ားဘဲ, မိန်းမဘဲ, ပုဂ္ဂိုလ်သတ္တဝါဘဲဆိုတဲ့ သံသယ မျိုးကော ရှိသေးသလား ?။ "

" မရှိတော့ပါဘုရား "၊ ဒီလိုသိမြင်တော့ ဝိစိကိစ္ဆာ စင်သွား ဘီလို့မှတ်။

ဒကာ, ဒကာမတို့ သူ့ ဥာဏ်ထဲမှာ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာမှ တပါး ဘာမှ မရှိပါဘူးလို့ ဖြေဆိုလိုက်တယ်၊ အဲဒီတော့မှ တိုက္ကဝိစိ ကိစ္ဆော၊ ယုံမှားခြင်းကို လွန်မြောက်သည်။ ဝိဂတ ကထံကထော၊ သို့လော သို့လော တွေးတော ယုံမှားခြင်းမှ ကင်းသည်။ ဝေသာရဇ္ဇပ္ပတ္တော၊ဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ရောက်သည်။ အပရပ္ပစ္စယော၊ ဘုရားသာသနာတော်မှတပါး အားထားကိုးစားရာ မရှိသည် စတဲ့ အင်္ဂါရပ်တွေနဲ့ ပြည့်စုံသွားတော့တယ်။

ဒကာ, ဒကာမတွေ ရိပ်မိကြရဲ့လား ?၊ ရှင်ဆန္ဒက ဒီလို မြင်တဲ့ ဥာဏ်အမြင်ဟာ သူများပြော မဟုတ်ဘူးတဲ့၊ သန္ဒိဋ္ဌိကော လို့ ဆိုတဲ့ အတိုင်း ကိုယ်တိုင် ကိုယ်ကျ မြင်တဲ့ အမြင်ပါဘဲလို့ ဖြေလိုက်တယ် ဆိုဒါ ရှင်းကြပလား ?၊ အဲဒါကြောင့် ဒကာ,ဒကာမတွေ ကိုယ်တိုင် ဥာဏ်နဲ့ မြင်အောင် ကြိုးစားလိုက်ကြ၊ ကိုယ်တိုင်မြင် ဖြစ်အောင် အားထုတ်ကြ၊ အားထုတ်လို့ ကိုယ်တိုင်မြင်ရင် သောတာပန် အမြင်ဘဲ ဆိုဒါ ဆုံးဖြတ်ချက် ချလိုက်တော့၊ သဘောပါပလား ?။

ကိုင်း....ယနေ့ ဒီတွင်ဘဲ တော်ကြအုံး၊ နာရီစေ့ဘီ။

ဧမ္ဘရတနာ မဘတိကာ

"ဖြစ်ဆဲပဋိစ္စတ် တွေးညာဏ်ချပ် တရားတော်"

ဆောင်ပုဒ်

မနောဒ္ဒါရ၊ တွေးလုံးက၊ ပဋိစ္စအာဒိစက်။
မနောကြံတွေး၊ စိတ်မအေး၊ ပူရေးဒေါသယှက်။
ဒေါသနောက်မှာ၊ စိုးရိမ်လာ၊ သောကာဝင်နှိပ်စက်။
ပဋိစ္စနာမ်ရုပ်၊ ဖြစ်ကာချုပ်၊ မဟုတ် သူ့ငါ့သက်။
တခုချုပ်သော်၊ တခုပေါ်၊ ဘယ်သော်စဉ်မပျက်။
ငါ့သူ့စဲလျှင်၊ ဒိဋ္ဌိဝင်၊ သေလျှင်ပါယ်နရက်။
ဓမ္မပေါ် တိုင်း၊ ညာဏ်ဖြတ်ပိုင်း၊ မဆိုင်းရှုဘို့တွက်။
ရှုကြည့်ညာဏ်မြင်၊ ဒိဋ္ဌိစင်၊ အေးခွင်သောတာမင်။ ။

သတိချပ်

ဘုရားမြတ်စွာ၊ ကိုယ်ခန္ဓာ၊ ကြည့်ကာဖြစ်ပျက်သိ။
ဖြစ်ပျက်မြင်မုန်း၊ ဖြစ်ပျက်ဆုံး၊ ထင်ဒဋ္ဌဘုန်းမာရဇိ။
ကိုယ်ညာဏ်ကိုယ်ကိုး၊ အားသစ်ကြိုး၊ တန်ခိုးတုမရှိ။
သူမျှားအကျူ၊ ဘိတ်မယူ၊ ဘုန်းလူမြတ်ခေါင်ထိ။

ရှင်တော်မြတ်ဖျား၊ ဟောခဲ့သား၊ တရားလမ်းအရှိ။
ကိုယ့် ကို ကိုယ်ပင်၊ သနားလျှင်၊ ကိုယ်ပင်အားထုတ်ဘိ။
ကိုယ့် ကိုယ်ကိုသာ၊ ကိုးစားရာ၊ ဥာဏ်ဝါစွဲသတိ။ ။

တရားသဘ ဒကာ, ဒကာမတို့ ဒုက္ခကြောက်သူ, ဆင်းရဲမကြိုက်သူ မှန်သမျှ မိမိ ခန္ဓာမှာ ရှိတဲ့ အနိစ္စကို ဆရာပြတဲ့ အတိုင်း မြင်အောင် ကြည့်ကြရမယ်ဆိုဒါ ပြောလိုက်တယ်၊ ဒီ ခန္ဓာမှာ အမှန်အရှိ ဖြစ်တဲ့ အနိစ္စကို ဆရာပြောတဲ့အတိုင်း မြင်အောင် ကြည့်ရင် ဒုက္ခခပ်သိမ်း အကုန်ငြိမ်းတဲ့ နိဗ္ဗာန်ကို ဧကန်ရောက်မယ်၊ ဆုတောင်းဘို့ မလိုဘူးဆိုဒါ မှတ်လိုက်ကြတော့။

ဆရာ ဘုန်းကြီး ညွှန်ပြတဲ့အတိုင်းသာ လိုက်နာကြရင်၊ ဆုတောင်းစရာမလိုဘူး၊ ခိုင်းတဲ့အတိုင်းသာလုပ်၊ ဆုတောင်းတော့ ဖြုတ်ကြလို့ သတိပေးလိုက်တယ်၊ ရှင်းပလား ?၊ ဥပမာ, ခန္ဓာထဲ ကြည့်တော့ ကိုယ့် ဥာဏ် ရှေနှားမှာ ဝေဒနာကလေး ဖြစ်ပီး ပျက်သွားဒါ မြင်လိုက်ရင် မဂ္ဂင်ခန္ဓာထဲ ရောက်တာဘဲ၊ မဂ်ဆိုဒါ မြင်စရာ အာရုံနဲ့ ရှုလုံးနဲ့ တဲ့ရင် မဂ်ဖြစ်တာဘဲ၊ အရှုခံအာရုံနဲ့ ရှုဥာဏ်နဲ့ တဲ့ရင် မဂ်ဝမ်းထဲရောက်တာဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား ?။

ဒကာ, ဒကာမတို့ မဂ်ဝမ်းထဲရောက်အောင်, အရှုခံနဲ့ ရှုဥာဏ်တဲ့အောင် လုပ်ဘို့ဆိုတော့ ကိုယ့် သန္တာန်မှာ ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် အရေးကြီးတယ်ဆိုဒါ မှတ်ကြ၊ ကြည့်ရမှာက ကိုယ့်သန္တာန်မှာ ဖြစ်တဲ့ ဖြစ်စဉ်ကို ကြည့်ရမှာ၊ ဒါ့ကြောင့် အရေးကြီးတယ်လို့ ပြော

ဒါ၊ကြည့်တော့ ခုပေါ်ဒါ ခုမရှိဘူးဆိုတဲ့ သဘောအမှန်ကိုသိရမယ်၊ ပဌမဟာ ဖြစ်ပီး ပျက်သွား၊ဒုတိယဟာလဲ ဖြစ်ပီး,ပျက်သွား၊တတိယ ဟာလာလဲ ဖြစ်ပီး ပျက်သွား၊ လာသမျှကိုသိရမယ်၊ ရှင်းပလား ?။

ဒီလိုသိတော့ ဘာအကျိုးရှိသလဲ ? ဆိုတော့၊ ကိုယ့်သန္တာန် ဖြစ်တဲ့ ဖြစ်စဉ်ကို ကိုယ့်ဉာဏ်နဲ့ ဖြတ်တာဘဲ၊ ကိုယ့် ပဋိစ္စသမုပ္ပါဒ်, ဒုက္ခစက်ကို ကိုယ့်ဉာဏ်နဲ့ ဖြတ်လိုက်တာဘဲ ဆိုဒါ မှတ်ကြ၊ သဘောပါကြပလား ?၊ ဒီတော့ ဒကာ,ဒကာမတွေ ကိုယ့်ဒုက္ခစက် ကို ကိုယ်တိုင်ဖြတ်နိုင်အောင် ကြိုးစားရမယ်၊ မပြတ်, ပြတ်အောင် ဖြတ်တော့မယ်လို့သာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ သဘောပါ ရဲ့လား ?။

ဘုရားဟာ သူ့ပဋိစ္စသမုပ္ပါဒ်ကို သူမျှားဖြတ်ပေးလို့ ဘုရား ဖြစ်တာလား ?၊ သူမျှားက ဖြတ်ပေးဒါလား ?၊ ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်တို့က ဖြတ်ပေးဒါလား ?၊ မဟုတ်ပါဘူး၊ သူ့ ခန္ဓာပဋိစ္စသမုပ္ပါဒ် သူ့ဉာဏ်နဲ့ဖြတ်လို့ ဘုရားဖြစ်လာဒါဘဲ၊သူ့ပဋိစ္စ သမုပ္ပါဒ်ကို သူ့ကိုယ်ပိုင်ဉာဏ်နဲ့ ဖြတ်လို့ ပြတ်တာဘဲ ဆိုဒါ ရိပ်မိကြရဲ့လား ?။

ဒါကြောင့် ဒကာ,ဒကာမတွေ ကိုယ့်ဉာဏ်,ကိုယ် အားကိုးကြ ပါလို့ အထူး သတိပေးလိုက်ပါတယ်၊ ကိုယ့်ဉာဏ် ကိုယ်အားကိုးပီး, ကိုယ့်သန္တာန်မှာ တန်းတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်ရမယ်၊ ကိုယ့် သံသရာ ကိုယ်ဖြတ်ရမယ်ဆိုဒါမှတ်ကြ၊ သူမျှားနဲ့ မဆိုင်ဘူး၊ သူမျှား

ဖြတ်ပေးလို့မရဘူး၊ ကိုယ့် သံသရာကို ကိုယ့် ဉာဏ်နဲ့ သာဖြတ်ရမှာ၊ ကိုယ့်အရေးကို ကိုယ်ကြီးကြ၊ သဘောပါကြပလား ‘။

ကိုယ့် သန္တာန်မှာ အခု ပေါ်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ကို အခု ဉာဏ်နဲ့ ဖြတ်ရင် အခုသောတာပန် တည်ဒါဘဲ၊ ရှင်းပလား ?၊ ဘာမှ သံသယမရှိကြနဲ့ ၊ ကိုယ်တိုင်လုပ်ရင် ကိုယ်ပိုင်ရမယ်ဆိုဒါ ပြောလို့ပါတယ်၊ ဒီ အဓိပ္ပါယ် စကားတွေကို အရမ်းပြောနေဒါ မဟုတ်ဘူး၊ ဘုရားပါဠိတော်တွေကို ကျမ်းညှိပီး တိတိကျကျ ပြောပြနေတယ် ဆိုတဲ့အချက် အလေးအနက် မှတ်ယူပီး လိုက်နာကြ။

ဒါ့ကြောင့်, ကိုယ့် ခန္ဓာအစဉ် ရှေပိုင်းက ဒုက္ခကို၊ နောက်က မဂ်နဲ့ ဖြတ်ရမယ်၊ ရှေက ဒုက္ခကို နောက်မဂ်နဲ့ ဖြတ်နိုင်ရင် အေးဒါဘဲ၊ ဒကာ,ဒကာမတို့အဘို့ရာ အခုအနေမှာ ညှန်ပြနိုင်တဲ့ ညှန်ပြပေးမယ့် ဆရာသမားနဲ့ တွေ့ရကြုံရဒါမို့ ဘာမှ အားမငယ်နဲ့တော့၊ နောက်က ဖြောင့်ဖြောင့်မတဲ့မတ်သာ လိုက်မယ်ဆိုတဲ့ စိတ်ကို ထားကြ၊ သဘောပါကြရဲ့လား ?။

ကိုယ့် စိတ် အစဉ်တန်းဒါ ကမ်မရောက်စေဘို့ အရေးကြီးတယ်ဆိုဒါ မှတ်ကြ၊ စိတ်အစဉ်ပေါ်လာရင် ကမ်ရောက်အောင် မတန်းစေနဲ့! ကမ်မရောက်ခင်မှာ ပြတ်အောင် ဉာဏ်နဲ့ ဖြတ်ရမယ်၊ ရှင်းပလား ?၊ ဘုရားရဟန္တာတွေဟာ ဒီလိုဖြတ်လို့ ပြတ်ရဒါဘဲ၊ သဘောပါကြရဲ့လား ?၊ ဒကာတို့က လုပ်တတ်ကြတယ်၊ ဒါနအစ,

သီလအလယ်, ဘာဝနာနောက်ဆုံးတဲ့၊ အဲဒီလိုသာ လုပ်နေရင် ဂွကျမယ် ဆိုဒါ မှတ်ကြ၊

ဒ:ကာ,ဒကာမတို့ ရွေးမူအမှားတွေကို ဖျောက်ပစ်ကြ၊ ဒါနအစ, သီလအလယ် ဆိုပီး ဒီကြားထဲ သေသွားရင် ကိုယ်ကျိုး မနဲပေဘူးလား ?၊ သေမင်းနဲ့ များ ကတိစာချုပ် လုပ်ထားဒါ ရှိနေကြလို့လား ?၊ သူများစကား နားမယောင်ကြနဲ့၊ ကိုယ်ကျိုးနဲ့ မကြုံချင်ရင် အခုစိတ်ကူးပေါ်ရင် အခုလုပ်ကြ၊ အခု ရွေစိတ်ကို နောက်စိတ်မဂ်ဉာဏ်နဲ့ လိုက်ပေးကြ၊ ရွေဖြစ်ပျက်ဒုက္ခကို နောက်ဉာဏ် မဂ်ကဖြတ်ပေးကြ၊ ရိပ်မိကြပလား ?။

ဒကာ, ဒကာမတို့ မနေ့က ပြောခဲ့တဲ့ ဘုရားဖွါးဘက်တော် ရှင်ဆန္ဒဟာ ဝိပဿနာရှုဒါ အနှစ် ၄၀, ကျော် ကြာပေမဲ့ ဘာမှ မဖြစ်တာဟာ ဒိဋ္ဌိမကွာလို့ ဘဲဆိုတဲ့ အချက်ကို မှတ်မိကြဘီ၊ အဲဒီတော့ ဝိပဿနာ ရှုမယ့်ကြံရင်, ဒိဋ္ဌိအရင်ခွါရမယ်၊ ဒိဋ္ဌိခွါမယ့် ကြံတော့လဲ ကိုယ့် ခန္ဓာပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သိထားရမယ် ဆိုဒါ ပြောခဲ့ပီးဘီ၊ မှတ်မိကြရဲ့လား ?၊ အဲဒီလို အစဉ်မှန်မှသာ ဝိပဿနာလုပ်လို့ ဖြစ်မယ်၊ ဒီအစဉ်မမှန်ရင် နိဗ္ဗာန်မရနိုင်ဘူး ဆိုဒါ မြဲမြဲမှတ်ထားကြ။

ဒီနေရာမှာ ဒကာ, ဒကာမတွေအတွက် ပဋိစ္စသမုပ္ပါဒ်ကို ရှင်းလင်းပြောပြမယ်၊ တရားနာ အသစ်တွေကလဲပါ၊ နာပီးသားတွေအတွက်လဲ ပိုပီးရှင်းလင်းသွားအောင် ကြိုးစားပီးနာယူကြ၊ ဥပမာ၊

အခုတရားနာနေရင်းက အိမ်ပြန်ပီး စဉ်းစားလိုက်တယ် ဆိုပါတော့ “ တံခါးပိတ်ခဲ့မိရဲ့လား၊ ကလေးတွေကော အိပ်မှ အိပ်ပမလား ?၊ နေမှ ကောင်းပါ့မလား ?” ဆိုပီး, စဉ်းစားစိတ်ကလေး ပေါ်လာ-တယ် ဆိုကြစို့၊အဲဒါ အိမ်တွေးစိတ်ကလေး ပေါ်ဒါဘဲလို့ မှတ်ကြ။

ဒီစိတ်ကလေးပေါ်ဒါဟာ ပဋိစ္စသမုပ္ပါဒ် အလိုဆိုရင်, အစ ပေါ်လာဒါဘဲလို့ မှတ်လိုက်ကြ၊ တွေးလုံးအစဟာ ပဋိစ္စသမုပ္ပါဒ် အစဘဲ ဆိုဒါ မှတ်ထားကြ၊ ရှင်းရဲ့လား ?၊ ဒီတွေးလုံးဟာ ဝိညာဏ်ဘဲ၊ ဒီ ဝိညာဏ်က မနောမှာ ပေါ်လို့ မနောဝိညာဏ် ဆိုဒါမှတ်ကြ၊ ဒီလိုတွေးမိတော့ ဘာဖြစ်သလဲ ?၊ စိတ်မချဒါ လာတယ်၊ဒီ စိတ်မချဒါဟာ ဒေါသကလေးဘဲ၊ စိတ်မချနိုင်တဲ့ ဒေါသလေးဟာ ဟဒယဝတ္ထုမှာ ပေါ်လာတယ်၊ ရိပ်မိပလား ?

ဒီ စိတ်မချမှုလေးဟာ တွေးလုံးနောက်က တွေးလုံးချုပ်ပီးမှ ပေါ်လာဒါဘဲ၊ တွေးလုံးချုပ်တော့ စိတ်မချမှုပေါ်၊ စိတ်မချမှု ချုပ်ပြန်တော့ နောက်က စိုးရိမ်မှု သောက လာတယ်၊ စိတ်မချမှု ဒေါသ ချုပ်ပီးမှ သောကလာဒါ၊ရှင်းကြရဲ့လား ?၊ ဒါဟာ ဒကာ, ဒကာမ တွေရဲ့ ဖြစ်စဉ်ဘဲ၊ ဘယ်သူ့ ဖြစ်စဉ်မှမဟုတ်ဘူး၊ စိုးရိမ်မှု နောက်က မျက်ရေလယ်လာရင် အဲဒါ ဒုက္ခ, ဒေါမနဿ, သောက, ပရိဒေဝတွေ လိုက်လာတော့ဒါဘဲ၊ သဘောပါပလား ?။

ပဌမ တွေးလုံး၊ နောက်,စိတ်မချမှု၊ နောက်,စိုးရိမ်မှု၊ နောက်, မျက်ရေလယ်၊ တခုချုပ်တော့ တခုလာဒါဘဲ၊ ရှင်းကြရဲ့လား ?။

ဒါဘွဲ့ဟာ ဘာတွေ့လဲ ? လို့ မေးရင် ပြောတတ်ကြပလား ?၊ ဒကာတို့သန္တာန်မှာ အခု ပေါ်လာတဲ့ စိတ်အစဉ်တွေ့ဘဲ၊ ဒီတော့ ဒီထဲမှာ ပုဂ္ဂိုလ်သတ္တ၊ မပါဘူး၊ ငါလဲမပါ, သူလဲ မပါပါဘူး၊ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်တန်းဘဲ၊ ယောကျ်ားလဲ မပါ, မိန်းမလဲ မပါပါဘူး၊ ဒကာ,ဒကာမတွေ့ ရှင်းကြရဲ့လား ?။

ဒကာ, ဒကာမတို့ အခု တွေးလုံးကလေးက ပဋိစ္စသမုပ္ပါဒ် စ,လိုက်တာ ရိပ်မိကြပလား ?၊ ဒီအပေါ်မှာ ဉာဏ်အုပ်နိုင်ရင် အုပ်နိုင်၊ မအုပ်နိုင်ရင် ဒီအထဲမှာ ဒိဋ္ဌသုံးမျိုး ကိန်းတယ်ဆိုဒါ မှတ်ကြ၊ တွေးဒါငါဘဲ၊ ငါတွေးဒါ,ငါဒေါသဖြစ်တာဘဲတဲ့၊ အဲဒါ သက္ကာယဝင်ဒါဘဲ၊ ရိပ်မိပလား ?၊ သက္ကာယဝင်ဒါဟာ ဒီအစဉ်တခုချုပ် တခုဖြစ်တာကို သတိမထားမိလို့ဖြစ်ရဒါဘဲ၊ ဒီအစဉ်ဖြစ်တာ ဉာဏ်ထဲမှာ မသိလိုက်လို့ ဖြစ်တာဘဲ။

ပဌမပေါ်လာဒါ ဓမ္မကလေးဘဲ၊ ဒုတိယပေါ်ဒါလဲ ဓမ္မ၊ တတိယဟာလဲ ဓမ္မ၊ စတုတ္ထလဲ ဓမ္မဘဲ၊ ဓမ္မတခု ပေါ်ပီးချုပ်လိုက်၊ နောက်တခု ပေါ်လိုက်၊ တခုချုပ်လိုက် တခုပေါ်လာလိုက်၊ ချုပ်တာက အကြောင်း၊ ပေါ်ဒါက အကျိုး၊ ရှေ့ကအကြောင်း,နောက်ကအကျိုး၊ ဒီလို အကြောင်းအကျိုးဆက်နေဒါဘဲရှိတယ်၊ ဒါကိုသိရင်,အကြောင်းအကျိုးသိလို့ ငါမပါဘူး, သူမပါဘူး၊ယောကျ်ား, မိန်းမလဲ မပါဘူး၊ ဓမ္မတွေ့လှည့်နေဒါဘဲလို့သိတယ်၊ ဒီလိုသိတော့ သက္ကာယချုပ်တယ်၊ ရှင်းပလား ?။

ဘာ့ကြောင့် သက္ကာယပြုတ်သလဲ ? ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်နားလယ်လို့ သက္ကာယပြုတ်တာဘဲ၊ ဒါကို ဥာဏ်နဲ့ မြင်ရင် ငါဆိုဒါ အစကထဲက မပါဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ချနိုင်တယ်၊ ရိပ်မိရဲ့လား?၊ မိမိသန္တာန် တနေကုန်လှုံ့ပတ်နေဒါ ဒါမျိုးချည့် လှုံ့ပတ်နေဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ဘုရားဟောဒါ အမှန်ထား၊ ဘုရားစကား ယူပြောဒါမို့ ဘုန်းကြီးပြောဒါ အမှန်ထား၊ ဒကာတို့အထင်တွေ တခုမှမမှန်လို့ အကုန်ဖြုတ်ပစ်ကြရမယ် သဘောပါရဲ့လား ?။

ဒကာ,ဒကာမတွေ အထင်က ငါ, ဒေါသဖြစ်တာ၊ ငါ, သောက ဖြစ်တာတဲ့၊ မရှိဒါ မမှန်ဒါ အမှန်, အရှိထင်နေကြဒါပါ။ ဘုရားရှင်က အတိတ်ကိုဆောင်ပီး ဟောတဲ့အခါ " ဘယ်သူဟာဖြင့် ဘယ်ဘုံ ဘယ်ဘဝ ရောက်လေရဲ့ " နဲ့ ဟောတော်မူဒါဟာ ပါရမီနဲ့သူအ တွက် သူနဲ့လျော်ကန်ဒါ အကျိုးသက်ရာ ဟောရဒါဘဲ၊ ထက်မြက်တဲ့ သူကျတော့ ဒီဓမ္မတွေကိုဘဲ ဟောပြတော်မူဒါဘဲဆိုဒါ မှတ်ကြ၊ ရိပ်မိကြပလား?။

ဒါတွေ နောက်ဆက်မှာ ဘာတွေပါလိမ့်မတုံး ? မတွေးနဲ့တော့၊ အခုလဲ ဓမ္မတွေဘဲ၊ နောက်လဲ ဓမ္မတွေ ဆက်မှာဘဲ၊ ဒီထဲမှာ ငါ, မပါ,ပါဘူး၊ ဓမ္မတွေဆက်ပီး လှည့်ပတ်ဖြစ်နေဒါဘဲရှိတယ်၊ ဓမ္မအစဉ် ဟာ ဘယ်အခါမှ မပြတ်ဘူး၊ အိပ်ပျော်နေဒါလဲ ဘဝင်စိတ်တွေ အစဉ်အတိုင်းဖြစ်နေတဲ့ ဓမ္မတွေဘဲ၊ အိပ်ရာကနိုးတော့လဲ နိုးစိတ် ပေါ် နိုးစိတ်ကလဲ ဓမ္မဘဲ၊ ပုဂ္ဂိုလ်မပါ၊သတ္တဝမပါ၊သူ,ငါ မပါ, ပါဘူး၊ သဘောပါရဲ့လား ?။

တွေးတော့ တွေးစိတ်ပေါ်၊ သူလဲ ဓမ္မဘဲ၊ ပုဂ္ဂိုလ်, သတ္တ၀ မပါဘူး၊ဒါတွေကို သိကြရမယ်၊ သိရင် သက္ကာယပြုတ်ပီ၊ ရှင်းကြ ရဲ့လား ?၊ အသက်ရှင်နေတုံးလဲ ဒီဓမ္မအစဉ်တွေ လှည့်ပတ်နေဒါဘဲ၊ သေတော့လဲ စုတိဓမ္မ၊ တဖန် ပဋိသန္ဓေနေပြန်တော့ ပဋိသန္ဓေ ဝိညာဏ် ဓမ္မတွေ၊ ဘယ် အခါမဆို နိဗ္ဗာန်မရောက်သေးသမျှ ဒီဓမ္မ အစဉ်တွေဘဲ လှည့်ပတ်ီး, ဖြစ်လိုက် ပျက်လိုက် နေရမှာဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိပလား ?။

ဒီဘ၀က ဟိုဘ၀ဖြစ်တယ်ဆိုဒါ စုတိပီး ပဋိသန္ဓေစိတ် အစား ထိုးပီး တန်းဒါဘဲရှိ ဘယ်၊ ပုဂ္ဂိုလ်, သတ္တ၀ သူ၁းဒါ မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်သတ္တ၀သူ၁းတယ်ဆိုရင် နဂိုကမှ မရှိတဲ့ဟာ သူ၁းတယ်ဆိုဒါ မဖြစ်နိုင်ဘူးလို့မှတ်ကြ၊ ခန္ဓာ့အစဉ်တွေမှာ ဓမ္မမှတပါး ဘာမှမရှိ၊ ဓမ္မစက်ကြီး လယ်ဒါဘဲရှိတယ်၊ ရိပ်မိကြရဲ့လား ?၊ သံသရာလယ် တယ်, လယ်တယ်နဲ့ ပြောကြဒါဟာ သံသရာလယ်ဒါ ပုဂ္ဂိုလ်ရယ်လို့ မရှိပါဘူး၊ သံသရာဆိုဒါ ဓမ္မတွေလှ့ဲနေဒါဘဲလို့သာ မှတ်ကြ။

ဘုရားဟောတော်မူတဲ့ တရားတွေမှာ ဉာဏ်နှုသူဟောတဲ့နည်းက တမျိုး၊ဉာဏ်ထက်သူ ဟောတဲ့နည်းကတမျိုး၊ ခဲခြားပီး ဟောတော် မူတယ်ဆိုဒါ မှတ်ရမယ်၊ ပုဂ္ဂိုလ်အမည်, သတ္တ၀အမည် ကပ်ပီး ဟောဒါဟာ ဉာဏ်နုနဲ့သူ ဉာဏ်နုသူ ဟောဒါဘဲလို့ မှတ်ရမယ်၊ ဉာဏ်ရင့်သူ ဉာဏ်ထက်သူကျတော့ ဓမ္မအစဉ်နဲ့ ဟောတော်မူဒါ ချည့်ဘဲ၊ ဒကာ, ဒကာမတွေ သဘောပါရဲ့လား ?။

ဓမ္မနဲ့ဟောတော့ သက္ကာယပြုတ်တယ်၊ ပုဂ္ဂိုလ်အမည်နဲ့ဟောတော့ သက္ကာယဝင်ကပ်တယ်ဆိုဒါ မှတ်ကြ၊ ပုဂ္ဂလ ပုဂ္ဂိုလ်ဆိုဒါက သမုတ်မှန်၊ ဓမ္မကမှ ရှိမှန်၊ ပုဂ္ဂိုလ်, သတ္တဝါဆိုဒါ သမုတ်ထားလို့ အမှန်ခေါ်ရဒါ၊ တကယ်ရှိဒါမဟုတ်ဘူး၊ ဓမ္မကမှ တကယ်အဟုတ်ရှိဒါမို့ ရှိမှန်, မှန်ဒါဘဲ၊ မရှိမှန်နဲ့ ရှိမှန်၊ သမ္မုတိနဲ့ ပရမတ္ထန္နစ်မျိုးကို ခွဲခြားပီး မှတ်ယူရမယ်၊ သမ္မုတိနဲ့ ပရမတ္ထ ခွဲခြားမယူတတ်ရင် ဒုက္ခရောက်ဘို့သာ ပြင်ထားကြ၊ ရှင်းပလား ?။

ဓမ္မအစဉ် ဉာဏ်နဲ့ မြင်ရင် သက္ကာယပြုတ်တယ်၊ သက္ကာယပြုတ်ရင် သဿတနဲ့ ဥစ္ဆေဒပါ ပြုတ်တော့ဒါဘဲ၊ ဒီတော့ ဒီအသိဉာဏ်ကလေးဟာ သာမညမဟုတ်ပါဘူး၊ ဒီဉာဏ်ရရင် အပါယ်တံခါးပိတ်ပီလို့သာ မှတ်လိုက်ကြ၊ သေးသေးသိမ်သိမ်လို့မျှား မအောက်မေ့လိုက်ကြနဲ့၊ဒီဉာဏ်ရတဲ့အခွင့်အရေးဟာ နဲတဲ့အခွင့်အရေးမဟုတ်ပါဘူး၊ ဒါကြောင့် ဒကာ, ဒကာမတို့ အခွင့်သင့်တုန်းမှာ ရအောင်ကြိုးစားယူလိုက်ကြ။

တွေးမှုကြောင့် ဆွေးမှုလာတယ်၊ ဆွေးမှုလာတော့ တွေးမှုချုပ်တာဘဲ၊ ဒါကို ဉာဏ်နဲ့သိအောင် ကြည့်ရမယ်၊ ဉာဏ်နဲ့ကြည့်တော့ တွေးမှုမရှိဒါသိရမယ်၊တွေးမှု မရှိဒါသိရတော့ ခိုင်တယ်, မြဲတယ်လို့ မယူတော့ဘူး၊ မယူရင် သဿတစင်ဘီ၊ ဒကာ,ဒကာမတို့ အပါယ်ကျတယ်ဆိုဒါ ဒီ့ပြင်ဟာကြောင့် ကျရဒါမဟုတ်ဘူး၊ ဒီ ဒိဋ္ဌိတွေကြောင့် ကျရဒါဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?။

တွေးလုံးရှိလို့ ဆွေးလုံးပေါ်ဒါ၊ တွေးလုံးမရှိရင် ဆွေးလုံးမလာဘူး၊ အတွေးကြောင့်သာ အဆွေးပေါ်ဒါဘဲလို့ သိရမယ်၊ ဒီလိုသိဒါ အကြောင်းအကျိုးဆက်တာ သိရဒါဘဲ၊ ဒီလိုသိရင် ဥစ္စာဒ ဒိဋ္ဌစင်ဘီ၊ သဘောပါကြပလား ?၊ ဒကာ, ဒကာမတွေ မှတ်မိကြရဲ့လား ?၊ ပြန်ပီး ပြောရမယ်၊ ရှင်းအောင် မှတ်ထားလိုက်ကြ။

ဓမ္မတွေအဆက်ဆက်လှည့်နေဒါဘဲလို့သိရင် သက္ကာယစင်တယ်၊ အတွေးစိတ်ချုပ်တာသိရင် သဿတစင်တယ်၊ အတွေးချုပ်ပေမဲ့ အဆွေးစိတ်ကျန်တယ်၊ တခုနဲ့တခု အကြောင်းအကျိုး ဆက်နေကြဒါဘဲလို့သိရင် ဥစ္ဆေဒစင်တယ်၊ ဒကာ, ဒကာမတွေ အားလုံးမှတ်မိကြဘီ၊ သက္ကာယဒိဋ္ဌဟာ နှယ်နှယ်ရရမဟုတ်ဘူး၊ သက္ကာယရှိသူမှာ ဒိဋ္ဌသုံးမျိုးလုံးရှိတယ်၊ ဒါကြောင့် သက္ကာယကို အမြန်ဆုံး ဖြုတ်ပစ်ကြလို့ ဘုရားဟောတော်မူဒါဘဲလို့ မှတ်ကြ။

ဒကာ,ဒကာမတို့ ဒီအရေးဟာ သာမညကြီးတဲ့အရေး မဟုတ်ပါလားဆိုဒါ ပေါ်ကြပလား ?၊ သက္ကာယဒိဋ္ဌက ကြီးထွားလာရင် သဿတဘက် ကူးချင်ကူးမယ်၊ ဒါမှမဟုတ် ဥစ္ဆေဒဘက် ကူးချင်ကူးမယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒကာ,ဒကာမတွေ ပြောဆိုတတ်ကြတယ်၊ "အသက်ထွက်သွားဘီ" တဲ့၊ ဝိညာဏ်, လိပ်ပြာကလေးကနတ်ပြေသွားဘီ" တဲ့နဲ့ပြောကြ ဆိုကြဒါဟာ သဿတဒိဋ္ဌအယူဘဲ၊ ရိပ်မိရဲ့လား ?။

ဘုံဘဝ, ပျော်မွေ့တဲ့သူဟာ သဿတရှိတယ်၊ သဿတရှိလို့ ပျော်မွေ့ဒါဘဲ၊ "သေရင်ပီးဒါဘဲ၊ ဘဝပြတ်သွားဒါ အေးဒါဘဲ" လို့

ယူတဲ့သူဟာ ဉစ္ဆေဒ့ဒိဋ္ဌိ ရှိလို့ဘဲ၊ ဉစ္ဆေဒရှိသူက ဘဝကို အရမ်းမုန်း တဲ့သူဘဲဆိုဒါ မှတ်ကြ၊ ဒီသဿတနဲ့ ဉစ္ဆေဒ နှစ်ခုက အရမ်းပျော်ပီး ခင်ဒါနဲ့ အရမ်းမုန်းဒါ နှစ်ဘက်ဆန့်ကျင်တယ်၊ အရမ်းပျော်နဲ့ အရမ်းမုန်းဘဲ၊ သဘောပါကြပလား ?။

ဒကာ,ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်ဟာ ပဌမဆုံးအနေနဲ့ ရှင်းလင်း ဘို့ နားလည်ဘို့ အလွန်အရေးကြီးတယ်ဆိုဒါ ပြောခဲ့ပီးဘီ၊ဒါမရှင်း မလင်းဘဲ နားမလယ်ဘဲနဲ့ ဖြစ်ပျက်ရှုနေရင် ဘာဖြစ်တတ်သလဲ ,၊ ဥပမာ ဖြစ်ပျက်မြင်လို့ "ဖြစ်ပျက်,ဖြစ်ပျက်နဲ့ ဒါဘဲကောင်းတယ် ' လို့ ယူမိရင် ဉစ္ဆေဒဖြစ်တယ်၊ ဖြစ်ပျက်ကောင်းတယ်ယူရင် ဉစ္ဆေဒ ရှိတယ်ဆိုဒါမှတ်၊ ဒီအယူက နိဗ္ဗာန် သဘောမကျနိုင်ဘူး၊ ရိပ်မိ ပလား ?။

ဒကာ,ဒကာမတို့ ရှင်ဆန္ဒက ဝိပဿနာရှုတော့ ဖြစ်ပျက်တွေကို မြင်နေဒါဘဲ၊ ဒါပေမဲ့ သူက ဖြစ်ပျက်ကို မကြိုက်ဘူး၊ ခိုင်မြဲဒါကို ကြိုက်တယ်၊ အဲဒါ သဿတအယူ ရှိနေလို့ဘဲ၊ သဿတရှိသူက ဖြစ်ပျက်မကြိုက်နိုင်ဘူး၊ ခိုင်ဒါမြဲဒါမှ ကြိုက်တာကလား၊အဲဒီတော့ ရှင်ဆန္ဒဟာ အပျက်ကလေးတွေမြင်ပေမဲ့လန့်တယ်၊နောက် ဘာအား ကိုးရမတုံး ,ဆိုဒါ ပေါ်လာတယ်၊ လန့်ဒါက သဿတရှိလို့၊အားကိုး ရှာတာက အတ္တဒိဋ္ဌိရှိနေလို့ဘဲ ရှင်းကြရဲ့လား ,၊

ရှင်ဆန္ဒဟာ ဝိပဿနာရှုတော့ ဓမ္မက ဖြစ်ပျက်ပြပေမဲ့ မဂ်မရ ဘူး၊ မဂ်မရဒါဟာ သဿတက ခံနေလို့ဘဲ၊ ဘာလို့ သဿတက

ခံဒါလဲ ? ဆိုတော့၊ပဋိစ္စသမုပ္ပါဒ် နားမလယ်လို့ဘဲ၊ ရိပ်မိကြပလား ? အဲဒီတော့မှ ရှင်အာနန္ဒာက ဒီ - ဒိဋ္ဌိခွါတဲ့တရားကို ဟောပြပီး ဒီအတိုင်း ရှုပေတော့လို့ ပြောတော့မှ ရှင်ဆန္နဟာ တရားထူးရသွား တော့တယ်ဆိုဒါ မှတ်ကြ။

ဒါကြောင့် ဝိပဿနာ ရှုချင်တဲ့သူဟာ ဒိဋ္ဌိအရင်ခွါပီးမှသာ ရှုရ မယ်၊ဒိဋ္ဌိပြုတ်ပီးမှ ဝိပဿနာရှုကြ ရှင်းပလား ?၊ ရှင်ဆန္နဟာ အနှစ် ၄၀, ကျော်ကြာအောင် အဟောသိကံ ဖြစ်နေရရှာတယ်၊ မဂ်,ဖိုလ် မရခဲ့ဘူး၊ အဲဒါဘာ့ကြောင့်လဲ ?၊ သက္ကာယနဲ့ သဿတရှိနေလို့ဘဲ၊ ရိပ်မိကြပလား ?၊ အခု ဘုန်းကြီးတို့ ဒကာ, ဒကာမတွေအတွက် အရင်လဲ ရှင်းပြခဲ့ဘီ၊ ရှင်းသထက် ရှင်းသွားအောင် ထပ်ပီး ရှင်းပြ အံးမယ်။

ဥပမာ။ ။ တွေးလုံးလေး တခု ပေါ်လာတယ်၊ တွေးတော့ တွေးစိတ်နောက်က ဆွေးလုံးလေး လိုက်လာတယ်၊ တွေးလုံးချုပ်လို့ ဆွေးလုံး အစားထိုးဒါဘဲလို့ မှတ်ကြ၊ နောက်တခါ ဆွေးလုံးနောက်က ပူလုံးလေး လာပြန်တယ်၊ ဆွေးလုံးချုပ်တော့ ပူလုံးအစားထိုးဒါဘဲ၊ ဒီနောက်က မျက်ရေကျတဲ့ ငိုလုံးလာတယ်၊ ပူလုံးချုပ်ပြန်တော့ အစားထိုးလိုက်တာဘဲ၊ ဒကာ,ဒကာမတွေ ရှင်းကြရဲ့လား ?။

ဒီအခုလိုပြောခဲ့တဲ့ တွေးစိတ်, ဆွေးစိတ်, ပူစိတ်, ငိုစိတ်ကလေး တွေဟာ ဘာတွေလဲ ?၊ ဓမ္မသက်သက်တွေဘဲ၊ သူလဲမပါ, ငါလဲမ ဟုတ်၊ ရုပ်နာမ်ဓမ္မ သက်သက်ချည့်ဘဲ၊ ဒီ - ဓမ္မတွေဟာ ဖြစ်လဲဖြစ်

တယ်၊ ပျက်လဲပျက်တယ်၊ ဖြစ်ပျက်ဒုက္ခချည့်ဘဲ၊ ရှေကချုပ်တာလဲ ဒုက္ခ၊ နောက်ကပေါ်လာတာလဲ ဒုက္ခ၊သံသရာတခုလုံးမှာ ဒီဒုက္ခစက်လယ်နေဒါဘဲ ရှိတယ်၊ ဒကာ, ဒကာမတွေ သဘောပါကြပလား ?။

ဒါကြောင့် မတွေးလေနဲ့၊တွေးချင်ရင် အခုပေါ်တဲ့ ခန္ဓဒုပဒ္ဒစ္စသမုပ္ပါဒ်ကို တွေးကြ၊ဘုရားဟောတော်မူဒါဘဲလို့ ပြောလိုက်ပါတယ်၊ ဘုရားက တွေးချင်းတွေးရင် တခြားဟာမတွေးနဲ့၊သစ္စာကို တွေးကြလို့ ဟောတော်မူတယ်၊ သစ္စာဆိုဒါ ခန္ဓဒုပဒ္ဒစ္စသမုပ္ပါဒ် ဒုက္ခသစ္စာကို ဆိုဒါဘဲလို့ မှတ်ကြ၊ ရှင်းပလား ?၊ ဒကာ, ဒကာမတွေက ဒီလိုမဟုတ်ကြဘူး၊ ပုစ္ဆာရှာတွေ့, ဆွေးစရာ ရှာတွေးနဲ့ အေးအေးမနေချင်ကြလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိရဲ့လား၊ ?။

ဒကာ, ဒကာမတွေ့ အေးဒါ, ချမ်းသာဒါ ဘာလို့မကြိုက်ကြဒါလဲဆိုတော့ ဓမ္မဖြစ်စဉ် သဘောမကျလို့၊ မရိပ်မိကြလို့ဘဲဆိုဒါ ထင်ရှားတယ်၊ ဓမ္မဖြစ်စဉ် သဘောမကျတော့ နိဗ္ဗာန်ဆိုဒါ ဘာမှန်းမသိကြဘူး၊ သူများပြောသံကြားနဲ့ဘဲ လမ်းဆုံးနေကြတယ်၊ အဲဒါ ဓမ္မဖြစ်စဉ် သဘောမကျလို့ ဖြစ်ရဒါဘဲဆိုဒါ မှတ်ကြ၊ နိဗ္ဗာန်ဆိုဒါ ဒုက္ခအကုန်ချုပ်တာ ဒုက္ခမရှိဒါဟာ နိဗ္ဗာန်ဘဲ။

နိဗ္ဗာန်ဆိုဒါ တွေးလုံးချုပ်လို့ ဆွေးလုံးချုပ်ရင် နိဗ္ဗာန်ဘဲ၊ ဒီ နိဗ္ဗာန်က ခဏ နိဗ္ဗာန်၊ ဒိဋ္ဌဓမ္မနိဗ္ဗာန်လို့ မှတ်ကြ၊ တွေးလုံးကို ဓမ္မာတခုလို့မှတ်ရမယ်၊ ဒုက္ခဓမ္မတခုဘဲလို့ ယူကြ၊ ဒီတွေးလုံးကို ဥာဏ်နဲ့ ဖြစ်ဒုက္ခ ပျက်ဒုက္ခဘဲလို့ရှုကြည့်ရမယ်၊ဥာဏ်နဲ့ရှုကြည့်ရင်

တွေးလုံးနောက်က ဆွေးလုံး, ပူလုံး, ငိုလုံး, အကုန်ချုပ်တော့ဒါဘဲ၊ အဲဒါ " ဟဒယသုသိတလေန မဂ္ဂဒဿနာ " တဲ့၊ နှလုံး အေးမြစေတဲ့မင်္ဂ, ဝမ်းထဲ ဝင်လာလို့ ချုပ်တာဘဲလို့ မှတ်ကြတော့ ရှင်းပလား ?။

ဒါကြောင့် ဒကာ, ဒကာမတွေ့ တွေးလုံးပေါ်ရင် ဖြစ်ပျက်ရှုချ၊ တွေးလုံးရှုနိုင်ရင် ဆွေးလုံး, ပူလုံး, ငိုလုံး, အကုန်ချုပ်တာဘဲ၊ဒါတွေ့ ချုပ်ရင် ချက်ခြင်း အေးတယ်၊ အဲဒါ အခါမလင့် အကျိုးပေးဒါဘဲလို့ မှတ်လိုက်ကြ၊ အကာလိကော ဆိုဒါ အခါမလင့် အကျိုးပေးတယ် ပြောဒါ ရိပ်မိကြရဲ့လား ?၊ ဒကာ, ဒကာမတို့ ပေါ်လာတဲ့ဓမ္မကို ရှုမိအောင် ရှုပေးကြ၊ လက်မလွတ်ကြစေနဲ့၊ ရှုရင် အခါမဆိုင်းဘူး၊ လက်ငင်း အကျိုးရကြမယ်။

ဉာဏ်နဲ့ ရှုကြည့်တော့ ဓမ္မကိုတွေ့ရမယ်၊ဓမ္မကိုတွေ့လို့ ဓမ္မကိုသိရင် သက္ကာယစင်ဘီ၊ ဉာဏ်နဲ့ ကြည့်လို့ မခိုင်ဒါ မမြဲဒါသိရင် သဿတစင်ဘီ၊ တွေးလုံးချုပ်ရင် ဆွေးလုံးလားတယ်ဆိုဒါသိရင် ဥစ္ဆေဒစင်ဘီ၊ ဒါဟာ ပဌမရတဲ့ လက်ငင်းအကျိုးတရားဘဲ၊ ရှင်းပလား ?၊ ဒကာ, ဒကာမတို့ သဘောပါကြရဲ့လား ?၊ (၁)က ဓမ္မလို့ သိရမယ်၊ (၂) က မခိုင်ဒါကို သိရမယ်၊ (၃) က တွေးလုံးချုပ်ရင် ဆွေးလုံးလာဒါ သိရမယ်၊ ဒီလိုသိရင် ဒိဋ္ဌိသုံးမျိုးလုံး ချုပ်တယ်၊ ကျေနပ်ပလား ?။

ဒကာ,ဒကာမတို့ မဂ္ဂင်လမ်းဆိုဒါ ခိုင်တဲ့လမ်း ပြတ်တဲ့လမ်း နှစ်ခုတို့ရဲ့အလယ်က သွားတဲ့လမ်းဘဲ၊ ခိုင်တဲ့လမ်းက သဿတလမ်း၊

ပြတ်တဲ့လမ်းက ဥစ္စာဒလမ်း၊ဒီ သဿတနဲ့ ဥစ္စာဒန္ဒစ်ခုတို့ရဲ့ အလယ်က သွားရဒါဟာ မဂ္ဂင်လမ်းဘဲဆိုဒါ မှတ်လိုက်ကြ၊ရှင်းကြရဲ့လား ?၊ နိဗ္ဗာန်ရောက်ချင်ရင် ဘယ်လမ်းဘက်ကိုမှ မစေ့ငဲ့းစေရဘူး၊တဘက် ဘက် စောင်းသွားရင် မှောက်မယ်, မြုပ်မယ်ဆိုဒါမှတ်၊ ဒါကြောင့် အလယ်လမ်း, မဂ္ဂင်လမ်းက သွားမှသာ နိဗ္ဗာန်ရောက်မယ်ဆိုဒါ ဆုံးဖြတ်ချက်ချကြ။

ဒါကြောင့် ခန္ဓာမှာ လာသမျှ ရှုကြရမယ်၊ ဖြစ်ပျက်ရှုတဲ့ အလုပ်, မဂ္ဂင်အလုပ်, လုပ်ကြရမယ်, ရှုကြ၊ ရှုကြည့်ရင် "သောက ပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ" တဲ့၊ အဲဒါ သတိပဋ္ဌာန်ပါဠိတော်မှာ ဟောခဲ့ဒါ။ ရှုကြည့်ရင် သောက, ပရိဒေဝ စတဲ့ ဒုက္ခမျိုးစုံ အကုန်ချုပ်မယ်၊ မင်္ဂဉာဏ်, ဖိုလ်ဉာဏ်ကိုလဲ ရမယ်၊ နိဗ္ဗာန်လဲ မျက်မှောက်ပြုရမယ် လို့ ဟောတော်မူတယ်၊ ရှုကြည့်ကြ၊ ရှုကြည့်ရင် လင်္ကာတွေ သိရမယ်။

ဒကာ,ဒကာမတွေ ကျေနပ်ကြရဲ့လား ?၊ ကြိုးစားပီး ယူထိုက်အောင် ယူလိုက်ကြ၊ လွယ်ကူတဲ့ အခွင့်အရေးမျိုး မဟုတ်ဘူး ဆိုဒါ သတိပေးလိုက်ပါတယ်၊ ရိပ်မိကြရဲ့လား ?၊ ရှင်အာနန္ဒာက ရှင်ဆန္ဒကို နောက်ဆုံးဟောချလိုက်တယ်၊ "ငါရှင်ဆန္ဒ ခိုင်တဲ့, မြဲတဲ့ သုခလဲ မပါဘူး၊ ပြတ်သွားတဲ့အယူလဲ မပါဘူး၊ အဲဒီလို မပါဒါဟာ "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" လို့ ဘုရားဟောတော်မူတဲ့

မဂ္ဂင်လမ်းဘဲ၊ နိဗ္ဗာန်ရောက်ဘို့ရာ တကြောင်းတည်းသော ခရီးလမ်း ဆိုဒါဒီမဂ္ဂင်လမ်းဘဲ ” လို့ ဟောပြလိုက်တယ်။

အဲဒီတော့မှ အရှင်ဆန္နက “ အရှင်ဘုရားနဲ့ တွေ့ရပေလို့၊အရှင်ဘုရား ကယ်တင်ပေးပေလို့ တပည့်တော်မှာ သံသရာဝဋ်က ကျွတ်လွတ်ခွင့် ရပါပြီ၊ အာသဝေါကင်းလို့ ရဟန္တာလဲ ဖြစ်ပါပြီ ” ဆိုတဲ့ အကြောင်းနဲ့ လျှောက်ထားလိုက်တယ်၊ ဒကာ,ဒကာမတွေ ရှင်းကြရဲ့လား ? ကြိုးစား လိုက်နာကြလို့ အထူးတလည် သတိပေးတိုက်တွန်းလိုက်တယ်။

ကိုင်း....ယနေ့ ဒီတွင်ဘဲ တော်ကြစို့၊ အချိန်စေ့ သွားဘီ။

စဉ္ဆရာနာ မာတိကာ

“ဗြဟ္မစရိယံ အေးနိဗ္ဗာန် တရားတော်”

ဆောင်ပုဒ်

ဝိပဿနံ၊ လုပ်ငန်းမှန်၊ မဂ္ဂံဗြဟ္မစရိယ။
လက်ရှိခန္ဓာ၊ ဖြစ်ဆဲမှာ၊ ရှုရာဉာဏ်မဂ္ဂ။
ဝိညာဏ်ခြောက်တန်၊ ပေါ်ခိုက်မှန်၊ ဇကန်ရှုကြည့်မှ။
ပစ္စုပ်တည့်ခိုက်၊ ရှုဉာဏ်တိုက်၊ အလိုက်ရှုကြည့်ရ။
ဝိညာဏ်သိကာ၊ ကျန်ခန္ဓာ၊ ကောင်းစွာသိနိုင်လှ။
ရုပ်,ဝေဒနာ၊ သင်္ခါရာ၊ သညာ,ဝိညာဏ။
တခုမမိ၊ တခုမိ၊ သတိချပ်ပါမှ။
တခုဖြစ်ပျက်၊ တခုဆက်၊ ဉာဏ်မက်ဖေါက်ထွင်းရှု။

သတိချပ်

မျောင်ထဲမှာနေ၊ မျောင်ထဲသေ၊ ဗာလလူမိုက်က။
မိုက်မျောင်ထွင်းဖေါက်၊ အလင်းရောက်၊ အုံလောက်ပဏ္ဍိတ။
မဂ္ဂဗြဟ္မံ၊ စရိယံ၊ ကျင့်ပြန်ပဏ္ဍိတ။
မကျင့်မေ့ မူး၊ ကာမုန်ကြူး၊ မိုက်ရူးလူ့ ဗာလ။
ဒုက္ခလောင်မြိုက်၊ ပူမီးကြိုက်၊ အမိုက်ဥမ္မတ္တ။
ဒုက္ခလွတ်ငြိမ်း၊ ပူဆာသိမ်း၊ အေးကိန်းပဏ္ဍိတ။
ခွင့်သာကြိုက်ဝယ်၊ မိုက်မျိုးပယ်၊ အလွယ်ကျင့်မှ ပဏ္ဍိတ။

သမ္မာဒိဋ္ဌိငါးမျိုး

ကမ္မဿကတာ သမ္မာဒိဋ္ဌိ။ ။ကံ,ကံ၏အကျိုးကို ယုံကြည်မှု။
စျာန သမ္မာဒိဋ္ဌိ။ ။စျာန်လုပ်ငန်း အကျိုးကို ယုံကြည်မှု။
ဝိပဿနာ သမ္မာဒိဋ္ဌိ။ ။ဝိပဿနာ လုပ်ငန်း အကျိုးကို ယုံကြည်မှု။
မဂ္ဂ သမ္မာဒိဋ္ဌိ။ ။မဂ်လေးပါး အကျိုးတရားကို ယုံကြည်မှု။
ဖလ သမ္မာဒိဋ္ဌိ။ ။ဖိုလ်လေးပါး အကျိုးတရားကိုယုံကြည်မှု။

တရားသား ဒကာ,ဒကာမတို့ ဒီကနေ့ည မှာ ဗာလနဲ့ ပတ္ထိတ၊ လူမိုက်နဲ့ လူလိမ္မာကို ခွဲခြားပီးပြောရမယ်၊ လူမိုက်နဲ့ လူလိမ္မာ ကဲခြားပုံ ထူးခြားပုံကို မှတ်ကြရမယ်၊ လူမိုက်ကနေတော့လဲ အမှောင်ထဲမှာနေရ၊ သေတော့လဲ အမှောင်ထဲမှာဘဲသေရတယ်၊ လူလိမ္မာကတော့ အမှောင်ထဲမှာ နေရပီး, သေတော့ အလင်းထဲ ရောက်သွားတယ်လို့ မှတ်ကြရမယ်။

လူမိုက်က ကိလေသာ အမှောင်ထုထဲမှာဘဲနေ၊ ဒီထဲမှာဘဲသေသွား၊ နောက် အမှောင်ထဲဘဲ ပြန်ရောက်ရတယ်၊ လူလိမ္မာကတော့ ကိလေသာ အမှောင်ထဲမှာနေရပီး, သေတော့ ကိလေသာအမှောင်က လွှတ်မြောက်လို့ အလင်းနိဗ္ဗာန်ကြီးကို ရောက်သွားတော့တယ်၊ ဗာလနဲ့ ပတ္ထိတ ခြားနားချက် ဒီလိုကွာတယ် ဆိုဒါမှတ်ကြရမယ်၊ ရိပ်မိကြပလား ?။

ပဏ္ဍိတက မဂ္ဂင်ဖြစ်မှစရိယအကျင့်ကို ကျင့်တဲ့အတွက် ကိလေသာအမှောင်ငြိမ်းဘက်ကို ရောက်သွားရဒါဘဲ၊ အဲဒါ မဂ္ဂင်ဖြစ်မှစရိယရဲ့ တန်ခိုးဘဲလို့ မှတ်လိုက်ကြ၊ ဗာလကတော့ မဂ္ဂင်ဖြစ်မှစရိယ အကျင့်မကျင့်ဘူး၊ သားရေး, သို့မဟုတ် စီးပွါးရေးတွေနဲ့ အချိန်ကုန်ပီး မေ့မေ့လျော့လျော့ နေခဲ့လို့ အမှောင်ထဲက မထွက်နိုင်တော့ဘူး၊ အမှောင်ထဲဘဲ ပြန်ဝင်ရရှာတယ်၊ သဘောပါကြပလား ?။

ဒါကြောင့် ဘုန်းကြီးက ဒကာ, ဒကာမတွေ အလင်းထဲ ရောက်ချင်ရင် အခုပြောတဲ့ မဂ္ဂင်ဖြစ်မှစရိယ အကျင့်ကို ကျင့်ကြရမယ် ဆိုဒါ မှတ်လိုက်ကြ၊ မဂ္ဂင်ဖြစ်မှစရိယအကျင့်ဆိုတော့ မရှင်းဘဲ ဖြစ်နေရင် မင်္ဂလာကျင့်ဘဲလို့ မှတ်ကြ၊ မင်္ဂလာကျင့် ဆိုဒါ သမ္မာဒိဋ္ဌိ အလုပ်၊ ဝိပဿနာအလုပ် လုပ်ဘို့ပါဘဲ၊ ရှင်းကြပလား ?။

သမ္မာဒိဋ္ဌိအလုပ်ဆိုတော့ သမ္မာဒိဋ္ဌိက ငါးမျိုးရှိတယ်၊ဒီငါးမျိုးထဲကမှ လုပ်ရမယ့်ဟာရယ်၊ ပွါးများရမယ့် ဟာရယ်လို့ နှစ်မျိုးနှစ်စား ကဲ့ပြားသေးတယ်၊ အဲဒီတော့ သူ့နေရာနဲ့သူ ခွဲခြားပီး မှတ်ဘို့ကလဲ လိုသေးတယ်လို့ မှတ်ရမယ်၊ သမ္မာဒိဋ္ဌိငါးမျိုးဆိုဒါက--

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ။
(၂) စျာန သမ္မာဒိဋ္ဌိ။
(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ။
(၄) မဂ္ဂ သမ္မာဒိဋ္ဌိ။
(၅) ဖလ သမ္မာဒိဋ္ဌိ။ ။ လို့ ငါးမျိုးကို ခွဲခြားပီး မှတ်ကြ။

မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုဒါ ဘာလဲ ?၊ သမ္မာဒိဋ္ဌိအလုပ်ဆိုတော့ ဘယ် သမ္မာဒိဋ္ဌိမျိုးလဲ ? ဆိုတဲ့ အချက်ကို ဝေဘန်ရမယ်၊ ဆန်းစစ်ရမယ်။

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိ-- ဆိုဒါက ကောင်းဒါ လုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းဒါလုပ်ရင် မကောင်းကျိုးပေးမယ်လို့ ကံ, ကံ၏အကျိုးကို ယုံကြည်တဲ့ သမ္မာဒိဋ္ဌိဘဲ၊ ဒီဟာက သမ္မာဒိဋ္ဌိ ဖြစ်ပေမယ်လို့ ဒုက္ခဝင်္ဂက မကျွတ်စေဘူး၊ သူက ဘဝသမ္ဘတ္တိ, ဘောဂသမ္ဘတ္တိဘဲ ပြည့်စုံစေတယ် ဆိုတဲ့အကြောင်း, အဂ်ံတို့ရဲ့ အဋ္ဌကထာမှာ ဖွင့်ပြထားတယ်၊ ဒါနဲ့ အားမကိုးလောက်သေးဘူး၊ဒီသမ္မာဒိဋ္ဌိနဲ့က "ဘဝပစ္စယာ ဇာတိ" ဆိုတော့ ဒုက္ခဝင်္ဂက မလွတ်သေးဘူးဆိုဒါ မှတ်ကြရမယ်။

(၂) စျာန သမ္မာဒိဋ္ဌိ--ဆိုဒါက စျာန်လုပ်ငန်းဘဲ၊ ဒီဉာဏ်အမြင်က ပထဝီ,ပထဝီ, အာပေါ,အာပေါ စသည်အားဖြင့် ပွါးများပီး စျာန်ကိုရတဲ့ သမ္မာဒိဋ္ဌိဘဲ၊ သမ္မာဒိဋ္ဌိတော့ဖြစ်ပါရဲ့၊ ဒါပေမဲ့ သူနဲ့က ရူပဘုံ, အရူပ ဘုံဘဝကို သွားရမယ်၊ သူလဲ "ဘဝပစ္စယာ ဇာတိ" ဆိုတော့ ဝင်္ဂက မထွက်နိုင်သေးဘူး၊ ဒီသမ္မာဒိဋ္ဌိမျိုးက သာသနာပမှာလဲရှိတယ်၊ ရနိုင်တယ် ဆိုဒါ မှတ်ကြ။

(၃) ဝိပဿနာ သမ္မာဒိဋ္ဌိ-- ဆိုဒါကတော့ ဝိပဿနာ မဂ္ဂင် လုပ်ငန်းဘဲ၊ ဒီ သမ္မာဒိဋ္ဌိ အမြင် ဉာဏ်နဲ့ ဝိပဿနာကို ဆက်လုပ်သွားရင် နိဗ္ဗာန်တိုင်အောင် အကျိုး

ပေးမယ်၊ ဒကာ, ဒကာမတို့ ဒီ သုံးနှံပတ် သမ္မာဒိဋ္ဌိကို မြဲမြဲစွဲစွဲ မှတ်ထားကြရမယ်၊ သူကမှ နိဗ္ဗာန်ရောက် အကျိုးပေးမှာ၊ သူ့ ကို ဆက်လုပ်သွား၊ "ဒုက္ခနိရောဓေါ နိဗ္ဗာနံ၊ တဏှာနှောဓေါ နိဗ္ဗာနံ" ဘဲ၊ ရှင်းကြပလား ?။

ဒီ သုံးနှံပတ် ဝိပဿနာ သမ္မာဒိဋ္ဌိဟာ အထူး အရေးကြီးတယ်၊ ဒီခေတ် ဒီအခါမှာ ဒီဟာကို မလွတ်တမ်းကြိုးစားရမယ်၊ ဒီဟာရှိမှ နောက်က (၇) နှံပတ် သမ္မာဒိဋ္ဌိ လာနိုင်မယ်၊ လေးနှံပတ်လာရင် ဒုက္ခဝဋ်ကြီးပြတ်,မယ်၊ ဒီ မဂ္ဂသမ္မာဒိဋ္ဌိက ကမ္မဝဋ်တွေကို ဖြတ်ချလိုက်တော့ ဝိပါကဝဋ်ကြီး မလာတော့ဘူး၊ မလာတော့ ဒုက္ခသစ္စာ အကုန် သိမ်းတော့ဒါဘဲ၊ သဘောပါကြရဲ့လား ?၊ ဒါကြောင့် သုံးနှံပတ် အရေးကြီးတယ် ဆိုဒါ မှတ်ကြ။

သုံး - မပြည့်စုံရင်, လေး - နဲ့, ငါး မပြည့်စုံနိုင်ဘူး၊ သုံးရှိမှ လေးနဲ့ ငါးက လာနိုင်မှာ၊ ရှင်းကြရဲ့လား ?၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ရှိမှသာ မဂ္ဂနဲ့ ဖလသမ္မာဒိဋ္ဌိတို့ လာနိုင်မှာဘဲ ဆိုဒါ ရိပ်မိကြပလား ?၊ ဒါကြောင့် သုံးအလုပ်ကို လုပ်ကြရမယ်၊ လုပ်ရမှာက သုံးအလုပ်၊ ဒါအရေးကြီးတယ် ဆိုဒါ မှတ်လိုက်ကြ၊ ဒကာ, ဒကာမတွေဟာ နောက်,နောက်တုန်းက ဒါကိုမတွေ့ခဲ့ဘူးကြလို့ သုံးအလုပ် မလုပ်ခဲ့ကြဘူးလို့သာ အခုနေမှာ အိုတတ်, နာတတ်, သေတတ်တဲ့ ခန္ဓာကြီးနဲ့ အတူနေရတယ်၊ ခဲခဲခဲမရကြဘူးဆိုဒါ ဆုံးဖြတ်ချက်ချ။

အစမထင်တဲ့ သံသရာတလျှောက်လုံး အို, နာ, သေ, အထပ်ထပ် ကြုံခဲ့ရတယ်၊ ဘယ်လောက်များလိမ့်မယ် ဆိုဒါ ဘယ်သူမှ ရေတွက်

လို့ မရနိုင်ကြဘူး၊ ဒုက္ခခန္ဓာကြီးနဲ့ အမြဲတမ်း တွဲရက် ချုပ်ရက် ခဲ့မရ ခွါမရဘဲ နေခဲ့ရတယ်၊ ဒါ ဘာ့ကြောင့်လဲ ?၊ ဒီ ဝိပဿနာ သမ္မာဒိဋ္ဌိ မလုပ်ခဲ့ဘူးလို့ဘဲ ဆိုဒါ မှတ်လိုက်ကြ၊ အခု ဒကာတို့ အိုခန္ဓာနဲ့ ခဲ့မရဒါ ဒါကြောင့်ဘဲလို့ မှတ်ရမယ်၊ ဒီတော့ ဘယ်နေ့ မှာမျှား စိတ်ချလက်ချ နေလို့ရကြသလဲ ။

ဘယ်နေ့ ဘယ်အချိန်မှာမှ စိတ်ချလက်ချနေလို့ မရခဲ့ကြဘူး၊ "ဒီအစာကလေး စားမယ်ကြံတော့ သင့်မှ သင့်ပါမလား ?၊ညနေကြီး ဒီရေထဲဆင်းမိဒါ နေမှကောင်းပါ့မလား ?၊ နေပူထဲသွားမိဒါ နှာစေး နေမလားဘဲ ;"၊ တစိုးရိမ်ရိမ် တကြောင့်ကြကြနဲ့ နေရဒါဘဲ၊ဒကာ, ဒကာမတွေ ဘယ်တော့မျှား စိတ်ချလက်ချနဲ့ သွားရ လာရ, စားရ သောက်ရ, အိပ်ရ နေရတဲ့အခါရယ်လို့ ရှိပါရဲ့လား ?၊ ဘယ်အခါမှ စိတ်မချရဘူး၊ သဘောပါကြပလား ?။

ဒါတွေထောက်ကြည့်ရတော့ သုံးအလုပ် မလုပ်ခဲ့ရလို့ ဘဲ ဆိုဒါ သေချာတယ်၊ ရိပ်မိကြပလား ?၊ အရင့် အရင်က ဒကာတို့ဟာ ဝေးသေအကြောင်းသာ လုပ်ခဲ့ဘူးကြတယ်၊ နီးသော အကြောင်း ဖြစ်တဲ့ ဒီ သုံးနှံပတ်အလုပ် မလုပ်ခဲ့ကြရဘူး၊ ဒါကို အခု ရထားတဲ့ ခန္ဓာက သက်သေခံနေတယ်ဆိုဒါ ရိပ်မိကြရဲ့လား ?၊ သူက ဒုက္ခ မျိုးစုံကို အကုန်လက်သင့်ခံတယ်၊ နဂိုကထဲက ဒီခန္ဓာက ဒုက္ခသစ္စာ၊ နောက်လာမှာကလဲ ဒုက္ခသစ္စာချည့်ဘဲ၊ နောက်ထပ်က ဒုက္ခမျိုး စုံအောင် လာမှာဘဲ ဆိုဒါသာ မှတ်ကြတော့။

ဒကာ,ဒကာမတို့ အခု အချိန်မှာ ဒီ ဒုက္ခတွေက လွတ်နိုင်ဘို့ရာ အခွင့်အရေးတွေ အကုန်လုံးရနေကြတယ်၊ အခုနယ်မှာ ဒီသုံးနှံတ် ဖြစ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိအလုပ်ကို လုပ်မှ ဖြစ်တော့မယ်၊ ဒီတခါမှ မလုပ်ရင် ကိုယ်ကျိုးဒတော့ အကြီးအကျယ်နဲ့ဘီ၊ ကမ်းကုန်အောင်ဘဲ အလဲကြီး ကြုံတော့မယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒီအခါကမှ မလုပ်မိရင် သံသရာ၀ခန်း မသတ်နိုင်တော့ဘူး၊ ဘယ်ကမ်းရောက်လို့ ဘယ်ချောက် ကျရမယ် ဆိုဒါ မစဉ်းစားဝံ့တော့ဘူး ဆိုဒါ မှတ်လိုက်တော့။

ဒကာ, ဒကာမတို့တတွေ ဒီအခြေ ဒီအနေက မတက်နိုင်ကြဒါ ရှေးကလဲ ဒီသုံးအလုပ် ဝိပဿနာမျိုးစေ့ မရခဲ့ကြလို့ဘဲ၊ ဒါနဲ့မှ ပေါ့တန်ကြအုံးမယ်ဆိုရင် ဒုက္ခလက်စ ဘယ်တော့မှ အဆုံးသတ်နိုင်ဘို့ မမြင်ရတော့ဘူးဆိုဒါသာ မှတ်လိုက်ကြ၊ အဲဒီတော့ ရှေးကလဲ လူမိုက်အဖြစ်နဲ့ဘဲ တသံသရာလုံး ကုန်ခဲ့ဒါဘဲ၊ နောက်လဲ ကုန်အုံးမှာဘဲ၊ ရိပ်မိကြရဲ့လား ?၊ ဒီသဘောကို " ဗာလ ပဏ္ဍိတသုတ် " နဲ့ ဝေဘန်ကြည့်ရင် သိနိုင်ပါတယ်။

အခုလို အခါကောင်းကိုမှ လက်လွတ်ခံရရင် လူမိုက်ဘ၀က မတက်နိုင်ကြတော့ပါဘူးဆိုဒါ ဆုံးဖြတ်ချက်သာချကြ၊ဒကာ, ဒကာမတို့ လူမိုက် ဘာ့ကြောင့် ဖြစ်ရသလဲ ?၊ ဘာ့ကြောင့် လူမိုက်ဖြစ်ရဒါလဲ ?၊ လက်သယ်သိဘို့အရေးကြီးတယ်၊ ဒီတော့ လူမိုက်ဖြစ်တာ အ၀ိဇ္ဇာ, တဏှာကြောင့်ဘဲဆိုဒါ မှတ်ကြတော့၊ လူမိုက်ဖြစ်တာ အ၀ိဇ္ဇာ, တဏှာတည်းဟူသော အမှောင်ထဲကလာပီး, ဒီအမှောင်ထဲ

မှာဘဲနေ, ဒီအမှောင်ဘဲ ပြန်သွားခဲ့လို့ဘဲဆိုဒါ မှတ်ထားကြ၊ ရှင်းကြပလား ?။

လူမိုက်အဖြစ်နဲ့ သံသရာလှည့်ခဲ့ရဒါ ဘယ်လောက်ကြာတယ်, မကြာတယ် မပြောနဲ့တော့၊ မဖြစ်ဘူးတဲ့အဖြစ်မျိုး၊ မရဘူးတဲ့ စည်းစိမ်မျိုးဆိုဒါ မရှိတော့ဘူး မဖြစ်ဘူးဒါမရှိ၊ ဖြစ်ဘူးဒါမျိုးချည့်ဘဲ၊ ဒါပေမဲ့ အမိုက်ချည့်ဘဲ၊ အမှန်တကယ် တခါမျှ မဖြစ်ခဲ့ဘူးတဲ့ အဖြစ်က အလိမ္မာ အဖြစ်တခုဘဲ၊ ဒါလောက်ကြာလှတဲ့ သံသရာမှာ လုံးဝတခါ မဖြစ်ဘူးဒါဟာ “လူလိမ္မာ” အဖြစ် တခုထဲဘဲ ဆိုဒါ ဆုံးဖြတ်လိုက်ကြ၊ ရိပ်မိပလား ?။

အဲဒီတော့ ဒကာတို့တတွေဟာ ကိုယ့်ကိုယ်ကို သနားတဲ့အဖြစ်၊ ဆရာသမားကို ကြည်ညိုလေးစားတဲ့ အဖြစ်၊ ဘုရားရှင်ကို ကြည်ညိုလေးစားတဲ့အဖြစ်နဲ့ တကယ်ရောက်အောင်, အခုညွှန်ပြတဲ့အတိုင်း ကြိုးစားလိုက်နာကြ၊ အားထုတ်ကြလို့ သတိပေးလိုက်ပါတယ်၊ ရိပ်မိကြရဲ့လား ?၊ ဆရာသမားစကားလဲ နားမထောင်, ဘုရားရှင်လဲ မငဲ့၊ ကိုယ့်ကိုယ်ကိုလဲ မသနားတတ်တဲ့ လူဆိုရင် ဒီထက်မိုက်ဖြင့် လောကမှာ ရှာလို့မတွေ့နိုင်ဘူးလို့သာ မှတ်လိုက်ကြ။

ဒကာ, ဒကာမတွေ ဇွေးဇွေးနှက်နှက် စဉ်းစားပါ၊ အပါယ်လေးပါးဆိုတဲ့ အမှောင်တိုက်ထဲ သွားရမှာမို့ ကိုယ့်ကိုယ်ကို သနားရမယ်၊ ကိုယ့်အတွက်မို့ အလေးအနက် စဉ်းစားသင့်တယ်ဆိုဒါ ပြောလိုက်ပါတယ်၊ ကိုယ့်ကိုယ်ကို သနားရင် ဝိပဿနာလုပ်ရမယ်၊

ဘုရားကရဏာတော်ကို ငဲ့ရင်လဲ ဝိပဿနာ လုပ်သင့်တယ်, လုပ်ရမယ် ဆိုဒါ မှတ်ထားကြ။

ဘုရားက "မင်းတို့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း လေးပါးစတဲ့ အလှူတွေ ဘယ်လောက်ပဲလှူလှူ၊ ဒါလောက်နဲ့ ဖြင့် မကျေနပ်ဘူးတဲ့၊ ငါပြောတဲ့ ဟောတဲ့ စကားအတိုင်း လိုက်နာမှ ကျင့်သုံးမှ ငါ့စကား နားထောင်မှသာ ကျေနပ်တယ်" ဆိုဒါ ဟောတော်မူခဲ့တယ်၊ ဥပမာဆိုရင် မိဘများဟာ ကိုယ့်စကား နားမထောင်တဲ့ ထော်လော်ကန့်လန့် သားသမီးကို မကျေနပ်ကြဘူး၊ ကိုယ့်စကား မြေဝယ်မကျ နားထောင်တဲ့ သားသမီးကိုသာ ကျေနပ် သလို မြတ်နိုးသလိုဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား ?။

ဘုရားက ထော်လော်ကန့်လန့် သားသမီးမျိုးကို အလိုမရှိဘူး၊ ဒီနေ့တော့ နေပါအုံး၊ နက်ဖြန်တော့ ဘယ်နှယ်နဲ့ ဆင်ခြေထူဒါ မျိုးကို မကျေနပ်ဘူး၊ ဒကာတို့လဲ ဒီလိုအစားထဲက များလား ၊ ဒီပုံဆိုရင် အတော်အရုပ်ဆိုးနေတယ်ဆိုဒါ မှတ်ကြ၊ ဆင်ခြေတက်နေ ရင် အတုမရှိတဲ့ ဘုရားကို ကန့်လန့်လုပ်နေဒါဘဲဆိုဒါ ရိပ်မိကြတော့၊ သဘောပါကြပလား ?၊ ရိပ်မိရင် ဘုရားအလိုတော်ကျအောင် အမြန် ဆုံးသာ ကြိုးစားကြတော့။

တသံသရာလုံးကပါတဲ့ အမိုက်မျိုး ဝါဒမျိုး မစွန့်ဘူးကွဆိုတဲ့ အနေမျိုး မလုပ်ကြနဲ့၊ အခုပြင်ကြ, ဆင်ကြတော့၊အခုအချိန်ရသေး တယ်၊ မပြင်ဘူးဆိုပီး သာသနာပအလုပ်မျိုးတွေနဲ့ တင်းတိမ်နေရင်

ဘုရားကို ဓမ္မနဲ့ ပူဇော်စရာမရှိဘူး၊ ဘုရားကို ဓမ္မနဲ့ မပူဇော်နိုင်သမျှ ဆင်းရဲတွင်းက မတက်နိုင်ကြဘူး၊ ဆက်လက်ပြီး ဆင်းရဲတွင်း နက်သထက် နက်ပြီး အကြီးအကျယ် ခံရဘို့မှတပါး တခြားမရှိ တော့ဘူး။

ဒကာ, ဒကာမတွေ ဘာ့ကြောင့် ဆင်းရဲနေရသလဲ ? ဆိုတော့ သို့ကြောင့်,သားကြောင့်, ကိုးဆဲခြောက်ပါးရောဂါကြောင့်,မင်းကြောင့် စိုးကြောင့်နဲ့ အမျိုးမျိုးတွေကြောင့် ဆင်းရဲနေကြရတယ်၊ဒါလောက် ဆင်းရဲတွေခံနေရရက်က ဆင်းရဲလို့မထင်၊ဒီဆင်းရဲတဲ့ကြားကထွက်ပြီး ဝိပဿနာမလုပ်ချင်ကြရင် အင်းကြီး ခက်ဘို့သာ ပြင်ထားကြ၊ တသံသရာလုံးက ဗာလနဲ့သာ နေထိုင်ပေါင်းသင်း မှီဝဲခဲ့ရပြီး နောက်လဲ ဘယ်တော့မှ ပဏ္ဍိတနဲ့တွေ့ရကြုံရ မှီဝဲရဘို့ မမြင်တော့ဘူး။

ဒါကြောင့် အခုအချိန်မှာ မလုပ်ရင် မဖြစ်တော့ဘူး၊ ဝိပဿနာ သမ္မာဒိဋ္ဌိအလုပ်, အခုလုပ်တော့မယ်လို့သာ ဆုံးဖြတ်လိုက်ကြ။

ဒကာ, ဒကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိ အလုပ်ဟာ မဂ္ဂင်ဖြစ်မှု စရိယအလုပ်ဘဲ၊ သမ္မာဆိုဒါကအမှန်၊ ဒိဋ္ဌိက မြင်ဒါ၊ ဒီအလုပ်ဟာ အမှန်အကန်မြင်တဲ့ အလုပ်ဘဲဆိုဒါ မှတ်ရမယ်၊ အမှန်အကန်က ဘယ်အပေါ်မှာ မြင်ရမှာတုံး ? ဆိုတော့ ခန္ဓာမှာ စပီးဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်အပေါ်မှာ မြင်ရမှာဘဲဆိုဒါ မှတ်ရမယ်၊ စပီးဖြစ်တာ မမိလို့ရင် အလယ်မှာမိအောင် လုပ်ရမယ်၊ ဒါမှမိအောင် မလုပ်နိုင်ရင် သုံးနှံပတ် မဖြစ်တော့ဘူး၊ ဝိပဿနာ သမ္မာဒိဋ္ဌိ မဖြစ်တော့ဘူးလို့ မှတ်ကြ။

ဝိပဿနာရှုဆိုဒါ စ, ဖြစ်တဲ့ ခန္ဓာပဋိစ္စသမုပ္ပါဒ်ပေါ်မှာရှုရ မှတ်ရမယ်၊ အစမမိရင် အလယ်မှာမိဘို့ အရေးကြီးတယ်၊ တခုခုကို မိအောင် ရှုရမယ်၊ ရှုဒါလဲ့ရင် သမ္မာဒိဋ္ဌိ မဖြစ်ဘူးဆိုဒါ မှတ်ကြ၊ ပဋိစ္စသမုပ္ပါဒ်က ဘယ်အချိန်မှာ စ, ဒါတုံး ? ဆိုတော့ " အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ " နဲ့ မဆိုင်ဘူး၊ဒီဟာကပီးခဲ့ဘီ၊ အတိတ်ကဖြစ်ပီး ဒါမို့ သူ့ကိုမရှုရဘူး မဆိုင်ဘူးလို့ မှတ်ထားကြ၊ ရှင်းပလား ?။

ဝိပဿနာရှုရမှာက ဝိညာဏ်ကိုရှုရမှာ၊ ဝိညာဏ်မှာလဲ အခုပေါ်လာတဲ့ ပေါ်ဆဲ ဝိညာဏ်ကို ရှုရမယ်၊ရိပ်မိကြပလား ?၊ဝိညာဏ်က ခြောက်ပါး၊ ပေါ်လာတဲ့ တပါးပါးကို မိဘို့အရေးကြီးတယ်၊ ရှုတဲ့အခါ အများမလိုဘူး၊တပါးသာ အရေးကြီးတယ်ဆိုဒါ မှတ်ကြ၊ ဝိညာဏ်ခြောက်ပါးဆိုဒါက.....

(၁) မြင်စိတ်က စက္ခုဝိညာဏ်၊
(၂) ကြားစိတ်က သောတဝိညာဏ်၊
(၃) နံစိတ်က ဃာနဝိညာဏ်၊
(၄) လျှာ(စား)စိတ်က ဇိဝှါဝိညာဏ်၊
(၅) (ကိုယ်)အတွေ့စိတ်က ကာယဝိညာဏ်၊
(၆) တွေးကြံစိတ်က မနောဝိညာဏ်၊

ဒီခြောက်မျိုးကို ခဲ့ခြားပီး မှတ်ရမယ်၊ ဒါအရေးကြီးတယ်ဆိုဒါ ပြောလိုက်ပါတယ်၊ မြင်စရာ အဆင်းနဲ့တွေ့တော့ မြင်စိတ်ပေါ်လာ

တယ်၊ ကြားစရာ အသံနဲ့တွေ့တော့ ကြားစိတ်လာတယ်၊ဥပမာ အခု နာရီဆိုးသံကြားရတယ်၊ ကြားတော့ ကြားတဲ့ နားဝိညာဏ်က စဒါဘဲ၊ အဲဒီတော့ ခန္ဓာအစ ဝိညာဏ်က စတယ်လို့ ဆိုရတယ်၊ ဒီနေရာမှာ ဝိပဿနာရှုစရာအစဟာ သောတ (နား) ဝိညာဏ်က စရမယ်လို့ မှတ်ကြ။

နံတယ်ဆိုတော့ နှာခေါင်းဝိညာဏ်၊ စားလို့ အရသာရှိတယ် ဆိုတော့ လျှာဝိညာဏ်၊ ယားတယ်ဆိုတော့ ကိုယ်ဝိညာဏ်၊ တွေးတယ်, ကြံစည်စိတ်ကူးတယ်ဆိုတော့ မနောဝိညာဏ်၊ ဒီခြောက် ပါး လှုံပီး ပေါ်ကြမှာဘဲ၊ ဝိညာဏခေတ် ခြောက်ပါးဆိုဒါ ဒီဟာ တွေဘဲ၊ ရိပ်မိကြပလား?၊ ဒီခြောက်ပါးက ပဝတ္တိဝိညာဏ်ကိုပြောဒါ၊ ကိုယ့်သန္တာန်မှာ ပဋိစ္စသမုပ္ပါဒ်အစဟာ ပဝတ္တိဝိညာဏ်မှာ စတယ် ဆိုဒါ မှတ်ထားကြ။

ဒကာ,ဒကာမတွေ့ ရှင်းကြရဲ့လား?၊ ဝိပဿနာရှုစရာအစဟာ ခန္ဓဝပဋိစ္စသမုပ္ပါဒ်ကစပီး ရှုရမှာလို့ မှတ်ကြ၊ မှတ်မိကြပလား?၊ ဒကာ, ဒကာမတို့ သတိပဋ္ဌာန်မှာ ရေးထားပေမဲ့ ဒီလောက်ပေါ် အောင် နားမလယ်နိုင်ကြဘူး၊ နားလယ်အောင် ပြောနိုင်ဘို့ ခဲယဉ်း တယ်၊ ဒါကြောင့် အခုပြောတဲ့ အဓိပ္ပါယ်ကို ကြိုးကြိုးစားစား မှတ်ယူကြ၊ မမှတ်မိလို့က်လို့ စာအုပ်ထဲကြည့်မှဘဲဆိုပီး ကြည့်ပေမဲ့ မလွယ်ဘူးဆိုဒါ ပြောလိုက်ပါတယ်၊ သဘောပါကြရဲ့လား?။

ဒကာ, ဒကာမတို့၊ ဥပမာ ကြားစိတ်ကလေး ပေါ်လာတယ်ဆို ရင် ဝေဒနာ, သညာ, သင်္ခါရနှင့်တကွ ခန္ဓာငါးပါးလုံးဟာ တခါထဲ

ပါလာကြတယ်ဆိုဒါ မှတ်ရမယ်၊ “သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပဇ္ဇတိ သောတဝိညာဏံ” ဆိုတော့ ဝိညာဏ်စိတ်နဲ့တွဲတဲ့ ခန္ဓာလေးပါး ပေါင်းဖြစ်ကြတာဘဲ၊ ဒါပေမဲ့ ဒီထဲမှာ ထက်မြက်တာ တခုခုကို ရှုရမှာဘဲဆိုဒါ မှတ်ထားကြ၊အများမလိုဘူး၊ တခုထဲ ပြောင်းရာသာ ရှုကြဘို့ဘဲ။

ဝိညာဏ်ဆိုဒါနဲ့ ဝေဒနာပါ ပါတယ်၊ သိရင် ပေါ်ဒါရှေးရှု၊ သိရုံတင်ဆို ဝိညာဏ်ရှု၊ ကောင်း, မကောင်းဆိုရင် ဝေဒနာရှု၊ ကောင်းတယ်က သုခဝေဒနာ၊ မကောင်းဘူးဆိုတော့ ဒုက္ခဝေဒနာ၊ ကောင်းမကောင်းမရွေးဘဲ အလတ်စားဖြစ်ရင် ဥပေက္ခာဝေဒနာ၊ အမှန်က ဒီဝိညာဏ်မှာ ဥပေက္ခာဝေဒနာဟာ သူပဌမဆုံးဘဲ၊ပေါ်လွင်ဒါ ထင်ရှားဒါကိုရှု၊ တခုကိုရှုရင် အကုန်ပါတယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား ?။

သုံးနှံပတ် အလုပ်, လုပ်ရမယ်ဆိုတော့ ဒီ - ဝိပဿနာမှာ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဆိုတဲ့ ဒီ - ငါးပါး ပါတယ်၊ ဒီငါးပါးနဲ့ ဝိညာဏ်မိမို, ဝေဒနာဘဲမိမို, မိရာကို ရှုရမှာ၊ ရှုတော့ မရှိရာသိမယ်၊ ဥပမာ - ကြားစိတ်ကလေး ပေါ်လာတယ်၊ကြား, သိဆိုချုပ်သွား ဒီဓနာက်က ရှုတဲ့မင်္ဂပေါ်တော့ ကြားသိစိတ် မရှိတော့ဘူးဆိုဒါ သိရတယ်၊ ရှင်းကြရဲ့လား?၊ ဒကာ, ဒကာမတွေ့ မရှိဒါသိအောင် လုပ်ကြရမယ်၊ အဲဒါ ဝိပဿနာဘဲ။

ဓမ္မဓလေးတခုပေါ်လာ, မရှိဒါ သိအောင်လုပ်၊ သိတော့ သစ်္ခါရ ပျက်သွားတယ်၊ အာဃာတ်ထားဒါမို့ သစ်္ခါရဘဲဆိုဒါ မှတ်ကြ၊

မြင်လိုလို့ကြည့်၊ ကြည့်တော့ မြင်စိတ်ပေါ်ရတယ်၊ အဲဒီလိုမြင်စိတ်ပေါ်အောင် အားထုတ်ယူရဒါမို့ ဒီမြင်စိတ်ဟာ သခ်ါရလေးဘဲ၊ မြင်စိတ်ပေါ် မဂ်နဲ့ ကြည့်၊ မရှိဒါသိတယ်၊ အဲဒီတော့ "သခ်ါရသည် အနိစ္စရောက်သွားရှာတယ်" လို့ မြင်တယ်, သိတယ်၊ သဘောပါကြပလား ? ။

ဒကာ, ဒကာမတို့ ရှင်းကြပလား ?၊ အဲဒီတော့ ဝိပဿနာဉာဏ်က သခ်ါရအနိစ္စရောက်တာကို မြင်တယ်၊ ပဋိစ္စသမုပ္ပါဒ် စတဲ့ ဝေဒနာကမ္မဋ္ဌာကြီး အနိစ္စရောက်တာကို ဝိပဿနာဉာဏ်က မြင်တယ် ဆိုရင်လဲ မမှားဘူး၊ ဒကာ, ဒကာမတွေ ရိပ်မိပလား ?၊ ဒီလို မြင်တော့ "အော် ပြုပြင်လိုက်, အနိစ္စရောက်လိုက်, ပြုပြင်လို့ ပေါ်လာလိုက်, အနိစ္စရောက်သွားလိုက်နဲ့ ဆိုတော့ နောက်ဆုံးမှာ ဖြစ်ပျက်တင် နိဂုံးချုပ်တာပါဘဲကလား" လို့ သိမြင်လာတော့ဒါဘဲ ဆိုဒါမှတ်ကြ။

ဝိပဿနာဉာဏ်သည် လခ်ါရတို့၏ ဖြစ်ကာ ပျက်တာကို မြင်တယ်ဆိုဒါဟာ သခ်ါရတို့ရဲ့ မရှိဒါကို သိဒါဘဲလို့ မှတ်ကြ၊ ဘုရားက ဖြစ်မီး ပျက်သွားဒါ ရှိလို့ ရှိတယ်ဟောဒါပါ၊ မြင်တဲ့သူကတော့ မရှိဒါဘဲ တွေ့တယ်လို့ သာ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား ?၊ ရှုတဲ့ဉာဏ်က သခ်ါရလေး အနိစ္စရောက်သွားဒါ မြင်လိုက်ရတော့ "သဗ္ဗေ သခ်ါရာ အနိစ္စာ" ဆိုတဲ့ ပါဠိတော်စကားနဲ့ ကိုက်ညီ မနေပေဘူးလား ?၊ "အနိစ္စာ ဝတ သခ်ါရာ" ဆိုတဲ့ ပါဠိတော်နဲ့လဲ ညီညွတ်တယ် ဆိုဒါ မှတ်လိုက်ကြ။

ဝိပဿနာဉာဏ်က အနိစ္စာဝတာ သခ်ၤါရာချည့်ဘဲ ဆိုဒါ သဘော ပါကြပလား ?၊ ဒီလိုမြင်တော့ အပါယ်သွားစေတဲ့ သက္ကာယဒိဋ္ဌိ ပြုတ်သွားဘီ၊ သခ်ၤါရအနိစ္စတွေချည့် မြင်နေတော့ ငါ,သူ,ယောကျ်ား, မိန်းမ,မစဲ့တော့ဘူး၊ မစဲ့တော့ ဒိဋ္ဌိပြုတ်တော့တာဘဲ၊ ရှင်းပလား ?၊ အပါယ်ကို ရောက်စေဒါဟာ ဒိဋ္ဌိက ရောက်စေဒါဘဲ ဆိုဒါ မှတ်ကြ၊ ဒီ့ပြင်က စျာန်တရားတွေလုပ်ပီး ဗြဟ္မာဖြစ်၊ ဒီ ဗြဟ္မာက နေပီး နောက်တ့ခါ, ဝက်ဘဝလဲ ပြန်ဖြစ်ရတယ်ဆိုဒါ ဒိဋ္ဌိလက်ချက်ဘဲ။

ဒကာ,ဒကာမတွေ ရိပ်မိကြရဲ့လား ?၊ ဒိဋ္ဌိဟာ သာမည မဟုတ်ဘူး၊ အပါယ်ပို့ဒါ သူ့လက်ချက်ချည့်ဘဲ ဆိုဒါ မှတ်ထားကြ၊ ရှင်းပလား ?၊ ဒါကြောင့် အပါယ်မျိုးစေ့ပြုတ်အောင် ဝိပဿနာ ရှုကြပါလို့ အထူးတလည် တိုက်တွန်းနေတယ် ဆိုဒါ ရိပ်မိကြ၊ ဝိပဿနာရှုတော့ သခ်ၤါရတရားလေး ပျက်သွားဘီလို့ သိရတယ်၊ သိရတော့ ဒီအပေါ်မှာ ငါ,သူတပါးသေဒါ ယောကျ်ား, မိန်းမ သေဒါ မဟုတ်ပါကလား၊ ငါ,သူတပါး,ယောကျ်ား,မိန်းမ ဆိုဒါ မရှိပါလားလို့ ဆုံးဖြတ်ချက် ချနိုင်တယ်။

ဒီလို ဆုံးဖြတ်နိုင်တဲ့ ဉာဏ်ရတော့ အပါယ်မျိုးစေ့ ဖြစ်တဲ့ သက္ကာယဒိဋ္ဌိပြုတ်တော့ဒါဘဲ၊ သဘောပါကြပလား ?၊ ဒကာ,ဒကာမ တွေကို " ဝိပဿနာရှုကြ၊ မပေါ့ကြနဲ့ " ဆိုပီး အရှုခိုင်းဒါဟာ ဒီ အပါယ်မျိုးစေ့ကို အသတ်ခိုင်းဒါ သက္ကာယကို အဖြုတ်ခိုင်းဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ ဒါကိုမှ ဆရာသမား ခိုင်းတဲ့

အတိုင်း မလုပ်ချင်ကြရင်, မလုပ်ကြတော့ဘူးဆိုရင်, အပါယ်မကြောက်တဲ့ လူစိတ်ပျောက်နေတဲ့ သူမို့ဘဲ ဆိုဒါ ပြောဘို့မလို တော့ဘူး။

ဖြစ်ပေါ်လာဒါက သခ်ၤါရ၊ ပျက်သွားဒါက အနိစ္စ၊ ဥာဏ်နဲ့ ကြည့်တော့ မရှိဒါကို ဥာဏ်ကမြင်ရတယ်၊ ဥာဏ်ကမြင်တော့ ပျက်သွားဒါလေးဟာ သခ်ၤါရလေးဘဲလို့ ဆုံးဖြတ်ချက် ချလိုက်တယ်၊ ဒီတော့ကာ ပျက်သွားတဲ့ သခ်ၤါရလေးဟာ ငါမဟုတ်ပါဘဲကလေးလို့ သိလာတယ်၊ဒီလိုသိတော့ သက္ကာယဒိဋ္ဌိပြုတ်တာဘဲ၊ ဒကာ, ဒကာမတွေ ရိပ်မိပလား ?၊ ဒါကြောင့် ပေါ်လာဒါ သခ်ၤါရ၊ ပျက်သွားဒါ အနိစ္စ၊ မရှိဒါကို သိအောင် ဥာဏ်နဲ့ ကြည့်ပေးကြရမယ်၊ ကြိုးစား ကြည့်ပေးကြ။

ဥပမာ - မြင်စိတ်ကလေးဟာ မျက်လုံးအကြည်နဲ့ အဆင်းတို့က ပြုပြင်လို့ ပေါ်လာဒါမို့ သူ့ကို သခ်ၤါရလေးဘဲလို့ မှတ်ထား၊ ဒီမြင်စိတ်ဆိုတဲ့ သခ်ၤါရလေးဟာ အကြောင်းနှစ်ခုက ပြုပြင်လို့ ပေါ်လာဒါဘဲ၊ဒါ့ကြောင့် သူ့ကို အဓကြောင်းတိုက်ဆိုင်လို့ ပေါ်လာဒါမို့ သခ်ၤါရလို့ ဆိုရတယ်၊ သူ့ကို ဥာဏ်နဲ့ ကြည့်လိုက်တော့ ပျက်သွားတယ်၊ဒီသခ်ၤါရလေး အနိစ္စရောက်သွားတယ်၊ ဘာ့ကြောင့် ဒီသခ်ၤါရလေးဟာ ပျက်သွားရသလဲ ?၊ မပိုင်လို့ မဆိုင်လို့ဘဲ၊ ရိပ်မိကြပလား ?။

အကြောင်းတိုက်ဆိုင်လို့ ပေါ်လာဒါ သခ်ၤါရ၊ မပိုင်မဆိုင်လို့ ပျက်သွားဒါသခ်ၤါရ၊ အဲဒီလို ဉာဏ်နဲ့ သိရတယ်၊ အဲဒီလို သိတော့ ငါ့ သူတပါး၊ ယောကျ်ား၊ မိန်းမလို့ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ပြုတ်သွားဒါဘဲ၊ ဒကာ,ဒကာမတွေ သဘောပါကြရဲ့လား ?၊ ဒီအချက်ဟာ အလွန်ဘဲ အရေးကြီးပါတယ်၊ သခ်ၤါရပျက်တာမမြင်ရင် ဒိဋ္ဌိမကွာဘူး၊ ငါစွဲ၊ ငါ့ဥစ္စာစွဲ မပျောက်ဘူး၊ ဒီ အစွဲမပျောက်ရင် ဒကာတို့သေရင် လိုက်မပို့ နဲ့ တော့၊ အပါယ်တန်းသွားမယ်ဆိုဒါ မှတ်ကြတော့။

ဒကာ,ဒကာမတို့ ယုံမှားမရှိကြနဲ့ ၊ဒိဋ္ဌိမကွာရင် အပါယ် ရောက်ဘို့က သေချာတယ်၊ ဒိဋ္ဌိရှိ, တဏှာလဲရှိ၊ ရှိနေတော့ တဏှာ, ဒိဋ္ဌိက ပဝဠတရားမို့ သေရင် အပါယ်ချမယ်ဟော့လို့ ဆိုသလိုပါဘဲ၊ ဒါကြောင့် ဒိဋ္ဌိပြုတ်ဘို့ အလွန် အရေးကြီးတယ်၊ ဒိဋ္ဌိပြုတ်အောင် ဝိပဿနာ လုပ်မှဘဲ ရနိုင်မယ်၊ ဒါမလုပ်ရင် ငရဲမျိုးစေ့ မပြုတ်သေးဘူး ဆိုဒါ ဆုံးဖြတ်ချက်ချကြ။

အခု ဒကာ, ဒကာမတွေကို ရှင်းပြရမယ်၊ ဥပမာ- မျက်လုံး အကြည်နဲ့ မြင်စရာအဆင်းနဲ့ တဲ့တော့ မြင်စိတ်ကလေး ပေါ်လာရတယ်၊ ဒီ မြင်စိတ်ကလေးဟာ အကြောင်းကပြုပြင်လို့ ပေါ်ဒါမို့ သခ်ၤါရလေးဘဲ၊ ဒီ သခ်ၤါရလေး ပေါ်လာဒါ ဉာဏ်နဲ့ ကြည့်လိုက်တော့ ပျက်သွားဘီ၊ မရှိတော့ဘူး၊ အဲဒါ သခ်ၤါရလေး အနိစ္စ ရောက်သွားဒါဘဲ၊ ရှင်းကြရဲ့လား ?၊ ဒီ မြင်စိတ်ကလေးဟာ သခ်ၤါရလေး တခုဘဲလို့လဲ သိရမယ်၊ဖြစ်ပီး ပျက်သွားဒါကိုလဲသိရမယ်၊ ကြည့်တတ်ကြ ပလား ?။

ဒီနည်းအတိုင်း ဘယ်စိတ်ပေါ် ပေါ် ကြည့်ပေးရမယ်၊ ပေါ် လာဒါ သခ်ၤါရ၊ ပျက်သွားဒါ အနိစ္စ၊ ဒါကို ဉာဏ်နဲ့ မြင်ဘို့ အရေးကြီးတယ်၊ ဒုက္ခရခြောက်ခုက ပေါ် လာသမျှ ဒီအတိုင်း မြင်အောင် ကြည့်ပေးကြ၊ ကြားစိတ်ကလေးပေါ် လာလဲ ဖြစ်ပီး ပျက်သွားဒါ မြင်အောင် ဉာဏ်နဲ့ သာ ကြည့်ပေးကြ၊ နှာခေါင်းက နံစိတ်၊ လျှာက စားသိစိတ်၊ ကိုယ်ကလဲ အတွေ့သိစိတ်၊ မနောကလဲ ကြံစည်စိတ်, တွေးတောစိတ်, တခုခုတော့ ပေါ် မှာဘဲ၊ ပေါ် ရာကို မလွတ်အောင် ကြည့်ကြ။

ပေါ် လာတဲ့တရားက သခ်ၤါရ၊ ပျက်သွားဒါက အနိစ္စ၊ ဉာဏ်နဲ့ ကြည့်တဲ့အခါ မရှိဒါကို သိရမယ်၊ ရှင်းကြရဲ့ လား ?၊ တခုမပေါ် ရင် တခုခုတော့ ပေါ် မှာဘဲ၊ ပေါ် ရာကို မလွတ်တမ်း ကြည့်ပေး၊ လွတ်သွားဒါနဲ့ တပြိုင်နက် ကိလေသာတောထဒါနဲ့ တချက်ထဲဘဲ ဆိုဒါမှတ်ကြ၊ ဒီလို ဉာဏ်နဲ့ ကြည့်တော့ ဒါဟာ ငါမဟုတ်ဘူး၊ သခ်ၤါရတရားဘဲလို့ သိမယ်၊ ဒီ သခ်ၤါရလေးရဲ့ အဖြစ်ကို သိတော့၊ အပျက်ကိုလဲ သိတော့ဒါဘဲ၊ ရှုတဲ့ဉာဏ်က နောက်က ဒီအတိုင်း သိ,သိ နေတော့ဒါဘဲ၊ ဒီလို နောက်ဉာဏ်က တွေးဒါ သိမြင်ဒါဟာ ဝိပဿနာ သမ္မာဒိဋ္ဌိ အမြင်ဘဲလို့ မှတ်လိုက်ကြ၊ သဘောပါကြရဲ့ လား ?။

ရှုတဲ့ဉာဏ်က ပေါ် လာတဲ့ ဓမ္မလေး မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချနိုင်ရင် ဒိဋ္ဌိကသွားဘီဆိုဒါ မှတ်ကြ၊ ခန္ဓာမှာ ဓမ္မပေါ် လာတိုင်း သိဘို့ လိုရင်းဘဲ၊ ရှုဉာဏ်က ပေါ် လာပီး မရှိတော့ဘူး ဆိုဒါ သိရမယ်၊ သဘောပါကြပလား ?၊ ဒါကြောင့် ဒကာ, ဒကာမတွေ

ဝိပဿနာအရေးကြီးတယ် ဆိုဒါ ပေါ်ကြပလား ?၊ ဝိပဿနာရှုတယ် ဆိုဒါ သခ်ၤါရတရားပျက်တယ်လို့ သိအောင် လုပ်နေရတဲ့ အလုပ်ပဲ ဆိုဒါ မှတ်ကြ၊ ရှင်းပလား ?။

အဆင်းကြောင့် ပေါ်လာတဲ့စိတ်၊ အသံကြောင့် ပေါ်တဲ့စိတ်၊ အနံ့ကြောင့် ပေါ်တဲ့စိတ်၊ အချို အချဉ်ကြောင့် ပေါ်တဲ့စိတ် အတွေ့ကြောင့် ပေါ်တဲ့စိတ်၊ တခုခုကြောင့် ပေါ်လာတဲ့ ဓမ္မလေးဟာ သခ်ၤါရလေးဘဲ ဆိုဒါမှတ်၊ အကြောင်းကြောင့် ပေါ်လာတဲ့ဟာ သခ်ၤါရချည့်ဘဲ၊ ဒီလိုပေါ်သမျှသခ်ၤါရဟာ အပျက်မှာချည့် လမ်းဆုံးတယ်၊ ပေါ်လာသမျှဟာ ပျက်တာချည့်ဘဲလို့ မှတ်ကြတော့၊ သဘောပါပလား ?။

ဒါကြောင့် "သဗ္ဗေ သခ်ၤါရာ၊ မင်းတို့သန္တာန် ပေါ်လာကြတဲ့ သခ်ၤါရ ဟူသမျှတွေသည်။ အနိစ္စာ၊ အပျက်ချည့်မှာသာ လမ်းဆုံးကြရပေကုန်၏" လို့ ဘုရားဟောတော်မူဒါဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ ဒီအခါမှာ ဒကာတို့က "ယဒါ ပညာယ ပဿတိ" ဖြစ်အောင် လုပ်ကြရမယ်တဲ့၊ "ယဒါ၊ သခ်ၤါရတရားက အပျက်ချည့်သာ ပြနေသည့် အကြောင်အခါ၌။ ပညာယ၊ ဝိပဿနာရှုဉာဏ်ဖြင့်။ ပဿတိ၊ ရှုမြင်ရ၏" ။ သူ့သဘာဝ အမှန်ကို မြင်အောင် ကြည့်ပေးကြရမယ်-တဲ့။

အဲဒီလို ဉာဏ်နဲ့ အမှန်သဘာဝကို မြင်ရတဲ့အခါမှာ၊ ဒီဋ္ဌိကို မင်းသွားတော့လို့ မဆိုရဘူး၊ အလိုလို ကွာတော့ဒါဘဲဆိုဒါ မှတ်ကြ၊

ရှင်းပလား ?၊ မိမိသန္တာန်မှာ ဉာဏ်နဲ့ကြည့်တော့ သခ်ါရတရား လေးတွေဟာ ပေါ်လာလိုက်, ပျက်သွားလိုက်၊ ပေါ်လာလိုက်, ပျက်သွားလိုက်နဲ့ ဒီ သဘောခန္ဓာခဲ့တွေ့ရမယ်၊ ဒါကို ပိုင်ပိုင် နိုင်နိုင် ဉာဏ်နဲ့မြင်ရင် ဒိဋ္ဌ အလိုလို ကွာဘီဆိုဒါ မှတ်ကြတော့။

ဒါကြောင့် ခန္ဓာမှာ ပေါ်သမျှ မလွတ်အောင် ရှုကြ၊ ရှုတော့ မရှိဒါကို တွေ့ရမယ်၊ ပေါ်လာဒါက သခ်ါရ၊ မရှိဒါက အနိစ္စ၊ ဒီလို မြင်ရင် ပုဂ္ဂိုလ်, သတ္တ, ငါ, သူတပါး, ယောကျ်ား, မိန်းမ ကင်းတဲ့ ဓမ္မ၏အနိစ္စကို မြင်ဒါဘဲ၊ ရိပ်မိကြရဲ့လား ?၊ ဒါကြောင့် ဝိပဿနာ ဉာဏ်ဟာ ဒိဋ္ဌရှင်းတဲ့ ဉာဏ်ဘဲ၊ဝိပဿနာရှုဒါဟာ ဒိဋ္ဌရှင်းဒါဘဲဆိုဒါ မှတ်ကြ၊ ရှင်းကြရဲ့လား ?။

ဒကာ, ဒကာမတို့ သန္တာန်မှာ ပေါ်လာသမျှ သခ်ါရချည့်သာ မှတ်ကြ၊ ဘယ်အခါမှာ ပေါ်ဒါလဲ ? ဆိုရင်၊ ဘယ်အခါ ပေါ်ပေါ် သခ်ါရဘဲ၊ ဘယ်အခါမှာ ပေါ်ပေါ် ပဋိစ္စသမုပ္ပါဒ် သခ်ါရချည့်ဘဲ ဆိုဒါသာ မှတ်လိုက်ကြ၊ ဒီလို ပေါ်လာသမျှမှာ မရှိဒါ သိအောင် ကြည့်ပေးရမယ်၊ လာသမျှ ဖြစ်ပျက်ချည့်သာရှုချ၊ ဒီ ဖြစ်ပျက်တလုံး ပိုင်ပိုင် နိုင်နိုင် ရှုပေး၊ ရှုပေးနေရင် အလိုလို ဒိဋ္ဌကွာနေတယ် ဆိုဒါ မှတ်ကြ။

ဒကာ, ဒကာမတို့ သခ်ါရကို မြင်တဲ့အချိန်ကစပီး, ဉစ္ဆဒဒိဋ္ဌ မရှိတော့ဘူး၊ ဒီသခ်ါရလေး ပျက်သွားဒါ မြင်သဖြင့်လဲ, သဿတ၊ သက္ကာယ၊ အတ္တာဒိဋ္ဌတွေ့ မရှိတော့ဘူး၊ ဝိပဿနာဉာဏ် တချက်နဲ့ ဒိဋ္ဌသုံးမျိုးခွါနိုင်တယ်၊ ပျက်သွားဒါမြင်တော့ သဿတ, သက္ကာယနဲ့

အတ္တဒိဋ္ဌိ သုံးခုလုံး စင်သွားတယ်၊ ဒကာ, ဒကာမတို့ ဝိပဿနာရှုတဲ့ ကျေးဇူးဟာ ဘယ်လောက်များသလဲ ?၊ အခုဟာ အစဘဲ ရှိသေးတယ်၊ ဒီနောက် အင်မတန်ကြီးတဲ့ ကျေးဇူးတွေပါ ခံစားရမယ် ဆိုဒါမှတ်ကြတော့၊ ရိပ်မိပလား ?။

ဒကာ, ဒကာမတို့ အားထားဘို့မျှား မကောင်းကြ သေးဘူးလား ?၊ ကောင်းဒါရိပ်မိရင် ဝိပဿနာ ဖြစ်ပျက်ကို ကြိုးစားရှုကြ၊ ဖြစ်တာ ပျက်ဘာ မြင်အောင်ကြည့်၊ ဖြစ်ပီး, မရှိဘူးဆိုဒါ မြင်ရင် တော်ဘီ၊ ရှေဆက်ပီး ကြိုးစားသာ ရှုကြတော့၊ သဘောပါကြပလား ?၊ ဝိပဿနာမရှုရင် မဖြစ်တော့ဘူးဆိုဒါ ရိပ်မိကြတော့၊ ဘာ့ကြောင့်လဲ ? ဆိုတော့ ဒကာ, ဒကာမတွေ အလုပ်တွေ, အကိုင်တွေ အမျိုးမျိုး အခုလုပ်နေကြရတယ်၊ ဟုတ်ကြရဲ့ လား ?။

အဲဒီလို အလုပ်လုပ်တာ ဘာ့ကြောင့်လဲ ? ဘာလုပ်ဖို့လဲ ? လို့ ဒီ့ ပြင်လူကမေးရင် " ငါစားဘို့ - ငါသုံးဘို့ " တဲ့၊ ဒကာတို့ အသံတွေက နေရာတကာမှာ ဒီဋ္ဌိချည့်ဘဲ၊ ဒကာတို့ဟာ ဒီဋ္ဌိလွှတ်တဲ့နေရာမျှား ပါမယ် ထင်သလား ?၊ မထင်ကြနဲ့ ၊ ဒီဋ္ဌိတွေ တောထနေတယ် ဆိုဒါသာ မှတ်ကြ၊ ဒီ ဒီဋ္ဌိရှိနေရင် အကုသိုလ် ဟူသမျှ ဖြစ်ပေါ်ဘို့ မခဲယဉ်းတော့ဘူး၊ အကုသိုလ်ဟူသမျှ ဒီဋ္ဌိက လာတယ်ဆိုဒါ မှတ်လိုက်ကြ။

အကုသိုလ်ဟူသမျှ ဒီဋ္ဌိက လာဒါဖြစ်တော့ ဒီဋ္ဌိရှိသမျှ အပါယ်နဲ့ အိုးစားဘယ်တော့မှမကွဲတော့ဘူး၊ အပါယ်ဟာ အိုးပိုင်, အိမ်ပိုင်,

မြေပိုင့်, ယာပိုင်ဘဲ၊ ဒကာ, ဒကာမတွေ့ သဘောပါကြရဲ့လား ?၊ ဒါ့ကြောင့် အပါယ်နဲ့ အဆက်ပြတ်အောင် ဝိပဿနာ ရှုကြရမယ်၊ ဝိပဿနာမရှုသူမှာ ဒိဋ္ဌမင်္ဂဘူး၊ ဒိဋ္ဌမသေသမျှ အပါယ်နဲ့ အိုးစားမကွဲတော့ဘူး ဆိုဒါသာ မှတ်ကြတော့၊ ကျေနပ်ပလား ?။

ဝိပဿနာတရားမှသာ ဒိဋ္ဌကိလေသာကို နိုင်နိုင်တယ်၊ ဝိပဿနာမှသာ သာသနာတွင်း တရားအစစ် မှန်တယ်၊ ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိ ဆိုတဲ့ သုံးနံပတ် သမ္မာဒိဋ္ဌိသည် အပါယ်ကို ကျစေတတ်တဲ့ ဒိဋ္ဌိအမိုက်အမှားကို စင်ကြယ်စေတတ်တယ် ဆိုဒါ မှတ်ရမယ်၊ ရိပ်မိပလား ?၊ အဲဒီတော့ ဒကာ, ဒကာမတွေ့ ဝိပဿနာရှုတဲ့ နေ့ဟာ အပါယ်ကျစေတတ်တဲ့ ဒိဋ္ဌိအမိုက်အမှားစင်တဲ့နေ့ဘဲ ဆိုဒါ မှတ်ကြ။

ဒီလိုဆိုတော့ ဝိပဿနာ မရှုတဲ့နေ့၊ ဝိပဿနာ ကင်းတဲ့နေ့ဟာ ဒိဋ္ဌိတော ထနေတဲ့နေ့၊ အပါယ်ရိက္ခာ စုတဲ့နေ့ဘဲလို့ ဆိုရင် လွဲသလား ?၊ အေး, မလွဲမှန်းသိရင် ဝိပဿနာ ကြိုးစားရှုကြ၊ ဝိပဿနာတရားမှသာ သာသနာတွင်းတရားအစစ်၊ သူကမှ ဒကာ, ဒကာမတို့ရဲ့ ကိုးစားရာ အားထားရာ ကောန်ဖြစ်တယ် ဆိုဒါ လေးလေး နက်နက် သတိပေးလိုက်ပါတယ်၊ သဘောပါကြရဲ့လား ?။

ကိုင်း....ယနေ့ ဒီတွင် တော်ကြအုံး၊ နက်ဖြန်မှ ဆက်ကြစို့။

ဓမ္မရတနာ မာတိကာ

“ခေါင်းဆောင်တရား သူဌေးသား တရားတော်”

ဆောင်ပုဒ်

ဝိညာဏ်ခြောက်တန်၊ တွင်းသန္တာန်၊ ဖန်ဖန်ဖြစ်ပျက်လှည့်။
ရှေလားဝိညာဏ်၊ နောက်ဝိညာဏ်၊ ဝိညာဏ်စက်ကြီးလှည့်။
တခုပျက်သော်၊ တခုပေါ်၊ ဘယ်သော်ပြတ်မရှိ။
ပေါ်လာကြုံခိုက်၊ ရှုညာဏ်စိုက်၊ အလိုက်ဖြစ်ပျက်ကြည့်။
ဓမ္မပေါ်ပြန်၊ မရှိမှန်၊ ကောန်ခဲ့ဝေသိ။
ခန္ဓာဖြစ်ပျက်၊ ငါမစွက်၊ သက်သက်ဓမ္မချည့်။
ခန္ဓာစွန့်လွှတ်၊ ဒိဋ္ဌိကျွတ်၊ ဝိပဿီသံဒိဋ္ဌိ။
ဝိပဿီရင့်သော်၊ မဂ်ညာဏ်ပေါ်၊ အဟောနိဗ္ဗုတိ။ ။

သတိချပ်

ဒိဋ္ဌိသမ္မာ၊ ငါးမျိုးဖြာ၊ ကောင်းစွာခဲ့ဝေသိ။
သူမပါလျှင်၊ ဘုရားပင်၊ ဘယ်တွင်ပင့်မရှိ။
ခေါင်းဆောင်တရား၊ သူဌေးသား၊ မှတ်သားမြင်မှန်သိ။
သာသနာ့ချက်ချာ၊ ဝိပဿနာ၊ သမ္မာထိုဒိဋ္ဌိ။
ဝိပဿနာလိုရင်း၊ သာသနာတွင်း၊ ရှင်းရှင်းမှတ်ပါဘိ။
ဝိပဿနာလောက်လုံ၊ ကုန်ပြည့်စုံ၊ ရှောဘုံနိဗ္ဗုတိ။
ထို့ကြောင့်ဝိပဿနာ၊ ဆောလျှင်စွာ၊ မချာကြိုးသင့်၏။ ။

တရားသား ဒကာ, ဒကာမတို့ နိဗ္ဗာန်သွားဘို့ရာ ခေါင်းဆောင် တရားဟာ သမ္မာဒိဋ္ဌိဘဲဆိုဒါ မှတ်ကြ၊ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်သွားဘို့ရာ ခေါင်းဆောင်ရွေသွား လိုရင်းတရားဘဲ၊ သူမပါရင် ဘုရားတောင် ဖြစ်ခွင့်မရှိဘူး၊ သူမပါဘဲ ဘုရားမပွင့်နိုင်ဘူးဆိုဒါ မှတ်ကြ၊ ရှင်းကြပလား ?၊ ဒီ - သမ္မာဒိဋ္ဌိကလဲ ငါးမျိုးရှိတယ်လို့ မှတ်ရမယ်၊ ငါးမျိုးက မနေ့က ပြောခဲ့တဲ့အတိုင်း ကမ္မသကတာ သမ္မာဒိဋ္ဌိ, စျာနသမ္မာဒိဋ္ဌိ, ဝိပဿနာသမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိ, ဖလ သမ္မာဒိဋ္ဌိ ဒီ - ငါးမျိုးဘဲ။

သမ္မာဆိုဒါက အမှန်,အကန်၊ ဒိဋ္ဌိက မြင်ဒါ၊ နှစ်ခုပေါင်းတော့ အမှန်အကန်မြင်တဲ့တရား၊ ဒါကြောင့် သမ္မာဒိဋ္ဌိဆိုဒါ အမှန်အကန် မြင်တဲ့ သဘောတရားဘဲဆိုဒါ မှတ်ထားကြ၊ ဒီသမ္မာဒိဋ္ဌိ ငါးမျိုး လုံးဟာ အမှန်အကန်မြင်ဒါချည့်ဘဲ၊ ဒါပေမဲ့ တခုနဲ့တခု အဆင့် အတန်းမတူကြဘူး၊ ဥပမာအားဖြင့်ဆိုရင် ကလေးအမြင်, လူလတ် အမြင်,လူကြီးအမြင်ပြားသလို ခြားနားသလို ကဲပြားတယ်,ခြားနား တယ်ဆိုဒါ မှတ်ကြ။

ဒကာ,ဒကာမတို့ ကမ္မသကတာ သမ္မာဒိဋ္ဌိဟာ အစဦးဆုံးဉာဏ်ဘဲ၊ ဉာဏ်ခန်းမှာ ဒီဉာဏ်ဟာ အစဉာဏ်ဘဲလို့ မှတ်ကြ၊ ဒကာ, ဒကာမတွေမှာ ဒီ - ကမ္မသကတာဉာဏ် ရကြတယ်၊ ပြည့်စုံနေကြ တယ်၊ ဒါပေမဲ့ ဒီဉာဏ်လောက်နဲ့ မတင်းတိမ်ခကောင်းဘူး ဆိုဒါ မှတ်ကြရမယ်၊ရွေတက်ရအုံးမယ့် ဉာဏ်ရှိသေးတယ်၊ရိပ်မိကြပလား?၊

ရှေက နှစ်နံပတ်က စျာနသမ္မာဒိဋ္ဌိဘဲ၊ ဒီဟာက စျာန်, အပ္ပနာဇော စေတနာ ဗြဟ္မဉ့ပြကို ရောက်နိုင်တယ်။

ဒီ - နံပတ် ၂, စျာနသမ္မာဒိဋ္ဌိနဲ့လဲ လမ်းမဆုံးသေးဘူး၊ အထက် တန်းလိုလိုနဲ့ ကိစ္စ မပြီးနိုင်သေးဘူး ဆိုဒါ မှတ်ကြ၊ ဒီတော့ သူလောက်နဲ့ ကျေနပ်နေဘို့လဲ မဟုတ်သေးဘူး၊ ရှေ - တက်ရအုံးမယ်၊ သုံးနံပတ်ကို တက်ရအုံးမယ်၊ သုံးနံပတ်က ဝိပဿနာသမ္မာဒိဋ္ဌိဘဲ၊ ဒီဟာသည် အရေးအကြီးဆုံးဘဲ၊ ဝိပဿနာ သမ္မာဒိဋ္ဌိဟာ အရေးအကြီးဆုံး အချက်ပဲဆိုဒါ မှတ်ကြ၊ဒီ သမ္မာဒိဋ္ဌိက သာသနာတွင်းမှာသာ ပေါ်နိုင်တယ်၊ ရှင်းကြပလား ?။

ပဌမနဲ့ ဒုတိယနှစ်ခုက သာသနာပတရား၊တတိယက သာသနာတွင်းတရားဘဲဆိုဒါ မှတ်ကြ၊ တစ်နဲ့ နှစ်က သာသနာပမှာလဲဖြစ်နိုင်တယ်၊ သုံး, လေး, ငါးက သာသနာတွင်းကြုံမှသာ ဖြစ်နိုင်တယ်၊ သာသနာပ အခါမျိုးမှာ သာဝကတွေအဘို့ ဖြစ်နိုင်ခွင့်မရှိဘူးဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ ဒီတော့ အခုနေမှာ ငါတို့ရတဲ့ အခွင့်အရေးဟာ နဲတဲ့အခွင့်အရေး မဟုတ်ပါလား ? လို့ ရိပ်မိပီး, ကြိုးစားကြ။

အခု ဒကာ,ဒကာမတွေ ခန္ဓာဇာတ်သိမ်း, ငြိမ်းအေးရာဖြစ်တဲ့ နိဗ္ဗာန်သွားဘို့ရာ ဒီဝိပဿနာ သမ္မာဒိဋ္ဌိဆိုတဲ့ သုံးနံပတ်ကစပီး လုပ်ကြရမယ်၊ ဘဝမျှားစ့ာ သံသရာ အဆက်ဆက်က ပါလာတဲ့ ကြွေးတွေ၊ အခုဘဝမှာဆပ်ရင် ကျေနိုင်တယ်၊ ကံငါးပါးလွတ်တဲ့သူ

ဆိုရင် ဒီ ဝိပဿနာ သမ္မာဒိဋ္ဌိလုင်ငန်း လမ်းဆုံးအောင်လုပ်ပီးဆပ်ရင် ကြွေးအားလုံးကျေတယ်ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါပလား ?။

ဒကာ,ဒကာမတို့မှာ ဘဝသံသရာက ပါလာတဲ့ အကုသိုလ်ကြွေးတွေက အလွန်ဘဲများပါတယ်၊ အခွင့်အလှဲ့ မသင့်သေးခင်မှာ အကျိုးမပေးသေးဒါပါ၊ သူ့အခွင့်သင့်လို့ အကျိုးပေးလိုက်ရင် ချမ်းသာခွင့်မမြင်တော့ဘူး၊ အဲဒီတော့ အခုနှယ် အခါကောင်းတုန်းမှာ တချီထဲနဲ့ ကျေအောင်ဆပ်ကြရမယ်၊ ဆပ်တော့ ဝိပဿနာလုပ်ပီး မဂ်ဉာဏ်နဲ့ ဆပ်ရမှာဘဲ၊ မဂ်နဲ့မှမဆပ်နိုင်ရင် ခန္ဓာနဲ့ဆပ်ဘို့သာ ပြင်ထားကြ၊ ရိပ်မိကြရဲ့လား ?။

ဒါကြောင့် အခု, သုံးအချက်ဖြစ်တဲ့ ဝိပဿနာအလုပ်,လုပ်ကြရမယ်၊ ဒါမလုပ်ရင် ဖြစ်ပါ့မလား ?၊ ဘယ်နည်းနဲ့မှ မလုပ်ရင် မဖြစ်တော့ဘူး၊ သဘောပါပလား ?၊ လုပ်တော့ ဒီသုံးနံပတ် ဝိပဿနာဉာဏ်က ခန္ဓာပေါ်မှာ လှဲ့ရမှာဘဲ၊ ဒကာ,ဒကာမတို့ လက်ရှိရနေတဲ့ ခန္ဓာက ငါးမျိုး၊ ဒီ ငါးမျိုးပေါ်မှာ သုံးနံပတ်ဉာဏ်နဲ့ လှဲ့ရမယ် ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား ?။

ခန္ဓာငါးမျိုးရှိပေမဲ့ ခန္ဓာတမျိုးမျိုးပေါ်မှာသာ ဉာဏ်လှဲ့ရမှာ၊ ပေါ်တဲ့အခါမှာ ငါးမျိုးပြိုင်ပီး မပေါ်ဘူး၊ တမျိုးမျိုးသာ ပေါ်မှာမို့ ရှုတဲ့အခါ တမျိုးထဲကို ရှုကြဘို့ အရေးကြီးတယ်၊ ဒါပေမဲ့ ဘုန်းကြီးကတော့ ဝိညာဏကခန္ဓာတမျိုးကို လိုက်ကြလို့ ပြောလိုက်တယ်၊ ဝိညာဏကခန္ဓာမှာ ဝိညာဏ်ခြောက်မျိုးရှိတယ်၊ အဲဒီခြောက်မျိုး

ထဲကလဲ ပေါ်တဲ့အခါ တမျိုးဘဲ ပေါ်မှာဘဲ၊တခုမပေါ် တခုကတော့ ပေါ်မှာဘဲ၊ ရှင်းပလား ?၊ အဲဒီ ပေါ်ဒါတမျိုးကို မိအောင်ရှုကြဘို့ အရေးကြီးတယ်၊ အဲဒါ စိတ္တာနုပဿနာဘဲလို့ မှတ်ကြ။

ဥပမာ။ ။ စက္ခုစ ပဋ္ဌစ္စ ရူပေစ ဥပ္ပဇ္ဇတ စက္ခုဝိညာဏ၊
သောတဉ္စ ပဋ္ဌစ္စ သဒ္ဒေစ ဥပ္ပဇ္ဇတိ သောတဝိညာဏံ၊
ဃာနဉ္စ ပဋ္ဌစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ၊
ဇိဝှဉ္စ ပဋ္ဌစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ၊
ကာယဉ္စ ပဋ္ဌစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ၊
မနဉ္စ ပဋ္ဌစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ။

၁....မျက်လုံးအကြည်နဲ့ အဆင်းနဲ့ တည့်တဲ့အခါ.... မြင်,သိစိတ်။
၂....နားအကြည်နဲ့ အသံနဲ့ တည့်တဲ့အခါ.... ကြား,သိစိတ်။
၃....နှာခေါင်းအကြည်နဲ့ အနံ့နဲ့ တည့်တဲ့အခါ.... နံ့,သိစိတ်။
၄....လျှာအကြည်နဲ့ အရသာနဲ့ တည့်တဲ့အခါ ... အရသာ,သိစိတ်။
၅....ကိုယ်အကြည်နဲ့ အတွေ့နဲ့ တွေ့တဲ့အခါ.... အတွေ့,သိစိတ်။
၆....မနောအကြည်နဲ့ ဓမ္မာရုံနဲ့ တည့်တဲ့အခါ.... မနော,အသိစိတ်။

ဒကာ, ဒကာမတို့ အဲဒါလို ခြောက်မျိုး တခုမဟုတ် တခု၊ လှည့်ပတ်ပီး ပေါ်နေကြဒါဘဲ၊ ဒီ ပဉ္စာဏ်ပီး, နောက် ဝိညာဏ်စ, ဒီဟာပီးပြန်တော့လဲ နောက်တခု ဆက်လာနဲ့ အဆက်မပြတ်, အမြဲလှုံ့ပတ်နေတယ်လို့ သာ မှတ်ကြ၊ ရိပ်မိကြပလား ?၊ ဒီလိုလှုံ့ပတ်

နေတဲ့ ခြောက်ခုကို သုံးနှံပတ်နဲ့ ရှုရမှာ၊ ရှုတဲ့အခါတော့ တခုဘဲ ပေါ်ဒါမို့ တခုဘဲရှုရမှာပါ၊ နှစ်ခု,သုံးခု ပြိုင်မပေါ်ဘူး၊ ပေါ်ချင်ဒါ ပေါ် ဒီသုံးနှံပတ် ဝိပဿနာ သမ္မာဒိဋ္ဌိလိုက်ဘို့က လိုရင်းဘဲ ဆိုဒါ မှတ်ကြတော့။

အခု ဒကာ, ဒကာမတွေ တရားနာဆဲမှာ သောတဒ္ဓါရမှာ တရားသံကြားနေရတော့ "သောတဝိညာဏ်စိတ်" ကလေး ဖြစ်ပေါ် နေတယ်၊ အခုတရားသံကို ကြားတဲ့စိတ်ဟာ အိမ်ကပါတဲ့ ကြားစိတ်လား ?၊ မဟုတ်ပါဘူး၊ အိမ်ကပါတဲ့ ကြားစိတ် မဟုတ်ဘူးဆိုဒါ သိကြဘီ၊ အဲဒီတော့ ဘယ်အချိန်မှာ ပေါ်ဒါလဲ ?၊ အခု တရားသံ ကြားရတဲ့အချိန်မှာ ပေါ်လာဒါဘဲ၊ ရိပ်မိကြပလား ?၊ အခုကြား စိတ်ဟာ အခုအသံနဲ့ နားနဲ့ပေါင်းမှ ပေါ်ဒါမို့ ဒါလေးဟာ ပဋိစ္စ သမုပ္ပါဒ် အစဘဲဆိုဒါ မှတ်လိုက်ကြ။

ဒကာ,ဒကာမတို့ ဒီကြားစိတ်ဟာ ပဋိစ္စသမုပ္ပါဒ်အစဖြစ်သဖြင့် လဲ ဝိပဿနာရှုစရာ ဒီကစရမယ်၊ ဒီကြားစိတ်ဟာ ဝိပဿနာအစဘဲ ရှင်းကြပလား ?၊ ဒါကြောင့် ဒီကြားစိတ်ကို သုံးနှံပတ်နဲ့ကြည့်၊ ဝိပဿနာဉာဏ်နဲ့ကြည့်လို့ ဆိုလိုတယ်၊ စိတ်ကလေးပေါ်လာ သုံးနဲ့ ကြည့်တော့ မရှိဒါကိုသိမယ်၊ ဉာဏ်က မရှိဒါကိုဘဲ သိရမယ်၊မရှိဒါကို သိဒါဟာ ကြားစိတ်ကို သိဒါမဟုတ်ဘူး၊ ခန္ဓာကို သိဒါလဲ မဟုတ်ဘူး၊ မရှိဒါကိုသာ သိဒါဘဲလို့ မှတ်လိုက်ကြ။

ဒီလိုသိတော့ ဒကာ,ဒကာမတို့ သုံးသည် ခန္ဓာကိုလဲ စွန့်တယ်၊ တဏှာကိုလဲ စွန့်တယ်၊' ဒီ သုံးဉာဏ်က ခန္ဓာကိုမတွေ့ဘူး၊ မရှိမှုဘဲ

တော့တယ်၊ ဒီတော့ ဝိပဿနာသတ္တိဟာ မရှိဒါကို သိတယ်ဆိုဒါ မှတ်လိုက်ကြ၊ မရှိဒါက ဘယူလဲ ?၊ ဝိညာဏကွန္ဓာဘဲ၊ ရှင်းပလား ? ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တော့ ဝိညာဏကွန္ဓာလေး မရှိတော့ ဘူးလို့ သိဘယ်၊အဲဒါကြောင့် ခန္ဓာမရှိဒါကို သိဒါဟာ ဝိပဿနာဘဲလို့ မှတ်လိုက်ကြ။

ဒကာ, ဒကာမတို့ သောတဒွါရမှာ ကြားစိတ်ပေါ်လာရင် ဉာဏ်နဲ့ကြည့်လိုက်၊ ကြည့်တဲ့အခါ မရှိဒါကို သိရမယ်၊ ကြားစိတ် ပေါ်လာ မရှိဒါသိမှ ဝိပဿနာ အမှန်ဘဲဆိုဒါ မှတ်ထားကြ၊ ရိပ်မိ ပလား ?၊ ကြားစိတ်ကို ဉာဏ်နဲ့ကြည့်ရင် မရှိဒါကို သိရမယ်၊ မရှိဒါ ဟာ ဝိညာဏကွန္ဓာဘဲ၊ ဝိညာဏကွန္ဓာ မရှိဒါသိရင် သူနဲ့တွဲတဲ့ ဝေဒနာကွန္ဓာ, သညာကွန္ဓာတွေကိုလဲ မရှိဒါ သိရဒါဘဲ၊ သဘော ပါကြပလား ?။

ဒါ့ကြောင့် ခန္ဓာမရှိဒါ သိအောင်လုပ်တဲ့ အလုပ်ဟာ,ဝိပဿနာ အလုပ်ဘဲဆိုဒါ မှတ်ထားကြ၊ ဒကာ, ဒကာမတွေ ပြောလေ့ပြောထ ရှိကြတယ်၊ လူတယောက်သေသွားတော့ “ အော်....အနိစ္စ ဘဲကို၊ အနိစ္စ - အနိစ္စ ”တဲ့၊ ဆူးငြောင့်ခလုတ် တိုက်မိတော့ “ အော်....ဒုက္ခ ဒုက္ခ ” နဲ့ ယောင်ယမ်းပီး ပြောကြ ငြီးတွားကြတယ်၊ အဲဒီလို ပြောဒါဟာ ရိုးရာအနိစ္စသိ, ရိုးရာ ဒုက္ခသိနဲ့ ပြောကြဒါဘဲ၊ ဒါဟာ ရိုးရာသိလေးနဲ့ပြောတဲ့ ရိုးရာစကားဘဲဆိုဒါ မှတ်ကြ။

ဒါလောက်ကလေး သိရုံနဲ့ မရသေးဘူး၊ ဝေးသေးတယ် ဆိုဒါ မှတ်ကြ၊ ရိပ်မိကြပလား ?၊ ခန္ဓာမှာကြည့်တော့ ခန္ဓာမရှိဒါ သိတဲ့

သမ္မာဒိဋ္ဌိ အမြင်ရမှ အမှန်ကျမယ် ဆိုဒါ မှတ်ကြ၊ ခန္ဓာမရှိဒါ သိတဲ့ သမ္မာဒိဋ္ဌိမှ ပ်ပဿနာသမ္မာဒိဋ္ဌိ နိဗ္ဗာန်ရောက်မယ့် အသိဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချ။ ။ဒကာ့ ဒကာမတို့ အခုလက်ရှိခန္ဓာဟာ လိုချင်လို့ ရထားတဲ့ ခန္ဓာဘဲ၊ ဒီခန္ဓာဟာ နောက်ထပ်ပီး လိုချင်သေးရင် ထပ်ပီးရအုံးမှာဘဲ၊ ရှင်းကြရဲ့လား ?။

အဲဒီတော့ ဒီခန္ဓာဟာ လိုချင်လို့ ရထားဒါ၊ အဲဒီလို ခန္ဓာ ရသရွေ့ နိဗ္ဗာန်နဲ့ ဝေးသေးတယ်၊ မိုးနဲ့ မြေကြီးက နီးသေးတယ်၊ နိဗ္ဗာန်နဲ့ကဖြင့် အဝေးကြီး ဝေးသေးတယ် ဆိုဒါ မှတ်ကြတော့၊ ခန္ဓာက ဒုက္ခသစ္စာ၊ နိဗ္ဗာန်က နိရောဓသစ္စာ၊ ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာ ဆိုတော့ ဒကာတို့ဘဲ စဉ်းစားကြည့်ကြ၊ ဒုက္ခခန္ဓာ မရှိရာ ချုပ်ဆုံးရာဟာ နိဗ္ဗာန်ဘဲ၊ အဲဒီတော့ ခန္ဓာရသရွေ့ နိဗ္ဗာန်နဲ့ မနီးတော့ဘူး ဆိုဒါ ပေါ်ကြပလား ?။

ဒါကြောင့် ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို ရချင်, ရောက်ချင်ရင် ခန္ဓာ မရှိဒါကို သိအောင် လုပ်ရမယ်၊ ဒီအကျင့်ကို ကြိုးစားရမယ် ဆိုဒါ ရိပ်မိကြပလား ?၊ ဒီတော့ ခန္ဓာမရှိဒါ သိအောင် ဘယ့်နှယ့် ခန္ဓာ ကြည့်ရမှာလဲ ? လို့ ဆိုရင် မိမိခန္ဓာဘဲ မှတ်ကြ၊ ဒကာ့တို့ တတွေ အရင်တုန်းက မိမိခန္ဓာ မကြည့်မိကြလို့ မိမိ ခန္ဓာ့အကြောင်း မသိကြဘူး မရိပ်မိကြဘူး၊ မကြည့်လို့ အမှန်အကန် မသိတော့ ဒီခန္ဓာကို ငါ့ကိုယ်ဘဲ, ငါဘဲနဲ့ လုပ်ထားမိကြတော့ဒါဘဲ၊ ဟုတ်ကြရဲ့လား ?။

ဒကာ, ဒကာမတွေ ဒီနည်းနဲ့ သံသရာရှေ့ခဲ့ဒါ, ဒုက္ခရှေ့ခဲ့ဒါ ဘယ်လောက် ကြာပလဲ ? ဆိုရင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး

တောင် ဟောပြလို့ မကုန်နိုင်ဘူး မဆုံးနိုင်ဘူး ဆိုဒါ ပြောလိုက်ပါ တယ်၊ ဒီ ခန္ဓာငါးပါးကို ငါလုပ်ထားမိလို့ သံသရာတလျှောက်မှာ မှောက်ချင်တိုင်း မှောက်ပီး ကျချင်တဲ့ ချောက် ကျခဲ့ကြရဘီ၊ ရိပ်မိ ကြတော့၊ ဒီ ခန္ဓာကို ငါမဟုတ်မှန်း အမှန်အကန် သိရအောင် ဝိပဿနာဉာဏ်နဲ့ ကြည့်ရမယ်၊ ဒီဉာဏ်နဲ့ ကြည့်ရင် သူများပြော မဟုတ်ဘဲ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်ကြမယ် ဆိုဒါ မှတ်ကြ။

ဒီခန္ဓာငါးပါးကို ဉာဏ်နဲ့ မကြည့်မိတော့ ခန္ဓာရဲ့ အနိစ္စသဘော ဒုက္ခသဘော,အနတ္တသဘောအမှန်ကို မသိကြဘူး၊ ဒီလို အမှန်အကန် မသိတော့ ငါ လုပ်ထားမိတော့တယ်၊ အဲဒီလို ငါ လုပ်ထားမိတော့ သံသရာရှေရ, ဒုက္ခပေ့ခဲ့ရ၊ ချောက်ကျလို့ အဆုံးမသတ်နိုင်ခဲ့ကြဘူး ဆိုဒါ ရိပ်မိကြပလား ?၊ ရိပ်မိရင် အခု သံသရာစခန်းသတ်အောင် လုပ်ရမယ်၊ ဝိပဿနာရှုရမယ်ဆိုဒါ မှတ်ကြ၊ သဘောပါပလား ?။

ဒီခန္ဓာကို ငါ့ကိုယ်, ငါ့ဟာ လုပ်ထားလို့ အမှန်အကန်မသိ ကြဒါ၊ အခု ဝိပဿနာဉာဏ်နဲ့ ကြည့်တော့ ကြားစိတ်, ကြားတဲ့ခန္ဓာ မရှိဒါ ကိုယ်ဘိုင်သိရာယ်၊ ရှင်းကြရဲ့လား ?၊ ဒီနည်းအတိုင်း ပေါ်လာသမျှ ဉာဏ်နဲ့ ကြည့်ပေး၊ ကြည့်ပေးရင် ဘာခန္ဓာလာလာ မရှိဒါဘဲ သိကြရမယ်၊အဲဒီလိုမလုတ်တန်း ကြည့်ပေးတော့ မိမိရထား တဲ့ ခန္ဓာငါးပါး မရှိမှုသိရတဲ့အတွက်, ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်တယ် ဆိုဒါ မှတ်လိုက်ကြတော့၊ ဒကာ,ဒကာမတွေ သဘောပါကြပလား?။

ဒကာ,ဒကာမတို့ ဒီလိုသိတဲ့ အသိဟာ တန်ဘိုးမပြတ်နိုင်ပါဘူး၊ ဒီအသိမျိုး မသိသေးရင် သိအောင်၊ သိရရင်လဲ တိုးတက်လာအောင်

ကြိုးစားကြရမယ်၊ ဒီအသိမျိုး တာရှေရှင် နိဗ္ဗာန်နား ကပ်နေဘီ လို့သာ မှတ်လိုက်ကြ၊ ဒါကြောင့် ဒီအသိမျိုးရအောင်, ရပီးတော့လဲ ရင့်သန်သထက် ရင့်သန်လာအောင် အားစိုက်ကြလို့ အထူး သတိ ပေးလိုက်တယ်၊ ကျေနပ်ပလား ?။

ဒကာ, ဒကာမတွေ နားကြီးကြီးနဲ့ ထောင်ကြ၊ လှုပ်လှုပ် ကူကူနဲ့ ရနိုင်တဲ့အခွင့်အရေးမျိုး မဟုတ်ပါဘူး၊ တသံသရာနဲ့ တနား ဆို့သလို ကြားရဒါပါ၊ အင်မတန်မှ ကြားရခဲပါတယ်၊ ပြောတဲ့စကားနဲ့ နားနဲ့ မတန်ဘဲ ဖြစ်နေမှာ အင်မတန် စိုးရိမ်မိတယ်၊ ဒါကြောင့် ကြိုးကြိုးစားစားနဲ့ နာယူကြပါလို့ အထူးဘဲ တိုက်တွန်းလိုက်ပါ တယ်၊ ရိပ်မိကြရဲ့လား ?။

ဒကာ,ဒကာမတို့ နိဗ္ဗာန်ဟာ ခန္ဓာမရှိဒါဘဲဆိုဒါမှတ်ကြ၊ ဒီတော့ ခန္ဓာမရှိဒါ မြင်တဲ့အမြင်ဟာ နိဗ္ဗာန်မြင်မယ့် အမြင်၊ နိဗ္ဗာန်နဲ့ နီးတဲ့ အမြင်ဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘောပါပလား ?၊ ဒီ အဓိပ္ပါယ်ကို သံယုတ်အဋ္ဌကထာမှာ အတိအလင်း ဖွင့်ပြထားတယ်၊ "ဝိပဿနာ ဉာဏ်ဟာ မဂ်ဉာဏ်နဲ့ အနီးဆုံးဘဲ" တဲ့၊ဒကာ,ဒကာမတွေ ကျေနပ် ကြပလား ?၊ ဝိပဿနာရှုတော့ ခန္ဓာမရှိဒါ မြင်ရတယ်၊ ဒီလို ခန္ဓာ မရှိဒါမြင်လို့ ဝိပဿနာဉာဏ်ဟာ နိဗ္ဗာန်ကို တစိတ်တဒေသ မြင် တယ်လို့ မှတ်ရမယ်။

ပဌမရှေးဦးစွာ ဝိပဿနာဉာဏ်က ခန္ဓာမရှိဒါမြင်တယ်၊ နောက် လာမယ့် မဂ်ဉာဏ်က နိဗ္ဗာန်ကို မြင်တယ်၊ အဲဒီတော့ ဝိပဿနာ

ဥာဏ်က ခဏနိဗ္ဗာန်ကိုမြင်ဒါ၊ မဂ်ဥာဏ်က အမြဲ နိဗ္ဗာန်မြင်ဒါဘဲလို့ မှတ်ကြ၊ မဂ်ဥာဏ်က ခန္ဓာတွေ့ လုံးဝချုပ်ပျောက်သွားဒါကို မြင်ရတယ်၊ ခန္ဓာလုံးဝမရှိဒါကို မြင်တော့ ခန္ဓာမရှိဒါဟာ နိဗ္ဗာန်မို့ဘဲဆိုဒါ မှတ်ကြ၊ ရှင်းကြရဲ့လား ?၊ ဒကာ့ ဒကာမတွေ့ ဒါကြောင့် ဝိပဿနာဥာဏ်ရရင် နိဗ္ဗာန်ရတို့ သေချာဘီဆိုဒါ မှတ်ကြတော့။

ဒကာ့, ဒကာမတို့ ပဌမဆုံး ဒီ ဝိပဿနာဥာဏ်ရရင် ရွှေအဖို့ရာ ဘာမှမခဲယဉ်းတော့ဘူး၊ ပဌမ ဒီဥာဏ်ကိုရအောင်ကြိုးစားကြ၊ ဒီဟာ ရပီးရင် သိပ်မလိုတော့ဘူး၊ သမ္မပဓာန်လေးပါးနဲ့ အားစိုက်ဘို့ဘဲ လိုတော့တယ် ဆိုဒါသာ မှတ်ထားကြ၊ ဒီလိုဆိုတော့ ဆရာသမားတာဝန်ဟာ ကုန်သလောက် ရှိနေဘီ၊ ဒကာ့ ဒကာမတို့ တာဝန်ဘဲကျန်တော့တယ်၊ ကိုယ့် တာဝန် ကိုယ်ကျေပြန်အောင်, ဆောင်ရွက်ကြမှဘဲလို့ သာ ဆုံးဖြတ်ချက်ချကြ။

ကိုင်း.... ရှုနည်းကို ပြကြစို့၊ "သောတဉ္စ ပဋိစ္စ သဒ္ဒေစ ဥပဇ္ဇတိ သောတဝိညာဏံ" ဒကာ့ ဒကာမတို့ရဲ့ နားအကြည်ရုပ်နဲ့ ဒီက ဘုန်းကြီးပြောတဲ့ အသံရုပ်နဲ့ တိုက်ဆိုင်မိတော့ "ကြားစိတ်" ကလေး ပေါ်လာတယ်၊ ဒီ ကြားစိတ်ကလေးကို ဝိပဿနာဥာဏ်နဲ့ ကြည့်လိုက်တော့၊ ဒီစိတ်ကလေး မရှိတော့ဘူး၊ ဖြစ်ပီး ပျက်သွားဘီ၊ မြင်ကြရဲ့လား ?၊ ဘုန်းကြီးက ဓပြောတိုင်း,ပြောတိုင်း, ကြားစိတ်လေးတွေ့ ပေါ်ပေါ်လာကြတယ်။

တခါပြောတော့ ကြားစိတ်တခု ပေါ်လာ၊ နောက်တခါ ပြောပြန်တော့ နောက်တစိတ် ပေါ်လာ၊ အရင်စိတ်ကလေး ချုပ်သွား၊

ဒီလိုအာတိုင်း တခါကြား,တစိတ်ပေါ်, တစိတ်ချုပ်သွားနဲ့. ဝိပဿနာ ဉာဏ်နဲ့.ကြည့်တော့ ကြားစိတ်ကလေးတွေဟာ တစိတ်ချုပ်သွား, တစိတ်ပေါ်လာ,တစိတ်ပျက်, တစိတ်ဖြစ်နဲ့. ဖြစ်ပျက်နေဒါကို တွေ့ရ မြင်ရမယ်၊ မြင်ကြပလား ?၊ မြင်ရင် နေရာကျဘီ၊ ဆက်သာကြည့် ပေး၊ မလစ်နဲ့. ။

ဒီက ဘုန်းကြီးက ပြောတိုင်း ပြောတိုင်း ကြားစိတ်ကလေး တွေ့ ပေါ်လာတယ်၊ ဒါကို ဉာဏ်နဲ့.ကြည့်တော့ ပေါ်လာပီး မရှိ တော့ဘူး၊ နောက်တစိတ်လာလဲ ဉာဏ်နဲ့.ကြည့်ဘော့ မရှိတော့ ဘူး၊ ပေါ်လာတိုင်း ပေါ်လာတိုင်း ဉာဏ်နဲ့.ကြည့်တော့ မရှိဒါမျှည့် တွေ့ကြရဒါဘဲ၊ဒီလို တွေ့အောင် ဂရုစိုက်ပီး ဉာဏ်နဲ့ လိုက်ကြ၊ ဒီလို တွေ့လာရင် မည့်တော့ဘူး၊ ရှေ့သာ ဆက်ကြည့်၊ အကြည့် မျှားလေ ဉာဏ်ရင့်လာလေဘဲ ဆိုဒါ မှတ်ကြ။

ဒီလို ကြည့်တဲ့အခါမှာ ဝိပဿနာဉာဏ်က ပေါ်လာတဲ့ စိတ်က လေး မရှိဒါကိုချည့်မြင်နေရမယ်၊ ဒီလိုမြင်ဒါဟာ နိဗ္ဗာန်ကို တစိတ် တဒေသ မြင်ဒါဘဲလို့ မှတ်ကြ၊ ကျေနပ်ကြပလား ?၊ ဝိပဿနာ ဉာဏ်က ဒီလို နိဗ္ဗာန်ကို တစိတ်တဒေသမှမမြင်ရင် မဂ်ဉာဏ်မပေါ် နိုင်ဘူး၊ ရိပ်မိကြရဲ့လား ?၊ ဒါကြောင့် ခန္ဓဝါးပါး ဘာပေါ်ပေါ် မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, တွေ့ထိစိတ်, တွေးကြံစိတ်, ပေါ်ချင်ဒါပေါ် မလွတ်အောင်သာ ရှုပေးကြ၊ ရှုတဲ့အခါ ပေါ်လာပီး မရှိဒါကို သိစေရမယ်၊ ရှင်းပလား ?။

ဒကာ့ဒကာမတို့ နည်းရကြဘီ၊ နည်းရရင် ကြိုးစားသာ ရှုကြတော့၊ ရှုတဲ့အခါ ကိုယ်ရှုနေတဲ့ ဝိပဿနာလုပ်ငန်းဟာ ခရီးရောက် မရောက် ဘယ်လိုသိရမလဲ ? ဆိုတော့ "မူလပဏ္ဏာသ အဋ္ဌကထာ" မှာ ဖွင့်ဆိုထားတဲ့ စကားက သုးနပတ ဝပဿနာ သမ္မာဒဋ္ဌ ခရီးရောက် မရောက် သိဘို့ရာမှာ ခန္ဓာမရှိဒါကို သိအောင် ကြည့်နိုင်ရင် ခရီးရောက်ပီ၊ ခန္ဓာမရှိဒါ သိအောင် ကြည့်နိုင်လို့ ရှိဒါဖြင့် ခရီးရောက်ပီလို့ မှတ်ရမယ်" ဆိုတဲ့ အဓိပ္ပါယ်ကို ဖွင့်ပြထားတယ် ဆိုဒါ မှတ်ကြ၊ ရှင်းပလား ?။

ဒကာ, ဒကာမတို့ ခန္ဓာငါးပါး ဖြစ်တဲ့ သဘော အဓိပ္ပါယ်ကို ပြောမယ်၊ ဥပမာ - ဒီဘက်က အဆင်းရုပ်၊ ဒီက မျက်လုံးရုပ်၊ ဒီနှစ်ခု တည့်လိုက်တော့ မြင်စိတ် ပေါ်လာတယ်၊ ဒီ မြင်စိတ်ဟာ စက္ခု ဝိညာဏ်စိတ်ကလေးဘဲ၊ ဒီ ဝိညာဏ်ကလေးဟာ မျက်လုံးထဲမှာ ပေါ်တဲ့ ခန္ဓာငါးပါးဘဲဆိုဒါ မှတ်ကြ၊ ဝိပဿနာဥာဏ်က ဒီ ဝိညာဏ် ကလေးကို ကြည့်လိုက်တဲ့အခါ မရှိဒါကို သိရမယ်၊ မရှိဒါက ခန္ဓာငါးပါးဘဲလို့ မှတ်ကြ။

ခန္ဓာငါးပါး ဆိုဒါက စက္ခုဝိညာဏ်စိတ်က ဝိညာဏကခန္ဓာ၊ မျက်လုံးရုပ်က ရူပက္ခန္ဓာ၊ စက္ခုဝိညာဏ်နဲ့ အတူတကွ ဖြစ်တဲ့ ဥပေက္ခာဝေဒနာက ဝေဒနာက္ခန္ဓာ၊ သူနဲ့တဲ့ရက်ပါတဲ့ မှတ်သားမှု သညာကလေးက သညာက္ခန္ဓာ၊ သူနဲ့ တဲ့ရက်ပါတဲ့ စေ့ဆော်မှု စေတနာလေးက သင်္ခါရက္ခန္ဓာ၊ ကျန်တဲ့ သဟဇာတ်စေတသိက်တွေကလဲ သင်္ခါရက္ခန္ဓာဘဲ၊ ရှင်းကြရဲ့လား ?၊ အဲဒါကြောင့် ဝိညာဏ်

လေးတခုဖြစ်တော့ ကျန်ခန္ဓာလေးခုလဲ ပါတယ်ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?။

ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကို ဝိပဿနာဉာဏ်နဲ့ ကြည့်တော့ ဝိညာဏ်နှင့်တကွ ခန္ဓာငါးပါး မရှိဒါကို သိရမယ် ဆိုဒါ ပေါ်ကြပလား ?၊ ဒီလို ဉာဏ်နဲ့ မရှုမိလေတော့ မြင်တဲ့ဟာ မကြိုက်တာနဲ့တွေ့တော့ ဒေါသဖြစ်တယ်၊ ကြိုက်တာနဲ့ တွေ့တော့ လောဘ ဖြစ်တယ်၊ ဒေါသဖြစ်တော့ ဒီ နောက်က သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿစတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ကြီး တန်းလာမယ်၊ ရိပ်မိပလား ?၊ လောဘ ဆိုပြန်တော့ လောဘ, ဥပါဒါန်, ကမ်, ဇာတိ စတဲ့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး အလယ်က ဖေါက်လာမယ်၊ ရှင်းကြပလား ?။

ဒီလို ပေါ်လာတဲ့ ဝိညာဏ်စိတ်ကလေးကို ဝိပဿနာ ရှုဉာဏ် ဝင်လိုက်တော့ နောက်ကလာမယ့် ပဋိစ္စသမုပ္ပါဒ်တွေ့ မလာတော့ဘူး၊ ပဋိစ္စသမုပ္ပါဒ်တန်း ပြတ်သွားတယ်၊ မြင်သိစိတ် ကလေးက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်၊ ကြားကမဂ်ဝင်ဖြတ်လိုက်တော့ ဒုက္ခစက် ပြတ်သွားဒါဘဲ၊ ပြတ်သွားတော့ နောက် ပဋိစ္စသမုပ္ပါဒ်တွေ့ မလာဘူး၊ မလာတော့ ဝိပဿနာဉာဏ်က ခန္ဓာလဲစွန့် တဏှာလဲစွန့်လိုက်တော့တယ်၊ ရိပ်မိပလား ?။

ဥပမာအားဖြင့် ဆိုရင် တောင်းနှစ်လုံးကို ကြိုးနဲ့ ဆိုင်းပီး အလယ်က ထမ်းသလို ဒီနေရာမှာ ဝိပဿနာဉာဏ်ရဲ့ အလုပ်က နှစ်ကိစ္စပီးတယ်ဆိုဒါမှတ်ကြ၊ သဘောပါကြပလား ?၊ ခန္ဓာစွန့်တော့ နိဗ္ဗာန်မြင်တယ်၊ တဏှာစွန့်တော့ နောက် သံသရာ ပြတ်တယ်၊

“ ကဏ္ဍာသခ်ယသုတ် ” မှာ ဘုရားရှင်ကို သိကြားက မေးတဲ့ အချက်မှာ ဒီအတိုင်း ဖြေဆိုတော်မူတယ် ဆိုဒါ မှတ်ကြရမယ်၊ ရိပ်မိကြပလား ?။

ဒကာ, ဒကာမတို့၊ ဥပမာ - ကြားစိတ်ကလေး ပေါ်လာတယ် ဆိုပါတော့၊ ဒီက ဝိပဿနာဥာဏ်နဲ့ ကြားတဲ့ ခန္ဓာငါးပါးကို ကြည့်လိုက်တော့ မရှိဒါသိတယ်၊ ခန္ဓာငါးပါးမရှိဒါက အနိစ္စ၊ သိတဲ့ဥာဏ်က မဂ္ဂ၊ ကြားမှာ မဂ်ဝင်လိုက်တော့ နောက်လာမယ့် ဒုက္ခစက်သံသရာ ပြတ်သွားတယ်၊ မရှုမိရင် ကြားလို့ ကောင်းတော့ တဏှာ, ဥပါဒါန်, ကမ်၊ မကောင်းတော့ ဒေါသ,က စပီး အဝိဇ္ဇာပြန်လှဲ သံသရာဆက်မယ်၊ ရှင်းကြရဲ့လား ?။

ဒီ ကြားစိတ်ကလေးကို ဝိပဿနာရှုမိတော့ ခန္ဓာလဲစွန့် တဏှာလဲ စွန့်တယ်၊ ခန္ဓာစွန့်တော့ နိဗ္ဗာန်မြင်တယ်၊ တဏှာစွန့်တော့ သံသရာပြတ်တယ်၊ မရှုမိတော့ ပဋိစ္စသမုပ္ပါဒ်ဆက်, ဒုက္ခစက်ကြီးလယ်၊ နောက်တော့ အပါယ်သွား၊ ဒကာ, ဒကာမတို့ ဝိပဿနာရှုတဲ့သူနဲ့ မရှုသူ ဘယ်လောက် ကွာခြားသွားသလဲ ? စဉ်းစားသာကြည့်ကြတော့၊ နိဗ္ဗာန်သွားနဲ့ အပါယ်သွားဘဲ၊ ရှင်းကြရဲ့လား ?၊ ဒီတော့ ဝိပဿနာမရှုသူအတွက်က အပါယ်ဘဲဆိုဒါ ရိပ်မိကြ။

ဒကာ, ဒကာမတို့ အခုပြောတဲ့ အဓိပ္ပါယ်ကို သဘောပေါက်ကြရဲ့လား ?၊ ကြားစိတ်ကလေးပေါ်လာ ဖြစ်ပျက် ရှုလိုက်တော့ ဒီဝိညာဏကခန္ဓာလေး မရှိဒါကို သိရတယ်၊ အဲဒါ ခန္ဓာစွန့်ဒါဘဲ၊ ခန္ဓာစွန့်တော့ ခန္ဓာနိရောဓေါ နိဗ္ဗာန် - နိဗ္ဗာန်ပေါ်လာတယ်၊ ရှုလိုက်

တော့ မင်္ဂဝင်္ဂလာလို့ နောက်က တဏှာ, ဥပါဒါန်တွေ့ မလာဘူး၊ အဲဒါ တဏှာစွန့်ဒါဘဲ၊ တဏှာမလာလို့ တဏှာစွန့်၊ ခန္ဓာမရှိလို့ ခန္ဓာစွန့်ဒါဘဲ ဆိုဒါ မှတ်ကြ။

ဒကာ,ဒကာမတွေ့ ကျေနပ်ကြပလား ?၊ ဒါကြောင့် ဒီကုသိုလ်ဟာ ဒီ့ပြင်ကုသိုလ်မျိုးတွေ့ထက် အဆပေါင်း သိန်း, သန်း, ကုဋေမကအောင်ဘဲ ထူးခြားတယ်, ကဲလွန်တယ်, မြင့်မြတ်တယ် ဆိုဒါ မှတ်လိုက်ကြတော့လို့ အထူး သတိပေးလိုက်ပါတယ်၊ ဝိပဿနာရှုတော့ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက် သံသရာပြတ်တယ်၊ သံသရာ ပြတ်တော့ ဆင်းရဲဟူသမျှ ကိုယ်နဲ့ အိုးစားကဲ့ဘီ၊ ဒုက္ခနဲ့ အိုးစားကဲ့တော့ ခဏနိဗ္ဗာန်ကို မြင်တဲ့အတွက် သုခနိဗ္ဗာန် ရဒါဘဲလို့သာ မှတ်ကြ။

ဒါကြောင့် ဒီလို အကျိုးတရားတွေ့ကို ရစေချင်, ဖြစ်စေချင်လွန်းလို့ ဒကာ, ဒကာမတွေ့ကို ဝိပဿနာရှုကြ၊ ကြိုးစား အားထုတ်ကြ ဆိုပီး အထူးတလည် တိုက်တွန်းနေတယ်၊ ဆရာဘုန်းကြီးက ကရုဏာထားပီး တိုက်တွန်းဒါမို့လဲ ကြိုးစားသင့်တယ်လို့သာ ဆုံးဖြတ်ချက်ချကြ၊ဒီကြားထဲကမှ မလုပ်ချင်သေးဘူးဆိုရင် ငါ့ထက် မိုက်ဖြင့် မရှိတော့ဘူးလို့သာ ကိုယ်. ကို ကိုယ်ပြန်ပြောကြ၊ ကျေနပ်ကြပလား ?။

ဒကာ,ဒကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိသည် ခန္ဓာလဲစွန့် တဏှာလဲစွန့် စွန့်တယ်၊ ဒီလိုစွန့်တဲ့အကျိုးတရားကားဆိုရင်, ခဏနိဗ္ဗာန်ကို

မြင်တယ်၊ သံသရာလဲ ပြတ်တယ်၊ ဝိပဿနာသမ္မာဒိဋ္ဌိအလုပ်, လုပ်ရတဲ့ ကျေးဇူးကြောင့် သံသရာ ပြတ်ရတယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ ရှေးတုန်းက ဒီအလုပ်မျိုး မလုပ်ခဲ့ဘူးလို့ သာ သံသရာ ရှေ့ခဲ့ရဒါဘဲ ဆိုဒါ ပေါ်ကြပလား ?။

ဒကာတို့တတွေက "အော်-သံသရာကြီးကာရှေ့လိုက်တာ" ဆိုပီး ညည်းညူတတ်ကြတယ်၊ သံသရာရှေ့ဒါ သူ့ဖါသာသူ ရှေ့ဒါ မဟုတ်ပါဘူး၊ ဒကာတို့ကိုယ်တိုင်က ရှေ့ချင်လို့ ရှေ့အောင်လုပ်ထားလို့ သာ ရှေ့ရဒါပါ၊ ဒကာတို့ဟာက သံသရာရှေ့အောင်တော့ လုပ်တတ်ကြတယ်၊ ပြတ်အောင်တော့ မဖြတ်တတ်ကြဘူး ဆိုတော့ တော်ပါ့မလား ?၊ မတော်ဒါသိရရင် အခု နည်းလမ်းရတုန်းမှာ မပြတ်, ပြတ်အောင် ကြိုးစားပီး ဖြတ်ကြရမယ်၊ ရိပ်မိပလား ?။

လေး,နံပတ် မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်ဘို့ဆိုဒါက သုံးနံပတ် လုပ်ငန်း ထက်သန်ရင် ထက်သန်သလောက် အနှေးနဲ့ အမြန်ဆိုသလို ဖြစ်လာရဒါဘဲ၊ ဝိပဿနာသမ္မာဒိဋ္ဌိလုပ်ငန်းစဉ်နဲ့ ခန္ဓာစုန့်, တက္ကာစုန့် စုန့်ဒါမျှားလာရင် ဉာဏ်စဉ်တက်လာမယ်၊ ဉာဏ်ထက်လာမယ်၊ ဉာဏ်ထက်လာပီး နောက်မကြာခင် မဂ်ဉာဏ်လာတော့ဒါဘဲ ဆိုဒါ မှတ်ကြ၊ ဝိပဿနာဉာဏ်နဲ့ နေတုန်းက ခန္ဓာအစဉ်ကြီးဟာ ပေါ်လာလိုက်, ပျောက်သွားလိုက်နဲ့ နေတယ်၊ ဒီ့နောက်, မဂ်ဉာဏ် လာတော့မယ်ဆိုတော့ ခန္ဓာကိုမလာတော့ဘူး၊ ခန္ဓာ ဒုက္ခဇာတ်သိမ်းပီး ငြိမ်းဒါဘဲ တွေ့ရတယ်။

မင်္ဂလာဏ်က ခန္ဓာကိုလဲစွန့်၊နိဗ္ဗာန်ကိုလဲမြင်၊ နောက် ကိလေသာတွေကိုလဲ ချုပ်စေတယ်၊ နောက် ကိလေသာတွေကို စွန့်ပစ်လိုက်တယ်၊သုံးချက်ကိစ္စ ပီးတယ်ဆိုဒါမှတ်ကြ၊ သုံးကိစ္စ ပြီးစေဒါက မဂ္ဂင်ရှစ်ပါးပြည့်တဲ့ မင်္ဂလာဏ်ဘဲ ဆိုဒါ မှတ်ထားကြ၊ ရှင်းကြရဲ့လား ?၊ ဒကာ, ဒကာမတို့ မင်္ဂလာဏ် ပေါ်လာရင် ခန္ဓာ ရှာမတွေ့တော့ဘူး၊ နိဗ္ဗာန်ကို ကိုယ်တိုင်မြင်တယ်၊ ထကြွ သောင်းကျန်းတဲ့ ကိလေသာတွေ မလာတော့ဘူး၊ သူ့ဆိုင်ရာ ကိလေသာတွေ သေတော့ဒါဘဲ၊ သဘောပါပလား ?။

ဒီလိုဖြစ်ပေါ်တဲ့ သဘောဟာ ဘယ်သူ့ကိုမှ မေးစရာမလိုဘူး၊ ဘသူ့မှမမေးနဲ့၊ကိုယ်တိုင်သိ,ကိုယ်တိုင်မြင်, ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်တယ်ဆိုဒါ မှတ်လိုက်ကြ၊"ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ" ဆိုဒါဟာ ဒါဘဲလို့သာ မှတ်လိုက်ကြ၊ "ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ" ဆိုဒါ ဒီအဓိပ္ပါယ်ပါဘဲ၊ ဒကာ,ဒကာမတွေ သဘောပါကြရဲ့လား ?၊ ဝိပဿနာသမ္မာဒိဋ္ဌိက နှစ်ကိစ္စသာ လုပ်နိုင်တယ်၊ မဂ္ဂသမ္မာဒိဋ္ဌိ သုံးကိစ္စလုပ်တယ်ဆိုဒါ မှတ်ထားကြ။

ဒကာ, ဒကာမတွေ နိဗ္ဗာန်တွေ့တယ် ဆိုဒါ ကျကျ, နန မှတ်ထားကြ၊ ကိုယ့်အလုပ်စဉ်မှာ သဘောပါဘို့ သေချာဘို့ဘဲဆိုဒါ မှတ်ရမယ်၊ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ဖြစ်ပျက်တွေကို ရှု- ရှုနေတော့ ဥာဏ်ဟာ ရင့်သထက် ရင့်ရင့်လာပီး,ဒီလိုရှုရင်း ရှုရင်းက "ဖျပ်ကနဲ" ဆို ဖြစ်ပျက်တွေ ပျောက်ထုက်သွားတယ်၊ အဲဒီအခါမှာ " အော်--ဒုက္ခ ချုပ်တာဟာ ဒါဘဲကိုး" လို့ သိမြင်လိုက်တယ်၊ အဲဒါဟာ နိဗ္ဗာန်

တွေ့ဒါဘဲလို့သာ မှတ်လိုက်ကြတော့၊ ဒကာ, ဒကာမတွေ ရှင်းကြရဲ့လား ?။

ဒကာ, ဒကာမတို့ ဒါကြောင့် ဝိပဿနာ လက်မလွှတ်ကြစေနဲ့၊ ကြိုးစားပီး အချိန်ရသလောက် အားထုတ်ကြ၊ ဝိပဿနာလုပ်နေရင် ဖြစ်ပျက်မြင်ပီး ကိလေသာကို စွန့်နေမှာဘဲ၊ ဝိပဿနာအလုပ်များသလောက် ကိလေသာ အစွန့်များမယ်၊ ခန္ဓာလဲစွန့်တယ်၊ ဝိပဿနာက နှစ်ကိစ္စလုပ်တယ်၊ မဂ်ဉာဏ်က သုံးကိစ္စ လုပ်တယ်၊ ဒကာ, ဒကာမတွေ မှတ်မိကြပလား ?။

ငါးနံပတ် ဖလသမ္မာဒိဋ္ဌိက နှစ်မျိုးရှိတယ်၊ ဖိုလ်သမ္မာဒိဋ္ဌိက မဂ်ဉာဏ်နောက်ကကပ်ပီးလိုက်လာတဲ့ ဖိုလ်ဉာဏ်ကတမျိုး၊ဝိပဿနာဉာဏ်နောက်ကလိုက်တဲ့ ဖိုလ်ဉာဏ်က တမျိုးလို့ နှစ်မျိုးမှတ်ရမယ်၊ အခုပြောတဲ့ ငါးနံပတ် ဖိုလ်ဉာဏ်က “ အကာလိကော ” ဆိုတဲ့ အခါမလင့် အကျိုးပေးတဲ့ဉာဏ်ဘဲ၊ အကာလိကော ဆိုဒါ ဒီငါးနံပတ်ပဲလို့ မှတ်ကြ၊ ဒါက ဓမ္မနီယာမ တရား၊ မဂ်ရရင် ဒီဖိုလ်ကကပ်လိုက်လာဒါဘဲ၊ ဒီအစဉ်မဖြစ်အောင် ဘုရားတားလဲ မရ၊ မာရ်နတ်တားလဲမရ၊ ဘယ်တန်ခိုးရှင်မျိုး တားလို့ မရနိုင်ဘူး၊ မရစကောင်းဘူး၊ မဂ်က စေတနာကဲ၊ ဖိုလ်က အကျိုးပေးတရားဘဲ၊ ရှင်းကြပလား ?။

ဒကာ,ဒကာမတို့ မှတ်မိကြပလား ?၊ မဂ်ဉာဏ်သည် သုံးကိစ္စပြီးစေတယ်၊ခန္ဓာကို စွန့်တယ်၊ တဏှာကိလဲ စွန့်တယ်၊ နှစ်ဘဝန်ကိုလဲ

မြင်တာ၊ ရှုင်းကြရဲ့လား နိဗ္ဗာန်ဟာ အမြဲတမ်း ရှိတဲ့တရား၊ အမြဲတမ်းရှိတယ်ဆိုတော့ လူတိုင်းတွေ့ရသလား ? လို့ မေးစရာရှိတယ်၊ နိဗ္ဗာန်ဟာ အမြဲတမ်းရှိပေမဲ့ လူတိုင်းမတွေ့နိုင်ဘူး၊အားထုတ်သူသာ တွေ့နိုင်တယ်၊ မထုတ်သူမှာ မတွေ့နိုင်ဘူး၊ အားထုတ်လို့ရောက်တဲ့သူအတွက် နိဗ္ဗာန်ရှိတယ်၊ အားမထုတ်သူအတွက် မရှိဘူးဆိုဒါမှတ်ကြ။

နိဗ္ဗာန်တရားဆိုဒါ ထိုက်တဲ့သူမှာရှိတယ်၊ မထိုက်တဲ့သူမှာမရှိဘူး၊ တရားအားထုတ်သူဟာ ထိုက်တဲ့သူဘဲ၊တရားအားမထုတ်သူဟာ မထိုက်တဲ့သူဘဲဆိုဒါ မှတ်ကြတော့၊ သဘောပါကြပလား ?၊ နိဗ္ဗာန်နဲ့ထိုက်သူ ဖြစ်ချင်ရင် ကြိုးစား အားထုတ်ရမယ်၊သမ္မပဓာန်လေးပါးဆိုဒါဟာ အားထုတ်မှုအတွက် ဆိုဒါဘဲလို့ မှတ်လိုက်ကြ၊ သမ္မပဓာန်လေးပါး ဟောဒါကို နားလယ် သဘောပေါက်ရင် ဆုတောင်းနဲ့မရဘူး၊ အားထုတ်မှသာ ရမယ်ဆိုဒါ ရိပ်မိလောက်ပါတယ်၊ ကျေနပ်ပလား ?။

ဝိပဿနာရှုလို့ ရင့်သန်လာတော့ မဂ်ဉာဏ်ပေါ်ဒါဘဲ၊ မဂ်စိတ်ကလေးက တစ်,နှစ်,ဆို ချုပ်သွားပီး သူ့နေရာမှာ ဖိုလ်ဂင်္ဂစ်ပါးလာမှာဘဲ၊ မဂ်ပီးတော့ ဖိုလ်လာဒါဘဲ၊ ဒီဖိုလ်ကလဲ မဂ်အလုပ်ကို ပြန်လုပ်တာဘဲဆိုဒါ မှတ်ရမယ်၊ မဂ်က ကိလေသာကို အကြမ်းသတ်နဲ့ သတ်လိုက်တယ်၊ ဖိုလ်ကျတော့ အနုသတ် အဖြစ်နဲ့ သတ်တာဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?။

ဥပမာအားဖြင့်ဆိုရင် အင်မတန်ရဲနေတဲ့ မီးကျီးခဲကို ရေနဲ့ လောင်းလိုက်တဲ့အခါ ရဲနေတဲ့ မီးကျီးခဲဟာ မီးရှိန်နဲပီး မဲသွားတယ်၊ ဒါပေမဲ့ လက်နဲ့မကိုင်နိုင်သေးဘူး၊ မကိုင်ရဲသေးဘူး၊ သူ့သတ္တိက ကျန်နေသေးတယ်၊ အပူရှိန်သတ္တိက ကျန်သေးတော့ မကိုင်ဝံ့သေးဘူး၊ ဒီ - ဥပမာအတူဘဲ၊ ဖိုလ်ဟာ အဲဒီလို ကျန်နေသေးတဲ့ သတ္တိကို သတ်ဖို့ပေါ်လာရဒါဘဲဆိုဒါ မှတ်လိုက်ကြ၊ မဂ်ဥာဏ်က မီးတောက်မီးလျှံနဲ့တူတဲ့ ကိလေသာကိုသတ်တယ်၊ ဖိုလ်ဥာဏ်က မီးရှိန်မီးဝါနဲ့တူတဲ့ ကိလေသာအပူကို ငြိမ်းအေးအောင် သတ်ပေးတယ်လို့ မှတ်ကြ၊ ရှင်းပလား ?။

မဂ်ဥာဏ်က ကိလေသာ အမြစ်အရင်းကို သတ်တယ်၊ဖိုလ်ဥာဏ်က အငွေ့အသက် ကိလေသာကို သတ်တယ်၊ ပဋိပဿမ္ဘနပဟာန်လို့ခေါ်တယ်ဆိုဒါ မှတ်ကြ၊ ဒီဖိုလ်ဥာဏ်ကလဲ နိဗ္ဗာန်မြင်တယ်၊ ဒကာ, ဒကာမတို့ ဖိုလ်သတ္တိဟာ မဂ်သတ္တိထက်,ထက်တယ်လို့မှတ်လိုက်ကြ၊ ဥပမာအားဖြင့် စစ်ပြိုင်တိုက်ရဒါနဲ့ နောက်က ငြိမ်းချမ်းရေးလိုက်ရဒါမှာ နောက်ဟာ ခက်သလိုဘဲဆိုဒါ မှတ်ကြ။

ဖိုလ်က ငြိမ်းချမ်းရေးကိစ္စနဲ့ နိဗ္ဗာန်လဲမြင်တယ်၊ သူ့ကိစ္စက နှစ်ကိစ္စလို့ မှတ်ကြ၊ ဖိုလ်ရဲ့ကိစ္စက မဂ်နောက်က လိုက်ရတဲ့ကိစ္စဘဲ၊ ဒီဖိုလ်က ဥာဏ်ထက်ရင် သုံးဖိုလ်လာတယ်၊ ဥာဏ်ညံ့ရင် နှစ်ဖိုလ်လာတယ်လို့ မှတ်ကြ၊ ရှင်းကြပလား ?၊ ဒီဟာတွေက ဒကာ, ဒကာမတို့ ဗဟုသုတအတွက် ပြောဒါဘဲဆိုဒါ မှတ်ကြ၊ မဂ်ဥာဏ်ရဘို့က အထူး

အားထုတ်ရတယ်၊ ဖိုလ်ဉာဏ်ရဘို့က အထူးအားမထုတ်ရဘူး၊ မဂ်ပီး ဖိုလ်ဘဲ။

ဒကာ့ ဒကာမတို့ ဒါကြောင့် မဂ်ဉာဏ်ရဘို့ အထူးအားထုတ်ရ မယ်ဆိုဒါ ရိပ်မိကြ၊ အားထုတ်ရမှာလဲ ဝိပဿနာနဲ့ အားထုတ်ရ မှာဘဲ၊ ဝိပဿနာအားထုတ်မယ့်ကြံရင်လဲ သက္ကာယဒိဋ္ဌိ အရင်ခွါရ မယ်၊ ဒိ - ဒိဋ္ဌိမဖြုတ်ဘဲ အားထုတ်လို့မရဘူး၊ ဒါကြောင့် အားထုတ် မယ့်ကြံရင် သူ့ကိုအရင်ဖြုတ်ရမယ်၊သူ့ဖြုတ်မယ့်ကြံရင်လဲ ခန္ဓဝုပဋ္ဌိစ္စ သမုပ္ပါဒ် မြင်အောင်ကြည့်ရမယ်၊ သဘောပါကြရဲ့လား ?။

ဒကာ့,ဒကာမတွေ အရေးကြီးဒါမို့ ထပ်ပြောရမယ်၊ လေးလေး စားစား မှတ်ယူကြ၊ မဂ်ရအောင် ဝိပဿနာ အားထုတ်ရမယ်၊ ဝိပဿနာ လုပ်ရင်လဲ သက္ကာယဖြုတ်ရမယ်၊ သက္ကာယဖြုတ်ရင်လဲ ခန္ဓဝုပဋ္ဌိစ္စသမုပ္ပါဒ်မြင်အောင် ရှုရမယ်၊ ဒကာ့ ဒကာမတွေ မှတ်မိ ကြရဲ့လား ?။

အစီအစဉ် မှတ်မိအောင်ပြောမယ်၊ ပြန်ပြီးမှတ်ကြ။

၁....က, ခန္ဓဝုပဋ္ဌိစ္စသမုပ္ပါဒ် ရှင်းလင်းရမယ်။

၂....က, သက္ကာယဒိဋ္ဌိ ဖြုတ်ရမယ်။

၃....က, ဝိပဿနာ အားထုံတ်ရမယ်။

အဲဒါ မဂ်ဉာဏ်ရဘို့လမ်းစဉ် မဂ်လမ်းစဉ်ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား ?။

ကိုင်း....နာရီစေ့ဘီ၊ နက်ဖြန်မှ ဆက်ကြစို့။

ဓမ္မရတနာ မာတိကာ

" ကိုယ်တိုင်ဆုံးဖြတ် မဂ်ဉာဏ်မြတ် တရားတော် "

ဆောင်ပုဒ်

ခန္ဓာငါးခွင်၊ ဥဏ်ရှုဝင်၊ အမြင်ဖြောင့်တန်းစွ။
ဓမ္မပေါ်ကာ၊ ပျက်ဓမ္မာ၊ သူငါရှာမရ။
ဓမ္မဖြစ်ပျက်၊ ဓမ္မဆက်၊ လှ့ဲလျက်ကြောင်းကျိုးမျှ။
ပုဂ္ဂိုလ်သတ္တဝါ၊ ဆိတ်သုဉ်းကွာ၊ မပါကျားနှင့်မ။
ခန္ဓာတဏှာ၊ ပယ်စွန့်လှန်၊ ဥာဏ်ဝိပဿနာ။
ယုံမှား ကင်းပျောက်၊ဥာဏ်တွင်းဖေါက်၊ ကူးမြောက်မဂ်စစ်ရ။

သတိချပ်

သာသနာတွင်းမှာ၊ ကြုံခဲစွာ၊ ဝိပဿနာမြတ်ဓမ္မ။
ဝိပဿနံ၊ လွဲချော်ပြန်၊ လူ့ကံခေနဲလှ။
ဝိပဿ်ဉာဏ်မဲ့၊ မဂ်ဖိုလ်လွဲ၊ ကျိုးနဲနာကြည်းစွ။
အရတော်စွာ၊ ကြိုက်ကြုံခါ၊ မြန်စွာအားသစ်မှ။
မဂ်ဉာဏ်ထွင်းဖေါက်၊ဘေးဆိုးပျောက်၊လွန်မြောက်ဝိ,ဒိဋ္ဌက။
ဝိ,ဒိဋ္ဌကင်းကွာ၊ သြရသာ၊ သကျာမြတ်ဇိန။ ။

တရားသဒး ဒကာ, ဒကာမတို့ ဒီကနေ့ညမှာ မနေ့ညက တရား အဆက်ကိုဘဲ ထပ်ပီးပြောရမယ်၊ မနေ့က ပြောခဲ့ ဒါမှာ သမ္မာဒိဋ္ဌိ ငါးမျိုး၊ အဲဒီထဲက ဒီကနေ့အတွက် ဝိပဿနာ သမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိ, ဒီသုံးမျိုးကိုထပ်ပီး ရှင်းလင်း ပြောရမယ်၊ ဒီသုံးခုက လိုရင်းအချက်ဘဲဆိုဒါ မှတ်လိုက်ကြ။

ဒကာ, ဒကာမတို့ ဝိပဿနာ သမ္မာဒိဋ္ဌိအမြင်က ဖြစ်ပျက်ကို သာ မြင်တယ်၊ ခန္ဓာကို မမြင်ဘူး၊ ခန္ဓာမမြင်လို့ ဒီဥာဏ်က ခန္ဓာ စွန့်တယ်ဆိုဒါ မှတ်ရမယ်၊ ဝိပဿနာဥာဏ်က ခန္ဓာမမြင်ဘူးဆိုဒါ ရိပ်မိကြပလား ?၊ ခန္ဓာမမြင်ရင် နောက်က ပဋိစ္စသမုပ္ပါဒ် ဆက်ပါ အုံးမလား ? မဆက်တော့ဘူး၊ မဆက်တော့ နောက်က တဏှာ, ဥပါဒါန်, ကမ်တွေကို စွန့်ဒါဘဲ၊ သဘောပါကြပလား ?။

အဲဒါကြောင့် ဒီ - ဝိပဿနာဥာဏ်ဟာ အလွန်ကျေးဇူးများတဲ့ တရားဘဲဆိုဒါ မှတ်လိုက်ကြ၊ဒီ - ဝိပဿနာတရားဟာ သာသနာတွင်း မှာမှ ပေါ်တဲ့တရားမို့ အလွန်ဘဲ အရေးကြီးပါတယ်၊ ဝိပဿနာ တရားဟာ သာသနာတွင်းတရားဘဲဆိုဒါ မှတ်ကြတော့၊ရိပ်မိပလား?၊ သာသနာပအခါမျိုးမှာ ဒီ ဝိပဿနာ တရားမျိုး မရနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား ?။

မင်္, သမ္မာဒိဋ္ဌိက သူကလဲ ခန္ဓာစွန့်ပီးသား၊ နိဗ္ဗာန်လဲမြင်တယ်၊ နောက် ကိလေသာတွေကိုလဲ ပယ်စွန့်ဒါမို့ သူက သုံးကိစ္စရှက်ဆောင် တယ်၊ ဝိပဿနာဥာဏ်က နှစ်ကိစ္စဆောင်ရွက်တယ်၊ မင်္ဂဏ်က

သုံးကိစ္စဆောင်ရွက်တယ်၊ ရှင်းကြပလား ?၊ ဒကာ, ဒကာမတွေ မိမိတို့ တရားအားထုတ်တာ ဘယ်သမ္မာဒိဋ္ဌိ ရောက်ပလဲ ? ဆိုဒါ ကိုယ်တိုင်သိကြဘို့ ရှင်းလင်းပြပေးနေတယ်ဆိုဒါ မှတ်ကြရမယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိ ရောက်နေရင် စူဠသောတာပန်ဘဲ၊ စူဠသောတာပန်ဆိုတော့ တဘဝ, နှစ်ဘဝလောက်ပဲ အပါယ်အတွက် စိတ်ချရတယ်၊ မသေချာလှသေးဘူး၊ ဒါလောက်နဲ့ တင်းတိမ်နေလို့ မဖြစ်နိုင်သေးဘူးဆိုဒါ မှတ်ရမယ်၊ မဂ်သမ္မာဒိဋ္ဌိရောက်ရင် မဟာသောတာပန်ဘဲ၊ အဲဒီရောက်မှ လုံးဝစိတ်ချရမယ်၊ ရိပ်မိကြပလား?၊ ဒါကြောင့် မဂ်သမ္မာဒိဋ္ဌိကိုဖြင့် မရ, အရ ကြိုးစားမှဘဲလို့သာ ဆုံးဖြတ်ချက်ချကြ။

ဝိပဿနာ သမ္မာဒိဋ္ဌိက နိဗ္ဗာန်တည်းဟူသော ဆွဲကိုင်ရာကို ကောင်းကောင်း မရသေးဘူး၊မရသေးတော့ ကိလေသာကို စွန့်တယ် ဆိုပေမဲ့ အမြစ်နှင့်တက္ခ မပြတ်သေးဘူး၊ ပြတ်အောင် မစွန့်နိုင်သေးဘူး၊ မဂ်သမ္မာဒိဋ္ဌိကတော့ နိဗ္ဗာန်ကို ဆွဲကိုင်ပီး ကိလေသာကို ဖြတ်တဲ့အတွက် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတို့ကို အမြစ်ပါ ဖြတ်တယ်ဆိုဒါ မှတ်ထားကြ၊ အပါယ်မျိုးစေ့ အမြစ်ပါပြတ်လို့ စိတ်ချရဒါဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား ?။

ဒကာ, ဒကာမတို့ ငါးနံပတ် ဖလသမ္မာဒိဋ္ဌိဆိုဒါက လေးနံပတ် နောက်က ကပ်ရက်လာဒါဘဲ၊ မဂ်ရပီးရင် ဖိုလ်ကို ဝေဘာင်တဘို့ မလိုဘူး၊ မဂ်က အနန္တရပစ္စည်းနဲ့ ကျေးဇူးပြုတဲ့အတွက် ဟဒယ

ဝတ္ထုပေါ်မှာ မင်္ဂီးတော့ ဖိုလ်ဘဲလာတယ်ဆိုဒါ မှတ်ကြ၊ သဘော ပါကြပလား ?၊ ဒါကြောင့် ဒီ - ဖိုလ်သမ္မာဒိဋ္ဌိအာတွက် အထူးတလည် အားထုတ်ယူဘို့ မလိုတော့ဘူး၊ မင်္ဂရအောင် အားထုတ်ဖို့သာအဓိက ဘဲလို့ မှတ်လိုက်ကြ၊ ရှင်းပလား ?။

ဒကာ, ဒကာမတွေ တရားအားထုတ်တဲ့အခါ ကိုယ် ဟာကိုယ် သောတာပန်တည်ပလား ? မတည်သေးဘူးလား ? သိန္ဒိုင်ဘို့ ဆုံးဖြတ် ချက်ချနိုင်ဘို့ အမြင်နှစ်မျိုးကို ပြောပြမယ်၊ ဒီအမြင်နှစ်မျိုးက "မူလပဏ္ဏာသ ပါဠိတော်မှာ" လာတဲ့ စကားဘဲလို့ မှတ်ကြ၊ "သစ္စက ပရဗို့ဇ်" က မေးလို့ ဘုရားရှင်က ဖြေတော်မူတဲ့ စကားအချက်ပဲလို့ မှတ်ရမယ်၊ ရိပ်မိကြပလား ?၊ သစ္စကပရဗို့ဇ်က ဘုရားဆီသွားပီး ဝါဒပြိုင်မယ် ဝါဒနဲ့ နှိပ်စက်မယ်ဆိုတဲ့ အကြံနဲ့ ရောက်လာခဲ့တယ် ဆိုဒါ မှတ်ကြ။

သစ္စက ပရဗို့ဇ်ဟာ ဘုရားထံရောက်လာပီးတော့ ပြဿနာမျှား ကို အမေး - အဖြေ လုပ်တဲ့အခါမှာ အရှုံးကြီးရှုံးပီး လက်မှိုင်ချရ တော့တယ်၊ အဲဒီအခါမှ ဘုရားရှင်က ဆက်လက်ပီး လက္ခဏာရေး တရားမျှားကို ရှင်းလင်းဟောပြတော်မူလိုက်တယ်၊ ဒါပေမဲ့ မကျတ် ဘူး၊သစ္စက ပရဗို့ဇ်ဟာ ကျတ်လွတ်ခွင့်ကို မရရှာဘူး၊ အဲဒါ မကျတ် ထိုက်လို့ မကျတ်တာဘဲလို့ မှတ်ကြ။

အဲဒါနဲ့ သစ္စကဟာ မေးစရာ ပြဿနာ အချက်အလက်တွေ ကုန်သွားတော့ သူသိချင်တဲ့ အချက်ကို ဆက်ပီး မေးပြန် တယ်တဲ့။

သစ္စက က။ ။ “အရှင်ဘုရား....ပုရာဏကဿပ, မက္ခလိဂေါသာလ စတဲ့ ဒိဋ္ဌဆရာကြီးတို့ရဲ့ တပည့် တပန်းတွေဟာ ဒီဆရာထံက ဟိုဆရာ့ထံ ကူးလိုက်ကြ၊ပြောင်းလိုက်ကြ၊ ဒီအယူဝါဒက နေ, ဟိုအယူဝါဒ ကူးပြောင်းကြနဲ့ အပြောင်းအလဲ ရှိကြပါတယ်၊ ဒါပေမဲ့ အရှင်ဘုရား သာသနာဝင်ဖြစ်တဲ့ တပည့်တပန်း သာဝကတွေကတော့ ဒိဋ္ဌတွေထံကိုလဲ ပြောင်းမသွားကြဘူး၊ တခြားအယူဝါဒများကို ပြောင်းရှေ့ မယူကြဘူး၊ ဒါဟာ ဘာအကြောင်းကြောင့်ပါလဲ ?၊ အဲဒါ ဘယ်သဘောပါလဲ ? ဘုရား။”

ဘုရားရှင်။ ။“အို....သစ္စက၊ ဒိဋ္ဌဆရာ ခြောက်ယောက်တို့ရဲ့ တပည့်တပန်းတွေ တဦးထံက တဦးထံ ကူးပြောင်းကြ၊ အယူဝါဒတခုကတခု ပြောင်းလဲကြဒါဟာ အယူမမြဲကြလို့ဘဲ၊ ငါဘုရား သာသနာမှာရှိတဲ့ တပည့်သာဝကတွေကတော့ အမြင်မှန်ရကြလို့ အယူမြဲသွားကြဘီဖြစ်တဲ့အတွက် ဘယ်အယူ ဘယ်ဝါဒမှ မပြောင်းမလဲကြတော့ ဒါဘဲ” လို့ ဖြေတော်မူလိုက်တယ်။

“သင်္ဘံ ရူပံ၊ လ၊ သင်္ဘံ ဝိညာဏံ, နေတံ မမ၊ နေသော ဟမသ္မိ၊ နမေ သော အတ္တာတိ၊ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတိ၊ တ္ထောဝတာ ခေါ အဂ္ဂိဝေဿန မမ သာဝကော သာသနကရော ဟောတိ၊ ဩဝါဒ ပတိကရော၊”

ဒကာ,ဒကာမတွေ့ သဘောပါကြပလား ?၊ တရားအားဆုတ်လို့ တရားသဘောကို အမှန်အကန် ဉာဏ်နဲ့ ထိုးထွင်းပီး သိတဲ့သူများ ဟာ ဒီအတိုင်း ဖြစ်ရတယ်ဆိုဒါ မှတ်ကြ၊ စာပြော, ဆရာပြော, သူပြော, လူပြောနဲ့. မဟုတ်ဘူး၊ ကိုယ်တိုင်ကေန် အမြင်မှန် ရကြလို့ ဘဲ ဆိုဒါ မှတ်ရမယ်၊ ဒကာ, ဒကာမတို့ ဒီအမြင်မျိုးရအောင် ကိုယ်တိုင်သိ, ကိုယ်တိုင်မြင်, ကိုယ်ဆုံးဖြတ်ချက် ချနိုင်တဲ့ အခြေရောက်အောင် အားထုတ်ကြဘို့ဘဲ။

ဝိပဿနာကိုအားထုတ်တော့ ခန္ဓာအစဉ်မှာ ဖြစ်ပျက်တွေ့မြင်၊ မြင်တော့ ဉာဏ်က ပုဂ္ဂိုလ်မရှိ,သတ္တဝမရှိ,ငါမဲ့,သူမရှိ ဆိုတဲ့ အမှန် သဘာဝဘဲမြင်တယ်၊ ဉာဏ်က ဖြစ်ပျက်ဘဲ တွေ့မြင်နေတယ်၊ ပုဂ္ဂိုလ် သတ္တဝ ဆိုဒါ မမြင်တော့ဘူး၊ ဝိပဿနာရှုတဲ့သူမှာ ကိုယ့်ခန္ဓာ ကြည့်ကြည့်၊ သူတပါးခန္ဓာဘဲကြည့်ကြည့်၊ ဓမ္မတခုဖြစ်, တခုပျက်, တခုဖြစ်, တခုပျက်နဲ့. ဓမ္မဒတွေ့ ဖြစ်ပျက်နေဒါဘဲ တွေ့ရမယ်၊ မြင်ရမယ်၊ ဒကာ,ဒကာမတွေ့ ရိပ်မိကြပလား ?။

ဒီအတိုင်းရှုသွားလို့ ဝိပဿနာလမ်းဆုံးကို တကြိမ်ရောက်သွားတယ် ဆိုရင်ဘဲ ပုဂ္ဂိုလ်, သတ္တဝ ရှိသလား ? မရှိသလား ? ဆိုတဲ့ သံသယက လွန်မြောက်သွားတယ်၊ ဒီ ဓမ္မတွေ့အပေါ်မှာ ယုံမှားသံသယ လုံးဝမရှိတော့ဘူး၊ အဲဒီအခါမှာမှ--

တိဏ္ဏဝိစိကိစ္ဆော၊ ယုံမှားခြင်းကို လွန်မြောက်သည်။
ဝိဂတ ကထံကထော၊ သို့လော သို့လော တွေးတောခြင်း ကင်းသည်။

ဝေသာရဇ္ဇပွဲတွေ့၊ တရားတော်၌ ရဲရင့်ခြင်းသို့ ရောက်သည်။ အပရပ္ပစ္စယော၊ ဘုရားသာသနာမှတပါး အားထား ကိုးစားရာ မရှိသည်။

အဲဒီလို အင်္ဂါ အချက်အလက်တွေနဲ့ ပြည့်စုံသွားတယ်၊ ဒါကြောင့် ငါဘုရား သာသနာတော်က ဘယ်ဘာသာ အယူဝါဒကိုမှ မပြောင်းကြတော့ဘူး ဆိုတဲ့ အကြောင်းနဲ့ သစ္စကကို ဘုရားရှင်က အဖြေပေးလိုက်တယ်ဆိုဒါ မှတ်ကြရမယ်၊ ရှင်းကြပလား ?၊ ဒကာ, ဒကာမတွေ ကျေနပ်ပလား ?၊ ဒီ အဓိပ္ပါယ်စကားဟာ လိုက်နာဘို့လဲ ဟုတ်တယ်၊ ကိုယ့် ဟာကိုယ် ချိန်ထိုးဘို့ စံတင်ဘို့လဲ ဖြစ်တယ် ဆိုဒါ မှတ်ကြ။

ဒကာ, ဒကာမတို့ ဘုရားရှင်ရဲ့ သာဝကအစစ်အမှန် ဖြစ်သွားတဲ့ သူဟာ ဘယ်အခါမှ မဖေါက်ပြန်တော့ဘူးဆိုဒါလဲမှတ်ရမယ်၊ သူက ဉာဏ်နဲ့ ခန္ဓာမှာ စိုက်တဲ့အခါမှာလဲ ပုဂ္ဂိုလ်, သတ္တ၀ ဆိုစရာ အဟုတ် မရှိဘူးဆိုတဲ့ အချက်ကို အမှန်သိတယ်၊ အမှန်မြင်တယ် ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ သူကိုယ်တိုင်, ကိုယ်ပိုင်ဒိဋ္ဌ ဉာဏ်နဲ့ မြင်ပီး, သိပီးသား ဖြစ်လေတော့ ဘာသူပြောစရာမှလဲ မလိုတော့ဘူး၊ တခြား ဘာသာ အယူဝါဒကို ပြောင်းဘို့ မရှိတော့ဘူး၊ ရှင်းကြရဲ့ လား ?။

ဒကာ, ဒကာမတို့ ဘာသာတခြား, အယူတပါး ပြောင်းတယ် ဆိုရင် ပြောင်းတဲ့သူဆိုရင် ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ မပယ်နိုင်သေးလို့သာ

ဘဲ၊ မပယ်ရသေးတဲ့သူမို့ ဘဲဆိုဒါ မှတ်ကြတော့၊ သဘောပါကြရဲ့လား ?၊ အခုနေမှာ ဘုရားဒကာ, ကျောင်းဒကာတွေရဲ့ သား, သမီးဖြစ်နေပေမယ့် ဝိစိကိစ္ဆာကလေး ရှိနေသေးရင် စိတ်မချရသေးဘူး၊ အယူတိုင်းကို ပြောင်းချင် ပြောင်းမယ်၊ ဘာသာတိုင်းကို ကူးချင် ကူးသွားမယ် ဆိုဒါ မှတ်ကြ။

သံယောဇဉ်ကြောင့်ဘဲဖြစ်ဖြစ်၊ ငွေနဲ့ ပစ္စည်းနဲ့ ဖြားယောင်းလို့ ဘဲဖြစ်ဖြစ်, ပြောင်းသွားမယ်, ပြောင်းသွားနိုင်တယ် ဆိုဒါ မှတ်လိုက်ကြ၊ တရားကို ကိုယ်တိုင်အားထုတ်ပီးလို့ ကိုယ်တိုင် အမြင်မှန်ရထားမှသာ မြဲစွဲမယ်၊ ပြောင်းလဲဘို့ မရှိတော့ဘူး၊ ဖေါက်ပြန်ဘို့ မရှိတော့ဘူး၊ ခန္ဓာမှာကြည့်တော့ ဓမ္မဖြစ်ပီး ဓမ္မပျက်တာဘဲ ရှိတယ်လို့ သိတယ်၊ ဓမ္မဖြစ်ပျက်ကလဲရင် ဘာမှမရှိဘူးလို့ သိပီး, ဝိစိကိစ္ဆာလွန်မြောက်မှသာ မြဲမယ်ဆိုဒါ ဆုံးဖြတ်ချက်ချကြ။

ဒီလိုမှ မဟုတ်သေးရင် မဟာမေဒင်, ခရစ္စယံ စဘဲ့ တခြားဘာသာတွေ ပြောင်းမယ်၊ နောက်ဘဝတွေမှာလဲ မိစ္ဆာအယူအမျိုးမျိုးကို ပြောင်းသွားနိုင်တယ်၊ ဘယ်အချိန်မှာမှ စိတ်မချရဘူးလို့ သာ မှတ်ကြ၊ ခန္ဓာမှာ အခုပေါ်ဒါကို အခုဉာဏ်နဲ့ ကြည့်၊ ဖြစ်တာနဲ့ ပျက်တာဘဲရှိတယ်၊ ပုဂ္ဂိုလ်,သတ္တ၀ ဆိုစရာ လုံးဝမရှိဘူးလို့ ဉာဏ်နဲ့ မြင်ရင် သောတာပန်အမြင်ဘဲလို့ မှတ်ကြ။

ဒီ အဓိပ္ပါယ်စကားဟာ ဘုရားကို သစ္စကပရဗိုဇ်ကမေးလို့ ဖြေတဲ့စကားဘဲလို့ မှတ်ကြ၊ ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်တော့ စိတ်ကိုဘဲ

ကြည့်ကြည့်၊ ဝေဒနာဘဲ ကြည့်ကြည့်၊ ဘာကိုဘဲ ကြည့်ကြည့်၊ ဖြစ်တာနဲ့ ပျက်တာဘဲ ရှိတယ်၊ ပုဂ္ဂိုလ်, သတ္တာ ဆိုစရာ လုံးဝ မရှိပါကလားလို့ ဆုံးဖြတ်နိုင်တဲ့ အမြင်ဟာ သောတာပန် အမြင်ဘဲလို့ ဟောတော်မူတယ် ဆိုဒါ သဘောပါကြပလား ?။

ဒီ ဉာဏ်အမြင်ရရင် တိတ္ထဝိစိကိစ္ဆာ ယုံမှားခြင်းကို လွန်မြောက်သွားပြီ၊ ဖြစ်တာနဲ့ ပျက်တာဘဲ၊ ဒီထဲမှာ သူမပါ, ငါမပါဘူးလို့ သိပီးတော့၊ ဝိဂတ ကထံကထော၊ တွေးတောခြင်းကင်းသွားဘဲ ဆိုတဲ့အချက်တွေနဲ့ ပြည့်စုံသွားတော့တယ်၊ ဒီလိုဖြစ်ရင် "နိယတ" ဖြစ်ပီ၊ မကောင်းတဲ့ဌာန ဘယ်ကိုမှ မသွားတော့ဘူး၊ နိဗ္ဗာန်ဘဲ အရောက်သွားတော့တယ်ဆိုဒါ မှတ်ကြတော့၊ သဘောပါပလား ?။

ဒီလို ဉာဏ်အမြင်ရလာတဲ့သူမှာ သူ့စိတ်ထဲ, သူ့ဉာဏ်ထဲမှာ ရဲရဲတင်းတင်းကြီး ဖြစ်လာတယ်၊ သူ့ဉာဏ်နဲ့ သူ ဘယ်သူက ဘာပြောပြော မရဘူး၊ ဘယ် နတ်, ဗြဟ္မာ, တန်ခိုးရှင်တွေက ပြောပေမဲ့ အပိုဘဲ၊ သူ့ဉာဏ်ထဲမှာ ပုဂ္ဂိုလ်,သတ္တာ, ဆိုစရာ လုံးဝမရှိဘူးဆိုတဲ့ အချက်ကို ယတိပြတ် ရဲရဲကြီး ဆုံးဖြတ်ချက်ချနိုင်တယ်၊ အဲဒီ အမြင်ဟာ သောတာပန် အမြင်ဘဲ၊ အဲဒါ အပါယ်တံခါးပိတ်တဲ့ အမြင်ဘဲ ရိပ်မိကြရဲ့ လား ?၊ အဲဒါ သစ္စကကိုဟောတဲ့ အဓိပ္ပါယ်လို့ မှတ်ကြ။

ဒကာ,ဒကာမတို့ လုပ်ရင် ဒီအမြင်ရဘို့ မခဲယဉ်းပါဘူး၊လုပ်ဘို့ဘဲ လိုတော့တယ်ဆိုဒါ မှတ်လိုက်ကြ၊ မခဲယဉ်းဒါကိုဖြင့် အခု အမြန်ဆုံး လုပ်ကြတော့လို့ သတိပေးလိုက်ပါတယ်၊ အချိန်ဆွဲရင် ဆွဲသလောက်

ဒုက္ခရောက်ဘို့နီးတယ်၊ မကြာခင်ဘဲလား ? တော်တော်နေမှလား ? ဆိုဒါသာ မဲ့ပြောနိုင်ဒါ၊ ဒုက္ခရောက်မှာကတော့ သေချာတယ်လို့ သာ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား ?။

ဒကာ, ဒကာမတို့ ဝိပဿနာလုပ်ကြစို့ ဆိုတော့ ဒကာတို့ အခု ကြားတဲ့စိတ်ကလေး ပေါ်လာတယ်၊ ဒီအခါမှာ ဉာဏ်နဲ့ အကဲခတ်လိုက်၊ ခတ်လိုက်တော့ အခု ကြားစိတ်ကလေး ရှိသေးသလား ? မရှိဘူး၊ဖြစ်ပီး ပျက်သွားရှာဘီ၊ ဒီစိတ်ကလေးဟာ ဖြစ်ပီး ပျက်တာဘဲ ရှိတယ်၊ ဒါကို ဉာဏ်နဲ့ မြင်အောင် ကြ ည့်ပေးကြဘို့ဘဲ၊ ဒါ နေ့တိုင်း ဟောပြနေတဲ့ စကားတွေဘဲ၊ ဒါဟာ သောတာပန် တည်အောင်လို့ ဟောနေဒါဘဲ၊ ဘာမှမခဲယဉ်းပါဘူး၊ လုပ်တတ်ကြပလား ?။

ဒါကြောင့် ဘာပေါ်ပေါ် ရှုကြ၊ မြင်စိတ်လာလဲ ရှု၊ ကြားစိတ်, နံစိတ်, စားစိတ်, ကြံစိတ်, တွေးစိတ်, လာချင်ဒါ လာမှာဘဲ၊ လာတဲ့ အခါသာ မလွတ်စေနဲ့ ၊ ဘာလာလာ ဖြစ်ပီးပျက်သွားဒါဘဲ၊ အဲဒါကို ဉာဏ်နဲ့ မြင်ရမယ်၊ ရုပ်ကြည့်ကြည့် စိတ်ကြည့်ကြည့်၊ ခန္ဓာငါးပါးလုံး ကြည့်ချင်ဒါကြည့် ဖြစ်ပျက်ချည့်ဘဲ တွေ့ရမယ်၊ ဉာဏ်နဲ့ ကြည့်တော့ ပုဂ္ဂိုလ်,သတ္တ၀ မ၀ါဘူးလို့ ဆုံးဖြတ်ချက် ချနိုင်ရမယ်၊ ချနိုင်ရင် သောတာပန်အမြင်ရဘီ၊ ဘယ်မှမပြောင်းတော့ဆိုဒါ မှတ်တော့၊ ရှင်းပလား ?။

အဲဒါ့ကြောင့် ဒကာ,ဒကာမတွေ မဂ်ဆိုက်တဲ့အလုပ် လုပ်ကြလို့ တိုက်တွန်းနေဒါဘဲ၊ မဂ်ဆိုက်တဲ့ အလုပ်ကို မလုပ်သေးသ၍ စိတ်ချ

ရဘို့ တကွက်မှ မရှိသေးဘူးဆိုဒဲ့ မှတ်လိုက်ကြ၊ အကြီးအကျယ် ဖေါက်ပြန်သွားနိုင်တယ်၊ မုဆိုး, တံငါကြီးတွေ ဖြစ်သွားနိုင်တယ်၊ မဂ်မရသေးသမျှ ဘယ်အခါမှ အတည်တကျ မဖြစ်နိုင်သေးဘူး၊ ဒီကနေ့ သီလဝန္တကြီး ဆိုပေမဲ့လဲ နက်ဖြန် ဒုဿီလကြီး ဖြစ်သွားနိုင်တယ်၊ ရှင်းပလား ?။

ဒကာ,ဒကာမတွေဟာ ပစ္စည်းရှာကြ, တိုက်တွေတာတွေ တယ်ကြ, အိမ်ကြီးတွေ ဆောက်ကြ၊ ရွှေတွေ ဝယ်ထားကြ, ငွေတွေ စုထားကြနဲ့ ဘာလုပ်ဖို့လဲ ? လို့ မေးတော့ "အရေးရှိရင် သုံးနိုင်ဘို့၊ အကြောင်းရှိရင် စိတ်အေးရဘို့ဘဲ" တဲ့ ဖြေကြမယ်၊ ဟုတ်ကြရဲ့လား ?၊ ဒီသဘော အတိုင်းဘဲ၊ ဒီလို လောကီရေးရာမှာတောင် စိတ်အေးရဘို့ လုပ်ကြသေးဒါဘဲ၊ လောကီမှာ လုပ်ထားသလို လောကုတ္တရာ ရေးရာမှာကော မလုပ်သင့်ကြဘူးလား ? အကြီး အကျယ် လုပ်သင့်တယ်၊ အမြန်ဆုံး လုပ်သင့်တယ်ဆိုဒါ မှတ်လိုက်ကြ။

ဒီအလုပ် လုပ်ရမှာ ဒကာတို့ လောကီရေးရာတွေလောက် မခဲယဉ်းပါဘူး၊ လွယ်ပါတယ်၊ မလုပ်ရင်သာ ခက်မယ်ဆိုဒါ ပြောလိုက်ပါတယ်၊ လုပ်တော့ ဘလောက်ကြာကြာလုပ်ရမှာလဲ ? ဘယ်အခြေရောက်အောင် လုပ်ရမှာလဲ ? လို့ မေးရင်, ဥာဏ်ထဲမှာ ပုဂ္ဂိုလ်မရှိသတ္တဝမရှိ ဓမ္မဖြစ်ပျက်သာအမှန်ရှိတယ်လို့ ရဲရဲတင်းတင်း ဆုံးဖြတ်ချက်ချနိုင်ရင် ပီးဒါဘဲဆိုဒါသာ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား ?။

ဒကာ, ဒကာမတွေက နားရေဝပီး ပြောဆိုတတ်ကြတယ်၊ အရပ်ထဲမှာ အမျှားတကာ ပြောကြ,ဆိုကြတဲ့ စကားတွေကို ကိုယ်

ဉာဏ်လုပ်ပီး ပြောနေကြဒါ၊ “ ပုဂ္ဂိုလ်မရှိ, သတ္တဝမရှိ ”တဲ့၊ အဲဒါ သူမျှားပါးစပ်ထဲတွင် လမ်းဆုံးတဲ့ စကားတွေဘဲ၊ အဲဒီ ငပြာတဲ့ အသံက သူတပါးနဲ့ စပ်တဲ့အသံဘဲ၊ ကိုယ် ဉာဏ်မဟုတ်ဘူး ဆိုဒါ မှတ်လိုက်ကြ၊ အ၁ရပ္ပစ္စယော ဆိုဒါ ဒီဟာမျိုးနဲ့ ဆန့်ကျင်ဘက်ဘဲ၊ သူတပါးနဲ့ မစပ်ဘူး၊ ကိုယ်တိုင်မြင်နဲ့ စပ်တယ်၊ အဲဒါ အပရပ္ပစ္စယော ဆိုဒါ ဒီဥ ဝိစိကိစ္ဆာပြုတ်ပီလို့ ဘုရားက ပြောလိုက်တာဘဲ၊ သဘော ပါပလား ?။

ဒကာ, ဒကာမတို့ သူမျှားပြော မလိုဘူး၊ ကိုယ့်ဉာဏ်နဲ့ ကိုယ် ရှုပီးမှန်မှ အစစ်အမှန် ဖြစ်ဘယ်ဆိုဒါ မှတ်ကြ၊ ၎င်းပလား ?၊ဆရာပြော သိမျိုး၊ အရပ်ပြောသိမျိုး၊ စာတွေသိမျိုးတွေ မလိုဘူးဆိုဒါ မှတ်ထားကြ၊ အဲဒီအသိမျိုးက သညာမှာဘဲ လမ်းဆုံးနေတယ်၊ ပညာသိမဟုတ်ဘူး၊အခုပြောတဲ့ အဓိပ္ပါယ်တွေဟာ သစ္စကပရိုင်ကမေးလို့ ဘုရားက ဖြေတဲ့စကား အဓိပ္ပါယ်ဘဲဆိုဒါ မှတ်ကြ၊ ရိပ်မိပလား ?။

ဒကာ, ဒကာမတို့ ဝိပဿနာအလုပ်က လုပ်ရင်မခက်ဘူး၊ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ပေးဘို့ဘဲ၊ စိတ်ကလေးတခု ပေါ်လာရင် ဉာဏ်နဲ့ ကြည့်၊ ဖြစ်ပီးပျက်သွားဒါဘဲ မြင်မယ်၊ ဘာစိတ်လာလာ ဆက်သာ ကြည့်၊ အမြင်မျှားသလောက် ဉာဏ်တက်လာမယ်၊ ကြပ်ကြပ် ကြည့်လေ ဉာဏ်တက်လေ နိဗ္ဗာန်နဲ့ နီးလေဘဲဆိုဒါ မှတ်ကြ၊အကြည့် အမြင်မျှားလို့ ကိုယ့် ဉာဏ်မြင်နဲ့ ကိုယ်တိုင် ဆုံးဖြတ်နိုင်ရင် “ သမ္မတ္တ

နိယတာ" ဖြစ်တာဘဲ၊ အပါယ်မသွားတော့ဘူး၊ ဂတိမြဲဘီလို့သာ မှတ်ကြတော့။

ကိုယ့်ဉာဏ်အမြင် မရှင်းသေးရင် ငရဲမျိုးစေ့ မကုန်သေးဘူး ဆိုဒါ မှတ်ကြ၊ ဉာဏ်အမြင်ရှင်းမှသာ ငရဲမျိုးစေ့ကုန်မယ်၊ငရဲမျိုးစေ့ကုန်စေချင်ရင် ဉာဏ်မရှင်းသေးသမျှ အေးနေလို့မရဘူး၊အမြန်ဆုံးရှင်းသွားအောင် ကြိုးစားကြ၊ ဒကာ, ဒကာမတွေ အလုပ်ခွင်ဝင်တဲ့အခါမှာ ဆုံးဖြတ်နိုင်ဘို့ အရေးကြီးတယ်၊ ဆုံးဖြတ်နိုင်အောင် အချက်လေးချက်ကို မှတ်ထားရမယ်။

၁....ယုံမှားခြင်းကို လွန်မြောက်တယ်။
၂....သို့လော - သို့လော တွေးတောခြင်း ကင်းတယ်။
၃....ရဲရင့်ခြင်းသို့ ရောက်တယ်။
၄....ရတနာသုံးပါးမှတပါး ကိုးစားအားထားရာမရှိခြင်း။

ဒီအချက် လေးချက်နဲ့ ညီရင် ဂတိမြဲဘီ၊ နိယတဂတိကော ဆိုဒါဖြစ်သွားဘီ၊ အပါယ်မကြောက်နဲ့တော့၊သူတော်ဥစ္စာ ရတနာခုနစ်ပါးနဲ့ပြည့်စုံသွားပြီမို့ လူချမ်းသာ အစစ်ကြီး ဖြစ်ပီဆိုဒါ ၃တ်လိုက်တော့၊ဒီရတနာကမှ ရတနာအစစ် ဇကန်ဖြစ်တယ်၊ဒီရတနာကလဲ့လို့ ဒီပြင်ဥစ္စာတွေဟာ ရတနာစစ်, ရတနာမှန် မဟုတ်ကြဘူးဆိုဒါ မှတ်ထားကြ၊ ရှင်းကြပလား ?။

ဒကာ, ဒကာမတို့တတွေမှာ ဘာတွေဘဲ ရှိနေရှိနေ ရတနာမစစ်သေးတော့ ပူနေရတယ်၊ လောကီရေးရာ တိုက်တာအိုးအိမ်, ရွှေငွေ

ဘဏ္ဍာ ရတနာအမျိုးမျိုးတွေ ရှိနေကြပေမဲ့ အေးကွက်ကို မရရှာကြဘူး၊ အမြဲတမ်း ပူပန်နေရ, ကြောင့်ကြနေရ, စိုးရိမ်နေရဒါဘဲ၊ အဲဒါ ရတနာအစစ် မဟုတ်သေးလို့ဘဲဆိုဒါ ဆုံးဖြတ်ချက်ချကြ။

ဒါမျိုးတွေက နှစ်သက်ခြင်းကို မပေးနိုင်ဘူး၊ရတနာစစ် ရတနာမှန်ဆိုဒါ "ရတိံ ဇနေတိံတိ ရတနာနိ" ဆိုတဲ့အတိုင်း နှစ်သက်ခြင်းကို ပေးနိုင်ရမယ်၊ ရိပ်မိကြပလား ?၊ ရတနာ အတုအယောင်တွေနဲ့ ချည့်သာ တင်းတိမ်မနေကြနဲ့၊ တကယ်အားကိုးလောက်တဲ့ ရတနာစစ်ကိုရအောင် လုပ်ကြတော့လို့ ထူးထူးခြားခြား တိုက်တွန်းလိုက်တယ်။

ဒကာ,ဒကာမတွေ ဒါကြောင့် အိမ်ကျရင် ဝိပဿနာအလုပ်ကို လုပ်ဖြစ်အောင် လုပ်ကြ၊ ပေါ့မနေကြနဲ့တော့၊ အချိန်က သိပ်မကျန်တော့ဘူးဆိုဒါ ရိပ်မိကြရဲ့လား ?၊ ခန္ဓာမှာ ပေါ်လာသမျှ ဉာဏ်နဲ့ကြည့်ပေးကြ၊ ဝေဒနာပေါ် ဖြစ်ပျက်ရှု၊ အေးရုပ်ပေါ်မယ်, ပူရုပ်ပေါ်မယ်, ပေါ်သမျှအားလုံး ဖြစ်ပျက်ချည့်ဘဲ၊ ဓမ္မဖြစ်၍ ဓမ္မပျက်တာဘဲ ရှိတယ်လို့ ဉာဏ်နဲ့မြင်အောင်ရှုကြ။

ဒီလိုလာသမျှ မလွတ်တမ်းရှုနိုင်ရင်, သောတာပန်တည့်ဘို့အလွန်မကြာပါဘူး၊ ဒကာ, ဒကာမတို့ ရှုအားအပေါ်မှာ အနှေးအမြန် တည်တယ်ဆိုဒါ မှတ်ကြ၊ ကိလေသာခြားလို့ ရှုအားညံ့ရင် ကြာမယ်၊ ရှုအားကောင်းလို့ ကိလေသာ မခြားရင် မြန်မယ်ဆိုဒါ မှတ်ထားကြ၊ရှင်းဘီလား ?၊ သောတာပန်ဖြစ်ရင် ကိုယ်တိုင်ဆုံးဖြတ်နိုင်တဲ့ အချက်လေးချက်နဲ့ ပြည့်စုံတော့ဒါဘဲ။

အထက်က ပြောခဲ့တဲ့အတိုင်း ပုဂ္ဂိုလ်,သတ္တ၀ မရှိဘူးလို့ ယုံမှားကင်းသွားမယ်၊ သို့လော - သို့လော မတွေးတော့တော့ဘူး၊ ဒီတရားတော်နဲ့ ပတ်သက်သမျှ အထူးရဲရဲရင့်ရင့် ၀ံ့၀ံ့စားစား ရှိသွားဘီ၊ ဘုရားသာသနာတော်ကလဲ့ရင် ကိုးစားရာ အားထားရာ မရှိဘူးဆိုဒါတွေ့ ဖြစ်လာမယ်၊ အဲဒါတွေ့ဟာ ကိုယ်တိုင်သိ, ကိုယ်ဉာဏ်ထဲဖြစ်ပေါ်တဲ့ သဘာ၀ အချက်တွေ့ဘဲဆိုဒါ မှတ်ကြရမယ်။

ဒကာ, ဒကာမတို့ အခု ရှုမှတ်ဘို့နည်းလမ်းကို ဘုန်းကြီးကညွှန်ပြပေးနေတယ်၊ ဒီ့အရင်ရက်တွေ့ကလဲ ပြောခဲ့ပီးဘီ၊ ဒါနဲ့မှခဲယဉ်းနေသေးသလား ?၊ မခဲယဉ်းဒါသိရရင် ကြိုးစားကြ၊ ရှုကြည့်ကြ၊ ဥပမာ....စားချင်စိတ်ကလေး ပေါ်လာတယ်ဆိုတော့ " စားချင်စိတ် " ကလေးဆိုဒါ " စိတ် " ပါလို့ဆိုတော့ ဒီအထဲမှာ " ငါ " မပါဘူး၊ စားချင်စိတ် ဆိုကတဲ့က စိတ်ဆိုဒါ ငါပါပါ့မလား ?၊မပါဘူး၊ ဒီနေရာတွင်ဘဲ မှတ်လိုက်ရမယ်၊ ရှင်းကြရဲ့လား ?။

ဝေဒနာလေးပေါ်လာလဲ ဝေဒနာ ဖြစ်ပျက်ဘဲ၊ ရုပ်ကလေးတခုပေါ်လာလဲ ဖြစ်ပျက်ဘဲ၊ လာသမျှဟာ အနိစ္စမှာ လမ်းဆုံးဒါချည့်ဘဲ၊ ပေါ်လာသမျှ ဓမ္မချည့်ဘဲဆိုဒါ သိရမယ်၊ ဒီဓမ္မဟာ အနိစ္စမှာ လမ်းဆုံးဒါချည့်ဘဲလို့ မြင်ရမယ်၊ ဒီအတိုင်း ဉာဏ်ထဲမှာ ရှင်းရင်ရဲရဲတင်းတင်း ဆုံးဖြတ်နိုင်ရင် အိမ်မှာနေရင်း လုပ်လို့လဲဖြစ်ပါတယ်၊ အရေးကြီးဒါတခုက လုပ်ဖြစ်အောင် လုပ်ကြဘို့ဘဲဆိုဒါ မှတ်ကြ။

ကုရှုတိုင်း တတိုင်းလုံးမှာ ရှိကြတဲ့ ယောကျ်ား, မိန်းမတွေ့အားလုံးလောက်ဟာ ဒီလို့နှလုံးသွင်းတည့်ဒါနဲ့ အိမ်မှာနေရင်းက

ကိစ္စပြီးကြတယ်၊ အပါယ်တံခါးပိတ်ရေးကိစ္စ ပီးနိုင်ကြတယ်ဆိုဒါ မှတ်ကြ၊ ဒါကြောင့် ပေါ်လာတဲ့ ဓမ္မအပေါ်မှာ နှလုံးသွင်းတည့်ဘို့ အရေးဟာ အကြီးဆုံးဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ ဒကာ, ဒကာမတို့ ပေါ်ဒါကို နှလုံးသွင်းတည့်ဘို့ အရေးကြီးတယ်ဆိုဒါ မှတ်မိကြပလား ?။

ဥပမာ....ဝေဒနာလေး ပေါ်လာတယ်၊ ပျက်မယ့်တရားမို့ ပျက်သွားတယ်၊ ဒီလိုသိရင် နှလုံးသွင်း တည့်ဒါဘဲ၊ စိတ်ကလေးတခုပေါ်လာ, ပျက်မယ့်တရားဘဲ၊ ဟော....ပျက်သွားဘီလို့ သိလိုက်ရမယ်၊ အဲဒီလိုသိရင် တည့်ဒါဘဲ၊ ဘာလာလာ ဓမ္မက ပြဒါနဲ့ နှလုံးသွင်းနဲ့ တည့်စေရမယ်၊ ဓမ္မက ဖြစ်ပျက်ပြရင် ဖြစ်ပျက်ကိုဘဲ ၊သိရမယ်၊ ရှင်းကြရဲ့လား ?၊ ရှေက နှလုံးသွင်းတည့်ရင် နောက်က ဝိပဿနာ ဖြစ်တာဘဲလို့ မှတ်ကြ၊ ရှေက နှလုံးသွင်းတည့်ရင် နောက်ကဝိပဿနာ ဖြစ်တယ်ဆိုဒါ ရှင်းပလား ?။

ဒါကြောင့် " အဂ်ုတ္တိုရ်ပါဠိတော် " ဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့အချက်က "ယောနိသော မနသိကာရော ဘိက္ခဝေ, ဥပ္ပန္နော အကုသလော ဓမ္မော ပဟီယန္တိ" တဲ့။

အဓိပ္ပါယ်က....ယောနိသော မနသိကာရဖြစ်ရင် အကုသိုလ်ဟူသမျှ ပယ်စွန့်ပီးသားဖြစ်တယ်လို့ ဆိုလိုရင်းဖြစ်တယ်၊ ဒါကြောင့် ယောနိသော မနသိကာရ နှလုံးသွင်းမှုန်ကန်ဘို့ အချက်ဟာ အလွန် အရေးကြီးပါကလားလို့ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိကြပလား ?။

ဘုရားရှင် ရှေလက်ထက်တော်အခါက သူပုန်းစား သုပ္ပဗုဒ္ဓဟာ ဘုရားတရားတော်ကို တော်ရာက ချောင်းမြောင်းပီး နာယူလို့ သောတာပန်တည်သွားတယ်၊ သူက ချောင်းပီး နာယူဒါဖြစ်ပေမဲ့ ခန္ဓာအရှိန် နှလုံးသွင်းနဲ့ တည့်လို့ ကိုက်ညီလို့သာ သောတာပန် တည်ဒါဘဲဆိုဒါ မှတ်လိုက်ကြ၊ ဒီ-သုပ္ပဗုဒ္ဓလို ချောင်းနားထောင်တဲ့ ပုဂ္ဂိုလ်တွေ အများအပြားဘဲ မင်္ဂ,ဖိုလ် ရသွားကြတယ်၊ အဲဒါ ယောနိသောမှန်လို့ဘဲဆိုဒါ မှတ်ကြ၊ ဒကာ,ဒကာမတွေ ယောနိသော အရေးကြီးဒါ ပေါ်ပလား ?။

"သဗ္ဗေ သတ်္ခါရာ အနိစ္စာ၊သဗ္ဗေ ဓမ္မာ အနတ္တာ"ဖြစ်ပေါ်လာသမျှ တရားအားလုံးဟာ အနိစ္စဘဲ၊ တရားအလုံးစုံဟာ အနတ္တာဘဲ၊ ဓမ္မပေါ်ပီး, ဓမ္မပျက်တာဘဲရှိတယ်၊ဓမ္မပေါ်တိုင်း,ပေါ်တိုင်း ဖြစ်ပျက်သွားဒါကို ဉာဏ်နဲ့မြင်ရမယ်၊ ဓမ္မပေါ်တယ်လို့သိရင် ယောနိသော မနသိကာရ ဖြစ်တာဘဲ၊ ဓမ္မပျက်သွားတယ်လို့သိရင် ဝိပဿနာ နောက်က လိုက်လာဒါဘဲ၊ ရှင်းကြပလား ?။

ဒကာ, ဒကာမတို့ ရှေက ယောနိသော မနသိကာရ ရှိမှသာ နောက်က ဝိပဿနာဖြစ်နိုင်တယ်ဆိုဒါ မှတ်ထားကြ၊ မနေ့ကပြောခဲ့တဲ့ တရားမှာ မင်္ဂဉာဏ်နောက်က ဖိုလ်ဇော နှစ်ကြိမ်,သုံးကြိမ် လိုက်တယ်ဆိုတဲ့အကြောင်း ပြောခဲ့တယ်၊ ဒီကနေ့ တရားမှာ ဝိပဿနာနောက်က ဖိုလ်တွေ အများကြီး လိုက်တယ်ဆိုဒါ အထူး မှတ်ရမယ်၊ သဘောပါကြပလား ?။

သောဘာပတ္တိဖိုလ်ပုဂ္ဂိုလ်က မဂ္ဂင်နဲ့ ဓမ္မလေးတွေကို မြင်နေ တယ်၊ဒီလိုဓမ္မလေးတွေမြင်ရာက ဖြစ်ပျက်ချုပ်ပျိး နိရောဓသစ္စာဘက် ကူးသွားတယ်၊ သောတာပန်ပုဂ္ဂိုလက ရှုနေရင်းက ဒုက္ခသစ္စာချုပပး နိရောဓသစ္စာပေါ်ဒါဘဲ၊ ဝိပဿနာနောက်က ဖိုလ်ဇောတွေ အများကြီးလိုက်လာတယ်၊ အဲဒီအခါမှာ မဂ်ဇော လုံးဝမပါဘူး၊ အဲဒီကျတော့ “ နိဗ္ဗာနံ ဖလဿ, နိဗ္ဗာနံ ဖလဿ အာရမ္မဏပစ္စယေန ပစ္စယော ” ချည့်ဘဲ၊နိဗ္ဗာန်အရေအတွက်မရှိအောင် တွေ့ရတယ်ဆိုဒါ မှတ်ကြ။

ကိုင်း....ယနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

ဇမ္ဗုရတနာ. မာတိကာ

" ဝိပဿနာကင်း ·ပါယ်ရွာချဉ်း တရားတော် "

ဆောင်ပုဒ်

ဝိပဿနာ၊ လုပ်ငန်းသာ၊ ခေမာရောက်ကြောင်းမှတ်။
သက္ကာပြုတ်ချင်၊ သူ့ကိုပင်၊ မြန်လျင်ကြိုးစားအပ်။
သက္ကာပြုတ်မှ၊ နိဗ္ဗာန၊ မုချရမည်မှတ်။
ခန္ဓာအရှိ၊ ဉာဏ်ဖြင့်ကြည့်၊ သတိမြဲစွာချပ်။
ပေါ်ခိုက်ရုပ်နာမ်၊ ပစ္စုပ္ပန်၊ ရှုဉာဏ်လုံ့လကပ်။
ဖြစ်ပျက်မြင်ကာ၊ ဒိဋ္ဌိပ၊ ဉာဏ်က စင်ကြယ်မြတ်။
တိုးတက်ရှုသော်၊ မုန်းဉာဏ်ပေါ်၊ ဆုံးသော်နိဗ္ဗုဓတ်။

သတိချပ်

သမ္မာလုပ်ငန်း၊ မကြိုးပမ်း၊ ဖြစ်ဆန်းလူမိုက်သာ။
ဝိပဿနာယွင်း၊ ပညာကင်း၊ ပါယ်တွင်းနစ်မြုပ်ခါ။
ဂင်္ဂါသဲတူ၊ ပွင့်ကုန်မူ၊ ဆူဆူရွှောင်ခဲ့ရှာ။
သက္ကာမဖြူ၊ ဤနည်းမြုပ်၊ ဇလုတ်ပါယ်လေးရှာ။
မကျင့်မိုက်မဲ၊ ထိုတူနဲ့၊ အလဲကြုံဦးမှာ။
သမ္မာအလုပ်၊ လွန်ကြိုးကုတ်၊ အဟုတ်လူလိမ္မာ။
ပဏ္ဍိတစစ်၊ အားကုန်လှစ်၊ စွဲနစ်ကြိုးဘိုင်္ဂါ။

တရားသား ဒကာ, ဒကာမတို့....လူမိုက်, လူလိမ္မာ အစစ်အမှန်ကို ခဲခြားပီး မှတ်ကြရမယ်၊ ဘယ်လိုလဲ ? ဆိုတော့ မြတ်သော သမ္မာဒိဋ္ဌိအလုပ်ကို မလုပ်ရင် လူမိုက်ဘဲ၊ မြတ်သော သမ္မာဒိဋ္ဌိအလုပ်ကို လုပ်မှသာ လူလိမ္မာဖြစ်တယ်ဆိုဒါ မှတ်ကြရမယ်၊ သမ္မာဒိဋ္ဌိ အလုပ်ဆိုဒါ "မဂ္ဂင်ဟ်စ်ရိယအကျင့်" ဘဲလို့ မှတ်ကြ၊ ရှင်းကြပလား ?၊ ဒီအလုပ် မလုပ်သမျှ လူမိုက်အဖြစ်က တက်ခွင့် မရှိတော့ဘူးလို့သာ မှတ်ကြတော့။

ဒီပြင်တရားတွေက သာသနာတွင်း, သာသနာပမှာ ရှိနေကြတယ်၊ ကမ္မသကတာ သမ္မာဒိဋ္ဌိအလုပ်မျိုး၊ စျာန သမ္မာဒိဋ္ဌိ အလုပ်မျိုး၊ ဒါတွေက သာသနာတွင်းရောရှိ, သာသနာပမှာလဲ ရှိတယ်၊ စျာန်လမ်းဆိုဒါကလဲ ရူပ,အရူပ ဗြဟ္မာလောက်နဲ့ လမ်းဆုံးနေတော့ ဒုက္ခသစ္စာ ပြန်ရောက်တာဘဲရှိတယ်၊ ဘာမှ မထူးခြားဘူး၊ ထူးခြား ဒါက ဒုက္ခသစ္စာက ထွက်နိုင်တဲ့ လမ်းမှသာ ထူးခြားတယ်ဆိုဒါ မှတ်ရမယ်။

ထူးခြားမြင့်မြတ်တဲ့ လမ်းက ဝိပဿနာနဲ့ မဂ္ဂ, ဖလသမ္မာဒိဋ္ဌိ ဒီသုံးမျိုးဘဲ၊ ဒီနောက် သုံးမျိုးက သာသနာတွင်းမှသာ ပေါ်နိုင်တယ်၊ သာသနာပမှာ ပေါ်နိုင်ခွင့်မရှိဘူးလို့ ဆုံးဖြတ်ချက်ချကြ၊ ရိပ်မိပလား ?၊ သမ္မာဒိဋ္ဌိငါးမျိုးထဲက သုံး,လေး,ငါးတို့က သာသနာတွင်းတရား၊ တစ်,နဲ့ နှစ်ကအခါမရွေး ရနိုင်ခွင့်ရှိတယ်ဆိုဒါ မှတ်ထားကြ၊ ဒကာ, ဒကာမတွေမှာ အခုသာသနာတွင်းတရားနဲ့ ကြုံနေရဘီ၊ အင်မတန် ကံကောင်းလို့ဘဲဆိုဒါ ရိပ်မိကြရဲ့လား ?။

ဒီနောက် သုံးမျိုးထဲကလဲ သုံးနံပတ် ဝိပဿနာ သမ္မာဒိဋ္ဌိကို ကြိုးစားရင် ကျန်ဒါတွေအတွက် ကိစ္စပီးပါတယ်၊ ဒါကြောင့် ဝိပဿနာကို ကြိုးစားကြရမယ်၊ ဝိပဿနာလုပ်မှသာ သက္ကာယပြုတ်မယ်၊ ဝိပဿနာက သက္ကာယပြုတ်အောင် ပျက်အောင်လုပ်နိုင်တယ်ဆိုဒါကို မှတ်ကြ၊ သက္ကာယပြုတ်မှ အပါယ်မကျမှာ၊အပါယ်ပို့တဲ့ လက်သယ်ဟာ သက္ကာယဘဲဆိုဒါ မှတ်ကြ၊သဘောပါပလား ?။

ဒကာ,ဒကာမတို့ သက္ကာယပြုတ်ရင် အပါယ်မကျဘို့ ဘုရားကလဲ တာဝန်ခံတယ်၊ ဘုန်းကြီးကလဲ တာဝန်ယူတယ် ဆိုဒါ ပြောလိုက်ပါတယ်၊ ဒါကြောင့် ဒီသုံးနံပတ် ဝိပဿနာ အားထုတ်ဘို့သာ ဒို့တာဝန်ဘဲ ဆိုဒါ ဆုံးဖြတ်လိုက်ကြ၊ အဂ်ုတ္တိရ် အဋ္ဌကထာက တစ်နဲ့ နှစ်ပြည့်စုံရုံနဲ့ ဖြင့် သံသရာမပြတ်သေးဘူးတဲ့၊ သုံး, လေး, ငါးနဲ့ ပြည့်စုံမှသာ သံသရာ ပြတ်မယ်လို့ ဖွင့်ပြထားတယ်၊ သဘောပါကြပလား ?။

သံယုတ်အဋ္ဌကထာဆရာက "ခန္ဓာဒီသူ ဝိသောဓိတေသူ" တဲ့၊ ပဋိစ္စသမုပ္ပါဒ်အစဉ်လေးတွေ ခန္ဓာမှာ ပေါ်လာတဲ့အခါမှာ၊ ဖြစ်ပျက်အနိစ္စမြင်ကြရင် ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်လို့ သက္ကာယဒိဋ္ဌိ, သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိတွေ ရှင်းလင်းတယ်လို့ ဟောခဲ့တယ်၊ ဝိပဿနာသမ္မာဒိဋ္ဌိသည် ဒီ ဒိဋ္ဌိသုံးမျိုးကို စင်ကြယ်စေနိုင်တယ်တဲ့၊ ဒါကြောင့် ဒီဝိပဿနာသမ္မာဒိဋ္ဌိက အရေးအကြီးဆုံး လိုရင်းအချက်ပဲ ဆိုဒါမှတ်ကြ။

မဂ္ဂသမ္မာဒိဋ္ဌိက လုယ်တယ်၊ မဂ်သမ္မာဒိဋ္ဌိက သူမျှားရှင်းပီးတဲ့ နေရာမှာ ဝင်ထိုင်ရလို့ လုယ်တာဘဲ ဆိုဒါ မှတ်ကြ၊ ဝိပဿနာက ဒိဋ္ဌိတောကို အရင်ရှင်းပြစ်ရတယ်၊ သူရှင်းပီးမှ မဂ်သမ္မာဒိဋ္ဌိက လာရ ဒါမို့ လုယ်တယ်ဆိုဒါ ရှင်းကြရဲ့လား ?၊ အဲဒီတော့ အခုဝိပဿနာ လုပ်ကြရမယ်၊ ဒီသုံးနှံပတ်လုပ်ရင် လေးနဲ့ ငါးက သူ့ အလိုလို လာရ ဒါဘဲ၊ ဒါကြောင့် သုံး,အရေးကြီးလို့ ဒါဘဲ လုပ်ကြရမယ်။

လုပ်ကြစို့ဆိုတော့ ဒကာ, ဒကာမတို့ ခန္ဓာမှာ ဝေဒနာဖြစ်စေ, စိတ်ကလေးဖြစ်စေ, ပေါ်လာမယ်၊ ဥပမာ, အခု တရားနာဆဲမှာ အိပ်ငိုက်ချင်တဲ့ စိတ်ကလေး ပေါ်ချင်ပေါ်မယ်၊ ဘာပေါ်ပေါ်, ပေါ်ချင်ဒါ ပေါ်ပေစေ, ဖြစ်ပီးပျက်တာဘဲ လမ်းဆုံးတယ်၊ အဲဒီလို ဖြစ်ပီးပဲ့ပျက်တာကို ဉာဏ်ဦးနဲ့ တည့်အောင် ရှုနိုင်ဘို့ အရေးကြီးတယ်၊ သဘောပါပလား ?။

ပေါ်လာဒါက ပဋိစ္စသမုပ္ပါဒ်ဘဲ၊ ပဋိစ္စသမုပ္ပါဒ် ဆိုဒါ ခန္ဓာဘဲ၊ ဒီ ပဋိစ္စသမုပ္ပါဒ် ခန္ဓာလေးဟာ ဖြစ်ပီး, ပျက်မလို့ ပေါ်လာဒါဘဲ၊ သူ ပေါ်လာဒါကိုရှုရင် ရှုလိုက်တာနဲ့ တပြိုင်နက် အနိစ္စကို မြင်တယ်၊ အဲဒီလို ပေါ်လာတဲ့ ဓမ္မလေးရဲ့ အနိစ္စကို မြင်ဒါဟာ အပါယ်သွားမယ့် ဒိဋ္ဌိကို သတ်လိုက်တာဘဲ၊ အနိစ္စ မြင်ဒါနဲ့ အပါယ်သွား ဒိဋ္ဌိသေတယ်ဆိုဒါ မှတ်လိုက်ကြ၊ ကျေနပ်ပလား ?။

ဖြစ်တာဟာ ပျက်သွားတယ်၊ ဖြစ်သမျှ ပျက်ကြဒါချည့်ဘဲလို့ ဉာဏ်ကမြင်တော့ ငါမဟုတ်လို့ ငါ့ဥစ္စာမဟုတ်လို့ ပျက်သွားဒါဘဲလို့

မြင်လာတယ်၊ အဲဒီလို အမှန်မြင်လာတော့၊ ငါ, ငါ့ဉစ္စာစဲ့တဲ့ ဒိဋ္ဌိ မလာဘူးရှင်းကြရဲ့လား ?၊ ဒါကြောင့် ဝိပဿနာဖြစ်ပျက်ရှုဒါဟာ သံကာယဒိဋ္ဌိ ပယ်နှုတ်နေဒါဘဲလို့ မှတ်လိုက်ကြ၊ ဒါကြောင့် ဒကာ ဒကာမတွေကို ဖြစ်ပျက် မြင်ပီးမှသာ သေကြပါလို့ ပြောလိုက် ပါတယ်။

ဒကာ, ဒကာမတို့ သဘောပါကြရဲ့လား ?၊ ဖြစ်တာမြင်ရင် ဉစ္စေဒဒိဋ္ဌိစင်တယ်၊ ပျက်တာမြင်တော့ သဿတရော, သကာယရော ပြုတ်တယ်၊ဒါကြောင့် အပါယ်လေးပါး တံခါးပိတ်တာဟာ ဖြစ်ပျက် မြင်ဒါက စ,တယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒကာ,ဒကာမတို့ ဒီ ဖြစ်ပျက် မြင်မှု သကာယဖြုတ်မှု အလွန်ဘဲ အရေးကြီးတယ်ဆိုဒါ မှတ်ရမယ်၊ ဘုရားရှင်ကလဲ အလွန်အရေးကြီးတဲ့ ကိစ္စမို့ "ရင်ဝလှံစူးသလို ဦးခေါင်းမှာ မီးလောင်သလို ပမာထားပီး, သကာယဖြုတ်ဖို့ ခိုင်း တော်မူဒါဘဲလို့ မှတ်လိုက်ကြ။

ဒကာ,ဒကာမတို့ ဒါကြောင့် ဒီဝိပဿနာ သမ္မာဒိဋ္ဌိ လုပ်ငန်းကို အဟုတ်တမ်း ကြိုးစားမှဘဲ ဖြစ်တော့မယ် ဆိုဒါ ဆုံးဖြတ်ချက်ချပီး ကြိုးစားလိုက်ကြ၊ ပဌမ ဝိပဿနာအလုပ် ကြိုးစားရင် ဒုတိယမှာ မဂ်ဉာဏ်ရမယ်၊ မဂ်ရပီးရင် ဖိုလ်ဉာဏ်အလိုလို လာတော့ဒါဘဲ၊ မဂ်ဉာဏ် ရချင်ရင် ဝိပဿနာလုပ်ရမယ်၊ ဝိပဿနာကြိုးစားရင် မဂ်ဉာဏ်ရမယ်ဆိုတဲ့အချက်ကို "အဂ်ုတ္တိရ်ပါဠိတော်က" တာဝန်ခံ ထားတယ်ဆိုဒါ့ မှတ်လိုက်ကြ။

ဒါကြောင့် အခုအချိန်မှာ ဝိပဿနာ သမ္မာဒိဋ္ဌိ မဖြစ်, ဖြစ်အောင် ရှုကြရမယ်၊ အခုနယ်က ဒီလုပ်ငန်းကို လက်လှတ်ခံရရင် ဒကာတို့အတွက် နောက်သံသရာ ဘယ်မှာနေပါလိမ့်မလဲ ? လို့ မမေးကြနဲ့၊အပါယ်လေးပါးနေမှာဘဲလို့သာ မှတ်ကြ၊ဒါဘဲ့ကြောင့် လဲ ? ဆိုတော့ သက္ကာယဒိဋ္ဌိကြောင့်ဘဲဆိုဒါ မှတ်ကြတော့၊ရှေးကလဲ သက္ကာယမပြုတ်ခဲ့လို့ ဒီအခြေရောက်လာကြတယ်၊ခုအချိန်မှ မပြင်ရင် အပါယ်လေးပါးဟာ အမြဲနေရာ အိမ်ဂေဟာဘဲလို့သာမှတ်ကြ။

ဒကာ,ဒကာမတို့ ရိပ်မိကြပလား ?၊ “ပမတ္တာဿနာမ စတ္တာရော အပါယာ သကဂေဟာသဒိသာ” တဲ့၊ ဓမ္မပဒမှာ ဖွင့်ဆိုထားတယ်၊ ဝိပဿနာ မလုပ်သူမှန်သမျှ အပါယ်ကတက်ဘို့ခဲယဉ်းတယ်၊ အပါယ်ဟာ အမြဲနေရာဘဲလို့သာ မှတ်ထားကြ၊ ရိပ်မိကြရဲ့လား ?၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ပေါ့ပေါ့ကလေးလို့မျှား မထင်လိုက်ကြပါနဲ့၊ အခုနေမှာ အခွင့်အခါရတုန်း သားသမီးခင်မှ, မယားခင်မှ, ဆွေမျိုးခင်မှတွေကို ခဏလောက် ဖြုတ်ထားပီး ဝိပဿနာအလုပ် လုပ်ကြရမယ်။

သားသမီး,သားမယား မခင်တဲ့အတွက် သူတို့က မုန်းဒါဘဲရှိမယ်၊ မုန်းဒါလောက်ဟာ ဘာမှအရေးမကြီးဘူး၊ “ယထာဟိ သက္ခရ ပမာနာ” တဲ့၊ အင်္ဂုတ္တိရ်အဋ္ဌကထာက ဒီအလုပ် မလုပ်မိရင် “ကျောက်ခဲရေကျဘဲ” တဲ့၊ အပါယ်လေးပါး ကျဘို့သာ ပြင်ကြတော့လို့ ဖွင့်ဆိုထားတယ်၊ ဒကာ,ဒကာမတို့က အခုမှ တွေ့ရတဲ့

သားသမီး, ပစ္စည်းတွေ၊ သားမယားတွေ, ဆွေမျိုးဥာတကာတွေ ငဲ့နေကြတယ်၊သူတို့က အရေးမကြီးဘူး၊ ကိုယ်က အရေးကြီးတယ်။

ကိုယ်က အပါယ်ကျဘို့အရေးကြီးနေတယ်ဆိုဒါမှတ်ကြ၊အရေးကြီးဆို ကိုယ်က အပါယ်ကျဘို့ မျက်စောင်းထိုးနေရဘီ၊ဒကာတို့တတွေ အပါယ်ကို တနေ့, ဘယ်နှစ်ခါလောက် မျက်စောင်းထိုးသလဲ ? ဆိုဒါ သိကြရဲ့လား၊ အခါပေါင်း မရေနိုင်ဘူးတဲ့၊အဲဒီတော့ ဒီအလုပ် မလုပ် မိရင်တော့ သွားဘီလို့သာ မှတ်လိုက်ကြ၊ အပါယ်မျက်စောင်းထိုးနေတဲ့ ကြားကမှ မိုက်လုံး ထွားချင်သေးရင် ချိုးကပ် ဘို့သာ ပြင်ထားကြ။

ဒကာ, ဒကာမတို့ ဝိပဿနာ အရေးကြီးတယ်ဆိုဒါ ပေါ်ကြပလား ?၊ ရုပ်နဲ့နာမ် ခွဲရုံကလေးနဲ့လဲ မပီးသေးဘူး၊ သညာသီဘဲ ရှိသေးတယ်၊ သညာနဲ့ပြုတ်တာက တကယ်ပြုတ် မဟုတ်သေးဘူး၊ ပညာနဲ့ပြုတ်မှ စိတ်ချရတယ်၊ ဒီအလုပ်ကမှ ပညာနဲ့ပြုတ်တာ၊ အဲဒီလို ထူးခြားတယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား ?၊ ဒကာ, ဒကာမတို့ တလောကလုံးဟာ ဘုရားအဆူဆူနဲ့ လွဲခဲ့ကြရတယ် ဆိုဒါဟာ အပါယ်ငရဲမှာ နေခဲ့ရလို့ဘဲ၊ အပါယ်မှာ နေရတော့ ဘုရားတွေ ဘယ်လောက်ပဲပွင့်ပွင့် လွဲမှာချည့်ဘဲ။

ဒကာတို့တတွေက “ အရိမေတ္တေယျ ဘုရားရှင် ပွင့်တော်မူတဲ့အခါ ဆီမီးငါးတိုင်, ကြာငါးခိုင်နဲ့ ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့ရ၍ ” ဘာနဲ့ညာနဲ့ ဆုတောင်းနေတတ်ကြတယ်၊ ဘယ်လိုဘဲ တောင်း

တောင်း သက္ကာယမပြုတ်ရင် လွဲမှာဘဲ၊ နောက်ကိုယ်တော်တွေ ပဉ္စင်္လာလဲ လွဲအုံးမှာဘဲဆိုဒါ မှတ်လိုက်ကြ၊ဘုရားတွေဘို့တောင်းပေမဲ့ မတွေ့ရဘူး၊ ဘာ့ကြောင့်လဲ?ဆိုတော့ မတွေ့ရမယ့်တရားက ဒကာတို့ကို အပါယ်ပို့ထားလို့ဘဲဆိုဒါ မှတ်ကြတော့၊ ရိပ်မိကြပလား ?။

ဒကာ,ဒကာမတွေ အခုပေါ့နေပီး, ဒီအလုပ် မလုပ်ကြသေးရင် လွဲမှာချည့်ဘဲ၊နောက်ထပ် ဂင်္ဂါဝါဠ္ဠ သဲစုမက ဘုရားတွေပဉ္စင်္လာ သူပို့ထားရင် မတွေ့ရဘူးဆိုဒါ မှတ်လိုက်ကြ၊သဘောပါကြပလား?၊ ဒီအဓိပ္ပါယ်ကို ဘုရားရှင်က "ဣတိဝုတ်ပါဋ္ဌိတော်" မှာ၊ ပညာယ ပရိဟာနေန၊ပဿ လောကံ သဒေဝကံ၊" တဲ့၊ ဝိပဿနာ ပညာကင်းပီး နေခဲ့ရတဲ့အတွက် အပါယ်လေးပါးမှာဘဲ နေခဲ့ရတယ်လို့ ဟောတော်မူတယ်၊ ရိပ်မိကြပလား ?။

ဒကာ,ဒကာမတို့....၊ အခုနေမှာ ဝတ်ဘို့,စားဘို့, နေဘို့,ထိုင်ဘို့, မရှိဒါ ဘာမှအရေးမကြီးဘူး၊ အပါယ်မျိုးစေ့ရှိဒါက အလွန်အလွန် အရေးကြီးတယ်ဆိုဒါ မှတ်ကြရမယ်၊ သဘောပါကြရဲ့လား?၊အပါယ်မျိုးစေ့ သက္ကာယဒိဋ္ဌိရှိနေရင် ဒီ့ပြင် ဒုါသဋ္ဌိ ဒိဋ္ဌိဆိုတဲ့ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတွေ ဝင်လာဘို့ မခဲယဉ်းတော့ဘူး၊ အလွယ်တကူနဲ့ ကျယ်ပြန့်သွားနိုင်တယ်၊ အဲဒီလို ကျယ်ပြန့်သွားမှတော့ ဆေးချက်မမြင်ဘူး၊ အပါယ်က တက်နိုင်ဘို့လဲ ဝေးသွားဘီဆိုဒါ မှတ်ကြ။

ဒါကြောင့် အခုအချိန်မှာ လျင်လျင်မြန်မြန် ဝိပဿနာအလုပ်ကို လုပ်ကြရမယ်၊ လုပ်မှတော်တော့မယ်ဆိုဒါ ဆုံးဖြတ်လိုက်ကြ၊

ဝိပဿနာလုပ်ဘို့ဆိုတော့ ခန္ဓာမှာ အခုပေါ်ဒါကို ရှုရမှာဘဲ၊ အခု စပီး ပေါ်တဲ့ ခန္ဓဝတ္ထုစွသမုပ္ပါဒ်ကို ဖြစ်ပျက်ရှုကြ၊ ဥပမာ ကြားစိတ် ကလေးပေါ်တယ် ဆိုရင် သူဟာအစဘဲ၊ ဒီ ကြားစိတ်ဟာ ပဋ္ဌစွသမုပါဒ်အစဘဲ၊ဒီစိတ်ကလေးကို ငါဘဲလို သဘဲလို မထင်မိအောင် မထင်နိုင်အောင် ပဋ္ဌစွသမုပ္ပါဒ်ဘဲလို့ သိရမယ်။

ဝိပဿနာရှုတဲ့အခါမှာ အရေးကြီးဆုံးအချက်က ဓမ္မလေးတွေ တခုတခု ပေါ်လာတဲ့အခါ ဓမ္မပေါ်ပီး, ဓမ္မအနိစ္စရောက်လို့ ငါမပါဘူးလို့ သိရမယ်၊ ဖြစ်ပေါ်ဒါလဲ ဓမ္မ၊ ပျက်သွားဒါလဲ ဓမ္မ၊ ဒီထဲမှာ ငါ,မပါဘူး၊ ပုဂ္ဂိုလ်လဲမပါ၊ သတ္တဝလဲ မပါဘူးလို့ သိရမယ်.အလုပ်ဟာ ဝိပဿနာရှုမှုမှာ အရေးတကြီး လုပ်ရမယ်. အလုပ်ဘဲဆိုဒါမှတ်ကြ၊ ဒကာ, ဒကာမတို့ ဝိပဿနာအလုပ်ဟာ မလုပ်ရင် မဖြစ်တဲ့ အလုပ်ဘဲ၊ ထမင်းတနပ်ထဲ စား၊ရပေမဲ့ အရေးမကြီးလှပါဘူးဆိုဒါ ပြောလိုက်တယ်။

ဒကာ, ဒကာမတို့ သက္ကာယမပြုတ်ရင် အပါယ်ရောက်မယ်၊ စိတ်သာချတော့လို့ သတိပေးလိုက်ပါတယ်၊ ဘာ့ကြောင့်လဲ?၊ "ဘာလုပ်ဘို့ရှာဒါတုံး? ဆိုတော့၊ ငါဘို့တဲ့၊ ငါ့သားစားဘို့, ငါ့မြီးစားဘို့တဲ့၊" ဘယ်နေရာဖြစ်ဖြစ် ဒီဥစ္စာ မူတယ်လာဒါချည့်ဘဲ၊ ဒကာတို့တတွေ နေ့တိုင်း, အမောဆိုက်နေရဒါဟာ သူ့သတ္တိဘဲဆိုဒါ မှတ်ကြ၊ အမောဆိုက်တဲ့ခြားထဲမှာ ဒုလာပါဒရက်ကလဲ စုံက်လိုက်သေးတယ်၊ တနေ့လာလဲ ဆင်းရဲ၊ တနေ့လာလဲ ဆင်းရဲနဲ့ အဲဒါ ငါရှိနေလို့ဘဲဆိုဒါ မှတ်ကြတော့။

ဒကာ,ဒကာမတွေ ဘယ်အချိန်မျှား ငါလွှတ်တဲ့ အချိန်ရှိကြ သေးတုံး?၊ စျေးထဲမှာ ဝယ်ဒါ,ရောင်းဒါကိုကြည့်ရင် မိုးမှန်နေဒါဘဲ တွေ့ရမယ်၊ အဲဒီတော့ ပုတီးစိတ်နေလဲ အလကား နေမှာပါဘဲ၊ ပစ္စည်းရှာဒါ ရောင်းဒါ, ဝယ်ဒါ ဘာလုပ်ဘို့လဲ?၊ "ငါ့ဘို့ရှိအောင် လုပ်နေဒါဘဲ" တဲ့၊ ဂုဏ်တော်ပုတီးတွေစိတ်၊ ဘုရားကိုးကွယ်, တရား ကိုးကွယ်နဲ့ "ငါဒါတွေကို ကိုးကွယ်မိလို့ အခုစီးပွါးရေး ဖြောင့်နေ တယ်" တဲ့၊ ဒီနေရာတောင် လိုက်လာသေးတယ်။

ဒကာ,ဒကာမတို့ လုပ်ပုံကိုင်ပုံတွေ ဘယ်လောက်မျှား အရုပ်ဆိုး အကျည်းတန်မလဲဆိုဒါ စဉ်းစားကြ၊ ဒါတွေက အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရတွေဘဲ ဆိုဒါသာ မှတ်ကြ၊ သူမပြုတ်သမျှ အရုပ်ဆိုး ဒါချည့် လုပ်မိကြမယ် ဆိုဒါ မှတ်ကြတော့၊ သဘောပါပလား?၊ ကျောင်းထဲမှာ ကုဋီဆောက်တာတောင် ဘုမ္မိ, အရပ် ကျနေတယ်၊ ဖြစ်သေးမယ် မထင်ပါဘူး၊ ငါအန္တရာယ်ဖြစ်မှာ စိုးရတယ်နဲ့ လုပ်နေ ကြသေးတယ်၊ အဲဒါ အဖြူထဲမှာ အမဲကွက် ပါနေဒါဘဲ ဆိုဒါ မှတ်လိုက်ကြ။

ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား?၊ အဖြူထဲ အမဲ ရောတဲ့ ကမ်တွေ အလုပ်မျှားကြတယ် ဆိုဒါ ရိပ်မိကြ၊ တချို့က "ငါ့မှာ ကုသိုလ် အကျိုးပေးလေးကတော့ ဖြောင့်ချင် သားဘဲ· ဒါပေမဲ့ အဖျက်အဆီး, တိုမီး ရှိ့မီးတွေက မျှားလှတယ်" နဲ့ ပြော တတ်ကြတယ်၊ သူလုပ်ခဲ့ဒါ သူမသိရှာလို့ ပြောနေဒါဘဲလို့ မှတ်ကြ၊

ရှင်းကြပလား ?၊ ဒကာ, ဒကာမတွေက ဘာဘဲလုပ်လုပ် အရောကလေးက ပါတတ်ကြတယ်။

ဘုရားက ဒါနကုသိုလ်, သီလကုသိုလ်တွေ နိဗ္ဗာန်မရောက်ဘူးလို့ မဟောပါဘူး၊ သက္ကာယပါရင် မရောက်ဘူးလို့ သာ ဟောဒါပါ၊ အခုတော့ ဒကာတို့က ဘာလုပ်လုပ် အရောလေးနဲ့ ၊ အရောမပါ မလုပ်တတ်သလိုဘဲ ဖြစ်နေကြတယ်၊ ရိပ်မိကြပလား ?၊ ဒါကြောင့် သက္ကာယကို အရင်ဖြုတ်ကြရမယ်၊ သူ့မဖြုတ်သမျှ လမ်းမှန်ကျဘို့ ခဲယဉ်းတယ် ဆိုဒါ မှတ်ကြတော့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကထေတုကမျတာ, ဒေသနာနည်းနဲ့ ဟောပြတော်မူခဲ့တယ်၊ “ကတမောစ ဘိက္ခဝေ အသခ်္ခတာဂါမိမဂ္ဂေါ” အဘယ် တရားသည် နိဗ္ဗာန်ရောက်ကြောင်း, တရားကောင်းအစစ် ဖြစ်ပါသနည်း ?၊ “ဝိပဿနာ” တဲ့၊ နိဗ္ဗာန် ရောက်ကြောင်း, တရားကောင်း အစစ်အမှန်ဟာ ဝိပဿနာတရားဘဲလို့ အဖြေထုတ်တော်မူတယ်၊အဲဒါ သံယုတ်ပါဠိတော်မှာလာတဲ့ အဓိပ္ပါယ်ဘဲလို့ မှတ်ကြ။

မဂ်ဖိုလ်နိဗ္ဗာန်ကို တားဆီးထားဒါဟာ သက္ကာယဒိဋ္ဌဘဲ၊ သူ့ကို ဖြုတ်နိုင်မှ နိဗ္ဗာန်ရကြမယ်၊ သူ့ကို ဖြုတ်ဘို့ဆိုတော့ ဝိပဿနာအလုပ်ကို လုပ်ရမှာဘဲဆိုဒါ ပေါ်ကြပလား ?၊ ဒကာ, ဒကာမတွေ ဝိပဿနာရှုကြဆိုတော့ တခြားမှာရှာဘို့ မလိုဘူး၊ မိမိခန္ဓာမှာ ရှာရ

မှာဘဲ၊ ဒါကြောင့်, ခန္ဓာထဲမှာတွေ့ဘို့ အရေးကြီးတယ်ဆိုဒါ မှတ်ကြ၊ ခန္ဓာကလွဲပီး, ဘယ်မှ မရှာကြနဲ့။ ရှင်းပလား ?။

ဥပမာ မျက်လုံးကလေး ဖွင့်လိုက်တော့ မြင်စိတ်ပေါ်လာမယ်၊ မြင်စိတ်လာတော့ ဒီမြင်စိတ်ကို ဖြစ်ပျက်ရှု၊ နားဖွင့်လိုက်လို့ ကြားစိတ်ပေါ် ဖြစ်ပျက်ရှု၊ နံစိတ်, စားစိတ်, ယားယံစိတ်, ကိုယ်ပေါ်လေတိုက်လို့ အေးရင် အေးရုပ်, ပူရင် ပူရုပ် ဖြစ်ပျက်သာ ရှုချ၊ ခန္ဓာမှာပေါ် သမျှ ဖြစ်ဘာနဲ့ ပျက်တာချည့် မြင်နေရမယ်၊ ရုပ်ရယ်, နာမ်ရယ် ဉာဏ်မခွဲနဲ့။ ဖြစ်ပျက်ပဲကြည့်၊ ရှင်းပလား ?။

ဒီလိုကြည့်တော့ ဉာဏ်ဝမှာ ဖြစ်တာနဲ့ ပျက်တာဘဲ မြင်နေမယ်၊ဖြစ်ပျက် အနိစ္စ,ဘဲ မြင်နေရမယ်ဆိုဒါ မှတ်ကြ၊ ဒီလို ရုပ်နာမ် အနိစ္စချည့် မြင်ရတော့ ငါ, သူ, စဲ့စရာမရှိလို့ သက္ကာယပြုတ်တယ်၊ သဘောပါကြပလား ?၊ ဒါကြောင့်, ခန္ဓာဘာလာလာ ဖြစ်ပျက်သာ ရှုချကြ၊ ပေါ်ဒါကို မလွတ်စေနဲ့။ လွတ်တာနဲ့။ အဝိဇ္ဇာ ဝင်ဒါနဲ့ တချက်ထဲဘဲ၊ အဝိဇ္ဇာဝင်ရင် ဝိဇ္ဇာမလာဘူး၊ ဝိဇ္ဇာ မလာတော့ သမ္မာဒိဋ္ဌိအလုပ်,မဂ္ဂင်အလုပ် မဟုတ်တော့ဘူး၊ ဝိဇ္ဇာအလုပ်က နိဗ္ဗာန်သွား၊ အဝိဇ္ဇာအလုပ်က အပါယ်သွားဘဲ ရှင်းပလား ?။

ဒကာ, ဒကာမတို့ ဘာ့ကြောင့် ဝိပဿနာဟာ နိဗ္ဗာန် ရောက်သလဲ ?၊ သက္ကာယဒိဋ္ဌိပြုတ်လို့ ဘဲဆိုဒါ မှတ်ကြ၊ ဝိပဿနာဆိုဒါ သမ္မာဒိဋ္ဌိအလုပ်ဘဲ၊ ဒါကို မလုပ်ရင် သမ္မာဒိဋ္ဌိမဖြစ်ဘူး၊ သမ္မာဒိဋ္ဌိ

ပျောက်ရင်, မိစ္ဆာဒိဋ္ဌိ ရောက်တာဘဲ၊ ဝိပဿနာမရှုရင် မိစ္ဆာဒိဋ္ဌိ ရောက်မယ်ဆိုဒါ မှတ်လိုက်ကြ၊ သူရောက်လာရင် အပါယ်ရောက်ဘို့သာ ပြင်ကြတော့ဘဲ၊ ဒကာ,ဒကာမတွေ သဘောပါကြရဲ့လား ?။

ဒီ ဝိပဿနာ သုံးနှံပတ်အလုပ်ကို ဘယ်လောက် ကြာကြာ လုပ်ရမလဲ ?၊ ဘယ်အခြေရောက်အောင် လုပ်ရမလဲ ? လို့ မေးရင်, ပဌမ ဖြစ်ပျက်မြင်ရာကနေပီး, ဖြစ်ပျက်တွေကို မုန်းလာအောင် လုပ်ရမယ်၊နောက် မုန်းရာကနေပီး, ဖြစ်ပျက်တွေ ဆုံးသွားအောင် လုပ်ရမယ်၊ ဖြစ်ပျက် ဒုက္ခသစ္စာ ဆုံးတဲ့အချိန် သုခနိဗ္ဗာန် မဖြစ်မပျက်တာတွေဒါဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြပလား ?။

လေးနှံပတ်, မဂ္ဂသမ္မာဒိဋ္ဌိ ဆိုဒါက ဒီထဲမှာ မဂ္ဂင်ရှစ်ပါးကို ဆိုဒါဘဲ၊ မဂ္ဂင်ရှစ်ပါး ပါပေမယ့် ခေါင်းဆောင်က သမ္မာဒိဋ္ဌိ ဖြစ်လို့ သမ္မာဒိဋ္ဌိလို့ ဆိုရဒါဘဲ၊ ဝိပဿနာ သမ္မာဒိဋ္ဌိလုပ်ငန်းနဲ့ မဂ္ဂင်ရှစ်ပါး ပြည့်သွားတဲ့ အချိန်မှာ မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်တော့ဒါဘဲ ဆိုဒါ မှတ်ကြ၊ သူတို့နှစ်ခုရဲ့ ထူးပုံကို မှတ်ရမယ်၊ ဝိပဿနာသမ္မာဒိဋ္ဌိက ဖြစ်ပျက်မြင်သောကြောင့် သင်္ကာယဒိဋ္ဌိပြုတ်တယ်။

အဲဒီတော့ ဖြစ်ပျက်မြင်၍ သင်္ကာယဒိဋ္ဌိ ပြုတ်တဲ့ အလုပ်ဟာ ဝိပဿနာ သမ္မာဒိဋ္ဌိ အလုပ်ဘဲ၊ ခန္ဓာဖြစ်ပျက် မမြင်ဘဲ နိဗ္ဗာန်မြင်တဲ့ အလုပ်ဟာ မဂ္ဂသမ္မာဒိဋ္ဌိ အလုပ်ဘဲလို့ မှတ်ကြ။

သံယုတ် အဋ္ဌကထာ စကားက “ပစ္ဆာ ဘူမိလဒ္ဓံ ဌပေတွာ မဂ္ဂသမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ” တဲ့။ ။ပဋ္ဌာန်း ပါဠိတော်ကလဲ “နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏ ပစ္စယော” တဲ့။

မဂ္ဂသမ္မာဒိဋ္ဌိက ခန္ဓာဖြစ်ပျက်ကို မမြင်ဘူး၊ ဖြစ်ပျက် အဆုံးကိုသာ မြင်တယ်၊ ဒါကြောင့် ပဋ္ဌာန်းပါဠိတော်နဲ့ လဲ ညီညွတ်တယ် ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါပလား ?။

ဒါကြောင့် ဒကာ, ဒကာမတို့အတွက်က မဂ်သမ္မာဒိဋ္ဌိ လာဘ်ရာဝိပဿနာသမ္မာဒိဋ္ဌိအလုပ် လုပ်ဘို့ အရေးကြီးတယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒါကို လုပ်နေဘို့ဘဲလိုတယ်၊ ဒီအလုပ်ကို အဆက်မပြတ်, အားကောင်းသထက် ကောင်းလာအောင် ကြိုးစားကြဘို့ဘဲ၊ ဒါကို ကြိုးစားရင် မဂ်သမ္မာဒိဋ္ဌိက အနှေးအမြန်ဆိုသလို ဖြစ်ပေါ်လာမယ်၊ သဘောပါကြပလား ?။

သူ့ အလုပ်က ဓမ္မလေးတွေ ဖြစ်ပေါ်လာတိုင်း, ပေါ်လာတိုင်း, ရှုဉာဏ်က “ဟာ - ဖြစ်လာဘီ၊ ဟာ - ပျက်သွားဘီ” ဒါဘဲ မြင်အောင် ရှုနေရမှာဘဲ၊ ရှုဘို့က မခဲယဉ်းဘူး၊ ရှုဖြစ်အောင် ရှုပေးဘို့သာ အရေးကြီးတယ်၊ ကြပ်ကြပ်ရှုတော့ ဒီလိုရှုရင်းက ဖြစ်ပျက်ဝိပါက ဝဋ်ကြီးဟာ ရှာမတွေ့တော့ဘူး၊ ပျောက်ထွက်သွားတယ်၊ အဲဒါ မဂ္ဂသမ္မာဒိဋ္ဌိဘဲ၊ ဒကာ, ဒကာမတို့ ဖြစ်ပျက် ဒုက္ခသစ္စာတွေ ပျောက်သွားပီး, ချုပ်ငြိမ်းတဲ့ သဘောလေးမြင်ရင် မဂ္ဂသမ္မာဒိဋ္ဌိဘဲ ရှင်းပလား ?။

ဒကာ, ဒကာမတွေ ဝိပဿနာရှုတဲ့သူမှာ နိဗ္ဗာန်ပေါ်ပုံ မိလိန္ဒပဉ္ဉာ ပါဠိတော်မှာလာတဲ့ အဓိပ္ပါယ်ကို မှတ်ကြရမယ်။ ဒကာဒကာမတို့ သိတဲ့အတိုင်း မိလိန္ဒမင်းကြီးဆိုဒါ အင်မတန် ပညာရှိတယ်၊ သူမေးတဲ့ ပြဿနာတွေကို မဖြေနိုင်ကြလို့ ရဟန္တာတွေတောင် ပြေးကြရတယ်၊ နောက်,အရှင်နာဂသိန်နဲ့တွေ့လို့ အဲဒီမင်းကြီးက နိဗ္ဗာန်မြင်ပုံကို မေးလျှောက်တော့ အရှင်နာဂသိန်မထေရ်က ဖြေပြတဲ့ အဖြေကို မှတ်ကြရမယ်။ သဘောပါရဲ့လား?။

ရှင်နာဂသိန်မထေရ်ကို မိလိန္ဒမင်းကြီးက " အလုပ်စဉ်နှင့်တကွ နိဗ္ဗာန်မြင်ပုံကိုပြောပြတော်မူပါ"လို့ လျှောက်ထားတော့ ရှင်နာဂသိန်မထေရ်ကလဲ **အ**လုပ်စဉ်နှင့်တကွ ရှင်းလင်း ဖြေဆိုပြလိုက်တယ် ဆိုဒါ! မှတ်ရမယ်၊ မင်းကြီးက " အရှင်ဘုရား....နိဗ္ဗာန်ဆိုဒါ ရှိပါသလား? လို့ မေးတော့ မထေရ်က " မင်းကြီး....နိဗ္ဗာန်ဆိုဒါ ရှိတယ် " လို့ ဖြေတော်မူလိုက်တယ်၊အဲဒါနဲ့ မင်းကြီးကဆက်ပီးမေးပြန်တယ်။

" အရှင်ဘုရား....ဒါဖြင့်၊ နိဗ္ဗာန်ဟာ ပစ္စုပ္ပန်လား ? အတိတ်လား ? အနာဂတ်လား ? ဘယ်ကာလမှာရှိပါသလဲ ? လို့ မေးတော့ မထေရ်က " အားလုံးမဟုတ်ဘူး၊ နိဗ္ဗာန်ရှိဒါမှန်တယ်၊ ဒါပေမဲ့ ကာလသုံးပါးက အလွတ်ဖြစ်တယ် " လို့ ဖြေလိုက်တော့ မင်းကြီးက " ဒါဖြင့် နိဗ္ဗာန်ဟာ မရှိဘူးလို့ ဆိုရတော့မှာပေါ့ဘုရား " လို့ ပြန်ပီး လျှောက်ထားတယ်၊ အဲဒီအခါမှာ အရှင်နာဂသိန်က ဥပမာနဲ့ပြပြီး ဖြေတော်မူလိုက်တယ်လို့ မှတ်ကြ။

အရှင်နာဂသိန် မထေရ်က “ မင်းကြီး ဝါးစိမ်းနှစ်လုံးထဲမှာ နဂိုက မီးရှိနှင့်သလား ? မေးတော့၊ “ မရှိနှင့်ပါဘုရား ”၊ “ ဒါဖြင့် ဝါးနှစ်လုံးကို အချင်းချင်းကြာကြာပွတ်တိုက်လိုက်တော့ မီးရှိမလာ ပေဘူးလား ? ”လို့ မေးတော့၊ “ ရှိလာပါတယ်ဘုရား ” လို့ ဖြေလိုက်တော့၊အရှင်နာဂသိန် မထေရ်က မင်းကြီး ဒီဥပမာအတူဘဲ၊ နိဗ္ဗာန်ဟာလဲ ကာလသုံးပါးက အလွတ်ဖြစ်ပေမယ့် အားထုတ်မှု လုံ့လဝိရိယ,အစွမ်းကြောင့် ပေါ်လာရတယ်၊ အားထုတ်သူအဘို့မှာ နိဗ္ဗာန်ဟာရှိတယ်လို့ မှတ်ရမယ် ။”

အဲဒီလို ဖြေဆိုတော်မူတော့မှ မိလိန္ဒမင်းကြီးကလဲ “ မှန်လှပါ သဘောကျ ကျေနပ်ပါပြီဘုရား ” လို့ ပြန်ပီး လျှောက်ထားတယ် ဆိုဒါမှတ်ကြ၊ ဒကာ,ဒကာမတွေ သဘောပါကြရဲ့လား ?၊ အဲဒီတော့ နိဗ္ဗာန်ဆိုဒါ ဆုတောင်းလို့မရဘူး၊ အားထုတ်မှ ပေါ်တယ်ဆိုဒါ ရိပ်မိကြပလား ?၊ ဆီမီးနဲ့ ပန်း,ရေချမ်းနဲ့ ဆုတောင်းလို့ မရဘူး၊ ပေါ်အောင် အားထုတ်မှသာ ရမယ်ဆိုဒါ မှတ်လိုက်ကြ။

တချို့က ပါရမီစကား ပြောတတ်ကြတယ်၊ ပါရမီစကား,မပြော နဲ့၊ ပါရမီမလိုဘူး၊ ဒကာ,ဒကာမတွေ အကုန် ပါရမီပြည့်တယ်လို့ သာ မှတ်ထားကြ၊ ရှင်းပလား ?၊ ဒကာ,ဒကာမတို့ နိဗ္ဗာန်ရှိတဲ့အ ကြောင်း အရှင်နာဂသိန်မထေရ်က စကြဝတေးမင်းကြီး ဥပမာနဲ့ ပြပီး ဖြေတော်မူပြန်တယ်လို့ မှတ်ကြ၊ စကြဝတေးမင်းကြီးဟာ ဝတ်ဖြူစင်ကြယ်ဝတ်, ဥပုသ်သီလများ ဆောက်တည်, ဗြဟ္မစိုရ်

တရားမျှား ပွါးမျှားတော့မှသာ စကြာရတနာကြီးဟာ ဖြစ်ပေါ်လာရတဲ့အကြောင်း ဥပမာထုတ်ပီး, ဖြေဆိုတော်မူလိုက်တယ်ဆိုဒါမှတ်ကြ။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ နိဗ္ဗာန်ရချင်ရင် ဘုရားရွေတော်မှာသွားပီး အော်နေရုံနဲ့မရဘူး၊ အော်နေလို့အပိုဘဲဆိုဒါ မှတ်လိုက်ကြ၊ အားထုတ်မှရမှာ၊ အားထုတ်ကြဘို့ဘဲရှိတယ်ဆိုဒါ မှတ်ကြ၊ ရှင်းကြရဲ့လား ?၊ အရှင်နာဂသိန်က သဘောကျအောင် ဖြေပြတော့မှ မိလိန္ဒမင်းကြီးက "ဒါဖြင့် အရှင်ဘုရား.... နိဗ္ဗာန်ရဘို့ရာ အလုပ်စဉ် ပြတော်မူပါ" လို့ တောင်းပန်တော့မှ အရှင်နာဂသိန်က "မင်းကြီး....အလုပ်စဉ်ပြောရရင် ရွှေကဝိပဿနာသမ္မာဒိဋ္ဌိနဲ့ကြိုးစားပါ" လို့ ဖြေတော်မူလိုက်တယ်၊ရှင်းပလား ?။

ဒကာ, ဒကာမတွေ နိဗ္ဗာန်ရချင်ရင် ဘာလုပ်ရမလဲ ? ရွှေကဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ကြိုးစားကြတဲ့၊ သဘောပါကြပလား ?၊ ဒါကြောင့် ခန္ဓာမှာ ပေါ်လာသမျှ ဖြစ်ပျက်ရှုရမယ်၊ ရှုအားမျှားလို့ ဉာဏ်ရင့်လာရင် ရှုရင်းရှုရင်းနဲ့ ဖြစ်ပျက်မရှိတဲ့ဘက်ကို ဉာဏ်လှမ်းသွားတယ်တဲ့၊ ဉာဏ်ရင့်လာတဲ့အတွက် ဖြစ်ပျက် မရှိတဲ့ဘက်ကိုလှမ်းသွားတယ်၊ အဲဒါ နိဗ္ဗာန်ဘဲ တဲ့၊ အဲဒါ အရှင်နာဂသိန် အမိန့်ရှိတဲ့ စကားအဓိပ္ပါယ်ဘဲလို့ မှတ်ကြ။

ဒုက္ခသစ္စာ ဖြစ်ပျက်တွေ့ မရှိဒါဟာ နိဗ္ဗာန်၊ ဒီဖြစ်ပျက်ဒုက္ခတွေ့မရှိပါကလားလို့ သိဒါက မဂ်ဉာဏ်၊ ဝိပဿနာဉာဏ်, ရင့်လာဒါဟာ

မင်္ဂဿာရဘို့ဘဲ ရိပ်မိကြပလား ?၊ ဝိပဿနာဉာဏ် ကြိုးစားရင် မင်္ဂဿာရမှု အလိုလို ကိစ္စပီးနိုင်တယ်၊ ဒါကြောင့် ကြိုးစားကြ။

ဖြစ်ပျက်တွေက ဒုက္ခသစ္စာ။
ဖြစ်ပျက်တွေ ချုပ်ဆုံးသွားဒါက နိရောဓသစ္စာ။
ဖြစ်ပျက်တွေ ချုပ်ဆုံးသွားဒါကို သိဒါက မဂ္ဂသစ္စာ။
ဒီနေရာမှာ သေတဲ့ကိလေသာတွေက သမုဒယသစ္စာ။

ဒကာ,ဒကာမတွေ ကျေနပ်ကြပလား ?၊ ဆရာဘုန်းကြီးပြဒါ သေသေချာချာမှတ်ပီး အားထုတ်ကြ၊ စာအုပ်တွေ ရမ်းဘတ်, ရမ်းမှတ်၊ ဉာဏ်စဉ်နဲ့တက်မှ ရမယ်ဆိုပီး တချို့တွေ တက်နေကြဒါ ရှိတတ်တယ်၊ ဉာဏ်စဉ်နဲ့ လေ့ခါးထစ်မှတ်ပီး တက်နေလို့ မရဘူး မဖြစ်ဘူးဆိုဒါ မှတ်လိုက်ကြ။

ဉာဏ်စဉ် ၁၀,ပါးတို့၊ ၁၆,ပါးတို့ ဆိုဒါတွေဟာ၊ အရှင်သာရိပုတ္တရာက ပဋိသမ္ဘိဒါမဂ်မှာ သူ့ဉာဏ်နဲ့သူ ကြည့်ပီး, ဟောထားခဲ့ဒါ၊ ဒကာ,ဒကာမတို့နဲ့ မဆိုင်ဘူးဆိုဒါ မှတ်ရမယ်၊အင်မတန်ကြိုးတဲ့ အဂ္ဂသာဝကာ ဉာဏ်အရာနဲ့ ဆိုင်ဒါပါ၊ ရိပ်မိကြရဲ့လား ?။

ဒါကြောင့် ဒကာ,ဒကာမတွေအတွက် ဘုန်းကြီးက သတိပေးလိုက်ပါတယ်၊ " ဝိပဿနာ လုံလောက်ရင် မဂ်ရဘို့ လုံလောက်ပီ " ဆိုဒါ မှတ်လိုက်ကြတော့လို့ သဘောပါကြပလား ?။

ကိုင်း....ယနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

ဇမ္ဗုရတနာ မေတ္တာကာဗျ

"သက္ကာရန်ညစ် တွန်းလှန်ပစ် တရားတော်"

ဆောင်ပုဒ်

မျက်လုံးကြည့်စွာ၊ မြင်စရာ၊ မြင်ကာ ဆင်းသိစိတ်။
အကြောင်းညီကာ၊ မြင်စိတ်လာ၊ ချုပ်ရှာမြန်တဆိတ်။
မြင်စိတ်ပေါ် ခိုက်၊ ဉာဏ်စူးစိုက်၊ အလိုက်ဝိပဿီချိတ်။
ဖြစ်ပျက်ဉာဏ်မြင်၊ ဒိဋ္ဌိနှင်၊ ကွာစင်ဝိစိကိစ်။
ဆက်လက်ရှုသော်၊ မုန်းဉာဏ်ပေါ်၊ ဆုံးသော်မက်ဉာဏ်စိတ်။
မက်ဉာဏ်ဆိုက်ရောက်၊ ပါယ်မျိုးပျောက်၊ ကဲမောက်ပီတိညိတ်။

သတိချပ်

အကုသလ၊ ဟူသမျှ၊ သက္ကာယကြောင့်ဖြစ်။
ဒိဋ္ဌိသက္ကာ၊ ရှိသူမှာ၊ ဖြာဖြာအကုဖြစ်။
ပဋ္ဌာနန္တိရာယ်၊ အသွယ်သွယ်၊ အလွယ်သူ့ ကြောင့်ဖြစ်။
သူ့ ကိုရုပ်သိမ်း၊ အကုငြိမ်း၊ အောင်ကိန်းနိဗ္ဗုလ်စ်။
ထို့ ကြောင့်လျင်စွ၊ သက္ကာယ၊ ဖျက်ချဒိဋ္ဌိညစ်။
ဒိဋ္ဌိဖြုတ်ချင်၊ ခန္ဓာခွင်၊ ဉာဏ်ဝင်ရှုကြည့်လစ်။
ဖြစ်ပျက်မြင်မြောက်၊ ဉာဏ်ထွင်းဖောက်၊ ကွာပျောက်ဒိဋ္ဌိစစ်။
ဒိဋ္ဌိလွတ်ကင်း၊ ဝိစိရှင်း၊ ပါယ်ခင်းလွတ်စင်စစ်။

တရားသား ဒကာ, ဒကာမတွေ ထူးထူး ခြားခြား, မှတ်သား ထားကြဘို့ ပြောရမယ်၊ ဘာလဲ? လို့ ဆိုတော့ အလုံးစုံသော အကုသိုလ် ဟူသရွေ့ဟာ သက္ကာယ ဒိဋ္ဌကြောင့် ဖြစ် တာဘဲ၊ ဒီ သက္ကာယဒိဋ္ဌကို မဖြုတ်ရင်, ဘယ်လို အကုသိုလ်မျိုးမဆို အကုန်ဖြစ်နိုင်တယ်၊ အမိသတ်မယ်, အဘလဲ သတ်ချင်သတ်မယ်၊ ရဟန္တာလဲ သတ်မယ်၊ သံဃာကို သင်းခွဲမယ်၊ ဘုရားကို သွေးစိမ်း တည်အောင် လုပ်ချင်လုပ်မယ်၊ သူရှိနေရင် အကုသိုလ်ဟူသမျှ ဖြစ် ပေါ်ဘို့ မခဲယဉ်းတော့ဘူးလို့ သာ မှတ်ကြ။

ဒါကြောင့် အကုသိုလ်ကိုကြောက်ရင် ဒီ သက္ကာယဒိဋ္ဌကို ဖြုတ် ကြရမယ်၊အကုသိုလ်အကုန်သိမ်းချင်ရင် သက္ကာယဒိဋ္ဌ သိမ်းလိုက်ရင် ပီးတယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား ?၊ ခန္ဓာမှာ အမှန်ရှိဒါက ရုပ်နဲ့ နာမ်ဘဲ ရှိတယ်၊ ဒီအမှန်ရှိတဲ့ ရုပ်, နာမ်က သက္ကာယဘဲ၊ ဒါ နှစ်မျိုးကို ငါ, သူ ထင်တော့ ဒိဋ္ဌဖြစ်တာဘဲ၊ ဒါကြောင့် ရုပ်ပေါ်, နာမ်ခပေါ်မှာ ငါထင် ဟူသရွေ့ သက္ကာယဒိဋ္ဌဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိပလား ?။

ဒကာ,ဒကာမတို့ ရှင်းကြရဲ့လား?၊ ခန္ဓာမှာပေါ်ဒါက သက္ကာယ၊ ဒီဟာကို ငါထင်ရင် ဒိဋ္ဌဘဲ၊ ဥပမာ- ကိုယ့်သန္တာန်မှာ မြင်စိတ် ပေါ်တယ်ဆိုတော့ အဲဒီမြင်စိတ်ဟာ သက္ကာယဘဲ၊ ဒါကို ငါမြင်တယ် လို့ ဆိုလိုက်တော့ ဒိဋ္ဌဖြစ်သွားတယ်၊ နှစ်ခုပေါင်းတော့ သက္ကာယ ဒိဋ္ဌဘဲ၊ ရိပ်မိကြပလား ?၊ မြင်စိတ်ဟာ သူဟာသူ နေတုန်းက

သက္ကာယသက်သက်ဘဲ၊ ဒိဋ္ဌိနဲ့ မရောသေးဘူး၊ မြင်စိတ်ကို ငါလုပ်ပီး, ငါမြင်ဒါဘဲ ဆိုတော့ သက္ကာယဒိဋ္ဌိ ဖြစ်သွားတယ်၊ သဘောပါကြပလား ?။

ဥပမာ - အစားကလေးတခုခု စားလိုက်တဲ့အခါ ကောင်းတယ် ဆိုတော့ ဘယ်သူကောင်းဒါတုံး ? လို့ မေးတော့ ငါကောင်းဒါဘဲ--တဲ့၊ အဲဒါ ဝေဒနာကို ငါလုပ်လိုက်လို့ သက္ကာယဒိဋ္ဌိဖြစ်တာဘဲ၊ ရှင်းကြရဲ့ မို့လား ?၊ ဒကာ, ဒကာမတွေ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ ဝိညာဏ် ဆိုဒါတွေဟာ သက္ကာယတွေဘဲ၊ ဒီအပေါ်မှာ ငါထင်လို့ ငါဘဲလို့ ယူလိုက်တော့ ဒိဋ္ဌိဖြစ်သွားဒါဘဲ ဆိုဒါ မှတ်ကြ၊ သက္ကာယက နဂိုရှိ,အမှန်ရှိ၊ ဒိဋ္ဌိက နဂိုမရှိ, အမှန်မဟုတ်၊ နောက်မှလာတဲ့ အထင်မှားမှု

ဒကာ, ဒကာမတို့ ဘုရားရှင်လဲ ခန္ဓာငါးပါး ရှိဒါဘဲ၊ ဒါပေမဲ့ ဘုရားက ဗောဓိပင်နှင့် ရွှေပလ္လင်မှာတုန်းက ဒိဋ္ဌိအကုန်ပြုတ်တယ်၊ သက္ကာယသာရှိတယ်၊ ဒိဋ္ဌိမရှိတော့ဘူး၊ ဒါကြောင့် ခန္ဓာငါးပါးက သက္ကာယ၊ဒီခန္ဓာငါးပါးကို ငါထင်ဒါက ဒိဋ္ဌိ၊ သဘောပါကြပလား ?၊ ဒီသက္ကာယဒိဋ္ဌိရှိရင် အကုသိုလ်ဟူသမျှ ဖြစ်နိုင်တယ်၊ သက္ကာယဒိဋ္ဌိ ဖြုတ်ရင် အပါယ်သွား အကုသိုလ် ဟူသမျှ အကုန်ပြုတ်တယ် ဆိုဒါ မှတ်ကြ၊ ရှင်းကြပလား ?။

ဒီသက္ကာယဒိဋ္ဌိဟာ တခြားသောအကုသိုလ်တွေထက်,ကြောက် စရာ ကောင်းတယ်ဆိုဒါ မှတ်လိုက်ကြ၊ သူက ကုသိုလ်ထဲလဲ ဝင်နိုင်

တယ်၊ အကုသိုလ်ထဲလဲဝင်နိုင်တယ်၊ ဒီဇတော့ ဒီသက္ကာယဒိဋ္ဌကြောင့်ဘဲ မဖြစ်ထိုက်ဘဲ့ အကုသိုလ်ကြီးတွေ့အကုန်ဖြစ်ရတယ်၊ အကုသိုလ်ရသောက်မြစ်ဟာ သူဘဲ၊ ဒါ့ကြောင့်, ဒီသက္ကာယဒိဋ္ဌဟာ အလွန်ကြောက်ဘို့ကောင်းတဲ့ တရားဘဲဆိုဒါ မှတ်လိုက်ကြတော့၊ ရိပ်မိကြပလား ?။

ဒီမိစ္ဆာဒိဋ္ဌိကို ကမ္မသကတာ သမ္မာဒိဋ္ဌိနဲ့ ဖြုတ်လို့လဲ မရဘူး၊ စျာန်တရားနဲ့လဲမရဘူး၊ ဝိပဿနာနဲ့မှ ရမယ်, ပြုတ်မယ်ဆိုဒါ မှတ်ကြ၊ နိဗ္ဗာန် ဟင်းလင်းပွင့်ပီး, အပါယ်တံခါးပိတ်အောင်, ဝိပဿနာလုပ်ကြရမယ်၊သဘောပါကြပလား ?၊ ဝိပဿနာလုပ်ရင် ဒိဋ္ဌိ အကုန်ပြုတ်မယ်၊ ပြုတ်တော့ အပါယ်တံခါးပိတ်၊ နိဗ္ဗာန်တံခါး ပွင့်တော့ဒါဘဲ၊ ကျေနပ်ပလား ?၊ ဝိပဿနာပြုတ်မှ ဒိဋ္ဌိက ပြုတ်မယ်၊ အလုပ်ဝင်တဲ့အခါ ဒိဋ္ဌိပြုတ်မပြုတ်,ဘယ်လိုသိရမလဲ ? ဆိုတော့ ဓမ္မပေါ်မှာသိရမယ်လို့ မှတ်ကြ။

ဥပမာ - မြင်စိတ် ပေါ်တယ်ဆိုတော့၊ ကမ်ကြောင့် ဖြစ်တဲ့အကြည်ရုပ်နဲ့ အဆင်းရုပ် (ပန်း,စတဲ့)သဘောနဲ့ တဲ့တော့ အကြည်မှာ ပေါ်တယ်၊ အဲဒါကြောင့် “ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ ” တဲ့၊ မြင်စိတ်ဟာ မျက်လုံးအကြည် ဆိုတဲ့ အကြောင်းတခုနဲ့ မြင်စရာအဆင်း ဆိုတဲ့ အကြောင်းတခုကြောင့် ပေါ်ရဒါဘဲ၊ ဒကာ,ဒကာမတွေ ရိပ်မိကြပလား ? စဉ်းစားကြည့်ကြ၊ မြင်စိတ်ဟာ ဓမ္မသက်သက်ဘဲ၊ ရှင်းကြရဲ့လား ?။

ဒီဟာကို "ဘာကြည့်တုံး ? ဘာမြင်တုံး ? မေးတော့ ပန်း မြင်တယ်၊ ဘယ်ကပြောတုံး ? ဆိုတော့၊ ငါကိုယ်တိုင် မြင်ခဲ့ဒါဘဲ" တဲ့၊ မြင်စိတ်ကလေးက သက်သာယ၊ ဒါလေးကို ငါထင်တော့ ဒီဋ္ဌိ ဖြစ်သွားတယ်၊ပေါ်ကြပလား ?၊ အဲဒီတော့ "ဝိညာဏ် အတ္တတော သမနုပဿတိ" ဝိညာဏ်၊ မြင်စိတ်ကို။ အတ္တတော၊ ငါဘဲလို့ ။ သမနုပဿတိ၊ မှတ်ထင်ယူစွဲ၏။ ဆိုတဲ့အတိုင်း ဖြစ်သွားတော့ဒါဘဲ၊ အမှန်က ဒီ မြင်စိတ်ကလေးဟာ ဝိညာဏကွန္ဓာလေးဘဲ၊ သူက ဝိညာဏ်မို့ သိဒါ၊ နဂိုကထဲက ဒီထဲမှာ ငါမပါဘူး၊ ရှင်းပလား ?။

ဥပမာ - မီးခြစ်ဆံနဲ့ မီးခြစ်အိမ်နဲ့ ထိလိုက်တော့ မီးတောက် ပေါ်ရသလို၊ ဒီ မြင်စိတ်ဟာလဲ အကြောင်းညီညွတ်လို့ ပေါ်ရဒါဘဲ၊ ဒီ မြင်စိတ်ဟာလဲ သူ့ ချည့် ပေါ်ဒါမဟုတ်ဘူး၊ အဲဒီမှာ ခံစားတဲ့ ဝေဒနာ၊ မှတ်တတ်တဲ့ သညာ၊ စေ့ဆော်တဲ့ သင်္ခါရ၊ ဒီသုံးခု အပေါင်း နဲ့ နာမကွန္ဓာ လေးပါးလုံး ပေါ်ရဒါဘဲ၊ အဲဒီ နာမ်တရားတွေ ဟာ ငါလား ? သူလား ? ငါ့စ္စာလား ? မဟုတ်ကြဘူး၊ သူတို့ အကြောင်းနဲ့ တိုက်ဆိုင်လို့ ပေါ်ရဒါ၊ မြင်ကြပလား ?။

သူ့ အသက်တမ်းကလဲ ဖြစ်တယ်,ပျက်တယ်,ဒီနှစ်ခုဘဲ အသက် တမ်းရှိတယ်၊ ဒါကို နောက်က ဉာဏ်နဲ့ လိုက်ပေးရမယ် ဆိုဒါသာ မှတ်လိုက်ကြ၊ သဘောပါကြရဲ့လား ?၊ ပေါ်လာဒါကို ဝိပဿနာ ရှုပေးကြပါလို့ ဆိုလိုတယ်၊ ဘာပေါ်ပေါ် မလွတ်စေနဲ့ ၊ ဉာဏ်နဲ့ လိုက်ပေး၊ဉာဏ်နဲ့ လိုက်တော့ ဒါဟာ ငါမဟုတ်လို့ ပျက်တာဘဲလို့ သိနိုင်တယ်၊ မလိုက်ရင် မသိနိုင်ဘူး။

ဒကာ, ဒကာမတို့ ဝိညာဏ်လေးတခု ပေါ်လာ နောက်ဥာဏ် နာမ်ဖြစ်၍ နာမ်ပျက်တာဘဲ သိအောင်လိုက်ပေး၊ ဝိပဿနာ ရှုပေးကြ၊ ဒီတော့ နာမ်ဖြစ်၍ နာမ်ပျက်တယ်လို့ သိလာတယ်၊ အဲဒီတော့မှ " စက္ခုဝိညာဏံ အနိစ္စတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ " ဒီ စက္ခုဝိညာဏ် မြင်စိတ်ကလေးကို ဖြစ်ပျက်မြင်တဲ့ အတွက် မိစ္ဆာဒိဋ္ဌိ ပြုတ်သွားတယ်၊ အဲဒါ သံယုတ်ပါဠိတော်မှာ ဟောတဲ့ စကားတော်ဘဲလို့ မှတ်ကြ၊ ရှင်းပလား ?။

ဘုရားက အကြည့်ခိုင်းဒါ၊ ဘုရားက ခန္ဓာကို ဥာဏ်နဲ့ ကြည့်ကြဆိုပီး ခိုင်းတော်မူဒါကို ဘုန်းကြီးက ကိုယ်စားလှယ်လုပ်ပီး တဆင့် ဟောပြပေးနေဒါဘဲ၊ ဒါဟာ ဒကာတို့ကို ငရဲမျိုးစေ့ ဖြုတ်ပေးနေဒါဘဲလို့ မှတ်လိုက်ကြ၊ ဒီကြားထဲကမှ ဒကာတို့က ယက်ကန်, ယက်ကန်နဲ့ နုက်ဖြန်မှလေး, သဘက်ခါမှလေးနဲ့ လုပ်နေကြရင် တော်ပါ့မလား ?၊ တပည့်တော်တို့ ငရဲမျိုးစေ့ ကြီးပွါးအောင် လုပ်ပါရစေအုံး ဆိုဒါနဲ့ အတူတူဘဲ။

ဒကာ, ဒကာမတို့ ဖြေးဖြေးမှဆိုရင်, ငရဲမီး အားကောင်းလာမယ်၊ ဒကာတို့ ဆင်ခြေလဲသလောက်ဟာ ငရဲမီးပွါးဘို့ အားကောင်းဘို့ လုပ်နေဒါဘဲလို့ သာ မှတ်ကြတော့၊ ရိပ်မိရဲ့လား ?၊ ငရဲမီး အားနဲ့တုန်းမှာ ငြိမ်းရ, သတ်ရဒါ လွယ်ကူမှာစိုးလို့ ၊ မီးအားကောင်းကောင်းနဲ့မှ အလောင်အမြိုက်ခံချင်သေးလို့ဆိုရင် မှားပါ့မလား ?၊ ဒီသဘောဘဲဆိုဒါ ရိပ်မိကြတော့။

ဒါကြောင့် အခုအချိန် အကောင်းဆုံးဘဲလို့ ဆုံးဖြတ်ပီး လုပ်ကြရမယ်၊ ဒီတော့ ဘာလာလာ ရှုကြ၊ မြင်စိတ်ပေါ် နောက်ကာ မဂ္ဂင်ငါးပါးနဲ့ ရှုပေး၊ အဲဒီလို ရှုပေးနိုင်ရင် ငရဲမီးစကို ငြိမ်းလိုက်တာဘဲ၊ ရိပ်မိကြရဲ့လား ?၊ ဒီလို ရှုလိုက်သူးရင် သက္ကာယ ချုပ်တာဘဲ၊ ဝိပဿနာဟာ သက္ကာယ ချုပ်ဆေးဘဲ၊ သူ့ချုပ်ရင် သူနဲ့ယှဉ်ဘက် ဒီဌီတွေလဲ ပြုတ်တော့ဒါဘဲ၊ သဘောပါကြပလား ?။

ဒါကြောင့် ပေါ်သမျှ မပြတ်, မလပ်အောင် ရှုပေးကြ၊ ကိုယ့်သန္တာန်မှာ ဖြစ်တာ,ပျက်တာ ဟူသရွေ့ ဓမ္မဖြစ်၍ ဓမ္မပျက်တာဘဲလို့ သိရမယ်၊ ဒီလိုသိရင် ပုဂ္ဂိုလ်မရှိ, သတ္တဝမရှိ, ဘူးလို့ သံသယကင်းပျောက်တယ်၊ယုံမှားခြင်းက လွန်မြောက်သွားတယ်၊ဒါကြောင့် ဘုရားရှင်က “တိဏ္ဏဝိစိကိစ္ဆော၊ လွန်မြောက်ပြီးသော ဝိစိကိစ္ဆာရှိသည်။ ဟောတိ၊ ဖြစ်၏” လို့ ဟောတော်မူဒါနဲ့ ညီညွတ်သွားဘီလို့ မှတ်ကြ။

ဒကာ, ဒကာမတို့ ဒီအတိုင်း ယုံမှားကင်းအောင် ဉာဏ်နဲ့ မြင်ရင် အပါယ်လေးပါးမှ ကင်းလွတ်ရပါလို့၏လို့ တောင်းဘို့ မလို့တော့ဘူး၊ အပါယ်က လွတ်ပီလို့သာ မှတ်လိုက်ကြတော့၊ ရိပ်မိကြပလား?၊ဓမ္မကခန္ဓာမှာ ပေါ်ပီး, ပျက်သွားဒါဘဲ အမှန်ရှိတယ်၊ ဒါကို ဉာဏ်က ဓမ္မဖြစ်၍ ဓမ္မပျက်ဘာဘဲလို့ ဆုံးဖြတ်ချက် ချနိုင်ရင် ဆုတောင်းဘို့ မလိုဘူးလို့ သာ မှတ်လိုက်ကြ၊ ဒီဉာဏ်က လွတ်အောင် လုပ်ပေးနိုင်တယ်၊ ရိပ်မိပလား ?။

ဥာဏ်က ဓမ္မဖြစ်၍ ဓမ္မပျက်တာဘဲလို့ ဆုံးဖြတ်နိုင်တော့၊ ငါလဲမလာ၊ 'ငါဟုတ်မှ ဟုတ်ရဲ့လား ? ဆိုတဲ့ တွေးတောမှု မလာဘူး၊ ဘာမှသံသယမရှိတော့ဘူး၊ အဲဒီအခါမှ ဒိဋ္ဌရော ဝိစိကိစ္ဆာ အတဲ့လိုက် ပြုတ်တော့ဒါဘဲ၊ ဒီလို ပြုတ်သွားတော့ အပါယ်မျိုးစေ့ ပျောက်ကုန်တော့ဒါဘဲဆိုဒါ မှတ်လိုက်ကြ၊ ဒါ့ကြောင့်မို့ ဥာဏ်အလုပ် လုပ်ရမယ်၊ ဥာဏ်အလုပ်, လုပ်ရင် ဆုတောင်းဘို့မလိုဘူး၊ ဒီဥာဏ်အလုပ်ကို မလုပ်ဘဲနဲ့ ဆုသာတောင်းနေလို့တော့ အပိုဘဲလို့သာ မှတ်ကြတော့၊ ရှင်းပလား ?။

ဒီဥာဏ်အလုပ်, မလုပ်ရင် ဘာဖြစ်မလဲ ?၊ မြင်စိတ်ကလေးပေါ်လာတယ်ဆိုတော့ " ငါမြင်တယ် " ငါမြင်ဒါဘဲဆိုတော့ ဒိဋ္ဌလိုက်လာတယ်၊ ငါဟုတ်မှ ဟုတ်ရဲ့လား ? ဆိုတော့ ဝိစိကိစ္ဆာ လိုက်လာတယ်၊ မြင်ကြရဲ့လား ?၊ ဒကာ, ဒကာမတို့ ဝိပဿနာဥာဏ် မလာရင် ဒါထဲက တခုခုလိုက်လာမယ်ဆိုဒါ ရိပ်မိကြရဲ့လား ?၊ ဒါတွေလိုက်တော့ ဘာအပြစ်ရှိသလဲ ? လို့ မေးစရာရှိတယ်။

ဒကာ, ဒကာမတို့ ဝိစိကိစ္ဆာလိုက်တော့ မောဟာဘဲ၊ မောဟဆိုတော့ အဝိဇ္ဇာ၊ အဲဒီတော့ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ကမ် ဒါတွေလိုက်တယ်၊ ဒိဋ္ဌလိုက်တော့ ဒိဋ္ဌက လောဘ၊ လောဘဆိုတော့ တဏှာ, ဥပါဒါန်, ကမ်, ဒါတွေလိုက်တယ်၊ မရှုမိတဲ့အတွက် ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး ဆက်တိုက် နောက်ကလာတယ်၊ ဒီတော့ သူတို့နှစ်ခု ဘာလာလာ အပါယ်ကျဘို့ အပါယ်ကမ်တွေ စုမိမှာဘဲ ရိပ်မိကြရဲ့လား ?။

ဒကာ,ဒကာမတို့ ဒါကြောင့် ဝိပဿနာဉာဏ် အရေးကြီးတယ် ဆိုဒါ ပေါ်ကြပလား ?၊ ဝိပဿနာဉာဏ် လာရင်လာ၊ မလာရင် မြင် စိတ်ကလေးနောက်က တဏှာ, ဥပါဒါန်, ကမ်သော်ငင်း၊ အဝိဇ္ဇာ, သင်္ခါရသော်ငင်း၊ လာမယ်ဆိုဒါ မှတ်ကြတော့၊ မြင်စိတ်ကလေးကို ဖြစ်ပျက်မရှုမိရင် ပဋိစ္စသမုပ္ပါဒ် အစကသော်ငင်း, အလယ်ကသော် ငင်း, ဖေါက်ဝင်လာမယ်၊ ဝင်လာရင် ဝေဒနာပစ္စယာ တဏှာ၊တဏှာ ပစ္စယာ ဥပါဒါနံ လိုက်လာပီး သံသရာချောက်ထဲ ထိုးဆင်းသွားရ တော့ဒါဘဲ။

ဒါကြောင့် သံသရာစဒါ အဝိဇ္ဇာ,တဏှာကစတယ်၊ တချို့နေရာ မှာ ဒိဋ္ဌိကစတယ်လို့ မှတ်ကြရမယ်၊ သဘောပါပလား ?။

ဒကာ,ဒကာမတို့ ဆန်မရှိ,ထင်းမရှိ,ရေမရှိရင် မစားရရုံဘဲရှိမယ်၊ အပါယ်တော့မကျဘူး၊ဒါက စားစရာထက်ပိုပီး အရေးကြီးပါကလား လို့ မှတ်ကြ၊ ဒီအလုပ် မလုပ်မိရင် ဘယ်လောက်ပဲ ချမ်းသာချမ်း သာ ဘာတွေဘဲ ရှိနေရှိနေ အပါယ်လွတ်ဖို့ မလွယ်ဘူး၊ မလွတ်ဘူး လို့ဘဲ မှတ်ကြပေတော့၊ ဒကာတို့တစေ့တွေက အရေးမကြီးရမှာ ကြီး နေပီး အရေးကြီးရမှာ မကြီးဘူးလို့ သိနေကြ, မှတ်နေကြတယ်၊

ဒကာ,ဒကာမတို့ ကိုယ့်အိမ်,ကိုယ့်ရာနဲ့ မနေရလို့ မျက်နှာငယ် ရုံ အောက်ကျရုံဘဲရှိမယ်၊ ဒီထက်ပိုပီး အပြစ်မကြီးဘူး၊ ဒီအလုပ်မှ မလုပ်မိရင် သံသရာမှာ ဒီထက်ကြီးတဲ့အပြစ် မရှိတော့ဘူးလို့သာ ဆိုးဖြတ်ချက်ချကြ၊အခုတော့ ဒကာတို့က တလဲ့ပြောင်းပြန်ဖြစ်နေ

ကြတယ်၊နိဗ္ဗာန်အသာထားအုံး ပစ္စည်း,ပစ္စယနဲ့ အိမ်နဲ့ရာနဲ့ မဟုတ်ရင် မျက်နှာငယ်မယ်, အောက်ကျမယ်ဆိုပီး လုပ်နေကြတယ်၊ ဒါကိုလုပ်ရအုံးမယ်, နိဗ္ဗာန် အရေးမကြီးသေးဘူးတဲ့။

ဒကာတို့တတွေက ဟိုဟာလုပ်ရအုံးမယ်, ဒါလေးလုပ်ရအုံးမယ်၊ အရောင်းအဝယ်နဲ့ ပြည့်စုံအောင် ရှာအုံးမယ်၊ ဒါကိုနောက်မှဘဲ လုပ်ရမယ်နဲ့ ဖြစ်နေကြတယ်၊ ဒကာတို့ကို အထူးတလည် သတိပေး လိုက်ပါတယ်၊ "အနာမျိုးစုံအောင် ပေါက်၊စုံအောင်ပေါ်မှ ပျောက်တဲ့ဆရာ ရှာအုံးမယ်ဆိုလို့တော့ မရဘူး" လို့ သာမှတ်လိုက်ကြတော့၊ သဘောပါကြပလား ?၊ အလုပ်လဲတွေ့ ပြင်ကြဆင်ကြတော့၊ အချိန်မရှိတော့ဘူး၊ နေဝင်တော့မယ်လို့ ပြောလိုက်တယ်။

ဒါကြောင့် မြင်စိတ်ပေါ်ရင် သခ်ါရ အနိစ္စဘဲဆိုပီး ရှုပေး၊ ပေါ်တိုင်း,ပေါ်တိုင်း ရှုညာဏ်,,ဝိပဿနာညာဏ် လိုက်ပေး၊ ဒီလိုလိုက်ပေးရင် မြင်စိတ်ကလေး အနိစ္စရောက်တာကို ညာဏ်ကမြင်မယ်၊ အဲဒီလို မြင်ရင် "စက္ခုဝိညာဏံ အနိစ္စတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ,ပဟီယတိ၊" ဒိဋ္ဌိကို ပယ်ချလိုက်တယ်၊ဒီတော့ နောက် ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ် ရှုညာဏ်ဝင်လိုက်တဲ့အတွက် ပဋိစ္စသမုပ္ပါဒ် ပြတ်တာဘဲ ရှင်းပလား ?။

မြင်စိတ်နောက်က ဒိဋ္ဌိလာရင် ပဋိစ္စသမုပ္ပါဒ် ဆက်မှာဘဲ၊ ဝိစိကိစ္ဆာလာရင်လဲ ဆက်မှာဘဲ၊ ဝိပဿနာ ဝင်ရင်ဝင်, မဝင်ရင် ဆက်မှာဘဲ၊ ဘုရားတားပေမဲ့ မရတော့ဘူး၊ရှင်းကြရဲ့လား ?၊ရှုညာဏ်

မလာရင် ဘုရား,တရား ကိုးကွယ်ပါ၏ဆိုးပေမဲ့ မရဘူး၊ ပဋ္ဌိစ္စသမုပ္ပါဒ် တန်း ပြတ်မှသာ ရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်ရင် ဘယ်သူမှ မတတ်နိုင်ဘူး၊ ရိပ်မိကြပလား ?။

ဒါကြောင့် ဒီတရားအတိုင်း လုပ်ကြရမယ်၊ ဒီအဓိပ္ပါယ်တွေ ဘုရားဟောပြလို့ သိရဒါ၊ ကျေးဇူးတော်အနန္တ, ဂုဏ်တော်အနန္တ ပြည့်စုံတဲ့ ပုဂ္ဂိုလ်က ပြောခဲ့လို့ သိရဒါမို့ လိုက်နာမှဘဲလို့ ဆုံးဖြတ်ချက်ချကြ၊ မင်္ဂလာရဲ့သူလဲ ဝိပဿနာရွှေက လာရဒါဘဲ၊ မရသေးလဲ ဝိပဿနာရွှေက လာရဒါဘဲ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးလဲ အတူတူဘဲဆိုဒါ မှတ်လိုက်ကြ၊သဘောပါကြပလား ?။

ဒကာ, ဒကာမတို့ ဓမ္မဖြစ်၍ ဓမ္မပျက်တာဘဲဆိုဒါ သိဘို့အရေးကြီးတယ်၊ ဒါကိုသိရင် ဘာမှမကြောက်နဲ့၊ နောက်က တဏှာ, ဥပါဒါန်, ကမ်္မတွေ မလာဘူး၊ အဝိဇ္ဇာ, သင်္ခါရတွေလဲ မလာဘူး၊ ဒါကြောင့် အပါယ်လေးပါး တံခါးပိတ်တယ် ဆိုဒါဘဲ၊ ဒါတွေက အပါယ်ပို့ပေးဒါမို့ သူတို့မလာတော့ အပါယ်ပိတ်သွားဒါဘဲ၊ သူတို့ မလာဒါ ဝိပဿနာက တားလိုက်လို့ဘဲ၊ ဒါကြောင့် အပါယ်ကို ဝိပဿနာက တားနိုင်တယ်ဆိုဒါ ပေါ်ကြပလား ?။

အပါယ်တံခါးပိတ်တယ်ဆိုဒါ အနာဂတ်အကြောင်း ဖြတ်လိုက်တာဘဲဆိုဒါ မှတ်လိုက်ကြ၊ဒကာ, ဒကာမတွေ ဘုရားတယ်,ကျောင်းဆောက်, ကန်တော့တူး, လှူချင်ဒါတွေ လှူဒါန်းပီး နိဗ္ဗာန်တောင်းပေမဲ့ မရဘူး၊ ဒီ-ပဋ္ဌိစ္စသမုပ္ပါဒ်မပြတ်ရင် အပါယ်သွားစေဘဲ၊

ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကို သူမျှားဖြတ်ပေးလို့လဲ မရဘူး၊ ကိုယ်တိုင် ဖြတ်မှ လွတ်မှာ၊ ဖြတ်ဘို့ဆိုတော့လဲ ဝိပဿနာနဲ့ဖြတ်မှ လွတ်မှာ၊ ဒါနဲ့မဖြတ်ရင် အပါယ်မလွတ်ဘူးဆိုဒါ မှတ်ကြတော့။

ဒကာ,ဒကာမတို့ သဒ္ဒါ, သီလ, သုတ, စာဂ, ပညာ, ဒီဂါးပါးနဲ့ ပြည့်စုံမှ ဆုတောင်းလို့ပြည့်တယ်၊ ပြည့်နိုင်တယ်လို့ ပဏ္ဏာသပါဠိတော်မှာလာတယ်၊ ဒီလိုပြည့်ရဒါဟာ ပညာပါလို့ဘဲ၊ ပညာပါမှသာ ပြည့်နိုင်တယ်ဆိုဒါ မှတ်ရမယ်၊ ရိပ်မိကြပလား ?၊ ဒကာ,ဒကာမတို့ ဆုတောင်းလို့ပြည့်တယ်ဆိုဒါ ဒီဝိပဿနာအလုပ် ပါမှသာ ပြည့်နိုင်တယ်လို့ ပြောဒါဘဲဆိုတဲ့အဓိပ္ပါယ်ကို မှတ်ရမယ်၊ ဒီ-ဝိပဿနာအလုပ် မလုပ်လို့ ပညာမပါရင် မပြည့်ဘူးလို့သာ မှတ်ကြတော့။

ဒကာ,ဒကာမတို့ ဘုန်းကြီးက တိတိကျကျ ပြောလိုက်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ် ပြတ်မှသာ တောင်းတဲ့ဆုပြည့်မယ်၊ မပြတ်ရင် မပြည့်ဘူးလို့ ရိပ်မိပလား ?၊ ဒါကြောင့် ဒကာ,ဒကာမတို့ သူမျှားပြောသံကြားမှာ လမ်းမဆုံးကြနဲ့တော့၊ အခု ဥာဏ်မြင်နဲ့သိအောင် ကြည့်ကြ၊ အလုပ်ခွင်ဝင်မှ သေချာတယ်၊ ပညာဦးစီးမှလို့ ဆိုလိုတယ်၊ ပညာကို ဦးမစီးသမျှ ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူး၊ မပြတ်ရင် ဘာလုပ်လုပ် မရဘူး၊ အပါယ်ကျဘို့က သေချာတယ်၊ ရိပ်မိကြရဲ့လား ?။

ဒကာ,ဒကာမတို့ မနေ့က ပါးစပ်ပြော၊ ဒီကနေ့ အလုပ်နဲ့ဖြတ်တာမှ သေချာတယ်၊ ဒကာတို့တတွေ နောက်နောက်ဘဝ,အသစ်ချို့အနန္တက ဘယ်လိုအကုသိုလ်ကြွေးတွေ ရှိရှိ၊ ဘာတွေဘဲ လုပ်ခဲ့လုပ်ခဲ့

အကုန် အဟောသိကံ ဖြစ်တယ်ဆိုဒါ မှတ်လိုက်ကြ၊ မဂ္ဂင်ငါးပါးက ရှစ်ပါးပြည့်ရင် အဟောသိကံဖြစ်တာဘဲ၊ ဒါကြောင့် အခု အခွင့်အခါ ကောင်းတုန်း ကြိုးစားလိုက်ကြ၊ဖင့်နဲ့ မနေနဲ့တော့၊ လုပ်ဘို့က လွယ်ပါတယ်၊ ငွေစုတဲ့အခါ တိုးစုသလို တိုးစုလိုက်ရုံဘဲ ရိပ်မိပလား ?။

ဒီအခါမျိုးမှာမှ ပျင်းနေကြရင် မလုပ်ချင်ကြသေးရင် ဒကာတို့ဟာ သွားနေကျလမ်းအတိုင်း သွားမြဲသွားကြတော့လို့ ပြောလိုက်ပါတယ်၊ မပျင်းကြနဲ့၊မပေါ့ကြနဲ့တော့၊လုပ်ယူမှ ရမှာမို့ လုပ်ယူကြ၊ ဆုတောင်းလဲမမှန်ဘူး၊ အပြောလဲ မမှန်ဘူး၊ အလုပ်သဘောမှ မှန်တယ်၊ သဘောပါရဲ့လား ?၊အလုပ်သဘောက ဒကာတို့ရောက်ရမယ့် သွားရမယ့် အနာဂတ်အကြောင်းတွေကို ဖြတ်ပြစ်လိုက်တယ်၊ မဂ္ဂင် ရှစ်ပါးပြည့်တော့ ရွေနောက်အကုန်ပြတ်တယ်ဆိုဒါ မှတ်ကြ။

ဒကာ, ဒကာမတို့ သဘောပါကြပလား ?၊ မြင်စိတ်ပေါ်လို့ ဖြစ်ပျက်ရှုတော့ နောက်က တဏှာမလာဘူး၊ တဏှာမလာတော့ နောက်သံသရာ ပြတ်တယ်၊ မြင်စိတ်လာလို့ မရှုမိရင် သံသရာဆက်တယ်၊ ရှုရင် ဓမ္မဖြစ်၍ ဓမ္မပျက်တာဘဲလို့သိရင် တိဏ္ဏဝိစိကိစ္ဆာဖြစ်တာဘဲ၊ ဒီတော့ ဆုမတောင်းဘဲနဲ့ ပြည့်တယ်၊ ဆုတောင်းမတောင်းဘဲနဲ့ ပြည့်ဒါ အပါယ်လမ်းစဉ် ပြတ်လို့ဘဲ ဆိုဒါ မှတ်ကြတော့၊ ရိပ်မိကြပလား ?။

ဒါကြောင့် ဘာပေါ်ပေါ် ဖြစ်ပျက်ရှုကြ၊ စိတ်လာလာ,ဝေဒနာလာလာ, သညာ, သင်္ခါရ လာချင်ဒါလာ၊ လာတိုင်း မလွတ်အောင်သာ ဖြစ်ပျက်ရှုပေး၊ ဒကာတို့ ဥာဏ်ထဲပေါ်ရာ ရှုချင်ဒါရှု၊ ရှုရင်

မိစ္ဆာဒိဋ္ဌိ အကုန်လုံးပြုတ်ဘယ်၊ ရှင်းပလား ?၊ ဥပမာ ဒကာတို့ရဲ့ နှလုံးသွေးမှာ တည်တဲ့ မနောအကြည်က အိမ်မှာရှိနေတဲ့ သေတ္တာထဲက ရွှေ, ငွေဘာက်ကို လှဲ့လိုက်တော့ ဝိညာဏ် ပေါ်တယ်၊ ဘာဝိညာဏ်လဲ ?၊ မနောဝိညာဏ်၊ မြင်ပလား ?။

အဲဒါကြောင့် "မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ"။ ဒီ - မနောဝိညာဏ်လေးကို ဉာဏ်က ဖြစ်ပျက်, ဖြစ်ပျက်လို့ ရှုရမယ်၊ရှုလိုက်တော့ "မနောဝိညာဏံ အနိစ္စတော ဇာနတော ပဿဘော မိစ္ဆာဒိဋ္ဌိ ပဟီယဘိ"။

ဒါလေးကို ဖြစ်ပျက်ရှုလိုက်တဲ့အတွက် မဂ္ဂင်ငါးပါး ပေါ်လာတယ်၊ ဒီနေရာမှာ မဂ်ဝင်လိုက်တော့ နောက်က မိစ္ဆာဒိဋ္ဌိမလာတော့ဘူး၊ ဝိစိကိစ္ဆာလဲ မလာတော့ဘူး၊ ရှင်းကြရဲ့လား ?၊ ဒါကြောင့် ကြုံစည်တဲ့စိတ် ဝမ်းထဲပေါ်ရင် ဖြစ်ပျက်ရှုချကြ၊ ရှုလိုက်တော့ ပဋိစ္စသမုပ္ပါဒ်ကြီး ပြတ်ထွက်သွားတယ်၊ ရှုဉာဏ် ဝင်လိုက်တော့ "ဝေဒနာပစ္စယာ တဏှာ၊ ဝေဒနာပစ္စယာ ဒိဋ္ဌိ" ဆိုတဲ့ လာနေကျ နိယာမတရား အစဉ်တန်းကြီး ပျက်သွားတယ်။

ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား ?၊ ဒကာ,ဒကာမတို့ နိယာမတရားသဘောဆိုဒါ ဖြစ်ရိုးဖြစ်စဉ် ထုံးတမ်းစဉ်လာ သဘာဝဘဲလို့ မှတ်ရမယ်၊ မိုးရွာရင် အစို့၊ နေပူရင် အခြောက် ဆိုတဲ့စကားလို နိယာမဆိုဒါလဲ ဒီသဘောအတိုင်း မှတ်ရမယ်၊ ဒါကို သဘောကျရင် အခုလောကမှာရှိနေတဲ့ လူတွေ, တိရစ္ဆာန်တွေ အားလုံးဟာ ဥတု

နိယာမ လှုံ့ဒါ အကုန်ခံကြရတယ်၊ ဥတုက ပူရင် ပူတယ်၊ အေးရင် အေးရဒါဘဲ။

ဓမ္မနိယာမ ဆိုဒါလဲ သူ့ဖြစ်ရိုးဖြစ်စဉ် ထုံးတမ်းအတိုင်း ဖြစ်မြဲ ဓမ္မတာဘဲ၊ ဒီနိယာမတွေကို ဘယ်သူမှ တော်လှန်ပစ်လို့ မရဘူး၊ ဒါပေမဲ့ အခုနေမှာ ဘုရားရှင် ပဋ္ဌာန်တော်မူလို့ ဘုရားက နည်းပေးလို့ ဒီ နိယာမဆိုးကြီးကို တော်လှန်နိုင်ဘို့ နည်းရကြာပီ၊ အခုလိုအချိန်မှာ နိယာမဖြစ်လို့ ဒီကလွတ်အောင်လုပ်မယ်ဆိုရင် ဖြစ်နိုင်တယ်၊ ပြင်ဘို့ ဆင်ဘို့ အချိန်ရသေးတယ်၊ ရိပ်မိကြပလား ?။

ဒီလိုရလာတဲ့ နဲနဲကျန်တဲ့ အချိန်ကလေးကို ထပ်ပီး, နှုတ်မပြစ်ကြနဲ့တော့၊ အလှန်နဲနေတဲ့ အချိန်ကလေးကိုဖြတ် ထပ်မနှုတ်ပါနဲ့တော့၊ နှုတ်ရင် ဒီ့ထက်မိုက် မရှိတော့ဘူးလို့သာ ဆုံးဖြတ်ချက်ချကြ၊ ဒကာ, ဒကာမတို့ "နောက်" ဆိုဒါ ဘယ်နည်းနဲ့မှ မလှယ်တော့ပါဘူး၊ အချိန်မဆွဲနဲ့ ၊ မရွေ့နဲ့ ၊ဆင်ခြေမလဲနဲ့ ၊ အခုအမြန်ဆုံး နေရာကျအောင် လုပ်ကြတော့၊ သဘောပါကြရဲ့လား ?။

ဝိပဿနာမရှုရင် ဒီဋ္ဌိချင်း မိုးမှန်နေမယ်၊ ဒကာတို့က ဒီ ဒိဋ္ဌိနဲ့ ကြွားလုံးထုတ်လိုက်သေးတယ်၊ "ဟောဒီပစ္စည်းဟာ ငါကြုံလို့ ရလာဒါ" "ငါ့အကြုံဉာဏ် ဘယ်လောက်ကောင်းသလဲ ?" နဲ့ ကြွားလုံးထုတ်တာ၊ အဲဒါဟာ ဝိပဿနာမရှုတဲ့ ဓမ္မက ပြောနေဒါဘဲလို့ ရိပ်မိကြ၊ ငါမဟုတ်, ငါမပါ, ဝိပဿနာမရှုလို့ ပြောတဲ့စကားဘဲ ဆိုဒါမှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ လူကြီးတွေက ပြောချင်, ကြွားချင်

ကြတယ်၊ အမှန်က တဏှာ, ဥပါဒါန်, ကမ်က ကြွားဒါဘဲ၊ ရှင်းကြ ရဲ့လား ?။

ကြွားလုံးထုတ်တာ အကြံလုံး, အစည်လုံးကထုတ်တာ၊ ကြွားလုံး ထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ပဋိစ္စသမုပ္ပါဒ်က ထုတ်တာဘဲလို့ မှတ်ကြ၊ "ဝိတက္ကဝိစာရာ ဝစီသင်္ခါရော" တဲ့၊ ဒကာ, ဒကာမတို့ ကြွားရင် အပါယ်သွားမယ် သူဘဲလို့သာ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?။ ဒီလို ကြွားလုံးမျိုးကို လူကြီးတွေက ထုတ်ကြဒါမျိုးတယ်၊ "မင်းတို့ ငါမရှိရင် သီလမဲ့မယ်" တဲ့၊ ငါဒိဋ္ဌိ,ငါတဏှာ,ဥပါဒါန်,ကမ်, ဒါတွေနဲ့ သေသွားရင် အပါယ်ဘဲ၊ သံသယမရှိနဲ့တော့။

ဒိဋ္ဌိလာတော့ ဒိဋ္ဌိက တဏှာ၊ ဒိဋ္ဌုပါဒါန်, ကမ္မဘဝ, အပါယ် ဇာတိ, ကမ္မဘဝပစ္စယာ ဇာတိက အပါယ်ဇာတိဘဲ ရှိတယ်၊ ရိပ်မိကြ ပလား ?၊ ဒါကို ဝိပဿနာမဂ်နဲ့ ဖြတ်မှသာရမယ်၊ အပါယ်ကြောက် ရင် ကြုံးစားသာ ရှုကြတော့၊ မရှုမိတဲ့အချိန်ဟာ အပါယ်ရိက္ခာ စုမိနေဒါဘဲ၊ ကြိုးစားသာရှု၊ အရှုအပွါးများလာရင် တချက်ချက် မှာ မဂ္ဂင်ရှစ်ပါး ပြည့်လာမယ်၊ အဲဒီ မဂ္ဂင်ရှစ်ပါးပြည့်တဲ့ မဂ်စစ်ကို ရမှသာ အပါယ်လွတ်ဘို့ သေချာတယ်၊ ဒကာ, ဒကာမတွေ ကျေနပ် ပလား ?။

ကိုင်း....ယနေ့ အချိန်စေ့ဘီ၊ ဒီတွင် တော်ကြအုံး။

ဇဋ္ဌရတနာ မာတိကာ

"ဝေဒနာကုန်ပျောက် နိဗ္ဗာန်ပေါက် တရားတော်"

ဆောင်ပုဒ်

အကြောင်းညီလာ ဝေဒနာ၊ များစွာဖြစ်ပေါ် ထွက်။
ငါယား, ငါနာ၊ ငါချမ်းသာ၊ ဝေဒနာ ငါရောစွက်။
ဝေဒနာပေါ် တွင်၊ ငါထင်မြင်၊ မှားဝင်ဒိဋ္ဌိသက်။
ဝေဒနာပေါ် လျှင်၊ ရှုဉာဏ်ဝင်၊ မှန်မြင် သူ့ဖြစ်ပျက်။
ဖြစ်ပျက်မြင်ကာ၊ ဒိဋ္ဌိပါ၊ ငါးဝ မှန်မြင်မင်္ဂ်။
ထိုနည်းမချာ၊ ရှုပ်ပါးလာ၊ ဉာဏာ စင်, ထက်မြက်။
ဝေဒနာကုန်ပျောက်၊ မင်္ဂစ်ရောက်၊ မျက်မှောက်နိဗ္ဗာန်။

သတိချပ်,

ခန္ဓာရလပ်၊ ချိန်မပြတ်၊ ထပ်ထပ်သေလမ်းသွား။
လျှောင်းထိုင်ရပ်တွင်း၊စားသောက်ရင်း၊လျှင်လျှင်းသေရာလား။
ခန္ဓာခင်မင်၊ သေလမ်းပင်၊ မြဲဖြင်ထပ်မနား။
ရှေးကမှားပြစ်၊ ပြင်မဖြစ်၊ ဆိုးညစ်ဒုက္ခမျှား။
အမှားသိမြင်၊ အမှန်ပြင်၊ မြန်လျှင် ကြိုးသင့်သား။
အမှားလွန်မြောက်၊ အမှန်ရောက်၊ မျက်မှောက်နိဗ္ဗာန်သွား။

တရားသား ဒကာ, ဒကာမတို့....၊ အခု ဒီခန္ဓာကြီးကို ရထားကြတယ်၊ အခု ဘယ်သူနဲ့ နေကြရသလဲ ? ဆိုတော့၊ သူနဲ့ဘဲ နေကြရတယ်၊ ဒီခန္ဓာကြီးနဲ့ ခွဲမရ ခွါမရ အမြဲတွဲနေကြရတယ်၊ ဒီခန္ဓာကြီးကကော အမှန် ဘယ်ကိုသွားနေသလဲ ?၊ သေရာကို သွားနေရဒါဘဲ၊ ရိပ်မိကြရဲ့လား ?၊ ဒီခန္ဓာက အချိန်ရှိသရွေ့ နာရီ, မိနစ် မလပ် သေဘက် သွားနေတယ်ဆိုဒါ သဘောပါကြရဲ့လား ?။

သူက ထိုင်နေရင်းကလဲ သေရာသွား၊ အိပ်ရင်းကလဲ သေရာသွား၊ စားနေ, သောက်နေရင်းကလဲ သေရာသွားနေဒါဘဲ၊ အခု ဒကာတို့ ဆေးလိပ်ကလေး သောက်နေရင်းကလဲ တဖွါးနဲ့တဖွါး တရှိုက်ပီးတရှိုက် ဆိုသလို သေရာသွားနေတယ်ဆိုဒါ ရိပ်မိကြရဲ့လား ?၊ ဘယ်အချိန်မှာမဆို ဒီခန္ဓာက သေရာအရောက်သွားနေတယ်ဆိုဒါ မှတ်လိုက်ကြတော့၊ ဒကာ, ဒကာမတို့တတွေ လုပ်နေတဲ့ ရောင်းဝယ်ဖေါက်ကားတဲ့ အလုပ်တွေ ဒီ့ပြင် ဒီ့ပြင် အလုပ်တွေက ယာယီအလုပ်တွေဘဲ။

ဒီ့ပြင်အလုပ်မျိုးတွေက အမြဲမလုပ်နိုင်ဘူး၊ လုပ်တဲ့အခါလုပ်၊ မလုပ်တဲ့အခါလဲ မလုပ်နဲ့၊ နေလို့ရတယ်၊ ဒီခန္ဓာရဲ့ သေရာသွားအလုပ်ကတော့ ရပ်နေလို့မရ၊ နားနေလို့လဲ မရဘူး၊ သူက သေလမ်းသွားအလုပ်ပဲ အမြဲလုပ်တယ်၊ မလုပ်တဲ့အချိန် လုံးဝမရှိဘူး၊ မြင်ကြရဲ့လား ?၊ ဒီတော့ ခန္ဓာရအောင် ကြိုးစားသူဟာ သေရာသွားဘို့

အလုပ်မပျင်းလို့ဘဲဆိုဒါ ထင်ရှားတယ်၊ ခန္ဓာလို့ချင်သူဟာ သေရာသွားအလုပ် မပျင်းသူဘဲလို့ အပြစ်တင်သင့်တယ်။

ခန္ဓာရချင်သူ, လို့ချင်သူက သေရာကို ခဏခဏ သွားရဒါ မပျင်းလို့ဘဲဆိုရင် မမှားတော့ဘူးလို့ မှတ်လိုက်ကြ၊ အမှန်အစစ်က သူ့အလုပ် လုပ်ချင်လို့တော့ မဟုတ်ဘူး၊သူ့ကို ခင်မင်နေတဲ့အတွက် လုပ်နေရဒါဘဲ၊ အဲဒီတော့ ဒီခန္ဓာကို ခင်မင်ဒါ မပြုတ်သရွေ့ သေရာသွားအလုပ်က နောက်မဆုတ်လို့သာ မှတ်လိုက်ကြ၊ သဘောပါကြပလား ?၊ ဒကာ,ဒကာမတို့ ရှေ့ပိုင်းက သတိပေးနေတယ်၊ ရိပ်မိကြပလား ?။ ။

ဒကာတို့တတွေ အရင်က လမ်းမှန် မရခဲ့ကြဘူး၊ လမ်းမှန် မရခဲ့တော့ ရိုးရာလမ်းဘဲ လိုက်လာကြလို့ အလဲနဲ့ ကြုံနေကြရဘီ၊ လမ်းမှန်ရှားလို့ လမ်းမှားနဲ့ ကြုံကြရဒါဘဲ၊ အခုနေမှာ နောက်ဆုတ်လို့ မရနိုင်တော့ဘူး၊ ကိုယ်ကျိုးနဲ့နေကြဘီ၊ ပြင်လို့ မရတော့ဘူး၊ ရိပ်မိကြရဲ့လား ?၊ အခုအခြေကနေပီး, ဇရာရောက်အောင်, ဗျာဓိရောက်အောင်, နောက်ဆုံးကျ မရဏရောက်အောင် ပို့ပေးနေတော့ ဒါဘဲ ဆိုဒါ သိကြပလား ?။

ဒီလိုဖြစ်ရဒါ ဘာ့ကြောင့်လဲ ?၊ ဒကာတို့ နဂိုအနေက လွဲခဲ့လို့ အခု အရလွဲနေဒါဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား ?၊ အခု အခါမှန်မှတော့ ဘယ်ဘူမှ မတတ်နိုင်တော့ဘူး၊ တတ်နိုင်ဒါက နောက်ထပ် ဒီလမ်းမသွားဘို့ မလိုက်ဘို့ဘဲ တတ်နိုင်တော့တယ်၊ ဘာလို့

မတတ်နိုင်တော့ဒါလဲ ?၊ ဒကာတို့က အရယူထားလို့ မတတ်နိုင်တော့ဒါဘဲ၊ ဒကာတို့က လက်မလွှတ်ချင်လို့ ဥပါဒါန်ကစွဲထားလို့ ပြင်မရတော့ဘူး ဆိုဒါ မှတ်ကြ။

အခု ဒကာ, ဒကာမတွေကို တတ်နိုင်တဲ့နည်းကို ပေးရမယ်၊ နည်းရရင် လိုက်နာကြဘို့ အရေးဟာ ဒို့အရေးဘဲလို့ မှတ်လိုက်ကြ၊ ဘုရားရှင် ရှေ့လက်ထက်တော်အခါက ဖဂ္ဂုဏ ခေါ်တဲ့ ရဟန်းတပါး ရှိတယ်၊ အဲဒီရဟန်းက မကျန်းမမာ ဖြစ်နေဒါ အတော် အသဲအသန် ဖြစ်နေရရှာတယ်၊ အဲဒီအခါမှာ အရှင်အာနန္ဒာက သွားရောက် ကြည့်ရှုပီး “ရောဂါက အင်မတန်ကြီးလှပါကလား၊ သဲနားစရာဘဲ” လို့ အောက်မေ့ပီး ဘုရားရှင်ထံ သွားပီး လျှောက်ထားလိုက်တယ် လို့ မှတ်ကြ။

ရှင်အာနန္ဒာက “ဖဂ္ဂုဏရဟန်းဟာ ရောဂါဝေဒနာ အကြီး အကျယ် ခံစားနေရတဲ့ အကြောင်း, မသိမလိမ္မာသေးတဲ့သူ ဖြစ်လို့ ကြွရောက်ပီး ကယ်မတော်မူဘို့အကြောင်းနဲ့ ဘုရားထံမှာ လျှောက် ထားလိုက်တယ် ဆိုရင်ဘဲ၊ အဲဒီ ဖဂ္ဂုဏရဟန်းရှိတဲ့ ကျောင်းဆီကို ဘုရားရှင် ကိုယ်တော်တိုင် ကြွလိုက်လာတယ်၊ အဲဒီမှာ ဘုရားကြွလာ ဒါ မြင်တော့ ဖဂ္ဂုဏရဟန်းကလဲ နေရာတော်မျှားပေးဘို့ ပြင်ဆင်တဲ့ အခါမှာ ဘုရား နေမြဲတိုင်းသာ ချမ်းသာသလိုနေဘို့ ခွင့်ပေးတော် မူတယ်။

ဒီ့နောက်, ဘုရားရှင်က ဝေဒနာ အခြေအနေမျှား မေးမြန်း စီစစ်တော် မူတဲ့အခါ၊ ဖဂ္ဂုဏရဟန်းက “ရောဂါဝေဒနာမျှားဟာ

အလွန် ပြင်းပြင်းထန်ထန် နှိပ်စက်နေပါတယ်” ဆိုတဲ့ အကြောင်း လျှောက်ထားလိုက်တော့၊ ဘုရားရှင်က “ချစ်သား ဖဂ္ဂုဏ,အသင့် ခန္ဓာမှာ နာကျင်,ကိုက်ခဲ, ဆင်းရဲအမျိုးမျိုး ခံစားနေရတဲ့ သဘော က ဝေဒနာသကသကာ၊ ဒ, ဝေဒနာဓမ္မ, ခစားမှု သဘောတွေဟာ ဝေဒနာကွန္ဓာသာ အမှန်ဖြစ်တယ်။”

“ခန္ဓာရှိလို့သာ ဝေဒနာရှိဒါ၊ ဒီထဲမှာ ငါဆိုဒါ မပါဘူး၊ ဒါ ကြောင့် ဝေဒနာနဲ့ ငါ,ကို မရောမိစေနဲ့၊ ဝေဒနာရဲ့ ဖြစ်ပျက် အနိစ္စသဘောကို ဉာဏ်နဲ့ ကြည့်ပေး၊ ဝေဒနာဟာ ဓမ္မသဘော သက်သက်သာဖြစ်တယ်၊ ဝေဒနာထဲမှာ ငါမပါ သူမဟုတ် နာမ်ဓမ္မ သာ ဟုတ်တယ်၊ သူရဲ့ မမြဲတဲ့ အနိစ္စအချက်, ဆင်းရဲနှိပ်စက်တဲ့ ဒုက္ခအချက်၊ မိမိအလိုမပါ အနှစ်သာရ ရှာမရတဲ့ အနတ္တအချက် တွေသာ အမှန်ဖြစ်တယ်၊ ဒီ အမှန်သဘောကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပေးလေ့” လို့ ဟောပြတော်မူတယ်။

ဒကာ, ဒကာမတို့ ရှင်းကြရဲ့ လား ?၊ ဒီခန္ဓာက ဝေဒနာကွန္ဓာ မို့ ဝေဒနာကတော့ရှိတယ်၊ ဒီထဲမှာ “အော်, ငါနှယ် ဖြစ်မှ ဖြစ်ရ ပလေတယ်” ဆိုတဲ့ ငါမရောစေနဲ့ တဲ့၊ဘုရားရှင်က ဒီလိုဟောတော့ ဖဂ္ဂုဏရဟန်းဟာ အနာဂါမ် တည်သွားတယ်လို့ မှတ်ကြရမယ်၊ အနာဂါမ်တည်ပီး ချက်ခြင်း ဆိုသလိုဘဲ စုတိ ကျသွားတော့တယ်၊ ဒကာ, ဒကာမတွေကို ဒီအဓိပ္ပါယ် သဘောတွေ သိစေချင်,မှတ်စေ ချင်လို့ ရွှေပိုင်းက ပြောပြနေတယ် ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြ ပလား ?။

ဒကာ့ ဒကာမတို့ မိမိသန္တာန်မှာ ဟိုနေရာက ဝေဒနာ ပေါ်လိုက်၊ ဒီနေရာက ဝေဒနာပေါ်လိုက်နဲ့၊ ပေါ်လာတဲ့အခါ "ငါနာတယ်"ဆိုပီး, ငါနဲ့ ဝေဒနာ မရောပါနဲ့လို့ ဘုရားကဟောတယ်၊ "ကျုပ်လက်မောင်း နာနေတယ်၊ ကျုပ်ရင်ခေါင်း အောင့်နေတယ်" လို့ဆိုလိုက်တော့၊ "ဝေဒနံ အတ္တာတော ဘာမနုပဿတိ" တဲ့၊ ဝေဒနာကို ငါဘဲလို့ လုပ်လိုက်တယ်၊ အဲဒီတော့ ဝေဒနာထဲ ငါ, သွားရောလိုက်တာဘဲ၊ ဒကာတို့တတွေ့ သတိထားကြ၊ မကျန်းမမာတဲ့ သူများဟာ ပိုပီးရောတတ်တယ်။

ဝေဒနာက တခြား၊ ငါက တခြား၊ ဘာမှမဆိုင်ဘူး၊ ဝေဒနာ အနိစ္စဘဲ၊ ခန္ဓာမှာ ဥာဏ်နဲ့ ကြည့်၊ ဝေဒနာပေါ်လာ ပီး ပျက်သွားဒါဘဲ၊ ဟိုနားကပေါ် ဟိုနားမှာဘဲ ပျက်တယ်၊ ဒီနားမှာ ပေါ်တဲ့ ဝေဒနာလဲ ဒီနားမှာဘဲ ပျက်တာဘဲ၊ အဲဒါကြောင့် ဝေဒနာ ပေါ်ရာမှာ ဖြစ်ပျက်လိုက်ပေးကြ၊ ဝေဒနာပေါ်ရာ ရှုဥာဏ်လိုက်တော့ ဝေဒနာက ဖြစ်ပျက်၊ ရှုဥာဏ်က မဂ်ဖြစ်သွားတယ်၊ ဘုရားက ဖဂ္ဂုဏ်ကို ဒီအတိုင်း ဟောတယ်ဆိုဒါမှတ်ကြ၊ ရှင်းပလား ?။

ဒကာ့ ဒကာမတို့ အထဲမှာ မသေမယ့်သူ တယောက်မှမပါဘူး၊ သေမယ့်သူချည့်ဘဲ၊ သေခါနီးရင် ဝေဒနာအမျိုးမျိုးလာမယ်၊ လာရင် မရောအောင် ရှုတတ်ဘို့ အရေးကြီးတယ်၊ ဒါကြောင့် အခုနေမှာ ရအောင် ကြိုးစားနိုင်ရင် ကြိုးစား၊ မကြိုးစားနိုင်ရင် အဝါးဝအောင် ရှုတတ်ဘို့ အကျင့်လုပ်ထားရမယ်၊ ဒါလောက်ကလေးကိုမှ

လုပ်မထားမိရင် ဒုက္ခကြီး လှလှရောက်တော့မယ် ဆိုဒါ မှတ်ကြတော့၊ ရိပ်မိကြရဲ့လား ?။

ဝေဒနာက ဝေဒနာကွန္ဓာ နာမ်ဓမ္မ၊ ငါဆိုဒါက ဒိဋ္ဌိဓမ္မ၊ တခြားစီဘဲ၊ ပရမတ္ထတရားက မရောဘူး၊ ဒကာတို့က ရောပစ်နေကြဒါ၊ လောက္ခတ်ချော်လွှန်းလှတယ်၊ လောက္ခတ်တွေ့ မချော်ကြနဲ့တော့၊ အချော်လွဲလို့ ငရဲက မတက်ရဘဲ နေလိမ့်မယ်၊ သဘောပါကြရဲ့လား ?၊ ဝေဒနာလေးက ဝေဒနာကွန္ဓာ နာမ်တရား၊ ငါက ဒိဋ္ဌိ၊ သူတို့ချင်းက တခြားစီ၊ ဘာမှမဆိုင်ဘူး ဆိုဒါ မှတ်လိုက်ကြ။

ဝေဒနာလေးက ခြေဖမိုးပေါ်မှာ ပေါ်လာတယ် ဆိုတော့ “ငါမှာ ဖြစ်ရလေခြင်း” တဲ့၊ မနောထဲမှာ ဒိဋ္ဌိဝင်လာလိုက်တယ်၊ ဒီတော့ ဝေဒနာထဲ ဒိဋ္ဌိရောသွားတော့ဒါဘဲ၊ မြင်ကြရဲ့လား ?၊ မြင်အောင်ကြည့်ကြ၊ သာမည အသေးအဖဲ့ကိစ္စမျိုး မဟုတ်ပါဘူး၊ အပါယ်ရောက်ရမယ့် ရောမကိစ္စကြီးဖြစ်လို့ ထူးထူးခြားခြား အရေးထားပီး ပြောနေရဒါပါ၊ ရိပ်မိကြရဲ့လား ?၊ ကိုယ်ပေါ်မှာ ပေါ်တဲ့ ဝေဒနာကို ငါဘဲလို့ ဒိဋ္ဌိစဲတော့ ကိုယ်ကျိုးပါ နဲဘီလို့သာ မှတ်လိုက်ကြ။

ဝေဒနာက ခြေဖမိုးမှာ၊ ဝမ်းထဲက မနောက ငါနာတယ်လို့ ဝေဒနာနဲ့ ငါ, ရောချလိုက်တယ်၊ ဘုရားက မရောစေနဲ့လို့ ဟောတော်မူတယ်၊ ဒိဋ္ဌိနဲ့ မရောဘို့ အလွန်အရေးကြီးတယ်၊ မရောအောင် ဘယ်လို လုပ်ရမလဲ ?၊ ဝေဒနာဟာ ဝေဒနာကွန္ဓာဘဲ၊ သူလာရင်

သမ္မာဒိဋ္ဌိနဲ့ ရောပေးကြ၊ “ဝေဒနံ အနိစ္စတော သမနုပဿတိ” ဝေဒနာကို ဖြစ်ပျက်ရှုပေးကြ၊ ဒီတော့ ဘာဝေဒနာလာလာ ဖြစ်ပျက်ရှုဘို့ မေ့မေ့စေနဲ့။

ဒကာ,ဒကာမတို့ ဝေဒနာလာရင် ဖြစ်ပျက်ရှုပေးကြ၊ မရှုမိရင် ဝေဒနာထဲမှာ ငါရောမယ်၊ ရောတော့ ဝေဒနာနောက်က ဒိဋ္ဌိလိုက်လာတယ်၊ ဒိဋ္ဌိလိုက်တော့ သံသရာဆက်မယ်၊ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, ကမ်, အပါယ်ဒုက္ခတိဘဲ၊ ဝေဒနာထဲ ငါမရောတဲ့ ဝေဒနာနောက်က မဂ်ဖိုလ်လိုက်လာမယ်၊ ဝေဒနာလာ ဖြစ်ပျက်ရှုတော့ ဝေဒနာက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်၊နောက်သံသရာပြတ်တဲ့ယ်၊“ဝေဒနာနိရောဓော နိဗ္ဗာနံ၊ ဒုက္ခနိရောဓော နိဗ္ဗာနံ” ဘဲ။

ဒါကြောင့် ဒကာ, ဒကာမတွေကို ဖြစ်ပျက်ရှုရမယ်လို့ ပြောဒါ၊ ရိပ်မိကြပလား ?၊ဝေဒနာပေါ်လို့ မရှုမိတော့“ ဝေဒနာနံ အတ္တာတော သမနုပဿတိ” ဝေဒနာမှာ ငါရောလိုက်တယ်၊ ရှင်းကြပလား ?၊ ဒါကြောင့် ပေါ်လာတိုင်း ဖြစ်ပျက်ရှုပေးကြ၊ ဖြစ်ပျက်ရှုတော့ ဝေဒနာ ပေါ်တိုင်း,ပေါ်တိုင်း မဂ်ဉာဏ်ရဒါဘဲ၊ ရှုတော့ ဝေဒနာက ဖြစ်ပျက်၊ ရှုဒါက, မဂ်၊ ဘယ်လောက် တန်ဘိုးရှိသွားသလဲ ကြုံးစားကြ။

ဘုရားက ဖဂ္ဂုဏ်ကို ဒီလိုဟောတော့ ဖဂ္ဂုဏ်က ဖြစ်ပျက်ရှုတယ်၊ ဝေဒနာ ပေါ်တိုင်း,ပေါ်တိုင်း လိုက်ပေးနေတယ်၊ သူက မသေမချင်း ဝေဒနာကို ရှုဉာဏ်နဲ့ လိုက်သွားတယ်၊ အဲဒီလို လိုက်နေတော့

တခါမှာ ဝေဒနာတွေ ပျောက်ထွက်သွားတယ်၊ အဲဒီကြတော့မှ ဖဂ္ဂုဏာဟာ "ဝေဒနာနဲ့ ခယော ဘိက္ခု" ဖြစ်သွားတယ်ဆိုဒါ မှတ်ကြ၊ ဒကာ,ဒကာမတို့လဲ ဒီအတိုင်း ဝေဒနာကုန်အောင် ရှုရမယ်၊ ရိပ်မိကြပလား ?။

အရင်တုန်းကတော့ ဝေဒနာ ငါလုပ်မိလို့ အတ္တဒိဋ္ဌိ ဖြစ်ရတယ်၊ နောက်, ဝေဒနာဖြစ်ပျက်ရှုတော့ ဝေဒနာအနိစ္စကို သိရတယ်၊ နောက်, ကုန်အောင်ရှုတော့ ဝေဒနာအနိစ္စတွေ ကုန်ထွက်သွားတယ်၊ ဝေဒနာကွန္ဒြကြီး ပျောက်သွားတယ်၊ ခန္ဓာဒုက္ခကြီး ချုပ်ဆုံးသွားတယ်၊ ဘာ့ကြောင့်လဲ ? ဆိုတော့ "သော ဝေဒနာယ အဘိညာယ ဒိဋ္ဌေဝဓမ္မေ အနာသဝါ"ဆိုတဲ့အတိုင်း ဝေဒနာကို ဖြစ်ပျက် သဘောသာ ပိုင်းခြားသိနေလို့ဘဲဆိုဒါ မှတ်လိုက်ကြ။

ဒကာ, ဒကာမတို့....၊ဝေဒနာကို ဖြစ်ပျက်ရှုတော့ ဝေဒနာ ပစ္စယာတဏှာ မလာဘူး၊ အဲဒီတော့ ဒိဋ္ဌေဝဓမ္မေ အနာသဝါ ဖြစ်တာဘဲ၊ ရိပ်မိရဲ့လား ?၊ ဝေဒနာအနိစ္စကိုသိတော့၊ သိဒါက ဝိဇ္ဇာဖြစ်လို့ အဝိဇ္ဇာဆိုတဲ့ မသိတဲ့ဟာ မလာဘူး၊ ချုပ်သွားတော့တယ်၊ ဥပမာ ဖျားတဲ့အခါမှာ ဝေဒနာလာတယ်၊ အဲဒီဖျားတဲ့ဝေဒနာကို ဖြစ်ပျက်ရှုနေတော့ အနိစ္စကို ပိုင်းခြားသိနေဒါဘဲ၊ ရှင်းပလား ?။

အဲဒီလို ဝေဒနာအနိစ္စကို ပိုင်းခြားပီး သိနေတော့၊ ဝေဒနာနဲ့ငါနဲ့ မရောတော့ဘူး၊ မရောတော့ ဒိဋ္ဌိမလာဘူး၊အဖြစ်အပျက်ကို သိနေလို့လဲ မသိတဲ့အဝိဇ္ဇာမလာဘူး၊ အဲဒီတော့ ကာမာသဝဖျုပ်,

အဝိဇ္ဇာသဝဲချုပ်, ဒိဋ္ဌာသဝဲချုပ်,အာသဝတရားတွေ ချုပ်ကုန်တယ်၊ ဘာ့ကြောင့် အာသဝေါတရားတွေ ချုပ်ရဒါလဲ ?၊ ဝေဒနာဌ် မဂ်ဝင်လို့ ချုပ်တာဘဲ၊ အာသဝတွေချုပ်ရဒါ ဝေဒနာကို ပိုင်ပိုင်နိုင်နိုင် သိလို့ဘဲဆိုဒါ မှတ်လိုက်ကြ။

ဝေဒနာဖြစ်ပျက်သိတော့ ဝေဒနာပစ္စယာ တဏှာမလာဘူး၊ ငါမစဲ့တော့ ဒိဋ္ဌာသဝဲလဲ မလာဘူး၊ အမှန်အကန် သူမြင်တဲ့ အဝိဇ္ဇာဖြစ်နေလို့လဲ အဝိဇ္ဇာသဝဲ မလာဘူး၊ ဖဂ္ဂုဏရဟန်းဟာ အဲဒီလို ဝေဒနာ ပေါ်တိုင်း,ပေါ်တိုင်း ပိုင်ပိုင်နိုင်နိုင်သိလို့ နောက်က အာသဝတွေ မလာတော့ဘူး၊ ဘာ့ကြောင့် မလာဒါလဲ ? ဆိုတော့ ဝေဒနာကို ပိုင်းခြားပီး သိနေလို့ဘဲ၊ ရှင်းကြရဲ့လား ?၊ ဝေဒနာကို မဂ်နဲ့ ပိုင်းခြားသိနေလို့ ဘဲ၊ မဂ်က ပိုင်ပိုင် နိုင်နိုင် သိနေလို့ မလာဒါဘဲဆိုဒါ မှတ်ကြ၊ မဂ်ဆိုဒါ ခန္ဓာထဲမှာ ဖြစ်ပျက်ကို ပိုင်ပိုင် နိုင်နိုင် သိတဲ့မဂ်ဘဲ၊ ရှင်းပလား ?။

ဒါ့ကြောင့် - သော၊ ထို ဖဂ္ဂုဏသည်။ ဝေဒနာယ၊ ဝေဒနာဌ်။ ပရိညာယ၊ ဖြစ်ပျက်ပဲလို့ ပိုင်ပိုင်နိုင်နိုင်သိ၍။ ဝါ၊ သိသောကြောင့်။ ဒိဋ္ဌေဝဓမ္မေ၊ မသေခင်ခဏာဌ်။ အနာသဝါ၊ အာသဝေါကင်းသွား၏။ အာသဝကင်းသွားသည်။ ဟောတိ၊ ဖြစ်၏။ “သော ဝေဒနာယ အဘိညာယ ဒိဋ္ဌေဝဓမ္မေ အနာသဝါ” ဆိုဒါ ဖဂ္ဂုဏ ရဟန်းတော် သေခါနီးလေးမှာ ကပ်ပီး, အောက် သံယောဇဉ်ငါးပါးကို ပယ်သွားနိုင်တဲ့အကြောင်း ပြောဒါ၊ နည်းယူဘို့ မကောင်းကြဘူးလား ?။

ဒကာ, ဒကာမတို့ သေခါနီးမှာ ပိုပီး အရေးကြီးတယ်၊ အခု နေမှာ နေရာကျအောင် လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင် သေခါနီးမှာ နေရာကျအောင် လုပ်နိုင်တတ်ရမယ်၊ အခုအချိန်က နည်းမရရင် သေခါနီးမှာ ကြောက်လန့်တဲ့ စိတ်တွေ လာမယ်၊ ကြောက်တယ်, လန့်တယ်ဆိုရင် ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝတွေ လာတော့ဒါဘဲ၊ ဒါတွေ လာရင် အပါယ်ဆိုဒါ သေချာဘီလို့ သာ မှတ်လိုက်ကြ။

ဒကာတို့ သေမှာကတော့ မုချဘဲဆိုဒါ သိကြတယ်၊ အခုကိုဘဲ တချိန်ထက်,တချိန်၊ တနာရီထက်,တနာရီ၊ တမိနစ်ထက်, တမိနစ်မှာ သေမယ့် ဘက် ပြေးနေကြဒါဘဲ၊ အချိန်ရှေ့လေ နီးကပ်လာလေ ဘဲ၊ အခု တရားနာရင်းကဘဲ ဒကာတို့သန္တာန်မှာ ဟိုစိတ်ရောက်သွား၊ ဟုအာရုံရောကသွားနဲ့ စတဲအစဉ ရုပနာမအစဉတွေဟာ သေနေ ကြဒါဘဲ၊ ဒီစိတ်အစဉ်တွေဟာ သေရာသွားနေဒါပါ၊ ဒီထဲမှာ သေရာ မသွားတဲ့ "ကြားဖေါက်" မပါဘူး၊ သေရာသွားက ကြားဖေါက် မပါဘူး ဆိုဒါ မှတ်ကြ။

ဒကာ,ဒကာမတွေ သဘောပါကြရဲ့လား ?၊ ဒီလို အဖြစ်မှန်ကို မသိကြတော့ ဒကာတို့တတွေက "ဒီ သား,သမီးနဲ့ ဘဝတိုင်း မခွဲရ ပါလို၏"လို့ တောင်းလိုက်ကြသေးတယ်၊ အဲဒါ မိုက်လုံးကြီးလို့ဘဲ၊ ဘဝအဆက်ဆက်တွေမှာ သား,သမီးတွေ ဘယ်လောက် များခဲ့ကြ သလဲ ? ဆိုဒါ ပြောစရာမရှိပါဘူး၊ ဒီလို သား,သမီး အထွေထွေနဲ့ သေခဲ့ရပေါင်း များလှပါဘီ၊ ရေတွက်လို့တောင် မရတော့ဘူး၊ ဒီ

ကြားထဲကမှ ထပ်ပီးတောင်းချင်ရင် ဒကာတို့ဟာ " သေရာသွား အားမရကြသေးလို့လား ? "

ဒကာ, ဒကာမတို့ အခုအချိန်မှာ ပြင်ကြ,ဆင်ကြတော့၊ မပြင် မဆင်ရင် အမှားလက်စ,မတုံးတော့ဘူး၊ ရိပ်မိကြရဲ့လား ?၊ အခု သိပီး, အခုရအောင် ကြိုးစားကြ၊ ဖဂ္ဂုဏရဟန်းဟာ " ကာယဿ၊ ကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ နောက်ကာလ၌။ သော ဝေဒဂူ၊ ထို အနာဂါမ်ပုဂ္ဂိုလ်သည်။ ဓမ္မဋ္ဌော၊ နိဗ္ဗာန်၌ တည်သည်။ ဟောတိ၊ ဖြစ်၏ " တဲ့၊ ဖဂ္ဂုဏဟာ အနာဂါမ်ကျအောင်လုပ်နိုင်တယ်၊ ရှင်းကြ ရဲ့လား ?။

အဲဒီလိုနဲ့ ဘုရားရှင်က ကျောင်းတော် ပြန်ကြသွားလို့ မကြာ ခင်မှာဘဲ ဖဂ္ဂုဏမထေရ်ဟာရှင်အာနန္ဒာ့မျက်စိရှေ့မှာဘဲစုတိကျသွား တယ်လို့ မှတ်ကြ၊ အဲဒီလို စုတိကျပီးတဲ့အခါ ဖဂ္ဂုဏမထေရ်ရဲ့ ရုပ်အလောင်းဟာ ထူးခြားနေတယ်၊ မျက်စိတွေ,နားတွေ,နှာခေါင်း တွေ,ကိုယ်အင်္ဂါလက္ခဏာတွေ အားလုံးဟာ ထူးခြားနေတယ်။

အဲဒါနဲ့ ရှင်အာနန္ဒာက ဘုရားထံသွားပီး လျှောက်ထားလိုက် တယ်လို့ မှတ်ကြ၊ " အရှင်ဘုရား....၊ ဖဂ္ဂုဏဟာ စုတိကျပီး အင်မ တန်မှ ထူးခြားနေပါတယ်၊ ဣန္ဒြေခြောက်ပါး ချို့ယွင်းချက်မရှိဘဲ အင်မတန် ကြည်လင်နေပါတယ်၊ ခေါင်းကလဲ တောင်စောင်းလို့၊ ပကတိ အသက်ရှိသူ အိပ်နေတဲ့ အတိုင်းပါဘဲ၊ စက္ခုစတဲ့ ဣန္ဒြေတွေ လဲ မညှိုးမနွမ်းဘဲ လန်းဆန်း နေပါတယ်ဘုရား " လို့ လျှောက်ထား လိုက်တယ်။

အဲဒီတော့မှ ဘုရားက “အာနန္ဒာ မင်းကမသိဘဲကိုး၊ ဖဂ္ဂုဏာဟာ သေခါနီးမှာ ဝေဒနာကို ပိုင်ပိုင်နိုင်နိုင်ရှုပီး အနာဂါမ်တည်သွားတယ်၊ အဲဒီလို တည်ပီးမှ အနာဂါမ် ဖြစ်နဲ့ စုတိကျရဒါ၊ဒါကြောင့် ဣန္ဒြေတွေ ချို့ယွင်းခြင်းမရှိဘဲ ကြည်ကြည်လင်လင် ဖြစ်နေဒါဘဲ” လို့ ပြန်ပီး မိန့်ကြားတော်မူလိုက်တယ်၊ ရိပ်မိကြပလား ?။

ဒကာ, ဒကာမတို့ အနာဂါမ်သေရင် လူ့ပြေ,နတ်ပြေကို မလာတော့ဘူး၊ ဗြဟ္မာ့ပြေဘဲသွားမယ်၊ အောက်သံသရာ လည်ရဘို့ မရှိတော့ဘူး၊ အဲဒီကနေပီး ပရိနိဗ္ဗာန်ပြုရုံဘဲ၊ သဘောပါကြ ပလား ?၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ, ဒကာမတွေ့ မပေါ့ကြနဲ့၊အခုနှယ်ကကြိုးစားကြ၊ အခုအချိန်မှာ မရသေးရင်လဲ ဖဂ္ဂုဏာမထေရ်လို ယူနိုင်အောင်, ယူတတ်အောင် ဝိပဿနာ အဝါးဝအောင် ကြိုးစားထားရမယ်၊ ကျေနပ်ပလား ?။

ဖဂ္ဂုဏာမထေရ် သေခါနီးမှာ ကပ်ပီး အနာဂါမ်တည်သွားဒါဟာ ဝေဒနာ အနိစ္စကို ပိုင်ပိုင်နိုင်နိုင် သိမြင်သွားလို့ဘဲလို့ အင်္ဂါတို့ရှိမှာလာတယ်ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိရဲ့လား ?။

ဒကာ,ဒကာမတို့ ဖဂ္ဂုဏာဟာ ဘုရားကြွမလာခင်က ဝေဒနာနဲ့ ငါနဲ့ ရောနေတယ်၊ ဘုရားကြွလာတော့မှ သမ္မာဒိဋ္ဌိနဲ့ ရောဘို့ ဟောပြလိုက်လို့ အဲဒီအတိုင်း ကျင့်ကြံတော့မှ အနာဂါမ်တည်သွားဒါဘဲလို့ မှတ်လိုက်ကြ၊ ဒကာ,ဒကာမတို့ သဘောပါကြပလား ?၊ အဲဒီအချိန်အခါမှာ ဘုရားရှင်က အကြောင်းပေါ်ပြီမို့ ရှင်အာနန္ဒာ

ကို အမိန့်တော်ရှိလိုက်တယ်၊ “ချစ်သား အာနန္ဒာ၊ သေနည်းကို သင်ပြမယ်၊ ရဟန်းပရိသတ်, လူပရိသတ်တွေ စုရုံးချလော့” လို့ ခိုင်းတော်မူလိုက်တယ်။

ဒါနဲ့ ရှင်အာနန္ဒာက ပရိသတ်များကို စုရုံးပီးတဲ့ အခါမှာ ဘုရားရှင်က သေနည်းတရားကို ရှင်းလင်းဟောပြတော်မူတယ်ဆိုဒါ မှတ်ရမယ်၊ အခု ဒကာ, ဒကာမတို့အတွက်မှာ ဘုန်းကြီးက အထူး တလည် ရှင်းလင်း ပြောပေးလိမ့်မယ်လို့ မှတ်လိုက်ကြ၊ ပဌမမှတ်ဘို့ က သေနည်း ၆, မျိုးရှိတယ်၊ ခြောက်မျိုးဆိုဒါက ပုထုဇဉ်တို့ သေနည်းက ၃,မျိုး၊သောတာပန်,သကဒါဂါမ်အနာဂါမ်တို့ သေနည်း က ၃,မျိုး၊ ပေါင်းဘော့ ၆,မျိုးရှိတယ်ဆိုဒါ မှတ်ရမယ်။

အခုပြောမှာက ပုထုဇဉ်တို့ သေနည်း သုံးမျိုးကို ပြောပြမယ်၊ အထက်သေနည်း သုံးမျိုးကို ချန်ထားမယ်၊ဒကာ,ဒကာမတို့အတွက် မှတ်ဘို့ နည်းယူဘို့ ကျေးဇူးများမယ့် သုံးမျိုးကိုသာ ပြောလိမ့် မယ်ဆိုဒါ မှတ်ကြ၊သဘောပါကြပလား ?၊ ဒကာ,ဒကာမတို့ ဘုရားက ဖဂ္ဂုဏာကို အတ္တဒိဋ္ဌဖြုတ်ပေးလို့ အောက်သံယောဇဉ်ကို ပယ်နိုင် သွားဒါ ဘုရားမကူရင် မတတ်နိုင်ဘူးဆိုဒါ မှတ်ကြရမယ်။

အခုလဲ ဘုန်းကြီးက ဘုရားကိုယ်စားလှယ်လုပ်ပီး ဒကာ,ဒကာမ တွေကို ကူညီပေးရမယ်၊ ပေးတဲ့သူကပေးရင် ယူထိုက်အောင်ယူကြ၊ မယူထိုက်ရင် မိုက်ရာ, အ,ရာ ကျကြမယ်၊၊ရိပ်မိကြပလား ?၊ ဒကာ, ဒကာမတို့က ကုသိုလ်တွေပြုပီး,ဘာဖြစ်ရပါလို့၏၊ ညာဖြစ်ရပါလို့၏နဲ့

တောင်းတတ်ကြတယ်၊ ဘာဖြစ်ရပါလို့၏ ဆိုဒါ အသေပါတယ်၊ မဖြစ်ရဒါဆိုရင် အသေမပါဘူး၊ အဖြစ်ကြိုက်ရင် အပျက်တွေ့ရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား ?။

ဒကာ,ဒကာမတို့ အဖြစ်ရှိရင်, အပျက်ရှိတယ်၊ အဖြစ်မရှိမှသာ အပျက်ငြိမ်းမှာ၊အဖြစ်တောင့်တရင် အပျက်ပါ ရမယ်ဆိုဒါ ရိပ်မိကြပလား ?၊ ဒါကြောင့် ဒကာ,ဒကာမတွေ ရှေးကဆုတောင်းတွေနဲ့ နေခဲ့ကြဒါ အခုသိရင် ပြင်ကြတော့၊ မပြင်ရင် မဖြစ်တော့ဘူး၊ သဘောပါကြပလား ?၊ အခု ပုထုဇဉ်တို့ သေဘို့နည်း သုံးနည်းကို ပြရမယ်၊ သေသေချာချာ မှတ်ယူလိုက်ကြ။

(၁) ငါဘုရားဟောတဲ့ သက္ကာယပြုတ်တရားကို ကြားနာပီး, ဝေဒနာနဲ့ ငါနဲ့ မရောအောင် , ရှုပွါးချသေခြင်း။

(၂) ငါဘုရား၏ တပည့်သားဟောတဲ့ သက္ကာယပြုတ်တရားကို ကြားနာပီး, ဝေဒနာနဲ့ ငါနဲ့ မရောအောင် ရှုပွါးချသေခြင်း။

(၃) ငါဘုရားနှင့် တပည့်သားတို့ထံမှ ကြားနာရသည့် တရားအတိုင်း ဝေဒနာနဲ့ ငါနဲ့ မရောအောင် ကိုယ်တိုင်ရှုမှတ်ပွားများချ သေခြင်း။

ဒကာ, ဒကာမတို့ ဒီသုံးနည်းကို သိကြရမယ်၊တစ်,က၊ ငါဘုရားဟောပြလို့ သက္ကာယ ပြုတ်နိုင်တဲ့ ဝေဒနာနဲ့ ငါမရောတဲ့ တရားကို

ကြားနာရင်း ရှုမှတ်ပီးသေရင် အနာဂါမ်အထိ တည်နိုင်တယ်၊နှစ်,က ငါဘုရားရဲ့တပည့်သား တဦးဦးက ဟေးပြလို့ ဝေဒနာနဲ့ငါမရောဘဲ သက္ကာယပြုတ်နိုင်တဲ့တရားကို ကြားနာရင်း, ရှုမှတ်ပီး သေရင်လဲ သောတာပန်, သကဒါဂါမ်, အနာဂါမ်အထိ တည်သွားနိုင်တယ်၊ အထက်က တစ်,နဲ့ နှစ်,တို့ထံက ကြားနာဘူးတဲ့ တရားအုတိုင်း သေခါနီးမှာ ကိုယ်တိုင်ရှုပွါးပီး သေရရင်လဲ အနာဂါမ်အထိ ပေါက်မြောက်နိုင်တယ်။

ဒကာ,ဒကာမတို့ သဘောပါကြရဲ့လား ?၊ဘုရားက ဒီသေနည်းသုံးနည်း ဟောပြခဲ့တယ်၊ အဲဒီထဲက ဒကာတို့အဘို့ တစ်, အချက်က လွတ်သွားဘီ၊ နှစ်အချက်က ဖျပ်ကနဲ သေချင်ရင် သေသွားနိုင်တယ်၊ ကိုယ်သေမယ့်အချိန်ကို မသိနိုင်ဘူး၊ အချိန်မသေချာလို့ ဆရာမရှာနိုင်ဘူး၊ အဲဒီတော့ ဒကာတို့အတွက် သုံးအချက်နဲ့သေဘို့ ကြိုးစားကြရမယ်၊ဒါကြောင့် ကိုယ့်ဉာဏ်နဲ့ကိုယ် ဖြင်ပျက်ရှုပီး သေဘို့သာ အကောင်းဆုံးသေနည်းဘဲလို့ မှတ်လိုက်ကြ။

ဒကာ,ဒကာမတွေ ရှင်းကြရဲ့လား ?၊ ဒါကြောင့် အသေကို စောင့်မနေကြနဲ့တော့၊ အဲဒီအချိန်မှာ အသားကျအောင် ခုကတည်းက ကြိုးစားထားကြရမယ်၊ ခုနေရာကျရင်လဲကျ၊ မကျရင်လဲ သေခါနီးမှာ သေချာမယ်၊ ရိပ်မိပလား ?၊ ရှုတော့ ဝေဒနာလာရင် ဝေဒနာကွန်ခွာနဲ့ဉာဏ်နဲ့တဲ့လိုက်၊ဝေဒနာကွန်ခွာနဲ့ဉာဏ်နဲ့တဲ့ပီး ဒီအတိုင်းရှု၊ ဝေဒနာလေး ပေါ်တိုင်းပေါ်တိုင်း, ဖြစ်ပီး ပျက်သွားဒါကို

မြင်အောင်ရှုပေး၊ ဒီလို ရှုနိုင်ရင် မသေခင်မှာ ဝေဒနာနိုးရောဂါ တက္ကာနိုးရောဂါဘဲ၊ ရိပ်မိပလား ?။

ပေါ်လာတဲ့ ဝေဒနာကို ဖြစ်ပျက်ရှုလိုက်တော့ ဝေဒနာက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်ဖြစ်သွားတယ်၊ ဒီတော့ ဝေဒနာချုပ်လို့ သူ့နောက်က တက္ကာမပေါ်နိုင်ဘူး၊ ရှင်းကြပလား ?၊ ဝေဒနာကို ဖြစ်ပျက် ရှုတော့ ဝေဒနာနိုးရောဂါ ဒီဋ္ဌိနိုးရောဂါလဲ ဖြစ်တယ်၊ ရှုမှတ်တဲ့အတွက် ဒီဝေဒနာရဲ့ ဖြစ်တာနဲ့ ပျက်တာ သိနေတယ်၊ သိနေတော့ အဝိဇ္ဇာမလာဘူး၊ ဝိဇ္ဇာလာတယ်၊ အာသဝတွေ မလာတော့ဘူး၊ အဲဒီတော့ ဒီသူဟာ အနာဂါမ်အထိ ရောက်နိုင်တယ်လို့ ဟောတော်မူတယ်၊ သဘောပါကြရဲ့လား ?။

ဒကာ,ဒကာမတို့ ဒါကြောင့် တစ်,နှစ်,ကို အားမကိုးနဲ့၊သုံး,ကို သာ အားကိုးရမယ်၊ ကိုယ့်ဟာကိုယ် ဘယ်နေ့ ဘယ်ရက် ဘယ် အချိန် ဆိုတဲ့ သေချိန်လဲမသိဘူး၊ ဟုတ်ကြရဲ့လား ?၊ သေချိန်သိရင် ရှိတဲ့ ရွှေ,ငွေ, လက်ဝတ် လက်စားတွေ အကုန် ဘုရားတည်ကြမယ်၊ အဲဒါကြောင့် သုံး, အချက်ကို အားကိုးကြ၊ မိမိ သန္တာန် ပေါ်တဲ့ ဝေဒနာကို မိမိဉာဏ်နဲ့ ဖြစ်ပျက်ရှုပီး သေကြလို့ ပြောလိုက်တယ်၊ ဒီအတိုင်း အဂုံတို့ရဲ့မှာ ဟောတယ်ဆိုဒါ မှတ်ကြ။

ဒီနည်းက မသေခင်က အာသဝ ကုန်ထားတဲ့နည်း၊ အောက် သံသရာမသွားတဲ့ သေနည်းဘဲဆိုဒါမှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ ဒီလို ရှုတဲ့သူမှာ အနာဂတ်အကြောင်းတွေ့ပြတ်နေတယ်၊ နောက်က

ပဋိစ္စသမုပ္ပါဒ်တွေ ပြတ်နေတယ်၊ အောက်သံသရာ ပို့တဲ့ အကြောင်း မလာဘူး၊ ဒါ့ကြောင့် ;ရှုရင်း, ရှုရင်း သောတာပန်, သကဒါဂါမ်, အနာဂါမ် အထိ ရောက်သွားနိုင်တယ် ဆိုဒါ မှတ်ကြ၊ ရှင်းကြပလား ?။

ဒီအလုပ်ကို နေရာကျအောင် လုပ်ထားကြရမယ်၊ နေရာကျအောင် လုပ်နိုင်ရင် အောက်သံသရာဆို ဘာမှမလာတော့ဘူး၊ ဒါမှ မဟုတ်ရင် နန်းတော်,အိမ်တော်ထဲက ဆင်ဖြူတော်အကျိုးပေးမျိုး အသေမျိုးနဲ့ ကြုံနေရတတ်တယ်၊ မသာလှူစရိတ် အကျိုးပေးမျိုး၊ သားသမီးစရိတ် အကျိုးပေးမျိုး ဒါမျိုးတွေ ဖြစ်လာနိုင်တယ်၊ ဒီလို အမဲ အဖြူရောတဲ့ အကျိုးပေးမျိုးက အစ, ဘာမှ မလာနိုင်အောင် နေရာကျဘို့လိုတယ်၊ ဒကာ,ဒကာမတွေ သဘောပါကြပလား ?။

ကောင်းကောင်း မှတ်မိကြရဲ့လား ?၊ တစ်က, ဘုရား တရားတော်ကို ကြားနာ၍ ကိုယ်တိုင်ပွါးများပီး သေနည်း၊ နှစ်က, ဘုရားရှင်၏ တပည့်သာဝက တပါးပါး ဟောတဲ့တရားကို ကြားနာ၍ ကိုယ်တိုင် ရှုပွါးပီး သေနည်း၊ သုံးက, သေခါနီးမှာ အရင်က နာခဲ့ဘူးတဲ့ တရားအတိုင်း, ကိုယ့်ဉာဏ်နဲ့ ကိုယ်တိုင်ရှုပွါးပီး သေနည်းလို့ ပုထုဇဉ်တို့သေတတ်ဘို့ရာ သေဘို့နည်းသုံးမျိုးကို ဟောထားခဲ့တယ်၊ ဒီစကားဟာ “ ဆက္ကနိပါတ် အဂုတ္တိရ်ပါဠိတော် ” မှာ လာတယ်လို့ မှတ်ကြ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အင်မတန် အရေးကြီးတဲ့ အချက်မို့ နှုတ်တော်နဲ့ ဖွင့်ပီး ဟောတော်မူခဲ့ဒါ။ အရေးမကြီးရင် ပြုံးတောင် ပြုံးတော်မမူဘူး ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား ?၊ ဘယ်လောက်အရေးကြီးလို့ နှုတ်ဖွင့်ဟောတော်မူဒါ ဆိုဒါ ပေါ်ကြပလား ?။

ဒကာ, ဒကာမတို့ ကိုယ့်တောင်း ပြည့်ထားကြဒါ ဘာလဲ ? ဆိုဒါ မြင်ကြရဲ့လား ?၊ အသေဘဲရှိတယ်၊ ဒကာတို့ ဆုတောင်း ပြည့်ပီးသားဟာ မရဏဆိုတဲ့ သေရဘို့ဘဲရှိတယ် ဆိုဒါ ငြင်းဘို့ မရှိ တော့ဘူး၊ ဒီကြားထဲက မသိပြန်လို့ နောက်ထပ် တောင်းထားဒါ ကလဲ အသေချည့်ဘဲ၊ "ဒီသား, ဒီသို့မီးနဲ့ နိဗ္ဗာန်မရမို့ စပ်ကြား မကွဲမကွာ ဖြစ်ရပါလို့၏" ဆိုဒါ အသေတွေချည့်ဘဲ မဟုတ်လား ?။

ဒကာတို့ တတွေက တဏှာက ခိုင်းစေတဲ့အတိုင်း လုပ်ထားကြ ဒါ၊ တဏှာခိုင်းသမျှ တသွေမတိမ်း နာခံ ဆောင်ရွက်နေကြရတယ်၊ တဏှာကဟောတဲ့စကားက "သားလေးတွေ, သို့မီးလေးတွေ ဆိုဒါ မင့်, ဆေးပေး, မီးယူလေးတွေဘဲ၊ သားမယား ဆိုဒါလဲ မင့်ပါရမီ ဖြေ့ဘက်ပဲ" တဲ့၊ တဏှာက ဟောလိုက်တော့ ဒီဌိကနောက်က လိုက်လာတယ်၊"ငါ့ ရှိဒါမှ ဒီတယောက်ထဲရယ်၊ချစ်မှ ခင်မှာဘဲ" တဲ့။

ဒီဌိ, တဏှာက ဘုန်းကြီးတို့ထက် အဟောအပြော ကောင်း တယ်၊ ဒကာတို့မှာ ဒီဌိ, တဏှာနဲ့က အမြဲနေနေကြရဒါ၊ သူတို့က ဒကာတို့ရဲ့ အတွင်းသူ,အတွင်းသား၊ ဘုန်းကြီးတို့က တစိမ်းပြင်ပလို

ဖြစ်ပီး, ဝါးလုံးရှေ့နဲ့ ရမ်းနေကြရသလိုဘဲ၊ ဒီတော့ ရင်းနှီးတဲ့ အတွင်းလူ ဆဲရာ ပါရမှာက မျှားနေတယ်၊ ရိပ်မိကြရဲ့လား ?။

ဒကာ,ဒကာမတို့ ကြပ်ကြပ်သတိပြုကြ၊ သူတို့ဆဲရာ ပါသွားရင် ချောက်ကျဘို့ဘဲ ရှိတယ် ဆိုဒါ မှတ်ကြ၊ ဘုရားက "သူသတ် ယောကျ်ား တဏှာလက်သွား" လို့ ဟောတော်မူခဲ့တယ်၊ တဏှာရဲ့ ဒဏ်ချက်ဟာ ဘယ်အထိ တာသွားသလဲ ? ဆိုဒါ စဉ်းစားကြည့်ကြ၊ "ယသောဓရာ မိဖုယားဟာ တသခ်ျေနဲ့ ကမ္ဘာတသိန်း ရှိတော့ သူ့ပါရမီပြည့်နေဘီ၊ ဒါပေမဲ့ မောင်တော်နဲ့ တဲ့ချင်တော့ လေး သခ်ျေနဲ့ ကမ္ဘာတသိန်းတောင် ကြာနေရတယ်" ရိပ်မိကြပလား ?။

ဒကာ,ဒကာမတို့ ဘုရားစကားနဲ့ ဆရာသွား ပြောဒါကို အမှန် ထားပီး လိုက်နာကြ၊ ကိုယ့်ဟာကိုယ် ကြည့်တော့ အမှန်အကန် မသိနိုင်ကြဘူး၊ ကိုယ့်သားသမီးလေးတွေ့ ကြည့်ပီး ကိုယ့်ဟာနဲ့ ကိုယ်တော့ လှလို့ ချောလို့ နေဒါဘဲ၊ အပြစ်မမြင်ကြဘူး၊ ဘေးက လူတွေ့အနေနဲ့ အပြင်ကနေကြည့်တော့ အမှန်ကျတယ်၊ ကိုယ့် အတွင်းက ပြောဒါ မမှန်ဘူး၊ အရပ်က ပေါင်းပြောဒါမှ မှန်တယ်၊ သဘောပါကြပလား ?။

အခုလဲဘဲ ဒကာတို့ ကိုယ့်မျက်လုံးက ဒိဋ္ဌိမျက်လုံး, တဏှာ မျက်လုံးဖြစ်နေတော့ ဘယ်လိုကြည့်ကြည့် အမှန်မကျဘူး၊ အပြင်နဲ့ တူတဲ့ ဉာဏ်မျက်လုံးနဲ့ ကြည့်မှ အမှန်ကျမယ်၊ ဒီကရှေ့ ဉာဏ် မျက်လုံးနဲ့ ကြည့်ပေးကြ၊ တဏှာ, ဒိဋ္ဌိ ပြောစကား ယုံပီးနေရင်

အောက်သံသရာ သွားရမယ်၊ ဘေးက ဘုရားစကားနဲ့ ဘုန်းကြီး စကားကိုယုံရင် အထက်သံသရာနဲ့ဘဲ ရှိတော့တယ်၊ ရှင်းပလား ?။

ဒါကြောင့် ကိုယ်စိတ်အတွင်းလူ တဏှာ, ဒိဋ္ဌိ ပြောစကား မယုံကြနဲ့၊ ဘုရားပြောနဲ့ ဘုန်းကြီးပြောစကားကို ယုံပီး လိုက်နာကြ၊ ဒါမှ အောက်သံသရာနဲ့ အဆက်ပြတ်မယ်၊ သဘောပါပလား ?။

ကိုင်း....အချိန်စေ့သွားဘီ၊ နက်ဖြန်မှ ဆက်ကြစို့ ။

ဓမ္မရတနာ မာတိကာ

"တဏှာမူလ ကြီးဒုက္ခ တရားတော်"

ဆောင်ပုဒ်

အို,နာ,သေ,ကြ၊ ခန္ဓာက၊ လာရအကြောင်းရင်း။
တဏှာကြောင့်သာ၊ ခန္ဓာလာ၊ မြင်ပါသူမြစ်ရင်း။
ခင်မင်စရာ၊ အကြောင်းဖြာ၊ တဏှာဖြစ်ရလျှင်း။
အာယတနံ၊ ဆယ့်နှစ်တန်၊ မူလံခင်ကြောင်းရင်း။
ခင်မှုပယ်ဖြတ်၊ ခန္ဓာဇာတ်၊ ရှုမှတ်ဉာဏ်ဖြစ်ထွင်း။
ဝေဒနာစက်၊ ဖြစ်တုံပျက်၊ နှိပ်စက်ဉာဏ်တွေ့ရှင်း။
ဉာဏ်သိရှင်းလာ၊ ဆက်လက်ကာ၊ ရှုရာချိန်မယွင်း။
ဖြစ်ပျက်ဆုံးပျောက်၊ မက်ဉာဏ်ရောက်၊ မျက်မှောက်နိဗ္ဗာန်ခြင်း။

သတိချပ်

ထင်းပုံခေါင်းချ၊ ရိုးမြေကျ၊ ပေါင်းရဆုပန္နက်။
အိုမင်းသက်ရွှေ၊ ပေါင်းရစေ၊ ပြေ့စေဆုန္နတ်ထွက်။
ပေးသူယူသူ၊ မောဟထူ၊ ဗိုလ်လူမိုက်တွင်းနက်။
ဒုက္ခရွှေကြာ၊ ရလိုပါ၊ မင်္ဂလာထင်သည့်တွက်။
မင်္ဂလာကိစ္စ၊ သုံးန္ဒန်းကြ၊ သစ္စာမှန်ကွယ်ပျက်။
မကောင်းအစဉ်၊ မှားလမ်းမြင်၊ ပြင်လျှင်ခဏပျက်။
အို,နာ,သေ,ကြ၊ကြီးဒုက္ခ၊ မုချလွတ်အောင်ထွက်။
လွတ်ရေးလိုလျှင်း၊ ခန္ဓာတွင်း၊ လက်ငင်းရှုဉာဏ်စွက်။

တရားသဒၶး ဒကာ့ဒကာမတို့ တနေ့သဒ္ဓါ မြတ်စွာဘုရားသခင်ဟာ၊ ကုရုတိုင်း၊ ကမ္မာသဒမ္မ ဆိုတဲ့ နိဂုံးမှာ သီတင်းသုံးနေတော်မူတယ်၊အဲဒီအခါမှာ ရဟန်းတွေကလဲ တရားနာဘို့ စုဝေးရောက်နေကြလို့၊ တရားမဟောခင်မှာ ဘုရားရှင်က ရဟန်းတွေကို စတင်ပီး မေးမြန်းတော် မူလိုက်တယ် ဆိုဒါ မှတ်ကြ။ အဲဒီလို မေးမြန်းတော်မူဒါဟာ ဘုရားရှင်ကိုယ်တိုင်, အဖြေပေးချင်လို့ မေးတော်မူတယ်ဆိုဒါ မှတ်ရမယ်။

ဘုရားရှင်က ရဟန်းတွေကို“အသင်တို့ ခန္ဓာတွင်းမှာ အကြောင်းတရားတွေကို သုံးသပ်ကြရဲ့လား?” သုံးသပ်ကြစမ်းပါလို့ ပြောတော့ ရဟန်းတပါးက “တပည့်တော် သုံးသပ်ပါတယ်ဘုရား”လို့ လျှောက်ထားလိုက်တယ်၊ အဲဒီရဟန်းက ၃၂-ပါးသော ကောဋ္ဌာသကို သုံးသပ်ကြောင်း လျှောက်ထားတော့ ဘုရားရှင်က သဘောကျတော် မမူဘူး၊ မကျေနပ်ဘူးဆိုဒါ မှတ်ရမယ်။ ဘုရားက အကြောင်းကို သုံးသပ်ခိုင်းဒါ၊ အပုံအစုကို သုံးသပ်တော့ သဘောမကျဘူး၊ ရိပ်မိပလား?

အသုဘ ခွဲနေဒါမို့ မကျေနပ်ဘူး၊ အဲဒါနဲ့ ရှင်အာနန္ဒာက “အရှင်ဘုရား ဟောပြတော်မူမှ သိရမှာဖြစ်ပါတယ်၊ အကြောင်းကို သုံးသပ်နည်း ဟောပြတော်မူပါဘုရား”လို့ လျှောက်ထားလိုက်တယ် ဆိုဒါ မှတ်ကြ။ အဲဒါ “နိဒါနဝဂ္ဂသံယုတ် ပါဠိတော်”မှာ လာတဲ့ အဓိပ္ပါယ်ဘဲလို့ မှတ်လိုက်ကြ။ အခု ဒကာ, ဒကာမတွေအတွက် ဘုန်းကြီးက ရှင်းလင်းပီး ပြောပြရမယ်၊ ရိပ်မိပလား?

ဒကာ,ဒကာမတို့ ကိုယ့်ခန္ဓာ ကိုယ်ပြန်ကြည့်ကြ၊ ကြည့်တော့ "အော်....ငါ့၏ ခန္ဓာဟာ တနေ့တခြား အို,အို လာဘီ၊ အိုဒါဟာ သေခါနီးဒါဘဲ"လို့ သိကြရမယ်။ မသေချာရင် မှန်ရှေ့မှာရပ်ပီး ကြည့်ကြ၊ ကြည့်ပီး ဒကာတို့က တလွဲမှာ သုံးသပ်နေရင်လဲ နိဗ္ဗာန်နဲ့ ဝေးဘီလို့သာမှတ်ကြ။ ဒကာတို့က လုပ်တတ်ကြတယ်၊ "မင်းထက် ငါက ကြီးတယ်၊ ငါ့ဘာမှတ်လို့လဲ? ငါကမင်းအဘလောက်ရှိဘီ"နဲ့ မာနထောင်တတ်ကြတယ်၊ အဲဒီလိုဆိုရင် သွားဘီလို့သာမှတ်တော့။

ဘုန်းကြီးတို့ ဒကာ,ဒကာမတွေက နိဗ္ဗာန်ရမှာကိုတော့ မတတ်ဘဲ၊ အပါယ်သွားမှာကိုတော့ တတ်ကြတယ်ဆိုရင် မမှားဘူး၊ ရိပ်မိကြရဲ့လား? "ငါ့ကို ဘာအောက်မေ့လို့တုံး? ငါက အကြီးဆုံး"တဲ့၊ ဒကာ,ဒကာမတို့ နောက်ကို ပြင်ကြတော့၊ ဒကာ,ဒကာမတို့ ခန္ဓာထဲမှာ အို,နာ,သေ,ရှိနေတယ်၊ ဒါကို အကြောင်းရှာရမယ်၊ အို,နာ,သေရဲ့အကြောင်းကိုရှာရမယ်လို့ ဟောတော်မူတယ် ရှင်းကြပလား?

ဒကာ,ဒကာမတို့ အကြောင်းရှာကြ "ငါ့ကိုယ်ဟာ အိုဘီ၊ အိုပီးတဲ့နောက် နာရမယ်၊ တော်တော်နေရင် သေရတော့မယ်၊ ဒီအို,နာ,သေ,ဟာ ဘယ်ကလာဒါလဲ?"လို့ သုံးသပ်ရမယ်၊ တွေးတောရမယ်၊ တွေးကတ်ကြပါ့မလား? ဆရာ့ဆီက ဉာဏ်မရရင်, မတွေးတတ်ကြဘူး၊ဒါ့ကြောင့် အခုနည်းပေးရမယ်၊ ခန္ဓာထဲ အို,နာ,သေ,ဘယ်ကလာသလဲ?လို့ ဘွေးရမယ်၊ အကြောင်းရှာရမယ်၊ အကြောင်းရှာလို့ မတွေ့ရင် အကြောင်းသတ် တရားလဲ မသိနိုင်ဘူး၊ မသိ မသတ် နိုင်ဘူးဆိုဒါ မှတ်လိုက်ကြ။

အခု-ဒကာ့ဒကာမတို့ တရားနာ ရောက်လာကြတယ်၊ ဒီလို လာတဲ့အခါ အိမ်က လာကတဲက အို့နာ့သေ့ဘက် သွားရဒါဘဲ၊ အိမ်မှာတုန်းကထက် အခုအချိန်ဟာ သေဘို့ ပိုပီး နီးလာတယ်ဆိုဒါ ရိပ်မိကြရဲ့လာ? အဲဒီတော့ ဒီအို့နာ့သေဘေး လွတ်အောင် သူ့အကြောင်းကို ရှာပီးသတ်ရမယ် ဆိုဒါ ပေါ် ကြပလား?၊ ဒီအကြောင်း တွေးဘို့ဆိုတော့ ဘုရားရှင်မှသာ အမှန်တွေးနိုင်မယ်၊ ဘုရားရှင်တို့ အရာသာ ဖြစ်တယ်လို့ မှတ်လိုက်ကြ။

ဘုရား ရှေ့ဥာဏ်တော်နဲ့ တွေးလိုက်တော့ "အို့နာ့သေဟာ ဘယ်ကလာသလဲ? ခန္ဓာငါးပါးကလာတယ်"လို့ မြင်တော်မူတယ်၊ အဲဒါ"သမ္မသနသုတ်"မှာ ဟောခဲ့တဲ့ အဓိပ္ပါယ်ဘဲ၊ ရှင်းပလား?ဒကာ ဒကာမတို့ ခန္ဓာငါးပါးရှိလို့ အို့နာ့သေ ပေါ် ပေါက်လာရတယ်ဆိုဒါ ဆုံးဖြတ်ချက်ချကြ၊သဘောပါကြပလား? ဒီခန္ဓာမရှိရင် အို့နာ့သေ ဇာတ်သိမ်းဒါဘဲ၊ ဘယ်သူမှ တားလို့ဆီးလို့ မရပါဘူး၊ ခန္ဓာငါးပါးဟူသော မူလအကြောင်းကြောင့် အို့နာ့သေ့ဟူသော အကျိုးတရား ပြေးမလွတ်တော့ဘူး၊ ရှင်းကြပလား?။

ဒကာ့ ဒကာမတို့ ဥပမာအားဖြင့် သရက်သီးဟာ ရင့်ပီးမှည့်, မှည့်ပီး ပုပ်ရသလို ခန္ဓာကလဲ အို့နာ့ပီး သေရဒါဘဲ၊ခန္ဓာထဲက အို့နာ့သေ ပေါက်ပွါးလာဒါဘဲ၊ အခု အိုဒါနဲ့ နေကြရတယ်, သွားကျိုးတယ်,ဆံဖြူတယ်, မျက်စိမှုန်လာတယ်, ခါးကိုင်းလာတယ်, နားထိုင်းလာတယ်, ဒီလို အိုရက်နေပီး နာနေရတယ်၊ အခု တရားနာနေရင်းမှာဘဲ နာလာ ကျင်လာလို့ ဟိုဘက်ပြောင်းလိုက်ရ၊ ဒီဘက်ပြန်ပီး

ပြောင်းလိုက်ရနဲ့ နာနေဒါဘဲ၊ဒီနာနေရင်းကနေ သေဘက်သွားနေရ ဒါဘဲ၊ ရိပ်မိကြရဲ့လား?။

ဒကာတို့တတွေ အခု ဘာနဲ့ အဖေါ်လုပ်နေရသလဲ?အို့,နာ,သေ နဲ့ဘဲ အဖေါ်လုပ် နေရတယ်ဆို့ရင် မမှားဘူး၊ ထမင်းဆာဒါလဲ အနာဘဲ၊ ရေဆာဒါလဲ အနာဘဲ၊ ထမင်းဆာလို့ ထ,စားလိုက်ရဒါ အနာပေါက်လို့ ဆေးကုပေးရဒါဘဲ၊ ဒီလို အနာပေါက်လို့ ဆေးကု ပေးရရင်းကလဲ သေဘက်သွားနေဒါဘဲ၊ သဘောပါကြရဲ့လား?၊ ဒကာ,ဒကာမတို့ အဖို့ရာ မြဲတဲ့အဖေါ်ဟာ ဒါဘဲရှိတယ်၊ မြဲမြဲစဲ့စဲ့ နေရတဲ့ အဖေါ်ဟာ ဒီအို့,နာ,သေ,ဘဲရှိတယ်ဆိုဒါ မှတ်ကြ။

ဒီ့ပြင် အဖေါ်မျိုးက ကဲ့ရသေးတယ်၊ အမြဲနေရတဲ့ ဒီ့ပြင် အဖေါ် ဘာမှမရှိဘူး၊ ဒီအို့ နာ, သေဖေါ်ဘဲ မြဲတယ်ဆိုဒါ ရှင်းကြ ရဲ့လား? အေးလို့ ချမ်းလို့ အဝတ်ဝတ်ပေးရ ခြုံပေးရ၊ ဖီးလိမ်း ပေးရ၊ စားရင်း သောက်ရင်းကလဲ အသေဘက် သွားနေရဒါဘဲ၊ အသေသွား, ရပ်နားတဲ့ အချိန်ရယ်လို့ ဘယ်တော့မှ မရှိဘူး၊ ဒီအသေသွား လမ်းစဉ်ဟာ ခန္ဓာ့လမ်းစဉ်ဘဲ၊ ခန္ဓာရှိနေသမျှ အသေ လမ်းစဉ်က လဲဖယ်လို့ မရနိုင်ဘူးဆိုဒါ မှတ်ကြတော့။

ဒကာတို့က ဒီသဘောကို မသိတော့ လူ့ခန္ဓာ, နတ်ခန္ဓာ,ဗြဟ္မာ ခန္ဓာ ခန္ဓာအမျိုးမျိုး လိုချင်ကြတယ်၊ လိုချင်တော့ မရ အရ တောင်းယူ၊ အဲဒီတော့ အို့,နာ,သေနဲ့ အဖေါ်ဖြစ်ရပါလို့၏ ဆိုဒါနဲ့ အတူတူဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ဒကာ,ဒကာမတို့ နောက်ကို တောင်း

ချင်ရင်, "လူလဲ ဖြစ်ရပါလို့၏၊ အိုနာသေနဲ့လဲ မခဲ့ရပါလို့၏" လို့သာ တောင်းကြ၊ တောင်းကြမလား? မတောင်းချင်ဘူးတဲ့၊ ဘယ့်နှယ့် ဒကာတို့ ရူးချက်သန်ဒါ သေးသေးသိမ်သိမ် မဟုတ်ဘူး၊ သန်သန် ထွားထွား ရူးဒါဘဲလို့ ဆိုသင့်-မဆိုသင့် စဉ်းစားကြ။

ဒကာတို့တတွေ ဖျင်းဒါ, ဘယ်လောက်ဖျင်းသလဲဆိုဒါ မပြောနဲ့တော့၊ ကမ်းကုန်တယ်၊ အခုလက်ရှိ **အို,နာသေနဲ့**လဲ မခဲ့ချင်၊ နောက်ဟာနဲ့လဲ ဆက်ထားချင်သေးတယ် ဆိုတော့၊ ကမ်းကုန်ဒါဘဲ၊ ရိပ်မိကြရဲ့လား? နောက်လာမယ်. **အို,** နာ, သေနဲ့ ဆက်ချင်လို့ ပန်း, ဆီမီး, ဖဲယောင်းတိုင်, ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးစတဲ့ ပစ္စည်းအမျိုးမျိုးတွေ အကုန်ခံပီး, ကြိုးစားနေကြတယ်၊ မရအရ တောင်းယူနေကြတယ် ဆိုဒါ မိုက်လွန်းလို့ အရူးသန်လွန်းလို့ဘဲ၊ ရှင်းကြရဲ့လား?

ဒကာ, ဒကာမတို့ ဒါလောက်,ဆိုးရင် မကောင်းတော့ဘူး၊အခုနေ, အို,နာသေနဲ့ မလွတ်ခင်က တောင်းနေဒါ၊ လက်ရှိကို လက်မလွတ်ရခင်က တောင်းဒါဟာ နှစ်ခါမိုက်မို့ဘဲ၊ အခုဟာလဲ ဒုက္ခသစ္စာမှန်းမသိ၊ နောက်ဟာလဲ ဒုက္ခသစ္စာမှန်းမသိ၊အဝိဇ္ဇာနဲ့ နှစ်ခါမိုက်တာဘဲ၊ ပေါ်ကြပလား? အခု,ပြင်ပစ်ကြ၊ ဒီဆရာနဲ့ တွေ့တုန်းမှာမှ မပြင်မိရင်, ရန်သူရှိရာ ဦးတည့် ခေါင်းလျှဲပီး, သေသွားရတယ် ဆိုရင် မမှားတော့ဘူး၊ သဘောပါကြရဲ့လား?

ဒီခန္ဓာက အို,နာ,သေခန္ဓာ၊ ဒုက္ခအစုခန္ဓာ၊ ကောင်းတာဆို တခုမှ မပါဘူး မကောင်းတာတွေ စုနေတဲ့ခန္ဓာ၊ စက်ဆုပ်စရာ

အသုံးမကျတဲ့ခန္ဓာ၊ ဒကာတို့က ဒီလိုခန္ဓာကို နောက်ထပ် လိုချင်ရင် လိုချင်သေးရင်ဖြင့်, စုံလုံးကန်းမိုက်, မိုက်လုံးကြီးလို့ဘဲသာ မှတ်လိုက်ကြ၊ ဘုန်းကြီးပြောဒါ နဲသေးတယ်၊ ဒကာတို့ မိုက်ချက်က ဒီထက် အဆ ရာထောင်မက တိုးလိမ့်ဦးမယ်ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား?

ဒကာ့,ဒကာမတို့ ဒီလိုဆိုတော့ ခန္ဓာတောင်းရင် အို,နာ,သေတွေ ပြတ်မှာကြောက်လို့၊ ဒုက္ခပြတ်မှာ စိုးရိမ်လို့သာဘဲ ဆိုရင် မမှားဘူး၊ အခုဟာလဲကြိုက်၊ နောက်လာမယ့်ဟာလဲ ရချင်တယ် ဆိုတော့ ဒကာတို့ဟာ မျက်စိလယ်လွန်း အားကြီးလှတယ်၊ မျက်စိအလယ်လွန်ရင် ချောက်ကျဘို့အပြင် မရှိတော့ဘူးဆိုဒါ မှတ်ကြတော့၊ ဘုရားဖူးသွားကြတော့ ဘေးက ပညာရှိတဲ့လူက မေးတယ်၊ "အိမ်က ဘုရား ဖူးပါတော့လား၊ ဘာလို့မျှား, အဝေးတလံ သွားဖူးနေရသလဲ?"လို့ မေးတော့၊ ဘယ်လိုပြောသလဲ?

"အဲဒီ ဘုရားက ဆုတောင်းပြည့်တယ်၊ စီးပွါးရေး ဟန်ကျတယ်၊ လာဘ်လာဘ တိုးတက်တယ်"နဲ့ ဖြေတတ်ကြတယ်၊ ဒကာတို့ မျက်စိအလယ်လွန်ဒါ စဉ်းစားကြ၊ နေရာတကာမှာ မျက်စိ လယ်လွန်းတယ်၊ စီးပွါးရေး တိုးတက်အောင်, ဘုရားလယ်ဖူးနေတယ် ဆိုဒါ တော်ပါ့မလား? အိမ်ကဘုရားကော ဘယ်နှစ်ခါမျှားဖူးဘူးကြသလဲ?၊ အိမ်က ဘုရား အားနာပါအုံးလို့ သတိပေးလိုက်ပါတယ်၊ စီးပွါးရေး ဟန်ကျအောင် ဘုရားလယ်ဖူးဒါ ဆိုတော့ ဒကာတို့က စီးပွါးမျှားပီး

အပူကြီး ပူအောင်လို့လား ?၊ အပူကြီးပူပြီးမှ သေပဲ့ဝင်ချင်ကြလို့လား ? လို့ မေးလိုက်ပါတယ်။

ဒကာ, ဒကာမတို့ ဒီခန္ဓာက, ဟိုနတ်ခန္ဓာသူဌား၊ ဒီက မသာလောင်းက လေးတောင်, ဟိုက နတ်မသာလောင်းက သုံးဂါဝုတ်လောက်ရှိတဲ့ မသာလောင်း၊ ဟိုမှာကျတော့ ဒီထက် ကြီးမားတဲ့ မသာလောင်းကြီး ထမ်းရဘို့ဘဲ ရှိတယ်၊ ဒီထဲမှာ အကြိမ်ကြိမ် အဖန်ဖန်လို့ ဆိုတော့ ဘယ်နှယ်များ နေကြမလဲ ? ပြောဒါနဲ့ဘဲ ကြက်သီးထလောက်ပါတယ်၊ ဒကာ, ဒကာမတွေ သဘောပါကြရဲ့လား။

ဥာဏ်နားနဲ့ ထောင်ကြ၊ ရိုးရာနားနဲ့ မထောင်ကြနဲ့၊ နားကြီးကြီးထားမှ တော်ရုံကျမယ်၊ ရှင်းကြရဲ့လား ?၊ ဒီ ဒုက္ခတွေ ဥာဏ်နဲ့ ဖြတ်ရမယ်၊ ဥာဏ်မပါရင် မရဘူး၊ ဥာဏ်မှသာ ကယ်မယ့် ယူမယ့် သူ ရှိတယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒကာ, ဒကာမတွေ အခု လောက်ဆိုရင် အတော်အတန် ရိပ်မိကြဘီ၊ ဒီတော့ စုတ်ပေါ်းရင် ဘယ်ခန္ဓာ ရချင်သေးသလဲ ?၊ မရချင်တော့ဘူး၊ အေး, ဒီလို ဖြေဒါဟာ သစ္စာဥာဏ်နဲ့ ဖြေလိုက်တာဘဲ၊ ရိပ်မိပလား ?။

ဒကာ, ဒကာမတို့ ဒီသစ္စာဥာဏ် အလွန် အရေးကြီးပါတယ်၊ ဒဥာဏ်မရရင် အို,နာ,သေ,နဲ့ ခွဲရမှာ သေအောင် လွန်မင်းအောင် ကြောက်ကြမယ်ဆိုဒါ မှတ်လိုက်ကြ၊ အမှန်အကန် မသိရှာတော့ မကောင်းဒါကို အကောင်းကြီးထင်ပီး, ခွဲရ ခွါရမှာ ကြောက်ရှာ

လွန်းလို့ ဖက်ထားကြမယ်၊ ဒကာတို့ ထူလွန်းတယ် ဆိုရင် မလွဲဘူး၊ ဒီ သားသမီး, ဒီဇနီးနဲ့ အိုအောင် မင်းအောင် ပေါင်းရပါလို့၏လို့ တောင်းဒါဟာ ဒုက္ခသစ္စာ ရှေရပါလို့၏ ဆိုဒါနဲ့ အတူတူပါဘဲ၊ ရိပ်မိကြရဲ့လား ?။

ဒကာ,ဒကာမတွေ့ မင်္ဂလာ အခမ်းအနားဆိုပီး လုပ်ကြတဲ့အခါ မှာ လူငယ်များက ဦးချကန်တော့ပီး ဒီလင်, ဒီသား, ဒီမယားနဲ့ အိုအောင်,မင်းအောင် ပေါင်းရပါစေဆိုတဲ့ အကြောင်းနဲ့ ပေးကြ, တောင်းကြတဲ့အခါ လူကြီး, သူကြီးတွေက တောင်းတဲ့ဆုအတိုင်း ပြေ့စေလို့ ပေးလိုက်တယ်၊ ဒီတော့ ဆုခံတဲ့သူတွေက ပေးတဲ့ဆုအတိုင်း ပြေ့ရပါလို့၏တဲ့၊ အဲဒါဟာ ဒုက္ခရှေရပါလို့၏ ဆိုတော့ ပြေ့စေတဲ့၊ ဒုက္ခရှေစေလို့ဆိုတော့ ပေးတဲ့ဆုအတိုင်း ဘဲတဲ့၊ ရိပ်မိကြရဲ့လား ?။

မင်္ဂလာ အခမ်းအနားနဲ့ ဒကာ,ဒကာမတို့ လူကြီးတွေလုပ်ပုံကိုင်ပုံနဲ့တော့ သွားကြဦးလို့သာ မှတ်ကြ၊ ပေးတဲ့သူက မသိပေး၊ ယူတဲ့သူကလဲ မသိယူ၊ မသိတဲ့သူကပေးတော့ မလိမ္မာသူတွေက ကြိုက်ကြ၊ သစ္စာမသိဘဲနဲ့ပေး မသိဘဲနဲ့ယူ၊ အဲဒီတော့ "ဒုက္ခ အညာဏံ" ဘဲ၊ ဒါနဲ့ပေးတော့ ဒါနဲ့ယူလိုက်တာဘဲ၊ဒီတော့ နှစ်ဘက် စလုံး စုံလုံးကန်းချည့်ဘဲ၊ စုံလုံးကန်းချည့်ဆိုတော့ လမ်းသွားလို့ ဖြစ်ပါအုံးမလား ?၊ စုံလုံးကန်းတွေ့ ရမ်းသွားကြ၊ ချောက်ကျဦးဘဲ ရှိတယ်ဆိုဒါ မှတ်ကြ။

ဒကာတို့ဟာက "ထင်းပုံခေါင်းကျ" ဆိုပီး အသေပါထဲ့ထားကြ၊ ယူတဲ့သူကလဲ ရမ်းပီး ယူလိုက်တာဘဲ၊ ဒကာ့ ဒကာမတို့ မကောင်းအစဉ်, ပြင်ခဏ တဲ့၊ ပြင်ပီးလုပ်ကြအုံးမှဖြစ်မယ်၊ မပြင်ရင်ဖြင့် အရှုံးလေးမှေး, အရှုံးနေ နေ, အရှုံးသေ သေ၊ ကြက်သရေကို မရှိဘူး၊ မောဟုမ္မတ္တက၊ မောဟရှုံးချည့်ဘဲဆိုဒါ မှတ်လိုက်ကြ၊ ဒကာ့,ဒကာမတွေက ဒီဖြစ်စဉ်ပြောပြလိုက်တော့ ဒီမိုက်မှန်း သိကြပလား ?,သိရင် ပြင်ကြဘို့ဘဲ။

ဒကာ့, ဒကာမတို့ ကိုယ်မိုက်ပုံ ကိုယ်ပြန်ကြည့်ကြ။ "ထင်းပုံခေါင်းကျ၊ ရိုးမြေကျတဲ့" အင်မတန် ကြက်သရေမဲ့ဒါ လုပ်နေကြတယ်၊ ဒါဟာ မင်္ဂလာမဟုတ်ပါဘူး၊ ဒါဟာ မျက်စီလယ်နေဒါဘဲ၊ မျက်စိလည်ပီး, ချောက်ကျခဲ့ရဒါ ခုတောင် ဒဏ်ရာမပျောက်ကြသေးဘူး၊ မြင်ကြရဲ့လား?။ မြင်အောင် ဥာဏ်မျက်စိနဲ့ ကြည့်ကြ။ ခန္ဓာရနေသမျှ အို, နာ, သေက မလွှတ်ကြရဘူး၊ သဘော ပါကြရဲ့လား?။

ဒကာ့, ဒကာမတို့ ခန္ဓာငါးပါးမရရင်, အိုနာသေ မပါဘူး၊ ရိပ်မိကြပလား။ ကုန်းကုန်းကွကွနဲ့ အိုမင်းရွတ်တွ ကတုန်ကရီ ဖြစ်လာတော့ ဒီလိုဖြစ်လိမ့်မယ်မထင်ဘူး တဲ့၊ နောက်,လာစရာတွေ အများကြီးကျန်သေးတယ်၊ ဟိုကမောင်းထုတ်, ဒီကမောင်းထုတ်နဲ့ ဒီအဘိုးကြီးက နေရာတကာ ရှုပ်တယ်တဲ့၊ လူထဲ, ရှင်ထဲ အသုံးမကျတော့ ဘိတ်စာတောင် မလာတော့ဘူး။ နောက်, အရပ်ကကိုနှင်ထုတ်ကြအုံးမယ်၊ ရိပ်မိကြပလား?။

ဒီစကားနဲ့စပ်တဲ့ ဝတ္ထုတခုကိုထုတ်ပြမယ်၊ အရှင်ဃာရိပုတ္တရာမထေရ်ရဲ့ ညီအငယ်ဆုံးဟာ "ရေဝတ" တဲ့၊ အဲဒီရေဝတကို သူ့အမေက ငါ့သားတော့ ငယ်ငယ်က အိမ်ထောင်ချပေးမှာဲ့ လို့ စိတ်ကူးပီး, သူတို့သဘောတူတဲ့ ဒိဋ္ဌအမျိုးအနွယ်ချင်း လက်ထပ်ပေးကြတယ်၊ သဘာဝချင်းတူတဲ့ ရှေသူငဲ့ချင်း လက်ဆက်ပေးတယ်လို့ မှတ်ကြ။

အဲဒီ မင်္ဂလာ အခမ်းအနားမှာ နှစ်ဘက်, ဆွေမျိုး မိဘ, လူကြီးစုံရာနဲ့ မင်္ဂလာပွဲကျင်းပစဲ့အခါမှာ သတိုးသမီး သတို့သား နှစ်ဦးလုံး ရှေခ့က်မှာ လက်ဆုံးချပီး လက်ထပ်ပေးကြတယ်၊ အဲဒီ အခါမှာ လူကြီးတွေက "အို့အောင်, မင်းအောင်, ပေါင်းကြစေသား" လို့ဆိုပီး ဆုပေးကြတယ်၊ အဲဒီတော့ သတို့သားရေဝတက "ခင်ဗျားတို့ စကားအဓိပ္ပါယ်ကို ရှင်းပြပါအုံး" တဲ့၊ အဲဒါနဲ့ လူကြီးတွေက "ဟောဒီအဘိုးကြီး, အမယ်ကြီးတွေလို့ အို့အောင်, မင်းအောင်, ပေါင်းကြစေလို့ ပြောဒါဘဲ" ဆိုပီး ရှင်းပြလိုက်တယ်။

ဒီလိုရှင်းပြလိုက်တော့ ရေဝတက "ဒီလိုဖြင့် ကျုပ်မနှစ်သက်ဘူး၊ ကျုပ် ဒီလမ်းမလိုက်နိုင်ဘူး" တဲ့၊ ဒကာ, ဒကာမတို့ သဘောပါကြရဲ့လား?၊ ဒကာတို့ကတော့ အို့အောင် မင်းအောင် ပေါင်းကြစေလို့ပေးရင် ပြုံးကြတယ်၊ ဟုတ်ကြရဲ့လား။ ရေဝတက မပြုံးနိုင်ဘူး၊ မနှစ်သက်နိုင်ဘူးတဲ့၊ တာရှေနေဒါအသာထား၊ အို့, နာ, သေလမ်းသွားရမှာ၊ ဒီလမ်းဟာ အမင်္ဂလာလမ်းဘဲတဲ့၊ အဲဒီအခါမှာ

ရေဝတဟာ ခုနစ်နှစ်သားဘဲ ရှိသေးတယ်၊ ခလေးကလေးရှိသေးတယ်၊ လိမ္မာလှချည့်လား၊ ဒကာတို့ကတော့ မိုက်လှချည့်၊ ဘယ် အရွယ်ရှိကြပတုံး?။

မျက်လုံးမဲ့ရမယ်၊ တယောက်ရေအိုး တယောက်မသယ်နိုင်၊ ဒီ့နောက် တယောက်ကျင်ကြီး, တယောက်ကျုံးရမယ် တဲ့၊ အရွယ် မရောက်ခင်ကပေးဒါ၊ ရေဝတက ပေးဒါမကြိုက်နိုင်ဘူး၊ အသက် ငယ်ပေမဲ့ ပါရမီရင့်သန်တော့ ဒါတွေဟာ အမင်္ဂလာဘဲဆိုပီး, မကြိုက် နိုင်ဘူး။ အလွန်ပညာရှိတဲ့ သူငယ်လေးဘဲ၊ ရိပ်မိပလား?၊ သူ့ကို ချီးမွမ်းတော့ ဒကာတို့ ကိုယ်ကျိုးနဲပါလို့သာ မှတ်လိုက်ကြ။

အဲဒီရေဝတကလေးဟာ လူကြီးတွေ စိမ်လို့သာ ငြိမ်ခံနေရ တယ်၊ သူ့စိတ်ထဲမှာ နဲနဲမှ မနှစ်သက်နိုင်ဘူး၊ အဲဒါနဲ့ မင်္ဂလာဆောင် ပီးလို့ အိမ်ပြန်သွားကြတဲ့အခါမှာ သူ့စိတ်ထဲမှာ အင်မတန် ကြောက်လန့်နေတယ်၊ ဘယ်မှာခဲ့ရပါ့မတုံး? လို့လဲ လမ်းသွား ရင်းက အမြဲစဉ်းစား, ကြံစည်နေ့တယ်၊ ပြန်ကြတဲ့အခါမှာ ခလေး မလေးနဲ့အတူတူ ထမ်းစင်နဲ့သွားကြရဒါဖြစ်လေတော့ ခဏခဏဘဲ, အခင်းကြီး, အခင်းငယ်သွားဘို့လို့ အကြောင်းပြပြပီး, ထမ်းစင်ပေါ် က ဆင်းဆင်းသွားတယ် တဲ့။

အဲဒီလို အခင်းကြီး, အခင်းငယ်ကိစ္စနဲ့ အကြောင်းပြပီး ဆင်းဆင်းသွားဒါဟာ သုံးခါကျတော့ ပြန်မလာတော့ဘဲ ထွက်ပြေး သွားတော့တယ်ဆိုဒါ မှတ်လိုက်ကြ။ အဲဒီ အရင်က ရှင်သာရိပုတ္တရာ ကားပဲ မှာထားတယ်တဲ့။ "ဒီရေဝတ ဆိုတဲ့ သူငယ်လေး ပြေးလာ

လိမ့်မယ်၊ ဒီကောင်ကလေးပြေးလာဒါ မြင်ကြတော့ကြရင် နီးရာကျောင်းကဆီးဝိုး သက်နှံးဝတ်ပေးလိုက်ကြ" လို့ဆိုပီး, မှာထားတော်မူတယ်။

အဲဒါနဲ့ မကြာခင်မှာဘဲ ကျောင်းတကျောင်းကို ဆိုက်ရောက်လာဒါနဲ့ ရဟန်းတွေက "အရှင် သာရိပုတ္တရာက ဒို့ကိုမှာထားဒါရှိတယ်" လို့ဆိုပီး ရေဝတသတို့သားကို သက်နှံးဝတ်ပေးလိုက်ကြတယ် ဆိုဒါ မှတ်ကြ၊ ဒကာ့ဒကာမတို့ ရေဝတကလေးဟာ ငယ်ငယ်က ပါးလို့ နပ်လို့၊ ငယ်ငယ်က ဒုက္ခလွတ်သွားတယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒကာတို့ကတော့ ဒီလိုမဟုတ်ကြဘူး၊ ငါ့သူစောင့်, သူ့ငါစောင့်နဲ့ စောင့်ပီး ဒုက္ခနဲ့ဘဲ နေကြရတယ်၊ ရိပ်မိပလား?။

ဒကာ့ဒကာမတို့ အို, နာ, သေဟာ ဘယ်ကလာဒါလဲ?၊ ခန္ဓာကလာဒါဘဲဆိုဒါ သိကြရဘီ၊ ရှေ့ဆက်တွေးကြအုံး၊ ဒီခန္ဓာကော ဘယ်ကလာသတုံး? လို့ ဆက်တွေးတော့ ခန္ဓာငါးပါးဟာ တဏှာကလာဒါဘဲလို့ ဟောတော်မူတယ်။ သဘောပါကြပလား: ? ဒါဟာ သစ္စာတွေ, ပဋိစ္စသမုပ္ပါဒ်တွေပါ ပါတယ်ဆိုဒါ မှတ်ကြ။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး, လေးသောင်းနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဒီလက်သယ်တွေကို ဖေါ်နိုင်ဒါ၊ တွေ့လို့ ပြောပြနိုင်ဒါ၊ ရိပ်မိပလား?။

သာမည အဓိပ္ပါယ်ကလေးလို့မျှား မအောက်မေ့လိုက်ပါနဲ့၊ လွယ်လွယ်ကူကူနဲ့ ရနိုင်တဲ့ အသိမျိုး မဟုတ်ပါဘူး၊ ဒါကြောင့် လေးလေးစားစားသဘောထားပီး မှတ်ယူကြလို့သတိပေးလိုက်တယ်၊

ဒကာ, ဒကာမတို့ အို - နာ - သေပူ ဘယ်ကလာသလဲ?၊ ခန္ဓာက လာတယ်၊ ဒီခန္ဓာကော ဘယ်ကလာသလဲ? ခန္ဓာဟာ တဏှာက လာဒါဘဲ၊ တဏှာနဲ့ ဆုတောင်းလို့ ခန္ဓာရလာဒါဘဲဆိုဒါ မှတ်ကြ၊ ရှင်းကြရဲ့လား?။

ဥပမာအားဖြင့် နှယ်ပင်တပင်ကို အဖျားကနေပီး, ကိုင်ဆဲ့လိုက်သလိုပါဘဲ၊ အဖျားကနေဆဲ့တော့ အရင်းကျအောင် ပါလာတယ်၊ အဖျားက အကျိုးတရားကို အဆင့်ဆင့် အကြောင်းလိုက်ရှာတော့ နောက်ဆုံးက လိုရင်းကျတဲ့ အကြောင်းတရားကို မြင်ရသိရမယ်၊ ဒါကြောင့် ဒီကနေပီး ရှေ့ဆက်တွေးရမယ်၊ တွေးတော့ သစ္စာထိုက်အောင် တွေးတတ်ဘို့လိုတယ်၊ ဒကာတို့က ဉာဏ်မပါဘဲ ရမ်းတွေးရင် အလဲ့ချည့်နေမှာဆိုဒါ မှတ်ကြ။

ဒကာတို့တွေးဒါက အိုဒါဘာလို့တုံး?၊ အိုဒါဟာ အသက်ကြီးလို့အိုဒါတဲ့၊ နာဒါကောဆိုတော့ နာဒါ ကံမကောင်းလို့ဘဲတဲ့၊ သေဒါကကော?ဆိုတော့၊ သေဒါက ကံကုန်လို့သေဒါဘဲတဲ့၊ ဒကာတို့ တွေးဒါဟာ တခုမှ သစ္စာမထိုက်ဘူး၊ တခုမှ အမှန်မဟုတ်ကြဘူး၊ အလဲ့ချည်းဘဲ၊ အဲဒါ ဉာဏ်မပါလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘော ပါရဲ့လား?။

ဒကာ,ဒကာမတို့ ဆက်ပီး သုံးသပ်အုံးတဲ့၊ ဒီတဏှာကောဘယ်က လာသတုံး ?၊ ဒီတဏှာဟာ ချစ်စရာ,ခင်စရာက လာတယ်၊ ဒီချစ်စရာ ခင်စရာကြောင့် တဏှာဖြစ်လာရဒါဘဲတဲ့၊ ရိပ်မိကြပလား?၊ ဒီတဏှာက လက်သယ်အရင်းကျတယ်၊ သူက တရားခံဘဲ၊ တရားလိုက စက္ခု,

သောတ, ဃာန, စတဲ့ အာယတန ဆယ်နှစ်ပါး၊ ဒီတဏှာဟာ အာယတန ဆယ်နှစ်ပါးက လာဒါ၊ အာယတန ဆယ်နှစ်ပါးကို ခင်မိလို့ ဒီတဏှာဖြစ်တာ၊ တဏှာဖြစ်လို့ ခန္ဓာရဒါ။

ဒီတော့ တဏှာဟာ ဘယ်ကလာသလဲ?၊ အာယတန ဆယ်နှစ်ပါးကလာဒါ၊ ဒကာ,ဒကာမတွေ သဘောပါကြရဲ့လား?၊ ဒကာတို့တတွေက လောကွတ် အလွန်ကောင်းကြတယ်၊ "မျက်စိ မျက်နှာ မှတ်ထားပါ၊ ကျုပ်က, ခင်တတ်, မင်တတ်ပါတယ်" တဲ့၊ အဲဒါ အာယတနနဲ့ တဏှာနဲ့ ဆက်ပေးလိုက်တာဘဲဆိုဒါ မှတ်ကြ၊ အခု လက်သယ်တွေကြပလား? ဒါဖြင့် ရေသောက်မြစ်ကို တွေ့ကြရဘီ၊ ရှင်းကြပလား?။

ဒါရှိနေရင် အို, နာ, သေ, အသိုးအပုပ်တွေ ရကြမှာဘဲ၊ ဒီ-အာယတနတွေ ခင်ဒါကြောင့် တဏှာဖြစ်တယ်၊ တဏှာကြောင့် ခန္ဓာရတယ်၊ခန္ဓာကြောင့်လဲ အို,နာ, သေ တွေနဲ့ချည့် တသံသရာလုံး နေခဲ့ကြရတယ်၊ ဒီ အို, နာ, သေ ပဋိစ္စသမုပ္ပါဒ်ပဲ ဒကာတို့မှာ လှုံ့နေခဲ့ရတယ်ဆိုဒါ ပေါ်ကြပလား?၊ အခု အမြစ်အရင်းကို တွေ့ကြရဘီ၊ အရင်းခံက အာယတနဘဲ၊ ဒကာ,ဒကာမတို့ အာယတနဆိုဒါ တခြားမဟုတ်ဘူး၊ ခန္ဓာကို အာယတနဖွဲ့ထားဒါဘဲဆိုဒါ မှတ်လိုက်ကြ။

ခင်စရာ, မင်စရာကြောင့် ခင်ဒါ, မင်ဒါလာတယ်၊ ခင်ဒါမင်ဒါကြောင့် ခန္ဓာရတယ်၊ ခန္ဓာကြောင့် အို, နာ, သေ လာတယ်၊ ရှင်းကြရဲ့လား?၊ ဒီတော့ အို, နာ,သေ, လဲ မကြောက်နဲ့၊ခန္ဓာလဲမကြောက်

နဲ့၊ ဒီတဏှာ ကြောက်ကြ၊ ခင်ဒါ့ မင်ဒါက တဏှာဘဲ၊ သူ့အရင်းခံ လက်သယ်ဘဲ၊ ဒကာ့ဒကာမတွေ့ ဒီ အို့နာ့သေ့ နဲ့ဘဲ အဖေါ်လုပ် ခဲ့ရတယ်၊ အိုလိုက်, နာလိုက်, သေလိုက်၊ အိုလိုက်,နာလိုက်,သေလိုက် နောက်နောက်က ဘယ်လောက်ကြုံခဲ့ရပတုံး ? မရေနိုင်ဘူး၊ အဲဒါ တွေ့ဟာ တဏှာ့လက်ချက်ချည့်ဘဲ။

ဒကာ, ဒကာမတို့ အရင် အင်္ဂလိပ်လက်ထက်က နွားရိုးတွေ့, ဆိတ်ရိုးတွေ့ ရန်ကုန်ကို တင်သွားကြဒါ မြင်ဘူးရဲ့လား?၊အသေမျှး လို့ တောင်ပို့,ရုပ်ပို့ မီးရထားနဲ့ တဲ့သုံးဆယ်လောက်မကဘူး၊ အဲဒါ တဏှာလက်ချက်ဘဲ၊ဘုရား တဆူနဲ့တဆူကြားမှာ လူတဦးတယောက် ထဲရဲ့ သေရတဲ့ အရိုးတွေ့ဟာ မဆွေးမမြေ့ဘဲနေလို့ ပုံပီးထားရရင် လေးရက်တက်, လေးရက်ဆင်းလောက် မြင့်လိမ့်မယ်တဲ့၊ လေးရက် တက်, လေးရက်ဆင်းမြင့်တဲ့ "ဝေပုလ္လတောင်"လောက် မြင့်တယ်လို့ သံယုတ်ပါဠိတော်မှာ ဟောတော်မူထားတယ်။

သံယုတ်ပါဠိတော်မှာ ဘုရားက ဝေပုလ္လတောင် ပမာဏလောက် မြင့်လိမ့်မယ် ဟောဒါဟာ အခြားသတ္တဝါ အဖြစ်မျိုး မပါဘူး၊ လူတယောက်ထဲရဲ့ အဖြစ်မှာတင် အရိုးဒါလောက် မြင့်တယ်ပြော ဒါ ရိပ်မိကြပလား ?၊ အဲဒီလို အရိုးတွေ့ တောင်လို့ပုံရဒါ တဏှာ့ လက်ချက်ပဲဆိုဒါ မှတ်လိုက်ကြ၊ တဏှာက ဟိုအသေခိုင်း, ဒီအသေ ခိုင်းနဲ့ အသေချည့်ခိုင်းနေဒါ၊ ဝေပုလ္လတောင်လောက် ဆိုဒါဟာ အရိုးရှိတဲ့ သတ္တဝါအဖြစ်ပဲ ထဲ့ပီးပြောရဒါ၊ ဒီအထဲမှာ အရိုးမရှိဘဲ ဖြစ်ရတဲ့ဟာတွေကလဲ အသခေ်ြအနန္တပါတယ်ဆိုဒါ မှတ်လိုက်ကြ။

ဒကာ, ဒကာမတို့ လေးလေးနက်နက် စဉ်းစား ကြည့်ကြ၊ မန္တလေးတောင်လောက် မကဘူး၊ မန္တလေးတောင်က တနာရိန်ခရိုး လောက်နဲ့ တက်လို့, ဆင်းလို့ ရနိုင်တယ်၊ ဒါဟာ ဘုရားရှေ့ဥာဏ် တော်ကြည့်ပီး ဟောထားဒါမို့ ဘာမှ သံသယမရှိကြနဲ့၊ သစ္စာမသိ သမျှ အသေခံကြရဘို့ချည့်ဘဲဆိုဒါ မှတ်ကြတော့၊ သစ္စာမသိတဲ့ ဒဏ်ချက်က အလွန်ပြင်းတယ်ဆိုဒါ ရိပ်မိကြပလား ?၊ ဒကာ,ဒကာ မတို့ သစ္စာသိဘို့ အရေးဟာ ဘယ်လောက်ကြီးတယ်ဆိုဒါ စဉ်စား ကြတော့။

သစ္စာမသိတော့ ဒကာတို့တတွေက အသေချည့် ဆုတောင်း ယူနေကြတယ်၊ ဟိုဘဝ ဖြစ်ရပါလို့၏၊ ဒီဘဝ ဖြစ်ရပါလို့၏ဆိုဒါ အသေဆုတောင်းဒါဘဲ၊ အဲဒီလိုတောင်းဒါဟာ အရိုးတောင်လိုပုံရ ပါ့လို့၏လို့ တောင်းဒါဘဲလို့ မှတ်ကြ၊ နောက်, တောင်းကြအုံး မလား ?၊ တောင်းချင်ရင် သူမျှားလက်ချက်နဲ့ချည့် အသက်ထုတ် ရပါလို့၏လို့ တောင်းကြ၊အသေဆု,တောင်းဒါဟာ ဒီသဘောဘဲဆိုဒါ မှတ်လိုက်ကြ၊ရိပ်မိရဲ့လား ?။

ဒကာ,ဒကာမတို့ အသေကို ဆုတောင်းပီး ယူချင်ကြသေးသ လား?၊ တော်လောက်, တန်လောက်ကြရောပေါ့၊ အို့,နာ,သေဟာ ဒုက္ခသစ္စာဘဲ၊ဒါကို အမှန်အကန်မသိလို့ တောင်းယူနေကြဒါ၊ ဒါကို သိရရင် အတောင်းရပ်မယ်၊ ရိပ်မိကြပလား ?၊ ဒါကြောင့် ဒကာ, ဒကာမတွေ ဒီဒုက္ခကို ဒုက္ခဘဲလို့ အမှန်သိအောင် ကြိုးစားရမယ်၊

ဒုက္ခသိမှ ဒီက လွတ်ရာလွတ်ကြောင်းရှာမယ်၊ ဒုက္ခသိရင် နိဗ္ဗာန လာမယ်ဆိုဒါ မှတ်လိုက်ကြ။

ဒကာ,ဒကာမတို့ကို ပြန်ပီး မေးရအုံးမယ်၊ အို့ နာ,သေဟာ ဘယ်ကလာတယ်? ခန္ဓာကလာတယ်၊ ခန္ဓာဟာ တယ်ကလာတယ်? တဏှာက လာတယ်၊ တဏှာဟာ ဘယ်ကလာတယ်?၊ အာယတနက လာတယ်၊ မှတ်မိကြဘီ၊ အဲဒီတော့ ယောကျ်ားရယ်, မိန်းမရယ် ဆိုပီး အာယတန ဆယ် နှစ်ပါးကို ခင်မိရင် အို့,နာ,သေတွေ ရတော့ မှာဘဲဆိုဒါ ဆုံးဖြတ်ချက်ချကြ၊သဘောပါကြပလား ?။

ဒကာ, ဒကာမတို့အိမ်မှာ ဘိတ်စာရောက်တယ် “ အသုဘရှု ကြပါ ” တဲ့၊ မသာကြပါတဲ့ ” ဘိတ်စာရကြတယ်၊ ဘိတ်စာရဒါဟာ လက်ခံသူရှိလို့သာ ရဒါ၊ လက်ခံသူမရှိရင် ရပါ့မလား ? မရနိုင်ဘူး၊ အိမ်မှာလဲ အို့,နာ,သေရှိလို့ ဘိတ်စာရဒါဘဲ၊ ရိပ်မိကြရဲ့လား ?၊ ကိုယ့်မသာက ရှိနေတော့ သူ့မသာက လာဘိတ်၊ လိုက်ပို့ပေးကြရ၊ မသာဘိတ်စာပေးဒါ သာမညမျှား မမှတ်လိုက်နဲ့ “ ကျုပ်တော့ ဒုက္ခ ရောက်ရဘီ၊ ခင်ဗျားလဲ ဒီလို ဒုက္ခရောက်ရအုံးမှာဘဲ ”လို့ ဆိုသလို ပါဘဲ။

အဲဒါဟာ “ ကျုပ်,ဒုက္ခသစ္စာဘဲ၊ ခင်ဗျားလဲ ဒုက္ခသစ္စာပါဘဲ” လို့ ပြောဒါဘဲဆိုဒါ မှတ်ကြ၊ သဘောပါကြပလား ?၊ ဒကာတို့မှာ အို့,နာ,သေ လက္ခဏာရှိလို့ ကြော်ငြာပေးဒါဘဲလို့သာ မှတ်ကြ၊ ဒကာတို့ဟာက နှုတ်ခမ်းပဲ့ချင်း,မီးမှုတ်တဲ့ လမ်းဘဲ၊ ဒီလမ်းကိုဖြင့် သိမ်းကြ

ဘို့ ကောင်းဘီဆိုဒါ ရိပ်မိကြတော့၊ ကြက်သရေမဲ့တဲ့လမ်းမို့ သိမ်းကြပါတော့လို့ ပြောလိုက်ပါတယ်၊ ကျေနပ်ကြပလား ?။

ဒကာ, ဒကာမတို့ ကိုယ့်အိမ်ကို ကြက်သရေမရှိတဲ့စာ ရောက်တာဟာ ကိုယ်က ကြက်သရေမရှိလို့ ရောက်တာဘဲဆိုဒါ ငြင်းဘို့ မလိုဘူး၊ ကြက်သရေမရှိတဲ့ဇာတ်ကို နောက်ထပ် မခင်းချင်ကြနဲ့ တော့၊ ဘိတ်စာလဲမရောက်၊ လိုက်ပို့ရတဲ့ဇာတ်လဲ သိမ်းအောင်, တဏှာသေမှ ဖြစ်တော့မှာဘဲဆိုဒါ မှတ်လိုက်ကြ၊ အသုဘဆိုဒါ မတင့်တယ်ဒါကို ဆိုဒါ၊ အသုဘလိုက်ပို့တယ်ဆိုတော့ မတင့်တယ်ဒါကို မတင့်တယ်ဒါက လိုက်ပို့ရဒါဘဲရှိတယ်၊ ဘာမှ မထူးခြားဘူး၊ ဒီအသုဘဇာတ်သိမ်းရင်, နိဗ္ဗာန်ဘဲ။

ဒီ - အသုဘဇာတ်သိမ်းအောင် တဏှာသိမ်းရမယ်၊ တဏှာသိမ်းရင် ခန္ဓာပါ ငြိမ်းတယ်၊ ခန္ဓာငြိမ်းတော့ နိဗ္ဗာန်ဘဲ၊ဒကာ, ဒကာမတို့ သဘောပါကြပလား ?၊ ခင်စရာကြောင့် ခင်ဒါလာတယ်၊ ခင်ဒါကြောင့် ခန္ဓာလာတယ်၊ ခန္ဓာကြောင့် အို, နာ, သေ ကိုယ်ပိုင်ရထားဒါဘဲ၊ မြင်ကြပလား ?၊ မြင်အောင် ကြည့်ပေးကြ။

ဒကာ,ဒကာမတို့ အခု အို, နာ,သေ, လာတဲ့နည်းလမ်းကိုပြပီးဘီ၊ အို, နာ, သေ, မလာတဲ့လမ်း, မလာတဲ့နည်းကိုလဲ ပြပေးရမယ်၊ အို, နာ, သေ, လာတဲ့လမ်းက ဒုက္ခသစ္စာလမ်း၊ အဲဒီ အို, နာ,သေ, မလာတဲ့လမ်းကို နက်ဖြန်မှ ဟောရမယ်။

ကိုင်း....ယနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

နိဒ်းစကား

ဤရွေ့ ဤမျှ ရေးသားဖော်ပြခဲ့ပြီးသည့် ဒေသနာတော် အစုအစည်တို့ဖြင့် **"မိုးကုတ်ဝိပဿနာ - ဒုလ္လဘဒေသနာ"** ဟောစည်နှင့် ကျင့်စဉ် သစ္စာလေးပါး တရားတော်များ **"ပဋ္ဌမတဲ့"** ကို၊ ကမ္ဘတ် ဖုံးကာ အဆုံးသတ်ရပါလေပြီ၊ ထို့သို့ အဆုံးသတ်ရာတွင် ဓမ္မအဆွေတော် အများစုတို့အား ထူးထူး ခြားခြား ရေးသား တိုက်တွန်းလို ပါသည်။

တိုက်တွန်းလိုသည့် အဓိက အချက်မှာ

(၁) အနန္တမဟာကရုဏာတော်သခင် ဘုရားရှင် ကိုယ်တော် မြတ်ကြီး၏ မေတ္တာတော်, စေတနာတော်, ကျေးဇူးတော်, ဂုဏ်တော်များကို စွမ်းအားကုန်သလောက် မြှောက်ထောက် တွက်ဆ တုံ့ဆပ်ခြင်းပြုသည့် အနေအားဖြင့်ဂုဏ်း။

(၂) မိမိ ကိုယ်တိုင်၏ အရေးကို အလေးဂရု ကြောင့်ကြခြင်း ပြုသည့် အနေအားဖြင့်ဂုဏ်း။

(၃) အရှင် ဆရာတော် ဘုရားကြီး၏ ထားရှိရင်း စေတနာ, မေတ္တာ, ကရုဏာ, ဂုဏ်ခြင်းရာများကို လေးစားသည့် အနေအားဖြင့်ဂုဏ်း။

“ဘုရားရှင်နှင့် အရှင်ဆရာတော်ဘုရားကြီးတို့၏ သဘောတော်ကျ, အလို့ဆန္ဒတော်မျှားနှင့် ညီညွတ်ရလေအောင်၊ ဝိပဿနာဘာဝနာအလုပ်ကို အဟုတ်လက်ငင်း အားထုတ်ပူဇော်ခြင်း, ပရမပူဇောဖြင့် ကောင်းစွာ ပူဇော်ကြပါကုန်၊ ကျန, သေချာ ပူဇော်ကြပါစေခလို” ဟူသော တိုက်တွန်းလှာစကားဖြင့် တန့်နား ပြီးဆုံးစေရပါသတည်း။

.....o.....

ဇေကျးဇူးရှင်

မိုးကုတ်ဆရာတော်ဘုရားကြီး၏

ဘုန်းဘဲ့ပူဇော

မင်္ဂလာနိဂမ၊ ပူဇနိယဂါထာ။

ကာရုဏိကံ္ကံ မဟာပညံ၊
မဟေသီ စိတြ်ဝါစကံ။
ဗဟူဝဿာနိ လောကတ္ထံ၊
ကရံ ပူဇေမ ဝိမွလံ။ ။

ကာရုဏိကံ္ကံ၊ ပဋိစ္စစက်ဝဲ၊ ဒုက္ခထဲဝယ်၊ တလဲလုံ့လုံ၊ မြုပ်မျောကုန်လျက်၊ ဆန်စုန်လှည့်သွား၊ ဒုက္ခသယ် အကျွန်ုပ်တို့အား၊ သနားလွန်စွာ၊ ကြီးမားသော် ကရုဏာတော်လည်း ရှိပေထသော။ မဟာပညံ၊ ကြီးမားသည့်မေတ္တာ၊ လွန်ကဲသည့် မေတ္တာအရင်းခံကြောင့်၊

ဓမ္မက္ခန္ဓာမေ့နှောက်၊ပိဋ္ဌကတ်ကို ချားချောက်စေလျက်၊ မြားမြောက်ကာလ ၊နှစ်ပရိစ္ဆေဒရှည်ကြာစွာ၊ ပဓါနလုပ်ငန်း၌ အဟုတ်တမ်းကျင့်ဆောင်ခြင်းဖြင့်၊ ဖေါက်ထွင်းဉာဏ်ဝါ၊ ကြီးကျယ်မြင့်မားသောပညာတော်လည်း ရှိပေထသော။

မဟေသီ၊ ပရိယတ်, ပဋိပတ်၊ နှစ်ရပ်စွယ်စုံ၊ ဉာဏ်စွမ်းဟုန်ဖြင့်၊ အာဂုံအာဂါ၊ စေ့ငုကာလျှင်၊ မချာနှေ့ည၊ သီလက္ခန္ဓ၊ စသည်ဂုဏ်ထူး၊ မြတ်ကျေးဇူးကို၊ ဆည်းပူး ရှာမှီးတော် မူလေ့ ရှိပေသော။ စိတြံဝါစကံ၊ ပဋိဝိဇ္ဇာ၊ ဉာဏ်ပထျာဖြင့်၊ ဥပမာ, ဥပမေယျ၊ ပုံစံကျအောင်၊ သဘာဝခွဲဝေက်၊ သစ္စာအနက်တို့ကို၊ အချက်ပိုင်ပိုင်၊ ဆုပ်ကိုင်ထင်လင်း၊ ဟောပြတော် မူနိုင်ခြင်းဖြင့်၊ လက်ငင်းခန္ဓာ၊ ပဋိစ္စာတိုက်ဆိုက်၊ ဖြစ်စဉ်ကိုက် ကျရလေအောင်၊ ထုတ်ဆောင် ဟောကြား၊ နိုင်စွမ်းအားဖြင့်၊ ဆန်းကြယ်စွာသော တရားစကားတော်လည်း ရှိပေထသော။

ဗဟူဝဿာနိ၊ နှစ်ရေတွက်သော်၊ သုံးဆယ်ကျော်မျှ၊ မျှားစွာသော အချိန်ကာလ၊ နှစ်ပရိစ္ဆေဒတို့ပတ်လုံး။ လောကတွေ့၊ ဂန္ထီ, ဝိပဿနာ၊ နှစ်ဖြာစုရ၊ ကြိုးလုံ့လဖြင့်၊ ကျနသည်ပိုး၊ သတ္တလောက၏ အကျိုးကို။ လောကတွေ့၊ ကျွတ်ထိုက်သူ၊ ဆူဆူသာဝက၊ ဝေနေယျအစားစား၊ လူအမျှားတို့၏ ကောင်းကျိုးကို။ ကရုံ၊ အပါယ်စရှိ၊ ဒုဂ္ဂတိညစ်ထေး၊ ထိုထိုဘေးမှ၊ ကာင်းဝေးလွတ်ကြောင်း၊ မဂ်လမ်းကောင်းဖြင့်၊ ကြောင်းကျိုးညွှန်ပြ၊ ဆိုဆုံးမလျက်၊ ဂန သေချာ၊

သဘောပါအောင်၊ စိတ်ဖြာခဲ့ဝေ၊ ပြုစုမ်းတော် မူခြင်းလည်း ရှိပေ ထသော။

ဝိမွလံ၊ ဖလသမာ၊ နိရောဓါလျှင်၊ ယှဉ်ကာမပြတ်၊ ခိုလုံလတ် သဖြင့်၊ စိတ်ခါတ်ဖြူရေး၊ သန့်စင်ဆေးသား၊ ညစ်ကြေး လွတ်ကင်း၊ စင်ကြယ်တော်မူခြင်းလည်းရှိပေထသော။ ဝိမွလံ၊ ညစ်ကြေးကင်းဘိ စင်ကြယ်တော်မူခြင်းရှိသဖြင့်၊ သပ္ပုရိသထေရ်မှန်၊ "ဘဒ္ဒန္တ-ဝိမလ" နာမ သင့်လျော်၊ ဘွဲ့အမည်တော်လည်း ရှိပေထသော။

အာစေရံ၊ (ထည့်) ဂဏဝါစက၊ ကမ္မဋ္ဌာနာစရိယ၊ မဟာဓမ္မ ကထိက၊ အဂ္ဂမဟာပဏ္ဍိတ၊ တေဇဂုဏ်လျှပ်၊ ဆရာသခင် အရှင် သူမြတ်ကို။ အာစေရံ၊ ဒေသနာနည်း၊ နိသျှည်းဖြင့်၊ ကျင့်နည်းဝဝ၊ လက်ထပ်ရအောင်၊ သင်ပြမြောက်ချီး၊ မြင့်မိုရ်ကြီးတမျှ၊ ကျေးဇူး တော် ကြီးမားလှပေသည့်၊ မဟာစရိယသခင်၊ "အရှင် မိုးကုတ် ဆရာတော် ဘုရားကြီး" ကို။

ဣဒါနိ၊ (ထည့်) တပည့်မျှားစွာ၊ဒါယကာ,ဒါယိကာမ၊ သာဝက အစားစား၊ ဝေနေယျအမျှားတို့အား၊ တောက်ထားမရှု၊ လျစ်လျူ ပြု၍၊ နိဗ္ဗုကြဉ်း၊ ကြွချီမြန်းသဖြင့်၊ မှိုင်မြမ်းကင်းကွာ၊ မျှားသူ ငါ လျှင်၊ ကိုးရာယွင်းခဲ့၊ အမိမဲ့သား၊ ရေနည်းငါးသို့၊ အားပါးငယ်လျှ၊ ဤယခုလို အချိန်ကာလ၌။ မယံ၊ နှစ်ပေါင်းမျှားစွာ၊ သုံးဆယ်ကြာ က၊ ယခုနေ့ကျလည်း၊ ဟောပြခဲ့ငြား၊ မြတ်တရားကို၊ မခြားဖန်ခါ၊ နာယူပါလျက်၊ ဂုဏ်ဝါလွန်ကျူး၊ မြတ်ကျေးဇူးကို၊ ရည်စူးချင့်မြှော်၊ တပည့်တော်တို့သည်။

ပူဇော်မ၊ အရှင်ဂုဏ်ထူး၊ မြတ်ကျေးဇူးကို၊ အထူးရည်မြော်၊ လွန်ကော်ရော်လျက်၊ ဆယ်ဖေါ်ထိပ်မိုး၊ ဦးညွတ်လျှိုးကာ၊ ရှိခိုးပူဇော်ကြ ပါကုန်၏ဘုရား။ ။ပူဇော်မ၊ ကရဏာထူးလတ်၊ အရှင်မြတ်၏၊ နှစ်အပ်နှစ်လို၊ ကျေးဇူးမိုအောင်၊ အလိုတော်ရ၊ သဘောကျမို့၊ လုံ့လကြီးစွာ၊ ဝိပဿနာ, ဘာဝနာအလုပ်၊ ကြိုးအားထုတ်လျက်၊ အဟုတ်ကျန၊ ပရမပူဇာ၊ လွန်မြတ်သည့် ဓမ္မရတနာဖြင့်၊ ကောင်းစွာ ပူဇော်ကြပါကုန်အံ့ဘုရား။ ။

မှတ်ချက်။ ။ဤ ဂါထာကား အရှင် ဆရာတော် ဘုရားကြီး၏ အန္တိမ ပူဇာသဘင်တွင် ဘတ်လျောက် ပူဇော်အပ်သော ဂါထာဖြစ်သည်၊ ဤအရာ၌ အနဲအကျဉ်းမျှ ပြင်ဆင် ဖြည့်စွက်၍ သာဝကများ သဒ္ဓါပွါးရန် ထပ်မံရေးသား ထည့်သွင်းလိုက်ပါသည်။

“ စာရေးသူ ”

တာဝန်ခံ ရေးကူးတင်ဆက်သူ

ဦးမြင့်ဆွေ

“ မူလ ဓမ္မာစရိယ ”

မိတ္ထီလာ။

ကျေးဇူးရှင် “မိုးကုတ်ဆရာတော်ဘုရား” ၏

စိဉ္ဆာဒနုပသသနာကျင့်စဉ်

၁။ မြင်စိတ်	
၂။ ကြားစိတ်	အပြင်ည့်သည်
၃။ နံ့စိတ်	
၄။ စားစိတ်	၅-ယောက်
၅။ ယား - နာ - ကောင်းစိတ်	
၆။ လောဘစိတ်	
၇။ ဒေါသစိတ်	အတွင်း ည့်သည်
၈။ မောဟစိတ်	
၉။ အလောဘစိတ်	၅-ယောက်
၁၀။ အဒေါသစိတ်	
၁၁။ လေကို ထုတ်သောစိတ်	အိမ်သည်စိတ် ၂-ခု
၁၂။ လေကို သွင်းသောစိတ်	

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ဂုဏ်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။

ရှုပုံနည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည်မရှိပါက အပြင်ည့်သည်
အတွင်းည့်သည် ပေါ်ရာကို ရှုပါ၊ ည့်သည်မရှိပါက
အိမ်သည်သို့ အမြဲရှုပါ။